# အပိုင်း တစ်

# ကယ်တင်ခြင်း၌ကွဲပြားခြားနားခြင်းများ

Distinctions in Salvation

## ၁

## ကယ်တင်ခြင်း သုံးမျိုး

Three Tenses of Salvation

ခရစ်ယာန်ဖြစ်ခါစ၌ကျွန်ုပ်တို့သည် ဝိညာဉ်ကယ်တင်ခြင်းတစ်မျိုးကိုသာ စဉ်းစားတတ်ကြသည်။ သမ္မာကျမ်းစာ၌ရှိသော "ကယ်တင်ခြင်း" စကားလုံးအားလုံးတို့ကို ဝိညာဉ်ကယ်တင်ခြင်းအတွက်သာ အဓိပ္ပါယ်ကောက်ယူ၍ မရကြောင်းတွေ့ရပါသည်။

သို့ဖြစ်၍၊ "ကယ်တင်ခြင်း" ဟူသော ဝေါဟာရသည် "ကယ်လွှတ်ခြင်း" "လုံခြုံခြင်း" သို့မဟုတ် "အနာအဆာကင်းခြင်း" စသဖြင့်အဓိပ္ပါယ်အမျိုးမျိုးရှိကြောင်းတွေ့ရပါသည်။ ဥပမာ- ဖိလိပ္ပိ၊ ၁း၁၉ တွင် ရှင်ပေါလုက အကျဉ်းထောင်မှလွှတ်မြောက်ရန်သူ၏မျှော်လင့်ခြင်းကိုပြောသောအခါ "ကယ်တင်ခြင်း" စကားလုံးကိုသုံးသည်။ "သင်တို့ဆုတောင်းသဖြင့်၎င်း၊ ယေရှုခရစ်၏ဝိညာဉ်တော်မစသဖြင့်၎င်း၊ ဤအကြောင်းအရာသည် ငါ့ကိုကယ်တင်သောအကြောင်းအရာဖြစ်မည်ဟုငါသိ၏။" (New KJV ၌ "ကယ်တင်ခြင်း" (Salvation) စကားလုံးကို လွှတ်မြောက်စေခြင်း (Deliverance) စကားလုံးကို မှန်ကန်စွာသုံးသည်။

ဖိလိပ္ပိ၊ ၂း၁၂ တွင်ပါသော "ကယ်တင်ခြင်း" သည် အဓိပ္ပါယ်တမျိုးရှိပါသည်။ ဖိလိပ္ပိအသင်းတော်ကိုကွဲပြားစေသော ပြဿနာဖြေရှင်းသည့်အကြောင်းဖော်ပြရာ၌ ထိုစကားလုံးကိုအသုံးပြုသည်။ ဖိလိပ္ပိအသင်းတော်၌သင်းကွဲခြင်းပြဿနာ ကြီးကြီးကျယ်ကျယ်ဖြစ်ခဲ့သည် (ဖိ၊ ၂း၁-၄။ ၄း၂)။ ရှင်ပေါလုက ထိုပြဿနာဖြေရှင်းရန် အဓိကသော့ချက်မှာ ကိုယ့်ကိုယ်ကိုနိမ့်ချခြင်း၊ သခင်ဘုရားကဲ့သို့ကိုယ်ကျိုးစွန့်စိတ်သဘောထားရှိခြင်းဖြစ်ကြောင်း ခရစ်ယာန်များကိုသတိပေးပါသည်။"သို့ဖြစ်၍၊ငါချစ်သူတို့၊ သင်တို့သည် ငါ့မျက်မှောက်၌နားထောင်သည်သာမက၊ မျက်ကွယ်၌လည်းအစဉ်နားထောင်ကြသည်နှင့်အညီ၊ ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့"(အငယ်၁၂)။

တနည်းအားဖြင့်ဆိုသော် "သင်တို့အချင်းချင်းငြင်းခုံစေသော ထိုပြဿနာမှလွှတ်မြောက်ရန်လမ်းကိုသင်တို့အားငါပြောခဲ့ပြီဖြစ်သောကြောင့် ကြောက်ရွံ့တုန်လှုပ်ခြင်းဖြင့် ဖြေရှင်းချက်ပြုလုပ်ကြပါ" ဟု အဓိပ္ပါယ်ရှိပါသည်။

ကျမ်းပိုဒ်သုံးပိုဒ်တွင်လည်း "ကယ်တင်ခြင်း" စကားလုံးကို ရေနှစ်ခြင်းအန္တရာယ်မှကယ်လွှတ်ခြင်းအတွက်အသုံးပြုထားသည်။

"သင်္ဘောသားတို့သည် သင်္ဘောကိုစွန့်သွားမည်ဟု အကြံရှိသည်နှင့် သင်္ဘောဦးသို့သွား၍ကျောက်ဆူးချဟန်ပြုလျက်သမ္ဗန်ကိုလျှော့စဉ်တွင်၊ ပေါလုက၊ ဤသူတို့သည်သင်္ဘောပေါ်၌မနေလျှင်သင်တို့သည် ချမ်းသာမရနိုင်ကြဟုတပ်မှူးမှစ၍စစ်သူရဲတို့အားဆို၏" (တမန်၊ ၂၇း၃၀၊၃၁)။

"နောဧသည် မမြင်သေးသောအရာတို့ကိုဘော်ပြသော ဗျာဒိတ်တော်ကိုခံရပြီးမှ ယုံကြည်ခြင်းအားဖြင့် ကြောက်ရွံ့သောစိတ်ရှိ၍ မိမိအိမ်သူအိမ်သားတို့ကိုကယ်တင်ခြင်းငှါ၊ သင်္ဘောကိုတည်လေ၏။ ထိုယုံကြည်ခြင်းအားဖြင့် လောကီသားတို့ကိုအပြစ်တင်၍ ယုံကြည်ခြင်းနှင့်ယှဉ်သောဖြောင့်မတ်ခြင်းကိုလည်းအမွေခံရ၏" (ဟေဗြဲ၊ ၁၁း၇)။

"ထိုဝိညာဉ်တော်အားဖြင့်လည်း ကြွတော်မူ၍၊ ယခုထောင်ထဲမှာလှောင်ထားသောဝိညာဉ်တို့အား တရားဟောတော်မူ၏။ ထိုဝိညာဉ်တို့မူကား ရှေးကာလ၊ နောဧလက်ထက်၌ နည်းသောသူတည်းဟူသော

လူရှစ်ယောက်တို့ကို ရေအားဖြင့်ကယ်ဆယ်သောသင်္ဘောကို တည်လုပ်စဉ်တွင်၊ ဘုရားသခင်၏ခန္တီတော်သည်ဆိုင်းလင့်တော်မူသော်လည်း၊ နားမထောင်သောဝိညာဉ်ဖြစ်သတည်း"(၁ ပေ၊ ၃း၁၉၊၂၀)။

ဘုရားသခင်သည် လောကသားများ၏ကယ်တင်ရှင်ဖြစ်၍၊ သူတို့ကို ကွယ်ကာစောင်မသည်။

"ထို့ကြောင့် အသက်ရှင်တော်မူထသော လူအပေါင်းတို့ကို ကယ်မတော်မူ၍၊ ယုံကြည်သောသူတို့ကို အထူးသဖြင့်ကယ်မတော်မူသော ဘုရားသခင်၌. . ." (1wd 4;10) /

သို့ရာတွင် ဤသင်ခန်းစာ၌ "ကယ်တင်ခြင်း" သို့မဟုတ် "ကယ်တင်ခဲ့သည်" ဟူသော စကားလုံးကို အပြစ်မှလွတ်ခြင်း (ကယ်တင်ခြင်း) အတွက်အသုံးပြုသည်။ ဓမ္မသစ်ကျမ်းတွင် ဤစကားလုံးကို အများအားဖြင့် ကယ်တင်ခြင်းအတွက်သုံးထားသည်။

ကယ်တင်ခြင်းသုံးမျိုးအကြောင်းကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဟူ၍ အချိန်ကာလဖြင့်ပိုင်းခြား၍လေ့လာရသည်။

အတိတ်- ကျွန်ုပ်ကိုအပြစ်ဒဏ်မှ ကယ်တင်ခဲ့သည်။

ပစ္စုပ္ပန်- ကျွန်ုပ်ကိုအပြစ်၏တန်ခိုးမှကယ်တင်သည်။

အနာဂတ်- ကျွန်ုပ်ကိုအပြစ်ကမ္ဘာမှကယ်တင်မည်။

## အတိတ်ကာလ

အပြစ်ဒဏ်မှကယ်တင်ခြင်းကိုအောက်ဖော်ပြပါကျမ်းပိုဒ်များ၌ပါရှိပါသည်။

"ယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း" (ဧဖက်၊ ၂း၈)။

"ဘုရားသခင်သည် ငါတို့ကျင့်သောအကျင့်ကို ထောက်တော်မမူ။ ရှေးကပ်ကာလမရောက်မှီ၊ ယေရှုခရစ်အားဖြင့် ငါတို့အဘို့ကိုယ်တော်တိုင်ကြံစည်တော်မူသော ကျေးဇူးတော်နှင့်အညီ ငါတို့ကိုကယ်တင်၍ သန့်ရှင်းသောအရာ၌ခေါ်သွင်းတော်မူ၏" (၂တိ၊ ၁း၉)။

"ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့်မဟုတ်ဘဲ၊ မိမိသနားခြင်းဂရုဏာတော်နှင့်အညီ ဒုတိယမွေးခြင်းနှင့်ဆိုင်သောဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း၊ ငါတို့ကိုကယ်တင်တော်မူ၏" (တိတု၊ ၃း၅)။

ဤကျမ်းပိုဒ်သုံးပိုဒ်တွင် "ကယ်တင်ခဲ့သည်"(saved) စကားလုံးသည် အတိတ်ကာလ (Past tense) ကိုဖေါ်ပြသည်။ သို့ရာတွင် အခြားကျမ်းပိုဒ်တစ်ချို့၌ ထိုစကားလုံးကိုအတိတ်ကာလ (Past tense) ဖြင့် မသုံးသော်လည်းအပြစ်ဒဏ်မှကယ်တင်ခြင်းဟုအဓိပ္ပါယ်ဆောင်ပါသည်။

"ထိုသခင်၏နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သောနာမ တစုံတခုမျှ ကောင်းကင်အောက်လူတို့တွင် မပေါ်မရှိဟု ပေတရုသည် ထိုသူတို့အားမြွက်ဆို၏" (တမန်၊ ၄း၁၂)။

"အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကိုနှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည်သူ့ကိုသေခြင်းမှထမြောက်စေတော်မူပြီဟုစိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်" (ရောမ၊ ၁၀း၉)။

ထို့ကြောင့် ဤကျမ်းပိုဒ်သည် အတိတ်ကာလ ကယ်တင်ခြင်းကိုဆိုလိုသည်၊ မဆိုလိုသည်ကိုသိလိုပါက "ကြိယာ" (verb) ကို အဓိကထားသည်ထက် ကျမ်းပိုဒ်ထဲ၌ပါသော အချက်အားလုံးကို စေ့စေ့လေ့လာပြီးဆုံးဖြတ်ပါ။ ကျမ်းပိုဒ်ထဲတွင် အပြစ်တရားစီရင်ခြင်းမှထာဝရလွတ်မြောက်ခြင်း အဓိပ္ပါယ်ရှိပါက အတိတ်ကာလကယ်တင်ခြင်းဖြစ်သည်။

## ပစ္စုပ္ပန်ကာလ

ကျွန်ုပ်ကိုအပြစ်ဒဏ်မှ ကယ်တင်ခဲ့ပြီဟူသောအချက်နှင့် ကျွန်ုပ်ကိုအပြစ်တန်ခိုးမှကယ်တင်သည်ဟူသောအချက်သည် နှစ်ခုစလုံးမှန်ပါသည်။ ကျွန်ုပ်ကိုလက်ဝါးကပ်တိုင်ပေါ်၌ ခရစ်တော်ဘုရားပြုခဲ့ပြီးသောအမှုအားဖြင့် ကယ်တင်ခဲ့ပြီ။ ကျွန်ုပ်ကိုသူ၏အသက်နှင့် ဘုရားသခင်၏လက်ျာတော်ဘက်၌ဆောင်ရွက်နေသောအမှုအားဖြင့်ကယ်တင်သည်။ ရောမ၊ ၅း၁၀ သည်

ဤအချက်ကို ရှင်းလင်းစွာပြပါသည်။

"အကြောင်းမူကား၊ ရန်သူဖြစ်လျက်ပင်၊ ဘုရားသခင်သားတော် အသေခံတော်မူခြင်းအားဖြင့်၊ ငါတို့သည်ဘုရားသခင်နှင့် မိဿဟာယဖွဲ့ပြီးမှ၊ အသက်တော်အားဖြင့် ကယ်တင်တော်မူခြင်းသို့ရောက်မည်ဟုသာ၍ မြော်လင့်စရာရှိ၏" (ရောမ၊ ၅း၁၀)။

ပစ္စုပ္ပန်ကာလကယ်တင်ခြင်းသည် သန့်ရှင်းစေခြင်းနှင့်တူပါသည်။ အသက်တာကိုညစ်ညူးစေတတ်သောအရာများနှင့် အပြစ်မှမိမိကိုယ်ကိုခွဲခွာပြီး ဘုရားသခင်အထံတော်သို့ဆက်ကပ်ခြင်းဖြစ်သည် (ဟေဗြဲ၊ ၇း၂၅)။

ထို့ကြောင့်အကြင်သူတို့သည် ယေရှုအားဖြင့်ဘုရားသခင်အထံတော်သို့ ချဉ်းကပ်ကြ၏။ ထိုသူတို့၏အမှုကို ကိုယ်တော်သည် စောင့်လျက်၊ ကာလအစဉ်အသက်ရှင်သောကြောင့်၊ သူတို့ကိုအစဉ်ကယ်တင်ခြင်းငှါတတ်နိုင်တော်မူ၏။

ပစ္စုပ္ပန်ကာလကယ်တင်ခြင်းကို ၁ကော ၁း၁၈ ၌လည်းတွေ့နိုင်သည်။

"အကြောင်းမူကား၊ ဆုံးရှုံးခြင်းသို့ရောက်သောသူတို့၌ လက်ဝါးကပ်တိုင်တော်တရားသည် မိုက်သောတရားဖြစ်၏။ ကယ်တင်ခြင်းသို့ရောက်သောငါတို့၌ ထိုတရားသည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏" (၁ကော၊ ၁း၁၈)။

## အနာဂတ်ကာလ

နောက်ဆုံးတစ်ခုက အနာဂတ်ကာလကယ်တင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည်ကယ်တင်ရှင်ယေရှုဘုရားနှင့်မျက်နှာချင်းဆိုင်တွေ့ကြသောအခါ၊ အပြစ်လွှမ်းမိုးသော ဤကမ္ဘာမြေမှကယ်တင်ခြင်းရကြမည်ဖြစ်သည်။ ထိုအခါ၊ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် ရွေးနုတ်ခြင်းနှင့်ချီးမြှောက်ခြင်းခံမည်။ အောက်ပါကျမ်းပိုဒ်များက ကျွန်ုပ်တို့၏အနာဂတ်ကာလကယ်တင်ခြင်းအကြောင်းကိုဖော်ပြသည်။

"အစိုးရသော မင်းအာဏာစက်၏အုပ်စိုးခြင်းကို လူတိုင်းဝန်ခံစေ။



အကြောင်းမူကား၊ ဘုရားသခင်၏အခွင့်မရှိလျှင်၊ မင်းအာဏာစက်မရှိ၊ အာဏာစက်ရှိသမျှသည် ဘုရားသခင်ခန့်ထားတော်မူရာဖြစ်သတည်း" (ရောမ၊ ၁၃း၁)။

"နေ့၏သားဖြစ်သောငါတို့မူကား၊ သမ္မာသတိရှိကြကုန်အံ့။ ယုံကြည်ခြင်း၊ ချစ်ခြင်းတည်းဟူသော ရင်အုပ်တန်ဆာကိုငှင်း၊ ကယ်တင်ခြင်းသို့ရောက်မည်ဟု မြော်လင့်ခြင်းတည်းဟူသော သံခမောက်လုံးကိုငှင်း၊ ဝတ်ဆောင်ကြကုန်အံ့။ အမျက်တော်ကိုခံစေခြင်းငှါ ဘုရားသခင်သည် ငါတို့ကိုခန့်ထားတော်မူသည်မဟုတ်၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ကယ်တင်ခြင်းကို အပိုင်ရစေခြင်းငှါ ခန့်ထားတော်မူ၏" (၁သက်၊ ၅း၈၊၉)။

"နောက်ဆုံးသောကာလ၌ ထင်ရှားစေခြင်းငှါ ပြင်ဆင်သော ကယ်တင်ခြင်းသို့ရောက်စေမည်အကြောင်း၊ ယုံကြည်ခြင်းအားဖြင့်ဘုရားသခင်၏တန်ခိုးတော်သည် စောင့်ရှောက်တော်မူသောသင်တို့အဘို့ ကောင်းကင်ဘုံ၌သိုထားလျက်ရှိသောအမွေတည်း" (၁ ပေ၊ ၁း၅)။

## ကာလသုံးခုစလုံး

အကယ်၍ ကျမ်းပိုဒ်တစ်ခုခုကို အထက်ဖော်ပြပါ ကယ်တင်ခြင်းသုံးမျိုးထဲမှ တစ်ခုခုအတွက်ကိုးကားရန်အခက်အခဲတွေ့ပါက၊ ထိုသုံးမျိုးစလုံးအတွက်ဖြစ်နိုင်သည်။ ဥပမာနှစ်ခု ပေးပါမည်။

"သားယောက်ျားကိုဖွားမြင်လိမ့်မည်။ ထိုသားသည် မိမိလူတို့ကိုအပြစ်မှကယ်ချွတ်မည့်သူဖြစ်သောကြောင့်၊ ယေရှု ဟူသောအမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏" (မဿဲ၊ ၁း၂၁)။

"သင်တို့သည် ကယ်တင်တော်မူခြင်းအကြောင်းနှင့်ယှဉ်သောဧဝံဂေလိတရားတည်းဟူသောသမ္မာတရားကိုကြားနာရ၍ ထိုခရစ်တော်ကိုယုံကြည်ပြီးမှ၊ ဂတိတော်နှင့်ယှဉ်သောသန့်ရှင်းသောဝိညာဉ်တော်၏တံဆိပ်ခတ်ခြင်းကို ခံရကြပြီ" (ဧဖက်၊ ၁း၁၃)။

ဤကဲ့သို့သောကျမ်းပိုဒ်များသည် ကယ်တင်ခြင်းသုံးမျိုးစလုံးနှင့်သက်ဆိုင်သည်။

## ၂

# ဖြောင့်မတ်စေခြင်း၏ သွင်ပြင်လက္ခဏာများ

Aspects of Justification

ကျေးဇူးတော်၊ ယုံကြည်ခြင်း၊ အသွေးတော်၊ တန်ခိုးတော်နှင့်လုပ်ဆောင်ခြင်းစသည်တို့အားဖြင့် ကျွန်ုပ်တို့အားဖြောင့်မတ်စေသည်ဟု ဓမ္မသစ်ကျမ်းစာကသွန်သင်ပါသည်။ ဖြောင့်မတ်ခြင်းကိုရစေသည့် ဖော်ပြပါတစ်ခုစီ၏အဓိပ္ပါယ်နှင့်သွင်ပြင်လက္ခဏာကို မသိရှိပါက ရှုပ်ထွေးပြီး တစ်ခုနှင့်တစ်ခုဆန့်ကျင်ကြသည်ဟု နားလည်လွဲစရာဖြစ်တတ်ပါသည်။

### ရှင်းလင်းချက်။

ပထမဦးစွာ၊ ဖြောင့်မတ်စေခြင်းက ဘာကိုဆိုလိုပါသနည်း။ "ဖြောင့်မတ်သောသူအဖြစ်မှတ်ယူသည်" ဟုဆိုလိုပါသည်။ "ဖြောင့်မတ်သူအဖြစ်ပြုလုပ်သည်" ဟု မဆိုလိုပဲ "ဖြောင့်မတ်သောသူအဖြစ်ကြေညာသည်" ဟုဆိုလိုသည်။ အမှန်ဆိုရပါလျှင်၊ ဤအသုံးအနှုန်းသည် တရားခုံရုံး၌သုံးသောတရားဥပဒေရေးရာနှင့်ဆိုင်သည့် ဝေါဟာရ ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် မဖြောင့်မတ်သောသူများဖြစ်ခဲ့ကြသည်။ သို့သော် ယေရှုခရစ်တော်ကိုမိမိ၏သခင်နှင့်ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသောအခါ၊ ခရစ်တော်၏ကျွန်ုပ်တို့ကိုယ်စားလုပ်ပေးသွားသောအမှုအပေါ်၌ မူတည်ပြီး ဘုရားသခင်က ကျွန်ုပ်တို့ကို ဖြောင့်မတ်သောသူများအဖြစ်မှတ်ယူလိုက်သည်။ ကျွန်ုပ်တို့သည် "ခရစ်တော်၌" ရှိသောအခါ၊ ဘုရားသခင်က ကျွန်ုပ်တို့ကိုဖြောင့်မတ်သောသူများအဖြစ်မှတ်ယူကြောင်း တရားမျှတစွာ



ကြေညာသည်။ ယုံကြည်သူအပြစ်သားသည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းဝတ်လုံဖြင့်လွှမ်းခြုံခြင်းခံသည်။ "အဘယ့်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည်အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည် ထိုသူအားဖြင့်ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း" (၂ ကော၊ ၅း၂၁)။

အစပိုင်းတွင်ဖော်ပြခဲ့သလို၊ ဖြောင့်မတ်စေခြင်းသည် ကျေးဇူးတော်၊ ယုံကြည်ခြင်း၊ အသွေးတော်၊ တန်ခိုးတော်၊ လုပ်ဆောင်ခြင်းနှင့် ဘုရားသခင်စသည်တို့အားဖြင့်ဖြစ်သည်။ ဤငါးမျိုးဖြင့်အဘယ်သို့ဖြစ်နိုင်သနည်း။

### ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်စေခြင်း

ပထမမှာ၊ ဖြောင့်မတ်စေခြင်းသည် ကျေးဇူးတော်အားဖြင့်ဖြစ်သည်။ ရောမ၊ ၃း၂၄ တွင် "ယေရှုခရစ်ရွေးနှုတ်တော်မူသောအားဖြင့်အဘိုးကိုမပေးဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်ရကြ၏" (ရောမ၊ ၃း၂၄) ဟုဖော်ပြပါသည်။

ဘုရားသခင်၏ဖြောင့်မတ်စေခြင်းကို အပြစ်သားအနေဖြင့် မရထိုက်ပါ။ သူသည်အဘိုးအခပေး၍သော်လည်းကောင်း၊ လုပ်ယူ၍သော်လည်းကောင်း၊ ထိုဖြောင့်မတ်ခြင်းကိုမရနိုင်ဘဲ၊ လက်ဆောင်အဖြစ်လက်ခံခြင်းဖြင့်သာလျှင် ရနိုင်သည်။ ဘုရားသခင်က ဖြောင့်မတ်ခြင်းကို လူသားများအား အဘိုးအခမတောင်းဘဲ လက်ဆောင်အဖြစ်ပေးခြင်းသည် ကျေးဇူးတော်ဖြစ်သည်။

### ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေခြင်း

ဒုတိယမှာ၊ ဖြောင့်မတ်စေခြင်းသည် ယုံကြည်ခြင်းအားဖြင့်ဖြစ်သည်။ "ထို့ကြောင့် ငါတို့သည် ယုံကြည်ခြင်းရှိ၍ဖြောင့်မတ်ရာသို့ရောက်လျှင်၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားကြ

၏" (ရောမ၊ ၅း၁)။ ဤကျမ်းပိုဒ်က အပြစ်သားတယောက်သည် ယေရှုခရစ်တော်ကို မိမိကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံခြင်းအားဖြင့်သာလျှင် ဖြောင့်မတ်ခြင်းရနိုင်ကြောင်း ရှင်းလင်းစွာသွန်သင်ပါသည်။ အပြစ်သားသည် ငရဲနှင့်သာထိုက်တန်သောသူဖြစ်ကြောင်းဝန်ခံပြီး၊ လက်ဝါးကပ်တိုင်ပေါ်၌သူ၏အပြစ်ဒဏ်ကို ကိုယ်စားခံပေးသော သခင်ယေရှုကိုလက်ခံရမည်။

ဘုရားသခင်ကအပြစ်သားအား ကရာနီကုန်းပေါ်၌ခရစ်တော်ပြုခဲ့သော ရွေးနှုတ်ကယ်တင်ခြင်းအမှုပေါ်တွင်အခြေပြုသော ဖြောင့်မတ်ခြင်းကို လက်ဆောင်အဖြစ်ပေးခြင်းသည် ကျေးဇူးတော်ဖြစ်သည်။ ယုံကြည်ခြင်းဟူသည် နောင်တရသောအပြစ်သားက သူ၏အကျင့်စာရိတ္တ (သို့) သူပြုခဲ့သောကောင်းမှုများကြောင့် ဖြောင့်မတ်ခြင်းကိုရထိုက်သည်ဟုမအောက်မေ့ဘဲ၊ ဘုရားသခင်ထံမှလက်ဆောင်အနေဖြင့် လက်ခံခြင်းဖြစ်သည်။

## အသွေးတော်အားဖြင့် ဖြောင့်မတ်စေခြင်း

ဖြောင့်မတ်ခြင်းသည် အသွေးတော်အားဖြင့်လည်းဖြစ်သည်။ "သို့ဖြစ်၍ ယခုတွင်အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ပြီးမှ၊ ထိုသခင်အားဖြင့်အပြစ်ငရဲမှ ကယ်ချွတ်တော်မူခြင်းသို့ရောက်မည်ဟုသာ၍ မျှော်လင့်စရာရှိ၏" (ရောမ၊ ၅း၉)။ ဤကျမ်းပိုဒ်က ကျွန်တော်ဖြောင့်မတ်ရာသို့ရောက်ရန်ပေးရမည့်အဘိုးအခကိုဖော်ညွှန်းပါသည်။ စုပုံနေသောကျွန်ုပ်၏အပြစ်ကြွေးအားလုံးကို စာရင်းရှင်းရန်အပြစ်မဲ့သောကယ်တင်ရှင်ခရစ်တော်ကသူ၏အသွေးတော်မြတ်ကိုသွန်းခဲ့သည်။ ကျွန်တော်ရရှိသော ဖြောင့်မတ်ခြင်းသည် ခရစ်တော်ယေရှု၏အသက်နှင့်အမျှ တန်ဘိုးကြီးကြောင်း တွေ့နိုင်ပါသည်။

## တန်ခိုးတော်အားဖြင့် ဖြောင့်မတ်စေခြင်း

တန်ခိုးတော်အားဖြင့် ဖြောင့်မတ်စေခြင်းကိုသွန်သင်သောကျမ်းပိုဒ်များများမရှိသော်လည်း ရောမ၊ ၄း၂၅ တွင်တွေ့နိုင်ပါသည်။ " ငါတို့သည်ဖြောင့်မတ်ရာသို့ ရောက်မည်အကြောင်း ထမြောက်တော်မူ၏။" ဤကျမ်းချက်တွင် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းသည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းနှင့်တိုက်ရိုက်ဆက်စပ်နေကြောင်းတွေ့ရပါသည်။ မှန်ပါသည်။ ခရစ်တော်မထမြောက်ခဲ့ပါက၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် အချည်းအနှီးဖြစ်က၊ ဒုစရိုက်အပြစ်အောက်၌ရှိနေကြ၏ (၁ကော၊ ၁၅း၁၇)။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းသည် သခင်ယေရှုကိုသေခြင်းမှထမြောက်စေသော တန်ခိုးတော်နှင့်ဆက်နွယ်နေကြောင်း ထင်ရှားပါသည်။ထို့ကြောင့်ကျွန်ုပ်တို့သည်တန်ခိုးတော်အားဖြင့်ဖြောင့်မတ်ရာသို့ရောက်၏ဟုပြောဆိုနိုင်ပါသည်။

## လုပ်ဆောင်ခြင်းအားဖြင့်ဖြောင့်မတ်စေခြင်း

ကျွန်ုပ်တို့ကိုလုပ်ဆောင်ခြင်းဖြင့် ဖြောင့်မတ်စေခြင်းဖြစ်ပါသည်။ "လူသည်ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်သည်မဟုတ်။ အကျင့်အားဖြင့်ရောက်သည်ကိုသင်တို့သိမြင်ရကြ၏" (ယာကုပ်၊ ၂း၂၄)။ ဤနေရာတွင် ဆန့်ကျင့်ဘက်သွန်သင်ချက်ဖြစ်သလိုမျိုးထင်ရသည်။ ရှင်ပေါလုက ကျွန်ုပ်တို့သည်ယုံကြည်ခြင်းအားဖြင့်သာလျှင် ဖြောင့်မတ်ရာသို့ရောက်ရ၏ဟုသွန်သင်ပါသည်။ ရှင်ယာကုပ်၏သွန်သင်ချက်ကို ဤသို့ထင်မှားစရာဖြစ်နိုင်သည် - "ကျွန်ုပ်တို့သည် ယုံကြည်ခြင်းနှင့် အကျင့်အားဖြင့်ဖြောင့်မတ်ရာသို့ရောက်ရ၏'။ သို့သော် ရှင်ယာကုပ်၏သွန်သင်ချက်မှာ ထိုသို့မဟုတ်ပါ။ သူသည် ကောင်းသောအကျင့်ကျင့်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ရသည်ဟု မသွန်သင်ပါ။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းနှင့် အကျင့်ပေါင်းခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ရ၏ဟူ၍လည်း ယာကုပ်မသွန်သင်ပါ။ သူသွန်သင်သည်မှာ ကျွန်ုပ်တို့သည် ကောင်းသောအကျင့်ကိုကျင့်စေသောယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ရ၏ဟူ၍ဖြစ်ပါသည်။

လူတယောက်က ယုံကြည်ခြင်းကိုထင်ရှားစေသောအကျင့်မရှိပဲ ကျွန်ုပ်၌ယုံကြည်ခြင်းရှိသည်ဟုပြောခြင်းသည် အကျိုးမရှိပါ။ ဤကဲ့သို့သော ယုံကြည်ခြင်းမျိုးသည် နှုတ်ပါးစပ်ဖြင့်သာပြောခြင်းဖြစ်ပြီး၊ အချည်းအနှီးဖြစ်ပါသည် (ယာကုပ်၊ ၂း၁၄-၁၇)။ စစ်မှန်သောယုံကြည်ခြင်းသည် မမြင်နိုင်

သောအရာဖြစ်သော်လည်း အကျင့်အားဖြင့်ဖော်ပြနိုင်ပါသည် (ယာကုပ်၊ ၂း၁၈)။ အာဗြဟံသည် ထာဝရဘုရားကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ပါသည် (ကမ္ဘာ၊ ၁၅း၆)။ သို့ရာတွင်နှစ်အတန်ကြသောအခါ၊ မိမိ၏သားဣဇာက်ကိုဘုရားအားပူဇော်ချင်သောဆန္ဒအားဖြင့်သူ၏ယုံကြည်ခြင်းသည်´ စစ်မှန်ကြောင်းပြသခဲ့သည် (ကမ္ဘာ၊. ၂၂း၉-၁၄)။ ရာခပ်သည်လည်းဣသရေလလူတို့၏တမန်တို့ကိုလက်ခံပြီး၊ လွှတ်မြောက်အောင်ကူညီခြင်းအားဖြင့် သူ၏စစ်မှန်သောယုံကြည်ခြင်းကိုသက်သေပြခဲ့သည် (ယာကုပ်၊ ၂း၂၅)။ သို့ဖြစ်၍ကျွန်ုပ်တို့သည်အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ရ၏ဟုပြောသောအခါ၊ ထိုအကျင့်တို့မှာ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းအားဖြင့် အမှန်တကယ်ဖြောင့်မတ်ရာသို့ ရောက်ပြီဖြစ်ကြောင်းကို ထင်ရှားစေသော မြင်နိုင်သည့်အပြင်သက်သေများဖြစ်ကြပါသည်။ အကျင့်သည် ဖြောင့်မတ်´ခြင်းသို့ရောက်စေသောအကြောင်းတရားမဟုတ်ဘဲ၊ အကျိုးတရားဖြစ်ကာ၊ အမြစ်မဟုတ်ဘဲ၊ လူရှေ့၌ဖြောင့်မတ်စေသောအသီးဖြစ်သည်။

## ဘုရားသခင်အားဖြင့် ဖြောင့်မတ်စေခြင်း

နောက်ဆုံးမှာ၊ ဘုရားသခင်က ကျွန်ုပ်တို့ကို ဖြောင့်မတ်စေခြင်းဖြစ်သည်။ "ဘုရားသခင်ရွေးကောက်တော်မူသောသူကို အဘယ်သူသည် အပြစ်တင်မည်နည်း။ ဖြောင့်မတ်ရာ၌ တည်စေသောသူကား ဘုရားသခင်ပေတည်း" (ရော ၈း၃၃)။ သူသည် ကျွန်ုပ်တို့အား ဖြောင့်မတ်သောသူအဖြစ် ကြေငြာသောသူဖြစ်သည်။

## အတိုချုံး

အထက်ဖော်ပြပါအချက်အလက်အားလုံးကိုလေ့လာသောအခါ ကျွန်ုပ်တို့သည် အောက်ဖော်ပြပါအချက်များအားဖြင့် ဖြောင့်မတ်ရာသို ရောက်ကြောင်း ဓမ္မသစ်ကျမ်းက သွန်သင်ပါသည်။

ကျေးဇူးတော် - ကျွန်ုပ်တို့နှင့်မထိုက်တန်ကြောင်း အဓိပ္ပါယ်ဆောင်သည်။

ယုံကြည်ခြင်း - ကျွန်ုပ်တို့က လက်ခံရမည်ဟု ဆိုလိုသည်။



အသွေးတော် - ကယ်တင်ရှင်ခရစ်တော်၏အသေခံခြင်းဖြင့်ရွေးဝယ်သည်ဟု အဓိပ္ပါယ်ရှိသည်။

တန်ခိုးတော် - ရှင်ပြန်ထမြောက်ခြင်းသည် ကယ်တင်ရှင်၏လုပ်ဆောင်ချက်အပေါ်၌ ဘုရားသခင်၏အားရနှစ်သက်ခြင်းကို ထင်ရှားစေသည်ဟုဆိုလိုပါသည်။

အကျင့် - ကျွန်ုပ်အား ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေပြီးသောအခါ၊ ထိုဖြောင့်မတ်ခြင်းကို အကျင့်ကထင်ရှားစေမည်ဟု ဆိုလိုသည်။

ဘုရားသခင် - ယေရှုကိုယုံကြည်သောသူအား ဖြောင့်မတ်စေသူဖြစ်သည်ဟု ဆိုလိုသည်။

## ၃
## ထာဝရအသက်၏သွင်ပြင်လက္ခဏာများ
Aspects of Eternal Life

### အသက်၏အရည်အသွေး

ထာဝရအသက်သည်အဆုံးမရှိသောတည်ရှိခြင်းနှင့်မတူပါ။ ယုံကြည်သူနှင့် မယုံကြည်သူအယောက်စီတိုင်းသည် ထာဝရအသက်ရှင်ကြမည်ဖြစ်သော်လည်း၊ ယုံကြည်သူများသာလျှင် ထာဝရအသက်ရှိကြသည်။ ထာဝရအသက်ရှင်ခြင်းသာမဟုတ်ဘဲ၊ အရည်အသွေးနှင့်ပြည့်စုံသောဘုရားသခင်ကိုယ်တိုင်၏အသက်ဖြစ်ပြီး၊ သခင်ယေရှု၌ရှိသောအသက်လည်းဖြစ်သည်။

"ထိုအသက်သည်ထင်ရှားခဲ့ပြီ။ ငါတို့လည်းမြင်ရကြပြီ။ ခမည်းတော်နှင့်အတူရှိဘူး၍၊ ငါတို့အားထင်ရှားခဲ့ပြီးသော ထိုထာဝရအသက်ကို ငါတို့သည် သင်တို့အားသက်သေခံ၍ပြသကြ၏" (၁ယော၊ ၁း၂။ ၁ယော၊ ၅း၂၀ ကိုလည်းဖတ်ပါ)။

အာဒံသည် သူ၏အပြစ်ကင်းစင်သောဘဝတွင် (အပြစ်သားမဖြစ်ခင်) သူ၌ထာဝရအသက်မရှိခဲ့ပါ။ သူသည်အပြစ်မလုပ်ဘဲနေသရွေ့ကာလပတ်လုံး ကမ္ဘာပေါ်ရှိ ဘုရားဖန်ဆင်းသောအရာများနှင့်ပျော်မွေ့မည်ဟုထင်မြင်ရသော်လည်း ကောင်းကင်ဘုံ၌ခရစ်တော်နှင့်အတူ ဘုန်းတော်ထင်ရှားရန်မျှော်လင့်ခြင်းရှိမည်မဟုတ်ပါ။ တချိန်ချိန်တွင် အပြစ်ကျူးလွန်ကာ အပြစ်၏အခ သေခြင်းကိုခံနိုင်သည့် အခြေအနေ၌ရှိခဲ့သလို၊ ဤအတိုင်းပဲဖြစ်လာပါသည်။ သူသည် ဘုရားသခင်ကို မိမိကယ်တင်ရှင်အဖြစ်လက်မခံမချင်း ထာဝရကောင်းကြီးမင်္ဂလာအပြည့်ပါသော ထာဝရအသက်မရရှိနိုင်ပါ။

တခါတရံတွင် ထာဝရအသက်ကို **၁** ပစ္စုပ္ပန်ကာလ၌ပိုင်ဆိုင်ခြင်း (သို့) အနာဂတ်ကာလတွင်ခံစားရရှိမည့်အမွေအဖြစ် သမ္မာကျမ်းစာထဲ၌ ဖော်ပြပါသည်။

### ပစ္စုပ္ပန်ကာလ၌ပိုင်ဆိုင်ခြင်း

ယုံကြည်သူတိုင်းသည် ထာဝရအသက်လက်ဆောင်ကို ယခုပစ္စုပ္ပန်ကာလ၌ပိုင်ဆိုင်ပါသည်။ ဤလက်ဆောင်ကို ဘုရားသခင်ပေးခဲ့သော ဂတိတော်ဖြစ်၍ (၁ ယော၊ ၂း၂၅)၊ ထိုအသက်ကို ခရစ်တော်၌တွေ့ရသည် (ယော၊ ၆း၆၈။ ၁ ယော၊ ၅း၁၁)။ ဤထာဝရအသက်ကို ယေရှုခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်ရရှိနိုင်သည်။

"ငါအမှန်အကန်ဆိုသည်ကား၊ ငါ့ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏" (ယော ၆း၄၇။ ယော ၃း၁၅၊ ၁၆၊ ၃၆။ ၅း၂၄။ ၆း၄၀။ ၁ တိ၊ ၁း၁၆)။

ခရစ်တော်ကိုယုံကြည်ခြင်းနှင့်အဓိပ္ပါယ်တူသောအခြားဖော်ပြချက်များမှာ- သူပေးသောရေကိုသောက်ခြင်း (ယော ၄း၁၄)၊ သူ၏အသားကိုစားခြင်းနှင့်အသွေးကိုသောက်ခြင်း (ယော ၆း၅၄)၊ သူ၏နောက်တော်သို့လိုက်ခြင်း (ယော ၁၀း၂၇)၊ သူ့ကိုသိကျွမ်းခြင်း (ယော ၁၇း၃) တို့ဖြစ်ပါသည်။ ရှင်ယောဟန်က လူ့အသက်ကိုသတ်သောသူတစုံတယောက်၌မျှ ထာဝရအသက်မတည်ဟု ပြောပါသည် (၁ယော ၃း၁၅)၊ သို့သော် မယုံကြည်သောအပြစ်သားများ၌လည်း ထာဝရအသက်မရှိကြောင်းကိုလည်း ပြောပါသည်။

ထာဝရအသက်သည် ခမည်းတော်ဘုရားပေးသောလက်ဆောင်ဖြစ်သည် (ရော ၆း၂၃။ ၁ယော ၅း၁၁)။

ထာဝရအသက်ကို သားတော်ယေရှုကလည်း ပေးသည်။

"ငါ့သိုးတို့သည် ငါ့စကားသံကိုနားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကိုငါသိ၏။ ထာဝရအသက်ကိုလည်းငါပေး၏။ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှထိုသိုးတို့ကို ငါ့လက်မှ မနှုတ်မယူရာ" (ယော ၁၀း၂၇-၂၈။ ၁၇း၂)။

ခမည်းတော်ဘုရားက ခရစ်တော်အားပြောခိုင်းသောအရာအားလုံးတို့၏အဓိကရည်ရွယ်ချက်မှာ ထာဝရအသက်ပေးခြင်းဖြစ်ပါသည် (ယော ၁၂း၅၀)။

"ထာဝရအသက်ကိုရစေခြင်းငှါ ခန့်ထားတော်မူသောသူရှိသမျှတို့သည် ယုံကြည်ကြ၏" (တမန် ၁၃း၄၈)။ တဖက်တွင် ခရစ်တော်ကိုငြင်းပယ်၍ ထာဝရအသက်ကို မိမိတို့မခံထိုက်သည်ဟု၊ မိမိတို့စီရင်ကြသည် (တမန် ၁၃း၄၆)။ ဤထာဝရအသက်ကို ကျေးဇူးတော်အားဖြင့်သာရနိုင်သည်ဖြစ်၍ (ရော ၅း၂၁)၊ ယုံကြည်သောသူအားလုံးတို့က ထိုထာဝရအသက်သည် သူတို့၌ရှိကြောင်းကို နှုတ်ကပတ်တော်အားဖြင့်သိနိုင်သည်။

"ဘုရားသခင်၏သားတော်ကိုယုံကြည်သော သင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟုသိစေခြင်းငှါ၊ ဤအရာများကို သင်တို့အားငါရေး၍ပေးလိုက်၏" (၁ယော ၅း၁၃)။

ထာဝရအသက်ရရှိသောသူအားလုံးတို့သည် ထိုအသက်နှင့်ထိုက်တန်သောအကျင့်ကို တနေ့ပြီးတနေ့ လက်တွေ့ကျင့်ရန် ဘုရားသခင်က မျှော်လင့်ပါသည်။

"ယုံကြည်ခြင်းနှင့်ဆိုင်၍ ကောင်းစွာသောတိုက်လှန်ခြင်းကို ပြုလော့။ ဖြောင့်မတ်စွာကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ကို မှီအောင်လိုက်လော့" (၁တိ ၆း၁၂)။

"မှန်သောအသက်ကိုဝင်စားလိုသောငှါ၊ နောင်ဘဝ၌ကောင်းသောဘဏ္ဍာကို မိမိတို့အဘို့ဆည်းပူးခြင်းတို့ကိုပြုရမည်အကြောင်း ပညတ်ထားလော့" (၁တိ၊ ၆း၁၉။ ယော ၆း၂၇)။



## အနာဂတ်မျှော်လင့်ခြင်း

ထာဝရအသက်ရရှိပိုင်ဆိုင်ခြင်းကို ပစ္စုပ္ပန်ကာလနှင့်ဖေါ်ပြသလို၊ အနာဂတ်ကာလနှင့်လည်းရေးသားထားပါသည်။

"သူတို့အပါအဝင်၊ အမျိုးသားချင်း ပရောဖက်ဆရာတယောက်က၊ ကရက်သားမြဲ၊ မုသာစွဲလမ်း၊ သားရဲကြမ်းကြုတ်၊ စားကြူးတုတ်တုတ်၊ လူယုတ်ပေဟု စပ်ဆိုသတည်း" (တိတု ၁း၁၂)။

"ဘုရားသခင်ကိုချစ်ခြင်းမေတ္တာ၌ ကိုယ်ကိုကိုယ်စောင့်ရှောက်၍၊ ထာဝရအသက်အလိုငှါ၊ ငါတို့သခင်ယေရှုခရစ်၏ကရုဏာတော်ကို မျှော်လင့်၍နေကြလော့"့ (ယုဒ ၂၁)။

အထက်ပါကျမ်းချက်တို့က ယုံကြည်သူသည် အပြစ်ကမ္ဘာမှသော်လည်းကောင်း၊ နာခြင်း၊ ဝမ်းနည်းခြင်းနှင့်သေခြင်းတို့မှလည်းကောင်း လွတ်မြောက်သောအခါ ရရှိခံစားမည့် ထာဝရအသက်၏ပြည့်စုံခြင်းနှင့် ဘုန်းအာနုဘော်နှင့်ပြည့်စုံသော ကောင်းကင်ရွှေပြည်ကို ရည်ညွှန်းပါသည်။ တခါတရံတွင် ထာဝရအသက်ကို "အမွေ" ဟု ပြောပါသည်။

"အကြင်သူသည် ငါ၏နာမကြောင့်အိမ်၊ လယ်၊ ညီအစ်ကို၊ နှမ၊ မိဘ၊ သားမယားတည်းဟူသော တပါးပါးကိုစွန့်၏၊ ထိုသူသည် အဆတရာသောအကျိုးကိုရ၍ ထာဝရအသက်ကိုအမွေခံရလတံ့" (မဿဲ ၁၉း၂၉။ မာကု ၁၀း၂၉-၃၀။ လု၊ ၁၈း၃၀)။

"အကြောင်းမူကား၊ ငါတို့သည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်၍ ထာဝရအသက်ကိုမျှော်လင့်သည်နှင့်အညီ အမွေခံဖြစ်ကြမည်အကြောင်းတည်း" (တိတု ၃း၇)။

## အကျင့်အားဖြင့်ရသည်မဟုတ်

ဤလောက၌ လူတယောက်၏လုပ်ဆောင်ချက်အတွက် ထာဝရအသက်ကိုပေးသကဲ့သို့ အဓိပ္ပါယ်ဆောင်သောကျမ်းပိုဒ်တချို့ရှိပါသည်။ ၎င်းတို့မှာ၊ မဿဲ ၂၅း၄၅၊၄၆။ လုကာ ၁၈း၂၉-၃၀။ ယော ၄း၃၆။ ၁၂း၂၅။ ရော၂း၇။ ဂလာ ၆း၈။ သို့သော် ဤကျမ်းပိုဒ်များက ကယ်တင်ခြင်းသည်

ကျေးဇူးတော်အားဖြင့်ရရှိခြင်း၊ လက်ဆောင်ဖြစ်ခြင်း၊ ယုံကြည်ခြင်းဖြင့်သာရနိုင်ခြင်း၊ အကျင့်အားဖြင့်လုံးဝမရနိုင်ခြင်းစသော မြောက်များစွာသောကျမ်းပိုဒ်များ၏သွန်သင်သည့်ကြီးမြတ်သောသမ္မာတရားနှင့်ဆန့်ကျင်ဘက်ပြုနိုင်မည်မဟုတ်ပါ။

ဤသို့ဆိုသော်၊ ဤကျမ်းပိုဒ်များက ဘာကိုဆိုလိုသနည်း။ ဤကျမ်းပိုဒ်များက ကောင်းကင်ဘုံတွင် လုပ်ခပေးမည့်အကြောင်းသိစေပါသည်။ ယုံကြည်သူတချို့သည် ခရစ်တော်၏တရားစီရင်ခြင်းပလ္လင်ရှေ့၌ သရဖူများရ၍၊ တချို့တို့သည်လုပ်ခဆုံးရှုံးလိမ့်မည်။ ယုံကြည်သူအားလုံးတို့သည် ထာဝရအသက်ကိုရရှိပိုင်ဆိုင်ကြသော်လည်း လုပ်ခရရှိမှုအပေါ်၌မူတည်ပြီး ဝမ်းမြောက်မှုကွာခြားမည် (၁ကော ၁၅း၄၁ခ)။ ထိုလုပ်ခများကို ယခုဘဝ၌ယုံကြည်သူ၏သစ္စာရှိမှုနှင့် သန့်ရှင်းသောအသက်တာအပေါ်၌အခြေပြုပြီးပေးပါမည် (ရော ၆း၂၂)။

ဤကျမ်းပိုဒ်များတွင်ဖေါ်ပြသောအကျင့်တို့သည် ယုံကြည်သူရရှိသော ထာဝရအသက်၏အသီးအပွင့်များဖြစ်ပြီး၊ ထိုအကျင့်များအားဖြင့် ထာဝရအသက်ရသည်မဟုတ်ပါ။ ဥပမာ၊ မဿဲ ၂၅း၄၆ တွင် "ထိုသူတို့သည် ထာဝရအပြစ်ဒဏ်ခံရာသို့၄င်း၊ ဖြောင့်မတ်သောသူတို့မူကား၊ ထာဝရအသက်ရှင်ရာသို့၄င်း သွားရကြလတံ့" ဟု မိန့်တော်မူ၏။ ဤကျမ်းပိုဒ်သည် ဘေးဒဏ်ကြီးကာလ၌ ခရစ်တော်၏ ဂျူးလူမျိုးတို့အားမိတ်ဖွဲ့၍ ကူညီမစခြင်းဖြင့် သူတို့သည် ကယ်တင်ခြင်းအမှန်တကယ်ရကြောင်းကို သက်သေပြကာ၊ ထာဝရအသက်အတွက်ဝမ်းမြောက်ကြမည်။ သူတို့၏ကောင်းသောအကျင့်သည် သူတို့၏ကယ်တင်ခြင်းအတွက်သက်သေအထောက်အထားများဖြစ်သည်။

ရှင်ယောဟန် ၄း၃၆ နှင့် ၁၂း၂၅ ကလည်း အမှုတော်မြတ်၌သစ္စာရှိမှုကိုဖေါ်ညွှန်းပြီး၊ ကယ်တင်ခြင်းရရန်မဟုတ်ပါ။

ယော ၄း၃၆- စပါးရိတ်သောသူသည် အခကိုခံရ၍၊ ထာဝရအသက်ရှင်ခြင်းအလို့ငှါ အသီးအနှံကိုစုသိမ်း၏။ သို့ဖြစ်လျှင် ပျိုးကြဲသောသူနှင့်စပါးရိတ်သောသူတို့သည် အတူဝမ်းမြောက်ကြလိမ့်မည်။

ယော ၁၂း၂၅- မိမိအသက်ကိုနှမြောသောသူသည် အသက်ဆုံးလိမ့်မည်။ ဤလောက၌မိမိအသက်ကိုမုန်းသောသူမူကား၊ ထာဝရအသက်ကိုစောင့်လျှောက်လျက်နေ၏။

ရောမ ၂း၇- သည်လည်း လူအများအတွက်ခက်ခဲသောကျမ်းပိုဒ်ဖြစ်သည်။ ကောင်းသောအကျင့်ကိုအမြဲကျင့်၍ ဘုန်းအသရေကို၄င်း၊ မဖောက်ပြန်သောဇာတိကို၄င်း ရှာသောသူတို့အား ထာဝရအသက်ကိုပေးတော်မူလတံ့။

ဤကျမ်းပိုဒ်သည် ထာဝရအသက်ကို ကောင်းသောအကျင့်ပေါ်၌တည်နေသလို ဖေါ်ပြပါသည်။ သို့ရာတွင် များပြားလှသောနှုတ်ကပတ်တော်သက်သေများက ဤကဲ့သို့မှားယွင်းစွာအနက်ဖွင့်ရန်ခွင့်မပြုပါ။ ဤကျမ်းပိုဒ်ကို နှစ်မျိုးဖြင့်နားလည်နိုင်ပါသည်။ ပထမမှာ- မယုံကြည်သူများအားတရားစီရင်သောအခါ ဘုရားသခင်၏စံချိန်ဖြစ်သည်။ မယုံကြည်သူတယောက်သည် သူ၏ခွန်အား၊ ကြိုးစားမှုနှင့် "ကောင်းသောအကျင့်ကို ရာနှုန်းပြည့်ကျင့်နိုင်ပါက ထာဝရအသက်ရမည်။ သို့သော် ကောင်းသောအကျင့်ကိုကျင့်နိုင်သောသူမရှိ၊ တယောက်မျှမရှိ" (ရောမ ၃း၁၂) ဟုကျမ်းစာက အတိအလင်းဖေါ်ပြသောကြောင့် ကောင်းသောအကျင့်အားဖြင့် ထာဝရအသက် လုံးဝမရနိုင်ကြောင်း ထင်ရှားပါသည်။ ဒုတိယမှာ- ယုံကြည်သူကသာလျှင်သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးအားဖြင့်ထိုစံချိန်ကိုမီနိုင်သည်။ ထို့ကြောင့် ကောင်းသောအကျင့်သည် ကယ်တင်ခြင်း၏အပြင်သက်သေဖြစ်ပြီး၊ ကယ်တင်ခြင်းမရစေနိုင်ပါ။

## အကျဉ်းချုပ်

ထာဝရအသက်သည် ဝိညာဉ်အသက်ဖြစ်ပြီး အသစ်တဖန်မွေးဖွားခြင်းအားဖြင့်သာလျှင် ရနိုင်သည်။ ထိုအသက်သည် ဘုရားသခင်ကိုယ်တိုင်၏အသက်ဖြစ်၍၊ ထာဝရဖြစ်သည်။ ထိုထာဝရအသက်သည် ယခုပစ္စုပ္ပန်ဘဝ၌ရရှိပိုင်ဆိုင်ပြီး၊ အနာဂတ်မျှော်လင့်ခြင်းလည်းဖြစ်သည်။ ခရစ်တော်ကို အမှန်တကယ်ယုံကြည်သောသူသည် ထိုထာဝရအသက်ရရှိကြောင်းကို

နှုတ်ကပတ်တော် ၏အခွင့်အာဏာအားဖြင့်သိနိုင်သည်။ ကယ်တင်ခြင်းစိတ်ချမှုကို နှုတ်ကပတ်တော်အားဖြင့်ရသည်။

ယုံကြည်သူသည် ထာဝရအသက်၏ပြည့်စုံခြင်းကိုမျှော်လင့်နေပြီး၊ ခန္ဓာကိုယ်ရွေးနှုတ်ကယ်တင်ခြင်းရသောအခါ လက်တွေ့ခံစားမည်။

ထာဝရအသက်ကိုလုပ်ခနှင့်တွဲဖက်၍ပြောဆိုသောအခါ၊ ၄င်းသည် အသက်တာသန့်ရှင်းခြင်း၏အခ (သို့) အမှုတော်ဆောင်ရွက်ခ (သို့) ကောင်းသောအကျင့် ကျင့်ခြင်း၏အခဟူ၍မဆိုလိုပါ။ လုပ်ခသည်ယုံကြည်သူတယောက်၏အသက်တာ၌ ခရစ်တော်၏အသက်ရှင်သန်ပြီး၊ သစ္စာရှိစွာဖြင့် အသက်ရှင်လုပ်ဆောင်ခြင်းအတွက်ဖြစ်သည်။

**မှတ်ချက်။**

၁။ King James ကျမ်းစာထဲတွင် အမြဲတမ်းတည်တံ့သောအသက် "everlasting life" နှင့် ထာဝရအသက် "eternal life" ကို ဂရိဘာသာဖြင့် "aionios" ဖြစ်သည်။ ဤဝေါဟာရနှစ်ခုစလုံး၏အဓိပ္ပါယ်မှာတူညီပြီး၊ ခြားနားသောအဓိပ္ပါယ်ရှိအောင် အနက်မဖွင့်သင့်ပါ။



# ၄
# ကျေအေးစေခြင်း
## Atonement Then & Now

"ကျေအေးစေခြင်း" သည် သမ္မာကျမ်းစာထဲ၌ စိတ်ဝင်စားစရာအကောင်းဆုံးဝေါဟာရများထဲမှ တစ်ခုဖြစ်ကာ၊ အဓိပ္ပါယ်အမျိုးမျိုးဖြင့် သုံးထားသည်။ ထိုဝေါဟာရပါရှိသော ကျမ်းပိုဒ်၏ရှေ့နောက်စကားအဆက်အစပ်ကိုကြည့်ပြီး အဓိပ္ပါယ်ကိုဖွင့်ဆိုရသည်။

ဓမ္မဟောင်းကာလကယ်တင်ခြင်းကို လေ့လာကြပါစို့။ လူတို့သည် ဘုရားသခင်ကိုယုံကြည်သောအခါ ကယ်တင်ခြင်းရကြသည်။ ဘုရားသခင်က လူတို့အားဗျာဒိတ်တော်ကို ဖွင့်ပြပြောဆိုသောအခါ သူတို့သည်ယုံကြည်ကာ၊ သူတို့၏ယုံကြည်ခြင်းကိုဖြောင့်မတ်ခြင်းကဲ့သို့ မှတ်ယူ၏။ ဘုရားသခင်က အာဗြဟံအားကြယ်လောက်များပြားသော အမျိုးအနွယ်ရှိလိမ့်မည်ဟု ဂတိပေးသောအခါ သူသည် "ထာဝရဘုရားကိုယုံကြည်သည်ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏" (ကမ္ဘာ ၁၅း၆)။ ခရစ်တော်ဘုရား၏အနာဂတ်တွင်လုပ်ဆောင်မည့် ကယ်တင်ခြင်းအပေါ်၌ အခြေခံ၍ အာဗြဟံအားဖြောင့်မတ်စေသည်။ အာဗြဟံသည် ထိုကယ်တင်ခြင်းအကြောင်းကို မသိခဲ့သော်လည်း ဘုရားသခင်ကသိပြီး၊ ထိုကယ်တင်ခြင်းအကျိုးကို အာဗြဟံအားခံစားစေသည်။ ဘုရားသခင်သည် အာဗြဟံ၏အပြစ်အားလုံးကို ကာရာနီကုန်းပေါ်တွင် သွန်းလောင်းသော ခရစ်တော်၏အသွေးတော်ဖြင့် ဆေးကြောကာ၊ တရားဥပဒေအရ အပြစ်လွှတ်ခြင်းကိုပေးသည်။ ခေတ်ကာလတိုင်းတွင် ကယ်တင်ခြင်းကို ဘုရားသခင်နှင့်သခင်

ယေရှု၏ကိုယ်စားအသေခံခြင်းအပေါ်၌ အခြေပြုပြီး၊ ယုံကြည်ခြင်းဖြင့်သာလျှင် ရနိုင်သည်။ ဤနည်းဖြင့် ဘုရားသခင်နှင့် ထာဝရတော်စပ်မှုကို တည်ထောင်ခဲ့သည်။

သို့ရာတွင်၊ ယုံကြည်သူ ဣသရေလလူမျိုးတယောက် ကျူးလွန်သောအပြစ်ဒုစရိုက်က ဘုရားသခင်နှင့် မိတ်သဟာယပျက်စေပြီး၊ မစင်ကြယ်သောသူဖြစ်စေသည်။ အပြစ်ကျူးလွန်ခြင်းမဟုတ်သော်လည်းဘာသာရေးဓလေ့ထုံးစံအရ ညစ်ညူးစေသောအကျင့် (ဥပမာ-လူသေအလောင်းကိုထိမိခြင်း) တချို့ရှိသည်။ ဤအရာများက သူ့အား တဲတော်ဝင်း (သို့) ဗိမ္မာန်တော်၌ ဝတ်ပြုခြင်းမပြုအောင် တားဆီးသည်။ ထိုအခါ သူသည် ကျေအေးစေခြင်း "atonement" လိုအပ်သည်။ ဤအကြောင်းနှင့်ပတ်သက်၍ ဆက်လက်ဆင်ခြင်ကြပါစို့။

## ဓမ္မဟောင်းကာလ၌ "ကျေအေးစေခြင်း" ၏အဓိပ္ပါယ်

ဓမ္မဟောင်းကျမ်းစာထဲတွင် "ကျေအေးစေခြင်း" ကို ဟေဗြဲဘာသာ "ဖုံးအုပ်ခြင်း" စကားလုံးမှဘာသာပြန်ဆိုထားသည်။ ဘုရားသခင်က နောဧအားသင်္ဘော၏အတွင်းနှင့်အပြင်နှစ်ခုစလုံးကို ထင်းရှူးစေးနှင့်သုတ်ခိုင်းခဲ့စဉ် "ကျေအေးစေခြင်း" "to atone" စကားလုံးသုံးပါသည်။ ခရစ်တော်က ကာရာနီကုန်းပေါ်၌ ပြီးပြည့်စုံသောကယ်တင်ခြင်းအမှု မပြုမီတိုင်အောင် ကျေအေးစေခြင်းသည် "အပြစ်ဖုံးအုပ်ခြင်း" သာလျှင်ဖြစ်သည်။

တချို့နေရာတွင် "ကျေအေးစေခြင်း" (to atone) စကားလုံးကို ပြုပြင်ခြင်း၊ ဆေးကြောခြင်း၊ အပြစ်ဒဏ်မှလွတ်ကင်းခြင်း၊ ပေးလျှူဆက်ကပ်ခြင်းစသည်ဖြင့် အဓိပ္ပါယ်အမျိုးမျိုးဖော်ဆောင်ပါသည်။

ဤစကားလုံးကို ယေဘုယျအားဖြင့် လူမျိုး၊ ယဇ်ပရောဟိတ်နှင့် ဣသရေလနိုင်ငံအတွက် သုံးသည်။ သို့သော်၊ အပြစ်ပြေစေခြင်းအတွက် စိတ်ကျေနပ်ခြင်းကို ဖော်ပြရာ၌မသုံးပါ။ ဟေဗြဲဩဝါဒစာကိုရေးသောသူသည် ဓမ္မဟောင်းကာလယဇ်ပူဇော်ခြင်းက အပြစ်တစုံတခုမျှ မပယ်ရှားဘူးပါဟု ရှင်းလင်းစွာ ဖော်ပြပါသည်။ "ကျေအေးစေခြင်း" ၏ မူလအဓိပ္ပါယ်သည် အပြစ်ပယ်ရှားခြင်းဖြစ်ပါက၊ ထိုယဇ်ပူဇော်ခြင်းသည် အကျိုးမရှိဖြစ်ပေမည်။ "အကြောင်းမူကား၊ နွား၊ ဆိတ်၏အသွေးသည်အပြစ်ကိုမပယ်နိုင်ရာ"(ဟေဗြဲ ၁၀း၄) ဟုဖော်ပြပါသည်။ ကျေအေးစေခြင်းယဇ်ကိုပူဇော်သောနေ့တွင် အပြစ်များကိုအောက်မေ့ခြင်းရှိ၏ (ဟေဗြဲ ၁၀း၃)။ ထို့ကြောင့် ယဇ်ပူဇော်ခြင်းက ဘုရားသခင်၏လူတို့အား အပြစ်နှင့်ပတ်သက်၍ဩတ္တပ္ပကြည်လင်ခြင်းမပေးနိုင်ပါ။ ". . . တည်စေနိုင်လျှင် ဝတ်ပြုသောသူတို့သည် တခါတည်းနှင့်စင်ကြယ်ခြင်းသို့ရောက်ပြီးမှ၊ နောက်တဖန်သံဝေဂတရားရစရာအကြောင်းအလျှင်းမရှိသည်ဖြစ်သောကြောင့်၊ ထိုယဇ်တို့ကို တခါတည်းသာပူဇော်၍၊ နောက်တဖန်မပူဇော်ပဲနေရကြမည်မဟုတ်လော" (ဟေဗြဲ ၁၀း၁၊၂)။

တခါတရံတွင် "ကျေအေးစေခြင်း" စကားလုံးကို သက်မဲ့ဝတ္ထုဖြစ်သော ယဇ်ပလ္လင်၊ သန့်ရှင်းရာဌါ၊ အသန့်ရှင်းဆုံးဌါန၊ ပရိသတ်စည်းဝေးရာတဲတော်ဝင်းနှင့် ဗိမ္မာန်တော်တို့အတွက်သုံးသည်။ ထိုသက်မဲ့ဝတ္ထုတို့သည် အပြစ်မလုပ်တတ်ပါ။ ထို့ကြောင့် "ကျေအေးစေခြင်း" သည် အပြစ်ကိုပယ်ရှားခြင်း (သို့) အပြစ်မှကင်းလွတ်ခြင်းနှင့်လုံးဝမပတ်သက်ကြောင်းထင်ရှားပါသည်။ ယဇ်ပလ္လင်သည် ဘုရားဝတ်နှင့်ဆိုင်၍ ၄င်းကိုစင်ကြယ်ရန်နှင့် ဘုရားအမှုတော်၌အသုံးပြုနိုင်ရန် 'စင်ကြယ်စေခြင်း' ပြုရပါသည်။ ကျေအေးစေခြင်းစကားလုံးကိုအနက်ဖွင့်ဆိုရာတွင် ထိုသက်မဲ့ဝတ္ထုများ အဘယ့်ကြောင့် "ကျေအေးစေခြင်" ပြုရပါသနည်းဟူသောအချက်ကို ရှင်းလင်းရပါမည်။

ကျေအေးစေခြင်းကို လူပုဂ္ဂိုလ်အတွက်သုံးသောအခါ၊ ဘုရားဝတ်နှင့်ဆိုင်သောဆေးကြောခြင်းကိုဆိုလိုသည်။ ယုံကြည်သူဂျူးလူမျိုးတယောက်အပြစ်ကျူးလွန်သောအခါ၊ တောင်းဆိုထားသောယဇ်ကိုပူဇော်ကာ၊ အပြစ်ဝန်ချတောင်းပန်ရသည်။ အပြစ်ဝန်ချပြီးသည်နှင့်တပြိုင်နက် အပြစ်လွတ်ခြင်းချမ်းသာရသည်။ သူရရှိခံစားသောအပြစ်လွတ်ခြင်းသည် တိရစ္ဆာန်ပူဇော်ခြင်းမှလာသည်မဟုတ်ပဲ၊ ခရစ်တော်၏မိမိကိုယ်ကိုပူဇော်ခြင်းမှလာပါသည်။ တိရစ္ဆာန်ပူဇော်ခြင်းသည် ခရစ်တော်၏ပူဇော်ခြင်းကိုပုံဆောင်

ပါသည်။ သူသည် ဘုရားသခင်ကိုယုံကြည်သောအခါ၊ သူခံရမည့်ထာဝရ ပြစ်ဒဏ်ပယ်ရှားခြင်းခံရပြီး၊ အပြစ်ဝန်ချတောင်းပန်ခြင်းသည် ဘုရားသခင် နှင့်သူ၏မိတ်သဟာယပြုခြင်းကို ပြန်လည်ဆန်းသစ်စေပါသည်။ သူ၏ယဇ်ပူ ဇော်ခြင်းက ယေဟောဝါဘုရားအားဝတ်ပြုခြင်းနှင့်အမှုတော်၌ပါဝင်နိုင်ရန် အခွင့်အရေးပြန်လည်ရရှိစေပါသည်။ ဘုရားသခင်နှင့်သူ၏တော်စပ်မှုမှာ ထာဝရတည်ပြီးဖြစ်သော်လည်း ယခုတွင်သူသည် ဘုရားဝတ်ပြုခြင်းဆိုင်ရာ ထုံးနည်းအရ သန့်ရှင်းသည်။ ထိုပူဇော်သက္ကာက အပြင်ပိုင်းကိုသာ စင် ကြယ်စေသည်။ ခရစ်တော်၏လုပ်ဆောင်ချက်ကသာလျှင် အတွင်းသြတ္တပ္ပ ကိုဆေးကြောကာ၊ သေခြင်းနှင့်စပ်ဆိုင်သော ဘုရားသခင်ကိုဝတ်ပြုကိုး ကွယ်စေပါသည်။

## ချွင်းချက်တစ်ခု

ဓမ္မဟောင်းကျမ်းတစ်ပိုဒ်က "ကျေအေးစေသည်" (atone) ကို အပြစ်ပယ်ရှားခြင်းဟု ရှင်းလင်းစွာဖော်ပြထားပါသည်။

"လွန်ကျူးခြင်းအမှုကိုဆီတား၍ အပြစ်ကိုတံဆိပ်ခတ်စေခြင်းငှါ ၄င်း၊ ဒုစရိုက်အပြစ်ကိုဖြေရှင်း၍ ထာဝရကုသိုလ်ကိုသွင်းစေခြင်းငှါ၄င်း၊ ဗျာဒိတ်ရူပါရုံနှင့် အနာဂတ္တိဗျာဒိတ်တော်တို့ကို တံဆိပ်ခတ်၍၊ အလွန်သန့် ရှင်းသောအရပ်ဌါနကို လိမ်းစေခြင်းငှါ၄င်း သီတင်းခုနစ်ဆယ်ကိုသင်၏အ မျိုးသားချင်းအဘို့နှင့်သင်၏သန့်ရှင်းသောမြို့အဘို့ဆုံးဖြတ်ခြင်းရှိ၏" (ဒံ ယေလ ၉း၂၄)။

ဤကျမ်းပိုဒ်တွင် မတရားသောအမှုအတွက်ပြုသော ပြန်လည်သင့် မြတ်စေခြင်းကို ပကတိအတိုင်းဖော်ပြရာ၌ "ဆိုးညစ်ခြင်းအတွက်ကျေအေး စေရန်"ဟု အဓိပ္ပါယ်ရှိပါသည် (NASB နှင့် NIV ထဲ၌ ဤသို့ဘာသာ ပြန်ဆိုကြသည်)။ KJV နှင့် NKJV ဘာသာပြန်သူတို့သည် ခရစ်တော်၏ လုပ်ဆောင်ချက်က အပြစ်များကို ဖုံးအုပ်သည်ဟု ဘာသာပြန်ဆိုခြင်းကို ရှောင်ကြဉ်ကြကာ၊ မတရားသောအမှုအတွက် ပြန်လည်သင့်မြတ်စေခြင်းကို ပြုခြင်းဟူ၍ပြန်ဆိုကြသည်။



ဤကျမ်းပိုဒ်သည် အနာဂတ်ကာလတွင် ခရစ်တော်က ဣသရေ လလူမျိုးတို့၏ဆိုးညစ်ခြင်းကိုဖြေရှင်းရန်ကြွလာခြင်းကိုဖော်ညွှန်းသည်။ အမှန်မှာ၊ မရှိမဖြစ်လိုအပ်သောပူဇော်ခြင်းကို ကာရာနီကုန်းပေါ်၌ပြုခဲ့ပြီး ဖြစ်သော်လည်း ဣသရေလလူအားလုံးတို့သည် မိမိတို့ထိုးဖေါက်သောယေ ရှုကိုမြင်တွေ့သည့်အချိန်နှင့် တဦးတည်းသောသားအတွက်အဘ သည် ငိုကြွေးမြည်တမ်းသည့်အချိန်မရောက်မီတိုင်အောင် ထိုအကျိုးကိုရရှိ ခံစားကြမည်မဟုတ်ပါ (ဇာခရိ ၁၂း၁၀။ ယော ၁၉း၃၇)။ ဓမ္မဟောင်းခေတ် ၌ ကျေအေးစေခြင်း "atonement" ၏ဖုံးအုပ်သော အပြစ်အားလုံးကို ခရစ်တော်က လက်ဝါးကပ်တိုင်ပေါ်၌ ပယ်ရှားခဲ့သည်။

## အဓိပ္ပါယ်

ကျေအေးစေခြင်း "atonement" စကားလုံးသည် ဓမ္မသစ် ဝေါ ဟာရ မဟုတ်ပါ။ ဓမ္မဟောင်းကျမ်း၌ရှိသော ကျေအေးစေခြင်းဟု အဓိ ပ္ပါယ်ရှိသည့် ဝေါဟာရကို ဓမ္မသစ်ကျမ်း၌မရှိပါ။ လူတို့နှင့်သက်မဲ့ဝတ္ထုအ တွက် ဖုံးအုပ်ခြင်းနှင့်ပတ်သက်၍ ဓမ္မသစ်ကျမ်းက လုံးဝမဖော်ပြပါ။ (KJV ကျမ်းစာ၌ ဤစကားလုံးကို ရောမ ၅း၁၁ ၌တွေ့ရသော်လည်း၊ အဓိပ္ပါယ် မှာ "ပြန်လည်သင့်မြတ်စေခြင်း" ၄ ဖြစ်သည်။ လက်တွေ့တွင်၊ ခေတ်သစ် ကျမ်းစာဘာသာပြန်ရာ၌ "ကျေအေးစေခြင်း" စကားလုံးကိုမသုံးတော့ဘဲ၊ "ပြန်လည်သင့်မြတ်စေခြင်း" ကိုသုံးကြသည်)။

ကျွန်ုပ်တို့ခေတ်ကာလတွင် "ကျေအေးစေခြင်း"(atonement) သည် ခြားနားသောအဓိပ္ပါယ်ရှိသည်။ ခရစ်တော်၏ကျေအေးစေခြင်းအ ကြောင်းပြောသောအခါ၊ အပြစ်ကြောင့်သူ၏အသေခံခြင်း၊ သင်္ဂြိုဟ်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဘုရားသခင်အားကျေနပ်စေခြင်းကို ဆိုလို သည်။ ဒေသနာနှင့် ဓမ္မသီချင်းများတွင် ခရစ်တော်၏အသွေးတော်က ကျွန်ုပ်တို့၏အပြစ်အားလုံးကို တစ်ခါတည်းဖြင့်ထာဝရပယ်ရှားခဲ့ပြီဟူ၍ ဝမ်းမြောက်စွာဟောပြောသီဆိုကြပါသည်။ သို့သော်လည်း ဓမ္မဟောင်း ကျမ်းစာဖော်ပြသောအဓိပ္ပါယ်နှင့်ပတ်သက်မှုမရှိပါ။

ဓမ္မဟောင်းကျမ်းတွင်ပါရှိသောအဓိပ္ပါယ်နှင့် ယနေ့သုံးသောအဓိပ္ပါယ်ခွဲခြားတတ်ပါက၊ ဘာမှရှုပ်ထွေးစရာမရှိပါ။ ဓမ္မဟောင်းကျမ်း၌ပါရှိသော ကျေအေးစေခြင်း "atonement"သည် မပြည့်စုံပဲ၊ ထပ်ခါထပ်ခါလုပ်ရ၍၊ အပြင်လက္ခဏာသာဖြစ်သည်။ ခရစ်တော်၏လုပ်ဆောင်ချက်သည်ပြည့်စုံပြီး၊ မမြင်နိုင်သောအတွင်းဘက် ဆေးကြောခြင်းဖြစ်သည်။

## နိုင်ငံတော်၌ကျေအေးစေခြင်း

ဣဝေါဟာရကို ပရောဖက်ယေဇကျေလက အနှစ်တစ်ထောင်အုပ်စိုးခြင်းကာလ၌ ဗိမ္မာန်တော်အမှုဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ သုံးပါသည်။ ယေဇကျေလက ယဇ်ပလ္လင်၊ ဣသရေလလူများနှင့်ဗိမ္မာန်တော်အတွက် ကျေအေးစေခြင်းအမှုပြုသည်ဟုပြောပါသည်။ ဣအချက်သည် ဟေဗြဲ ၁၀း၁၂ နှင့်ဆန့်ကျင်သကဲ့သို့ဖြစ်သည်။ "ထိုသခင်မူကား၊ အပြစ်ကိုဖြေခြင်းငှါ ယဇ်တခုတည်းကိုပူဇော်ပြီးမှစ၍၊ ဘုရားသခင်၏လက်ျာယာတော်ဘက်၌အစဉ်အမြဲထိုင်၍. . ."။ ဟေဗြဲ ၁၀း၁၈ "ထိုအပြစ်တို့ကိုလွှတ်ပြီးလျှင် နောက်တဖန်အပြစ်ဖြေသောပူဇော်သက္ကာကို ပြုစရာအကြောင်းမရှိ။"

"ကျေအေးစေခြင်း" (atonement) ၏အနက်အဓိပ္ပါယ်ကို ဓမ္မဟောင်းမူရင်းအဓိပ္ပါယ်ထက် ယခုခေတ်သစ် Dictionary အဓိပ္ပါယ်ကိုသုံးသောကြောင့် ရှုပ်ထွေးနိုင်ပါသည်။ အနှစ်တစ်ထောင်ကာလ၌ အပြစ်ပယ်ရှားရန် ဗိမ္မာန်တော်၌ပြုမည့်ယဇ်ပူဇော်ခြင်းသည် ဓမ္မဟောင်းခေတ်ယဇ်ပူဇော်ခြင်းထက်အကျိုးသက်ရောက်မှုရှိမည်ဟုပြော၍မရပါ။ ထိုယဇ်ပူဇော်ခြင်းသည် ဗိမ္မာန်တော်၌ပြုလုပ်မည့် ဘုရားဝတ်ပြုရန်ထုံးနည်းမျှသာဖြစ်သည်။ ထိုသို့ပြုခြင်းဖြင့် ရွေးနှုတ်ခြင်းခံသော ဣသရေလလူတို့သည် ခရစ်တော်၏လုပ်ဆောင်ချက်နှင့် နှိုင်းယှဉ်ကြည့်သောအခါ၊ ထိုဘုရားဝတ်ပြုရန်ထုံးနည်းများ၏အားနည်းချက်ကိုသိမြင်လာကြမည်။ ထိုဘာသာရေးအခမ်းအနားတို့သည်အရိပ်ဖြစ်ပြီး၊ အစစ်အမှန်မှာ ခရစ်တော်ဖြစ်ကြောင်းကိုသိလာကြမည်။ ပွဲတော်မင်္ဂလာက ကျွန်ုပ်တို့အားသွန်သင်သကဲ့သို့ ဓမ္မဟောင်းခေတ်ယဇ်ပူဇော်ခြင်းက ခရစ်တော်၏အနာဂတ်လုပ်ဆောင်ချက်ကို



တင်ကူး၍ဖော်ညွှန်းပြီး၊ အနှစ်တထောင်ကာလယဇ်ပူဇော်ခြင်းက အတိတ်ကာလတွင်ကာရာနီကုန်းပေါ်၌ ခရစ်တော်၏လုပ်ဆောင်ချက်ကို ဖော်ညွှန်းသည်။

## မှတ်ချက်။

၁။ ကြိယာမှာ "kaphar" ဖြစ်ပြီး၊ အင်္ဂလိပ်ဘာသာဖြင့် "cover" ဖုံးအုပ်သည်ဟု အဓိပ္ပါယ်ရှိသည်။
၂။ ဟေဗြဲ ၉း၁၃
၃။ ဟေဗြဲ ၉း၁၄
၄။ နာမ်ပုဒ်ဖြစ်သော "katallage" ကို "ပြန်လည်သင့်မြတ်စေခြင်း" အတွက် သုံးသည်။
၅။ ယေဇကျေလ ၄၃း၂၀၊၂၆။ ၄၅း၁၅၊၁၇၊၂၀။

# အပိုင်း နှစ်

## ခရစ်ယာန်အသက်တာ၌ ကွဲပြားခြားနားခြင်းများ

Distinctions in the Christian Life

## 5

## နေရာနှင့်လက်တွေ့ပြုမူဆောင်ရွက်ခြင်း

Position and Practice

ဓမ္မသစ်ကျမ်းလေ့လာရာတွင် ယုံကြည်သူများ၏နေရာနှင့်လက်တွေ့ပြုမူဆောင်ရွက်ခြင်း၏ခြားနားမှုကို နားလည်ခြင်းထက်သာ၍အထောက်အကူပြုသောနည်းလမ်းမရှိပါ။ ထိုခြားနားခြင်းကိုမသိပါက၊ ဤအကြောင်းနှင့်ပတ်သက်သော ကျမ်းပိုဒ်များတွေ့သောအခါ ရှုပ်ထွေးပြီး၊ တစ်ခုနှင့်တစ်ခုဆန့်ကျင်သကဲ့သို့ထင်မှတ်နိုင်ပါသည်။ တခါတရံ နေရာနှင့်လက်တွေ့ပြုမူဆောင်ရွက်ခြင်းကို ရပ်တည်ချက်နှင့်အခြေအနေဟူ၍အဓိပ္ပါယ်တူညီစွာ ပြောဆိုအသုံးပြုတတ်ကြပါသည်။ အချုပ်အားဖြင့်ဆိုလျှင်၊ ခရစ်ယာန်တစ်ဦး၏နေရာ (position) သည် ခရစ်တော်၌သူ၏ရပ်တည်ချက်ဖြစ်ပြီး၊ သူ၏လက်တွေ့ပြုမူဆောင်ရွက်ခြင်း (practice) မှာမူ၊ သူ၏လက်တွေ့ဖြစ်သင့်သောအခြေအနေဖြစ်သည်။ ပထမအချက်က ဩဝါဒဖြစ်ပြီး၊ ဒုတိယမှာဝတ္တရားဖြစ်ပါသည်။

ယုံကြည်သူတစ်ဦး၏ခရစ်တော်၌ရပ်တည်ချက်နှင့် လက်တွေ့ဖြစ်သင့်သောအခြေအနေမှာခြားနားပါသည်။ ကျေးဇူးတော်အားဖြင့်ယုံကြည်သူသည် ခရစ်တော်၌ရှိပြီး၊ ဘုရားသခင်ရှေ့မှောက်၌လုံးဝစုံလင်သောသူ



ဖြစ်သည်။ သူသည်ချစ်တော်မူသောသားတော်၌ လက်ခံထားသောသူဖြစ်၍ (ဧ၊ ၁း၅၊၆)၊ ခရစ်တော်၌စုံလင်သောသူဖြစ်သည် (ကော၊ ၂း၁၀)။ သူ၏အပြစ်အားလုံးခွင့်လွှတ်ပြီး၊ ဘုရားသခင်၏ဖြောင့်မတ်ခြင်းဝတ်လုံဖြင့်လွှမ်းခြုံခြင်းခံသည် (၂ကော၊ ၅း၂၁)။ အောက်ပါအတိုင်း သူပြောဆိုနိုင်ပါသည်။

ဘုရားနှင့်နီးကပ်ရန်
အကျွန်ုပ်မတတ်နိုင်ပြီ
ဘုရားသားတော်အားဖြင့်
အကျွန်ုပ်နီးကပ်နိုင်ပြီ။
　　မေတ္တာတော်ရှင်ဘုရား
　　ကျွန်ုပ်အားချစ်ရန် မထိုက်ပြီ
　　သားတော်အားချစ်သော မေတ္တာဖြင့်
　　ကျွန်ုပ်အားချစ်တော်မူပြီ။

ယုံကြည်သူ၏လက်တွေ့ပြုမူဆောင်ရွက်ခြင်းသည် ခရစ်တော်၏အထဲ၌ရရှိသော စုံလင်ခြင်းနှင့်အလွန်ကွာခြားလှပါသည်။ ဤအရာသည် တနေ့နှင့်တနေ့မတူဘဲ အခြေအနေမျိုးမျိုးနှင့်ဖြစ်တတ်ပါသည်။ တခါတရံ ယုံကြည်သူသည် ဝိညာဉ်ရေးရာ၌အားသန်၍ တောင်ထိပ်ပေါ်သို့ ရောက်သလိုခံစားတွေ့ကြုံကာ၊ တခါတရံတွင်လည်း ဆုံးရှုံးခြင်းချိုင့်ဝှမ်း၌လျှောက်သွားရပါသည်။

ဘုရားသခင်၏အလိုတော်မှာ၊ ကျွန်ုပ်တို့၏လက်တွေ့ပြုမူဆောင်ရွက်ခြင်းသည် ခရစ်တော်၌ကျွန်ုပ်တို့၏ရရှိသောနေရာနှင့်တိုးတက်ကိုက်ညီရန်ဖြစ်သည်။ ကျွန်ုပ်တို့အတွက်အသေခံသောသူကို ချစ်ခြင်းအားဖြင့် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာသည် ခရစ်တော်၏သဏ္ဌာန်သို့ တသမတ်တည်းတိုးပွားရင့်ကျက်သင့်သည်။ သို့သော်လည်း ယခုဘဝ၌စုံလင်သောအသက်တာမရှိနိုင်မည်မဟုတ်ပါ။ ဤအရာသည် ကျွန်ုပ်တို့မသေမီ (သို့) ခရစ်တော်မကြွလာမီ မဖြစ်နိုင်ပါ။ သို့ရာတွင်အသက်တာတိုးတက်ခြင်းသည် တဆက်တည်းဖြစ်သင့်သည်။ ကျွန်ုပ်တို့၏လက်တွေ့အသက်တာသည်

ခရစ်တော်၌ရရှိသောစုံလင်ခြင်းသို့ ပို၍တိုးတက်ရပါမည်။

ကျွန်ုပ်တို့သည် ကယ်တင်ရှင်နှင့်တွေ့သောအခါ သူနှင့်အလိုအလျောက်တူပါမည် (၁ယော၊ ၃း၂)။ ဤပြောင်းလဲခြင်းသည် ကျွန်ုပ်တို့၏ပူးပေါင်းလုပ်ဆောင်မှုမပါဘဲ၊ ဘုရားသခင်၏တန်ခိုးတော်အားဖြင့်ဖြစ်မည်။ သို့သော် ယခုဘဝ၌ ယုံကြည်သူတို့၏အသက်တာ သခင်ယေရှု၏သဏ္ဌာန်တော်သို့တိုးတက်ခြင်းသည် ဘုရားသခင်၏ဘုန်းတော်ပို၍ထင်ရှားစေပါသည်။ ဤနည်းသည် ခရစ်ယာန်ယုံကြည်ချက်ကို လူတို့အား "ကြော်ငြာခြင်း" နည်းဖြစ်သည်။

## နေရာနှင့်လက်တွေ့ပြုမူဆောင်ရွက်ခြင်းကိုခွဲခြားခြင်း

ကျွန်ုပ်တို့၏နေရာ (သို့) လက်တွေ့ပြုမူဆောင်ရွက်ခြင်းကိုသီးသန့်သွန်သင်သောကျမ်းပိုဒ်ကို အဘယ်သို့သိနိုင်ပါမည်နည်း။ ကျမ်းပိုဒ်ထဲတွင် "ခရစ်တော်၌" "ချစ်တော်မူသောသားတော်၌" (သို့) "သူ၌" စသောစကားစုတွေ့လျှင်၊ ဤကျမ်းစာရေးသောသူသည် ခရစ်တော်၌ကျွန်ုပ်တို့ရရှိသောနေရာ (position) ကို ပြောခြင်းဖြစ်သည်။ ကျွန်ုပ်တို့ဖြစ်သင့်၊ လုပ်သင့်သောအရာကိုသွန်သင်သောကျမ်းပိုဒ်များသည် လက်တွေ့ပြုမူဆောင်ရွက်ခြင်း (practice) ကိုဆိုလိုကြောင်းသိမှတ်ပါ။

ဓမ္မသစ်ကျမ်းထဲတွင်ပြောင်းလဲ၍မရသော အစဉ်အလိုက်ရေးထားသောအရာမှာ ပထမတွင် "နေရာ" (position) ဖြစ်ပြီး၊ ထိုနောက်တွင် "လက်တွေ့ပြုမူဆောင်ရွက်ခြင်း" (practice) ဖြစ်ပါသည်။ ဩဝါဒစာအတော်များများတွင် ဤသို့အစဉ်အလိုက်ဖြင့်ရေးထားပါသည်။ ဥပမာ၊ ဧဖက်ဩဝါဒစာ ပထမအခန်းကြီးသုံးခန်းထဲတွင် ခရစ်တော်၌ကျွန်ုပ်တို့ရရှိသောနေရာကိုဖော်ပြပြီး၊ နောက်ဆုံးအခန်းကြီးသုံးခန်းက နေ့စဉ်အသက်တာ၌ကျွန်ုပ်တို့ဖြစ်သင့်သောအရာကိုသွန်သင်သည်။ ပထမသုံးခန်းတွင်ခရစ်တော်၌ကျွန်ုပ်တို့ရရှိသောကောင်းကင်ဘုံအကြောင်းပါရှိပြီး၊ နောက်ဆုံးသုံးခန်းတွင် ကျွန်ုပ်တို့သည် ဤလောကနှင့်မိသားစုပြဿနာ၊ ခက်ခဲမှုများကိုကိုင်တွယ်ဖြေရှင်းနေရကြောင်းရေးထားပါသည်။



## ခြားနားခြင်းများ၏ ဥပမာများ

ဤခြားနားမှုများကို ရှင်းလင်းစွာ ခွဲခြားနားလည်ခြင်းသည် ဓမ္မသစ်ကျမ်းလေ့လာရာ၌ အဘယ်သို့အထောက်အကူပေးပါသနည်းဆိုသည်ကိုကြည့်ကြစို့။ နေရာနှင့်လက်တွေ့ပြုမူဆောင်ရွက်ခြင်း၏ခြားနားခြင်းကိုသွန်သင်သော ဥပမာ (၇) ခုရှိပါသည်။

### ဥပမာ- ၁

| **နေရာ** (Position) | **လက်တွေ့ပြုမူဆောင်ရွက်ခြင်း** |
| --- | --- |
| အကြောင်းမူကား၊ စင်ကြယ်သောသူတို့သည်ထာဝရစုံလင်ခြင်းအကျိုးကိုရစေခြင်းငှါ၊ တခါတည်းပူဇော်ခြင်းအားဖြင့် ပြုတော်မူ၏ (ဟေဗြဲ၊ ၁၀း၁၄)။ | ထို့ကြောင့် ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည် စုံလင်တော်မူသည်နည်းတူသင်တို့သည်လည်းစုံလင်ခြင်းရှိကြလော့ (မဿဲ၊ ၅း၄၈)။ |

မထမကျမ်းပိုဒ်က ယုံကြည်သူအားလုံး စုံလင်သည်ဟုပြောပါသည်။ ဒုတိယကျမ်းပိုဒ်က ယုံကြည်သူအားလုံး စုံလင်သင့်သည်ဟု ပြောသည်။ ပထမက ကျွန်ုပ်တို့၏နေရာ (ရပ်တည်ချက်) ကိုပြောပြီး၊ ဒုတိယက ကျွန်ုပ်တို့၏လက်တွေ့ပြုမူဆောင်ရွက်ခြင်းကိုပြောသည်။

### ဥပမာ-၂

| | |
| --- | --- |
| အပြစ်တရားမှ စုတေ့သောသူတို့သည် ထိုတရား၌အဘယ်သို့ ရှင်ရဦးမည်နည်း (ရောမ၊ ၆း၂)။ | ထိုနည်းတူ သင်တို့သည် အပြစ်တရားနှင့်ဆိုင်သောအရာ၌ကား အသေဖြစ်သည်ဟူ၍၎င်း၊ ဘုရားသခင်နှင့်ဆိုင်သောအရာ၌ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့်အသက်ရှင်သည်ဟူ၍၎င်း၊ ကိုယ်ကိုကိုယ်ထင်မှတ်ကြလော့ (ရောမ၊ ၆း၁၁)။ |

သင်သည်အပြစ်တရားမှသေသောသူဖြစ်သည်။ ကျေးဇူးတော်က သင့်ကို ဤနေရာ(ခရစ်တော်)၌ပို့ဆောင်သည်။ ယခုတွင်အပြစ်တရား

နှင့်ဆိုင်သောအရာ၌ သေသောသူဖြစ်သည်ဟု နေ့တိုင်းထင်မှတ်ပါ။ ဤအရာသည် သင်၏လက်တွေ့ပြုမူဆောင်ရွက်ချက်ဖြစ်သင့်သည်။

## ဥပမာ- ၃

ထိုသူကိုလက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏ (ယော၊ ၁း၁၂)။

ထိုသို့ သင်တို့သည်ဘုရားသခင်၏ချစ်သားဖြစ်ကြသည်နှင့်အညီ၊ ဘုရားသခင် ကျင့်တော်မူသည်နည်းတူ ကျင့်ကြလော့။

လူတစ်ယောက်သည် ဒုတိယမွေးခြင်းခံသည်နှင့် တချိန်တည်းတွင် ဘုရားသခင်၏သားဖြစ်လာသည်။ ထိုအချိန်မှစ၍ သူသည်ချစ်တော်မူသောသားအနေနှင့် ဘုရားသခင်၏နောက်လိုက်ဖြစ်သင့်သည်။ သူ၏သားသမီးအားလုံးတို့သည် အိမ်တော်သားများပီပီအသက်ရှင်လာရန် ဘုရားသခင်ကမျှော်လင့်ပါသည်။

## ဥပမာ- ၄

ငါတို့သခင်တည်းဟူသော သားတော်မြတ်သခင်ယေရှုခရစ်နှင့် ဆက်ဆံခြင်းကျေးဇူးတော်ကိုသင်တို့အားပေးတော်မူသောဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူ၏ (၁ကော၊ ၁း၉)။

ခေါ်တော်မူခြင်းကျေးဇူးတော်ကိုသင် တို့သည်ခံရသည်နှင့်အထိုက်အလျောက် ကျင့်ဆောင်မည်အကြောင်း၊ သခင်ဘုအတွက်ကြောင့်အကျဉ်းခံရသောငါသည် သင်တို့ကိုတိုက်တွန်းနှိုးဆော်ပါ၏ (ဧဖက်၊ ၄း၁)။

ကျွန်ုပ်တို့အား အံ့ဘွယ်ကောင်းသော မိတ်သဟာယထဲသို့ ခေါ်ဆောင်ခဲ့ပြီ။ ဤအခွင့်အရေးသည် တာဝန်နှင့်တွဲဖက်၍၊ ကျွန်ုပ်တို့၏ ခေါ်ဆောင်ခြင်းနှင့် ထိုက်တန်သောအသက်တာ ရှိသင့်သည်။



## ဥပမာ- ၅

သခင်ယေရှုခရစ်နှင့် ငါတို့အဘတည်းဟူသော ဘုရားသခင့်ထံတော်က ကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိပါစေသော။ သခင်ယေရှုခရစ်၏နာမတော်ကိုအမှီပြု၍လူမျိုးအပေါင်းတို့သည် ယုံကြည်နားထောင်စေခြင်းငှါ၊ ထိုသခင်ထံ၌ ကျေးဇူးတော်နှင့် တမန်တော်အရာကို ငါတို့သည်ခံရကြပြီ။ ထိုသခင်ခေါ်ထားတော်မူသောသင်တို့သည်လည်း ထိုလူမျိုးတို့၌အပါအဝင်ဖြစ်ကြ၏(ရောမ၊ ၁း၇)။

သန့်ရှင်းသူတို့သည်ပြုသင့်သည် အတိုင်း၊ သခင်ဘုရားကိုထောက်၍ ထိုသူကိုလက်ခံကြလော့။ သူသည်အကူအမလိုသမျှသောအမှုတို့၌ သူ့ကိုကူမကြလော့။ အကြောင်းမူကား၊သူသည်များစွာသောသူတို့ကိုင်း၊ ငါ့ကိုင်း၊ မစသောသူဖြစ်၏ (ရောမ ၁၆း၂)။

ရှင်ပေါလုက ရောမမြို့၌ရှိသော ခရစ်ယာန်တို့ကို သန့်ရှင်းသူများဟုခေါ်ပါသည်။ သူတို့သည် ဘုရားအတွက်သီးသန့်ဖယ်ထားသော လူစုဖြစ်၍ ကယ်တင်ခြင်းရကြသောကြောင့် သန့်ရှင်းသူများဖြစ်ကြသည်။ သို့ရာတွင်သန့်ရှင်းသူတို့သည် သန့်ရှင်းသောအသက်တာရှိသင့်သည်။ ဤအပိုင်းသည် လက်တွေ့ပြုမူဆောင်ရွက်ခြင်းဖြစ်သည်။

## ဥပမာ- ၆

ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ (ဧဖက်၊ ၂း၈)။

သို့ဖြစ်၍ ငါချစ်သူတို့၊ သင်တို့သည် မျက်မှောက်၌နားထောင်သည်သာမက၊ မျက်ကွယ်၌လည်းအစဉ်နား ထောင်ကြသည်နှင့်အညီ၊ ကြောက်ရွံ့တုန်လှုပ်သောစိတ်နှင့်၊ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့ (ဖိ၊ ၂း၁၂)။

ကျွန်ုပ်တို့၏ရပ်တည်ချက် (standing) သည် ဘုရားသခင်ထံတော်ပါးမှဆုကျေးဇူးဖြစ်သည်။ ကျွန်ုပ်တို့၏လက်တွေ့အခြေအနေ (state) မှာ ဘုရားသခင်အပေါ် ဝမ်းမြောက်မှုဖော်ထုတ်ခြင်းဖြစ်သည်။ ဤနှစ်ခုထဲမှ ရပ်တည်ချက်သည် ပထမအနေနှင့်အမြဲတမ်းပါလာလေ့ရှိပြီး၊ နောက်မှ လက်တွေ့အခြေအနေ လာပါသည်။ ကျွန်ုပ်တို့သည် ခရစ်ယာန်အသက်တာလိုက်လျှောက်ခြင်းအားဖြင့် ခရစ်ယာန်ဖြစ်လာသည်မဟုတ်ဘဲ၊ ခရစ်ယာန်ဖြစ်သောကြောင့် ခရစ်ယာန်အသက်တာလိုက်လျှောက်ခြင်း ဖြစ်ပါသည်။

## ဥပမာ- ၇

| | |
|---|---|
| ထိုကျေးဇူးတော်ကို ခံစားရသည့်အကြောင်းမှာ ယုံကြည်ခြင်းရှိ၍၊ ထိုသခင်အားဖြင့်သာခံစားသောအခွင့်ကိုရကြ၏။ သို့ဖြစ်၍ ဘုရားသခင်၏ဘုန်းတော်ကိုမြော်လင့်၍ ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏ (ရောမ၊ ၅း၂)။ | ထို့ကြောင့်ဘုရားသခင်သည် ကိုယ်တော်ကိုအလွန်ချီးမြောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သောဘွဲ့နာမကိုပေးသနားတော်မူ၏ (ဖိ၊ ၂း၉)။ |

ကျေးဇူးတော်၌ ကျွန်ုပ်တို့၏ရပ်တည်ချက်သည် ခရစ်တော်၌ ကျွန်ုပ်တို့၏နေရာဖြစ်၍၊ ယုံကြည်သူအနေဖြင့် နေ့စဉ်အသက်တာလိုက်လျှောက်ခြင်းသည် ပြုမူဆောင်ရွက်ခြင်းအပိုင်းဖြစ်သည်။

| | |
|---|---|
| သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင်၊ (ငယ်-၁က)။ | ဘုရားသခင်၏လက်ျာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာ အရပ်၌ရှိသော အထက်အရာတို့ကို ရှာကြလော့ (ငယ်-၁ခ)။ |
| အကြောင်းမူကား၊ သင်တို့သည်သေသောသူဖြစ်၍သင်တို့အသက်သည်ခရစ်တော်နှင့်အတူ ဘုရားသခင်၌ဝှက်ထားလျက်ရှိ၏ (ငယ်-၃)။ | မြေကြီးပေါ်မှာရှိသော အရာတို့ကို စွဲလမ်းသောစိတ် မရှိကြနှင့်။ အထက်အရာတို့ကိုသာ စိတ်စွဲလမ်းခြင်းရှိကြလော့ (ငယ်-၂)။ |
| | မြေကြီးပေါ်မှာရှိသော သင်တို့၏ ကိုယ်အင်္ဂါတို့ကို သေစေကြလော့ (ငယ်-၅က)။ |



နောက်ဆုံးဥပမာအဖြစ် ကောလောသဲ၊ ၃း၁-၅ ထဲတွင် ရှင်ပေါလုရေးသားသော နေရာနှင့် လက်တွေ့ပြုမူဆောင်ရွက်ခြင်းကို ဖော်ပြပါမည်။

ရှင်ပေါလုပြောသည်မှာ "အပြစ်လုပ်တတ်သောသင်၏လူဟောင်းသေပြီဖြစ်သဖြင့် ယနေ့တွင်သင်သည်အပြစ်တရားနှင့်ဆိုင်သောအရာ၌သေပါ။ သင်သည်ခရစ်တော်နှင့်အတူထမြောက်ပြီဖြစ်သောကြောင့် ထမြောက်ခြင်းအသက်တာ၌အသက်ရှင်ပါ၊"ဟု ဖြစ်ပါသည်။ ရှင်ပေါလုက ခရစ်တော်၌ ကျွန်ုပ်တို့ရရှိသောနေရာနှင့် လက်တွေ့အသက်တာ၌ ကျွန်ုပ်တို့ဘယ်လိုအသက်ရှင်သင့်သည်ကို ခွဲခြား၍ ပြောပါသည်။

## မိမိအသက်တာဖြင့် သာဓကပေးခြင်း

နိဂုံးချုပ်အနေဖြင့် ကျွန်တော်ကယ်တင်ခြင်းရခါစကာလ၌ ကယ်တင်ခြင်းစိတ်ချမှုနှင့်ပတ်သက်၍ ကျွန်ုပ်၏စိတ်ရှုပ်ထွေးမှုကို အထက်ဖော်ပြပါ "ရပ်တည်ချက်" နှင့် "လက်တွေ့ပြုမူဆောင်ရွက်ခြင်း" တခုစီ၏ခြားနားခြင်းက ရှင်းလင်းစေခဲ့ပါသည်။ ကျွန်တော်ကယ်တင်ခြင်းရပြီးသည့်နောက်တွင် ယုံကြည်သူတစ်ချို့၏ ၂ကော၊ ၅း၁၇ ကို ကိုးကားသက်သေခံချက်ကို ကြားတတ်ပါသည်။

"လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည်ပြောင်းလဲ၍ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီ" (၂ကော ၅း၁၇)။

ထိုသူတို့သည် သူတို့အသက်တာ၌ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြပြီဟု အံ့သြဘွယ်

ရာပြောင်းလဲခြင်းအကြောင်းပြောကြပါသည်။ သူတို့၏သက်သေခံချက် ကျွန်တော်ကိုယ်တိုင်ကြားသောအခါ "ကျွန်တော်လည်း ဟောင်းသောအရာတို့သည်ပြောင်းလဲ၍ခပ်သိမ်းသောအရာတို့သည်အသစ်ဖြစ်ကြပြီဟု ပြောချင်လိုက်တာ" ဟု စဉ်းစားမိပါသည်။ သို့သော် ထိုကဲ့သို့မဖြစ်ပါ။ ကျွန်ုပ်အသက်တာ၌ လူဟောင်းအကျင့်တစ်ချို့၊ ဆိုးညစ်သောစိတ်ထား၊ ဒေါသထွက်ခြင်းနှင့် မပြောင်းလဲမီက ညစ်ညမ်းသောစရိုက်တစ်ချို့ ရှိနေပါသေးသည်။ ထို့ကြောင့် ကျွန်ုပ်၏ကယ်တင်ခြင်းကို သံသယဖြစ်ခဲ့ပါသည်။

တနေ့တွင် "ခရစ်တော်၌" ဟူသော စကားစုကို သတိရမိကာ အလွန်ဝမ်းမြောက်ခဲ့ပါသည်။ ထိုကျမ်းပိုဒ်က ခရစ်တော်၌ ကျွန်ုပ်၏ရရှိသောနေရာကိုဆိုလိုပြီး၊ ကျွန်ုပ်၏လက်တွေ့ပြုမူဆောင်ရွက်ခြင်းမဆိုလိုပါ။ "ခရစ်တော်၌" ထိုအရာများအမှန်တကယ်ဖြစ်ပါသည်။ သူ၌ဟောင်းသောအရာများဖြစ်သော အပြစ်ဒဏ်စီရင်ခြင်း၊ စာတန်၏ပိုင်ဆိုင်မှု၊ သေခြင်းတရားကိုကြောက်ရွံ့ခြင်း . . . စသည်တို့ ပျောက်လွင့်သွားပါသည်။ သူ၌ခပ်သိမ်းသောအရာ- အပြစ်လွှတ်ခြင်း၊ လက်ခံခြင်း၊ ဖြောင့်မတ်စေခြင်း၊ သန့်ရှင်းစေခြင်းနှင့်အခြားများပြားလှသောကောင်းကြီးမင်္ဂလာအဖြာဖြာတို့သည် အသစ်ဖြစ်ကြပြီဖြစ်သည်။ ထိုအချိန်မှစ၍၊ ဤကျမ်းပိုဒ်သည်ကျွန်ုပ်တို့အတွက်ကြောက်စရာမဖြစ်တော့ဘဲ၊ ကျွန်တော်အကြိုက်နှစ်သက်ဆုံး ကျမ်းပိုဒ်ဖြစ်လာပါသည်။ ခရစ်တော်၌ ကျွန်ုပ်ရရှိသောမင်္ဂလာများကို သိခြင်းအားဖြင့် သူ့ကိုကျွန်ုပ်၏အသက်သခင်အဖြစ်ထားပြီး၊ သူ့အတွက် အသက်ရှင်စေချင်ပါသည်။

**မေးခွန်း။** ။ ၁ကော ၅း၇။ ဧဖက် ၅း၈။ ၁ပေ၊ ၂း၉ ထဲတွင်ရပ်တည်ချက် (standing) နှင့်လက်တွေ့အခြေအနေ (state) နှစ်ခုစလုံးပါပါသည်။ သင်သည် ခွဲခြားနားလည် နိုင်ပါသလား။



# ၆

# တော်စပ်မှုနှင့်မိတ်သဟာယ

## Relationship And Fellowship

ဤအကြောင်းသည် နေရာ (position)၊ လက်တွေ့ပြုမူဆောင်ရွက်ခြင်း (practice) နှင့် အတော်အသင့်တူပါသည်။ သို့ရာတွင်ဤနှစ်ခု၏တခုနှင့်တခုခြားနားမှုကို သမ္မာကျမ်းစာထဲတွင်တွေ့နိုင်ပါသည်။

### ဘုရားသခင်နှင့်တော်စပ်ခြင်း

လူတစ်ယောက် ဒုတိယမွေးခြင်းခံသောအခါ၊ အသစ်သောတော်စပ်မှု ဖွဲ့စည်းဖြစ်ပေါ်လာပြီး၊ သူသည် ဘုရားသခင်၏သားဖြစ်လာသည် (ယော၊ ၁း၁၂)။ "ချစ်သူတို့၊ ယခုတွင်ငါတို့သည်ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှအဘယ်သို့သောသူဖြစ်မည်ဟုမထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့်တူကြလတံ့ဟု ငါတို့သိကြ၏" (၁ယော၊ ၃း၂)။

မွေးဖွားခြင်းအကြောင်း သင်စဉ်းစားခဲ့ဘူးပါသလား။ တစ်ကြိမ်သာဖွားမြင်ရပြီး၊ ထာဝရအတွက်လုံလောက်ကာ၊ ဖျက်ဆီး၍မရပါ။ ပြောင်းလဲ၍မရသော တော်စပ်မှုတစ်ခုဖွဲ့စည်းဖြစ်ပေါ်လာသည်။

ဥပမာတစ်ခုပြောကြစို့။ ဦးဘနှင့်ဒေါ်လှတို့လင်မယား၌သားတယောက်ရှိသည်။ ထိုသားသည် ဘယ်အခြေအနေပဲရောက်ရောက် ဦးဘနှင့်ဒေါ်လှတို့၏သားပဲဖြစ်ပြီး၊ သူတို့နှစ်ဦးသည်လည်း ထိုသား၏မိဘပဲဖြစ်သည်။

ထိုသားကြီးပြင်းလာသောအခါ၊ မိဘကိုမရှိမသေပြုပြီး ဝမ်းနည်းစေသည်။ သို့သော်လည်း သူတို့၏တော်စပ်မှုမှာ တည်မြဲတည်နေပြီး၊ ဦးဘသည်သူ၏ဖခင်ဖြစ်မြဲဖြစ်ကာ၊ သူသည်လည်း ဦးဘ၏သားဖြစ်မြဲဖြစ်ပါသည်။

ဤဥပမာကို ယုံကြည်သူ၏အသက်တာအတွက်ယူပါ။ အသစ်ဖွားမြင်ခြင်းအားဖြင့် အဖဘုရားနှင့်တော်စပ်မှု ဖွဲ့စည်းဖြစ်ပေါ်သည်။

"ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏ (ရောမ၊ ၈း၁၆)။

"သို့ဖြစ်၍သင်တို့သည် နောက်တဖန်အစေအပါကျွန်မဖြစ်၊ သားပင်ဖြစ်ကြ၏။ သားဖြစ်လျှင်ခရစ်တော်အားဖြင့်ဘုရားသခင်၏အမွေခံလည်းဖြစ်ကြ၏" (ဂလာတိ၊ ၄း၇)။

တစ်ကြိမ်တစ်ခါဘုရားသားဖြစ်လျှင် ကာလအစဉ်ဘုရားသားပဲဖြစ်ပါသည်။ ဤတော်စပ်မှုသည် မပျက်စီးနိုင်တော့ပါ။

## ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်း

တော်စပ်မှု၏တဘက်တွင် မိတ်သဟာယရှိပါသည်။ မိတ်သဟာယသည် ဆက်ဆံခြင်းဖြစ်သည်။ နောက်ပြီး၊ တော်စပ်မှုသည်မကျိုးပြတ်နိုင်သောကြိုးဖြစ်သော်လည်း၊ မိတ်သဟာယသည် အလွန်လွယ်ကူစွာကျိုးပြတ်နိုင်သော သေးသွယ်သည့် ချည်မျှင်တစ်မျှင်ကဲ့သို့ ဖြစ်ပါသည်။

အပြစ်သည်ဘုရားသခင်နှင့်မိတ်သဟာယကိုကျိုးပြတ်စေသည်။ လူနှစ်ဦးသည်သဘောမတူလျှင်၊ ပေါင်းဖော်၍ခရီးမသွားနိုင်ပါ (အာမုတ်၊ ၃း၃)။ ထိုနည်းတူစွာ၊ ဘုရားသခင်သည်သူ၏သားသမီးများအပြစ်ကျူးလွန်သောအခါ မိတ်သဟာယဖွဲ့၍မရပါ။ "ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။ ဘုရားသခင်၌မှောင်မိုက်အလျှင်းမရှိ" (၁ယော၊ ၁း၅)။ ဘုရားသခင်သည် အပြစ်ကိုထိမ်ဝှက်သော သားသမီးများနှင့်ဆက်ဆံရာ၌ မပျော်မွေ့နိုင်ပါ။ မိတ်သဟာယပြတ်သွားသောအခါ၊ ယုံကြည်သူသည် သူ၏ဝမ်းမြောက်မှု၊ သီချင်း၊ တန်ခိုး၊ သက်သေနှင့် ထိရောက်သော ဆုတောင်းခြင်း အသက်တာ စသည်တို့ဆုံးရှုံးသည်။



အပြစ်ကိုဝန်ချတောင်းပန်၍မစွန့်မချင်း မိတ်သဟာယသည် ဆက်လက်ကျိုးပြတ်နေပါသည်။ ကျိုးပြတ်နေသောမိတ်သဟာယသည် အလွန်အန္တရာယ်ရှိပါသည်။ ဥပမာ၊ ဘုရားသခင်နှင့်ထိတွေ့ခြင်းမရှိသည့် အချိန်ကာလတွင် ဘဝတသက်လုံးပျက်စီးစရာဖြစ်သည့် ဆုံးဖြတ်ချက်များ မှားယွင်းစွာ ချနိုင်သည်။ ဖေါက်ပြန်သောခရစ်ယာန်များစွာတို့သည် မိမိတို့၏အိမ်ထောင်ဖက်အတွက် မယုံကြည်သူကိုရွေးပြီး ဘုရားသခင်သုံး၍မရတော့သည့်ဘဝသို့ရောက်ကြပါသည်။ သူတို့၏ဝိညာဉ်တို့သည် ကယ်တင်ခြင်းရပြီးဖြစ်သော်လည်း သူတို့၏အသက်တာသည် ဘုရားသခင်၏အလိုတော်လမ်းမှပျောက်ကွယ်ကြသည်။

ကျိုးပြတ်သောမိတ်သဟာယသည် ဘုရားသခင်၏ဆုံးမဒဏ်ခတ်ခြင်းကိုခံစေပါသည်။ ယုံကြည်သူသည် ထာဝရပြစ်ဒဏ်မှ လွတ်မြောက်သော်လည်း သူ၏နေ့စဉ်အသက်တာ၌ပြုခဲ့သော အပြစ်ဒုစရိုက်၏နောက်ဆက်တွဲဆိုးကျိုးနှင့်မကင်းလွတ်နိုင်ပါ။ အဘယ့်ကြောင့်ကောရိန္တုအသင်းတော်ရှိ သန့်ရှင်းသူတစ်ချို့ဖျားနာပါသနည်း။ အဘယ့်ကြောင့်ဆိုသော်၊ ထိုသူတို့သည် အရင်ဦးစွာအပြစ်ဝန်ချတောင်းပန်ခြင်းမပြုဘဲ ပွဲတော်မင်္လာဝင်ကြသောကြောင့်ဖြစ်သည် (၁ကော၊ ၁၁း၂၉-၃၂)။ ထိုသူတို့ထဲမှတစ်ချို့သေကြသည်။ ထိုသူတို့သည် ကောင်းကင်နိုင်ငံသို့ရောက်ရန် ခရစ်တော်၏ရွေးနှုတ်ကယ်တင်ခြင်းအားဖြင့် ခရစ်တော်၌စုံလင်သောသူများဖြစ်ကြသော်လည်း လောက၌အသက်ရှင်စဉ်တွင် ပုံသက်သေကောင်းမပြနိုင်သောသန့်ရှင်းသူများဖြစ်ကြသည်။

ကျိုးပြတ်သောမိတ်သဟာယသည် ယုံကြည်သူ၏လုပ်ခကို ခရစ်တော်၏တရားပလ္လင်ရှေ့၌ ဆုံးရှုံးစေနိုင်ပါသည် (၁ကော၊ ၃း၁၅)။ ဘုရားသခင်နှင့်မိတ်သဟာယ မရှိသည့်အချိန်ကာလတစ်ခုလုံးသည် ထာဝရအတွက် အကျိုးမဲ့စွာဖြုန်းတီးသောအချိန်ကာလများဖြစ်ပါသည်။

ဘုရားသခင်နှင့်ကျွန်ုပ်တို့၏တော်စပ်မှုသည် မကျိုးပြတ်နိုင်ခြင်းအတွက် ဝမ်းသာကြည်နူးရသော်လည်း၊ အဖဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းကိုကျိုးပြတ်စေနိုင်သောအရာဟူသမျှကို ကြောက်ရွံ့စွာဖြင့်သတိထား

သင့်ပါသည်။ အမှန်မှာ၊ ခရစ်တော်၌ကျွန်ုပ်တို့ရသောမကျိုးပြတ်၊ မပျက်စီးနိုင်သည့် ထိုအံ့ဘွယ်ရာတော်စပ်မှုကြောင့် ဝမ်းမြောက်စွာဖြင့်ဘုရားသခင်နှင့်မှန်မှန်ကန်ကန်မိတ်သဟာယရှိသင့်ပါသည်။ ကျေးဇူးတော်သည် အပြစ်ဒုစရိုက်ကိုအားမပေးဘဲ၊ တားဆီးပါသည်။

## သမ္မာကျမ်းစာနှင့်ညီသော သာဓကများ

ဓမ္မဟောင်းကျမ်းထဲတွင် အပြစ်ကြောင့်ဘုရားသခင်နှင့်မိတ်သဟာယပျက်သွားသော ဒါဝိဒ်မင်းကြီးသည် မှတ်သားလောက်သော နမူနာဖြစ်ပါသည်။ သူ၏အပြစ်ဝန်ချတောင်းပန်ခြင်းနှင့်ဘုရားသခင်၌ပြန်၍တည်မြဲခြင်းအကြောင်းကို ဆာလံ ၃၂ နှင့် ၅၁ တွင်တွေ့ရသည်။

ဓမ္မသစ်ကျမ်းထဲတွင် ပျောက်သောသားကိုရှွေ့လျော့ဖောက်ပြန်သောယုံကြည်သူများအား ဖော်ပြသော ပုံဥပမာအဖြစ်ယူနိုင်ပါသည် (လုကာ၊ ၁၅း၁၁-၂၄) (ဤပုံပြင်ကို အပြစ်သားတယောက်၏ပြောင်းလဲခြင်းအဖြစ်အနက်ဖွင့်ကြသော်လည်း)။ သား၏စိတ်အလိုလိုက်စားခြင်းနှင့်ပုန်ကန်ခြင်းကြောင့် မိတ်သဟာယကျိုးပြတ်ပျက်စီးခဲ့ရပါသည်။ သို့သော် သူသည်ဝေးသောအရပ်ဒေသ၌ 'အဖ၏သား' ဖြစ်နေမြဲဖြစ်ပါသည်။ အဖေ့ထံသို့ပြန်လာပြီး သူ၏အပြစ်များကိုရှုတ်တရက်ဝန်ချတောင်းပန်သောအခါ၊ မိတ်သဟာယပြန်လည်တည်မြဲလာပါသည်။ ဖခင်သည်ပြေး၍သား၏လည်ပင်းကိုဖက်၍နမ်းပါသည်။

၁ယော၊ ၂း၁ တွင် "ချစ်သားတို့ သင်တို့သည် ဒုစရိုက်ကိုမပြုစေခြင်းငှါ ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏။ တစုံတယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင်၊ ဖြောင့်မတ်တော်မူသောအရှင်ယေရှုခရစ်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ရှိတော်မူ၏" ဟုပြောပါသည်။ ဤကျမ်းပိုဒ်သည် ဒုတိယမွေးခြင်းခံယူသော ဘုရားသခင်၏မိသားစုဝင်အားလုံးအတွက်ရေးသားခြင်းဖြစ်သည်။ ဘုရားသခင်၏သဘောတော်မှာ သူ၏သားသမီးများ အပြစ်မလုပ်ရန်ဖြစ်သည်။ သို့ရာတွင်၊ ကျွန်ုပ်တို့အပြစ်လုပ်မိပါက ဖြေရှင်းနည်းကို ဘုရားကပြင်ဆင်ပေးပြီးဖြစ်သည်။



". . . တစုံတယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင်၊ငါတို့အမှုဆောင် (ရှေ့နေ) အရှင်ယေရှုခရစ်သည် ခမည်းတော်ထံ၌ရှိတော်မူ၏။" "ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ရှိတော်မူ၏" ဆိုသည့်အချက်ကိုသိမှတ်ပါ။ ကျွန်ုပ်တို့အပြစ်ကျူးလွန်သောအခါ၌လည်း သူသည် ကျွန်ုပ်တို့၏ "အဖ" ပဲဖြစ်ပါသည်။ အဘယ်သို့ဖြစ်နိုင်မည်နည်း။ အဘယ့်ကြောင့်ဆိုသော် တော်စပ်မှုသည် ဘယ်သောအခါမှမကျိုးပြတ်၊ မပျက်စီးနိုင်ပါ။ သို့ဖြစ်လျှင်အပြစ်လုပ်သောအခါ အဘယ်သို့ဖြစ်မည်နည်း။ "ဖြောင့်မတ်တော်မူသော ငါတို့အမှုဆောင်သခင် (ရှေ့နေ) သည် ခမည်းတော်ထံ၌ရှိတော်မူ၏။" ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းကို ပြန်လည်ပျော်မွေ့ရန် ကျွန်ုပ်တို့အပြစ်ကိုဝန်ချ၍စွန့်လွှတ်ရန် ခရစ်တော်က ကျွန်ုပ်တို့၏အသက်တာ၌ချက်ချင်းအလုပ် လုပ်ပါသည်။

တော်စပ်မှုနှင့်မိတ်သဟာယတို့၏တစ်ခုနှင့်တစ်ခုခြားနားမှုသဘောပေါက်သောအခါ ဤဖော်ပြပါကျမ်းပိုဒ်များကိုလည်း နားလည်စေပါသည်။ ခရစ်တော်၏အထဲ၌ ကျွန်တော်ရရှိခံစားသောထာဝရကယ်တင်ခြင်း (လုံခြုံမှု)အတွက် အရမ်းဝမ်းမြောက်ပြီး၊ ကျွန်ုပ်ကိုအလွန်ချစ်တော်မူသောအဖဘုရားနှင့် ပုံမှန်မိတ်သဟာယရှိဘို့ရန်လည်း တက်ကြွစေပါသည်။

# ၉

# တရားဥပဒေအရနှင့်မိဘ၏အပြစ်လွှတ်ခြင်း

## Judicial and Parental Forgiveness

ကျမ်းစာထဲတွင် မတူညီသောအပြစ်လွှတ်ခြင်း နှစ်မျိုးတွေ့ရသည်။ နှုတ်ကပတ်တော်ကို စေ့စေ့မြေ့မြေ့လေ့လာချင်သောသူဖြစ်ပါက ထိုနှစ်မျိုးကိုခွဲခြားတတ်ဘို့ သင်ရပါမည်။ ထိုနှစ်မျိုးမှာ တရားဥပဒေအရ အပြစ်လွှတ်ခြင်းနှင့် မိဘမှအပြစ်လွှတ်ခြင်းတို့ဖြစ်သည်။ (ကျမ်းစာထဲတွင် ဤဝေါဟာရ နှစ်မျိုး မတွေ့ရသော်လည်း)။

ရိုးရိုးလေးနှင့်ရှင်းပြမည်ဆိုလျှင်၊ တရားဥပဒေအရအပြစ်လွှတ်ခြင်းသည် တရားသူကြီး၏အပြစ်လွှတ်ခြင်းဖြစ်ပြီး၊ မိဘ၏အပြစ်လွှတ်ခြင်းမှာ ဖခင်၏အပြစ်လွှတ်ခြင်းဖြစ်သည်။ ပထမသည် တရားခုံရုံး၌သုံးသောဝေါဟာရဖြစ်ပြီး၊ ဒုတိယဝေါဟာရမှာ အိမ်ထောင်မိသားစု၌သုံးသည်။

### တရားဥပဒေအရ အပြစ်လွှတ်ခြင်း

ပထမဦးစွာ တရားခုံရုံးသို့သွားကြစို့။ ဘုရားသခင်သည် တရားသူကြီးဖြစ်ပြီး၊ အပြစ်ရှိသောလူသည် စစ်ဆေးခြင်းကိုခံသောသူဖြစ်သည်။ လူသည်အပြစ်ကျူးလွန်သောအပြစ်သားဖြစ်၍ ခံထိုက်သည့်အပြစ်ဒဏ်မှာ ထာဝရသေခြင်းဖြစ်သည်။ ထိုအချိန်တွင် သခင်ယေရှုပေါ်လာပြီး "ဒီလူရဲ့အပြစ်ကြောင့် ခံထိုက်သည့်အပြစ်ဒဏ် ငါဆပ်ပေးမည်၊ သူ့ကိုယ်စား ငါအသေခံပါ့မည်" ဟုကြေငြာလိုက်သည်။ ကယ်တင်ရှင်ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌ ဤအတိုင်းပြုခဲ့ပါသည်။ တရားသူကြီးက အပြစ်သားအား "သင်သည် ငါ့သားတော်ယေရှုကို သင်၏သခင်နှင့်ကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံလျှင်၊ သင့်အပြစ်ကိုငါလွှတ်မည်" ဟု ကြေငြာသည်။ လူသည် ထိုကယ်တင်ရှင်ကို စိတ်နှလုံးအကြွင်းမဲ့ယုံကြည်လက်ခံသည့်အချိန်တွင် တရားဥပဒေအရအပြစ်လွှတ်ခြင်းကို ရရှိသည်။ သူ၏အပြစ်အားလုံးအတွက် ခံရမည့်ပြစ်ဒဏ်ကို ခရစ်တော်ကပေးဆပ်ပေးခဲ့ပြီဖြစ်သောကြောင့် သူသည် ငရဲ၌ဘယ်သောအခါမှ ပေးဆပ်စရာမလိုတော့ပါ။ ယခုတွင်အပြစ်လွှတ်ခြင်းကျေးဇူးကိုရရှိသော အပြစ်သားသည် အသစ်သောတော်စပ်မှုရရှိကာ၊ သူ့အတွက်ဘုရားသခင်သည် တရားသူကြီးမဟုတ်တော့ပဲ၊ ဖခင်ဖြစ်လာသည်။

### မိဘ၏အပြစ်လွှတ်ခြင်း

မိဘ၏အပြစ်လွှတ်ခြင်းအတွက် အိမ်ထောင်မိသားစုကို ပုံဥပမာပေး၍လေ့လာကြပါစို့။ ဘုရားသခင်သည်ဖခင်ဖြစ်၍၊ ယုံကြည်သူသည် သားဖြစ်သည်။ ထိုသားသည် မမျှော်လင့်ပဲ အပြစ်တစ်ခုကျူးလွန်သောအခါ ဘာဖြစ်သွားမည်နည်း။ ဘုရားသခင်သည်ထိုသားကို သူ့အပြစ်ကြောင့် သေဒဏ်ပေးပါမည်လား။ မပေးပါ၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် တရားသူကြီးမဟုတ်တော့ပဲ ဖခင်ဖြစ်သောကြောင့်ဖြစ်သည်။

ထိုသို့ဆိုလျှင်ဘာဖြစ်မည်နည်း။ မိသားစုထဲ၌နွေးထွေးသည့်မိတ်သဟာယပျက်စီးသွားပြီး၊ မိသားစု၏ပျော်ရွှင်မှုလည်းပျောက်သွားသည်။ ဘုရားသားသည် ကယ်တင်ခြင်းကိုမဆုံးရှုံးပါ။ သို့ရာတွင် ကယ်တင်ခြင်း၏ဝမ်းမြောက်မှုဆုံးရှုံးသွားသည်။ နွေးထွေးသောမိတ်သဟာယထဲသို့ပြန်လှည့်လာရန်ရည်ရွယ်ချက်ဖြင့် သူသည်ဖခင်၏ဆုံးမခြင်းကိုခံပါမည်။ ဘုရားသားသည် အပြစ်ဝန်ချတောင်းပန်ပါက ဖခင်၏အပြစ်လွှတ်ခြင်းကို ပြန်လည်ရရှိခံစားပါသည်။ တရားဥပဒေအရအပြစ်လွှတ်ခြင်းသည် ကယ်တင်ခြင်းရသည့်အချိန်တွင်ဖြစ်ပြီး ထာဝရအတွက်လုံလောက်သည်။ သို့ရာတွင် မိဘ၏အပြစ်လွှတ်ခြင်းမူကား ယုံကြည်သူသည် အပြစ်ဝန်ချတောင်းပန်၍၊ အပြစ်ကိုစွန့်သည့်အချိန်တိုင်းတွင်ဖြစ်သည်။ သခင်ယေရှုသည် ဤအကြောင်းကို

ယောဟန်၊ ၁၃း၈-၁၀ ၌သွန်သင်ပါသည်။ ကျွန်ုပ်တို့သည် အပြစ်ဒဏ်မှ ကယ်တင်ခြင်းရဘို့ရန် အသစ်မွေးဖွား (ရေချိုး) ခြင်း (the bath of regeneration) တစ်ကြိမ်တည်းသာလိုအပ်ပြီး၊ သို့ရာတွင် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာတလျှောက်၌ မိဘ၏အပြစ်လွှတ်ခြင်းရရန် ဆေးကြောခြင်းကို အကြိမ်ပေါင်းများစွာ လိုအပ်ပါသည်။

## အပြစ်လွှတ်ခြင်းနှစ်မျိုး၏ခြားနားမှု

အပြစ်လွှတ်ခြင်းနှစ်မျိုး၏ တစ်ခုနှင့်တစ်ခုခြားနားမှုကို အောက်ပါအတိုင်း အတိုချုံး၍ဖော်ပြနိုင်ပါသည်။

| | **တရားဥပဒေအရအပြစ်လွှတ်ခြင်း** | **မိဘ၏အပြစ်လွှတ်ခြင်း** |
|---|---|---|
| လူတစ်ဦး၏အခြေအနေ | အပြစ်သား (ရောမ၊ ၃း၂၃) | သား (၁ယော၊ ၃း၂) |
| ဘုရားသခင်၏တော်စပ်မှု | တရားသူကြီး (ဆာ၊ ၉၆း၁၃) | ဖခင် (ဂလာ၊ ၄း၆) |
| ခရစ်တော်၏လုပ်ဆောင်ချက် | ကယ်တင်ရှင် (၁တိ၊ ၁း၁၅) | ယဇ်ပရောဟိတ်မင်းနှင့် ရှေ့နေ (ဟေဗြဲ၊ ၄း၁၄-၁၆။ ၁ယော၊ ၂း၁) |
| လူတစ်ဦး၏လိုအပ်မှု | ကယ်တင်ခြင်း (တမန်၊ ၁၆း၃၀) | ကယ်တင်ခြင်းဝမ်းမြောက်မှု (ဆာလံ၊ ၅၁း၁၂) |
| အပြစ်လွှတ်ခြင်းနည်းလမ်း | ယုံကြည်ခြင်း (တမန်၊ ၁၆း၃၁) | ဝန်ချတောင်းပန်ခြင်း (၁ယော၊ ၁း၉) |
| အပြစ်လွှတ်ခြင်းအမျိုးအစား | တရားဥပဒေအရ (ရောမ၊ ၈း၁) | မိဘ၏အပြစ်လွှတ်ခြင်း (လုကာ၊ ၁၅း၂၁၊၂၂)။ |
| အကျိုးဆိုက်ရောက်မှု | ငရဲ (ယောဟန်၊ ၅း၂၄) | ဆုံးမဒဏ်ခတ်ခြင်း (၁ကော၊ ၁၁း၃၁၊၃၂) ခရစ်တော်၏တရားပလ္လင် စီရင်ခြင်း၌လုပ်ခများ ဆုံးရှုံးခြင်း (၁ကော၊ ၃း၁၅) |
| သေချာသောရလဒ် | အသစ်သောတော်စပ်မှု (ယော၊ ၁း၁၂) | ဆန်းသစ်သောမိတ်သဟာယ (ဆာလံ၊ ၃၂း၅) |
| အကြိမ်ကြိမ်ဖြစ်ခြင်း | တစ်ကြိမ်တည်း အသစ်မွေးဖွားရေချိုးခြင်း (ယော၊ ၁၃း၁၀) | ကြိမ်ဖန်များစွာ (အကြိမ်ပေါင်းများစွာဆေးကြောခြင်း) (ယော၊ ၁၃း၈) |



## တရားဥပဒေအရ အပြစ်လွှတ်ခြင်းနှင့်ဆိုင်သောကျမ်းချက်များ

ထာဝရအတွက်လုံလောက်သော တစ်ကြိမ်တစ်ခါတည်းအပြစ်လွှတ်ခြင်းသည် လက်ဝါးကပ်တိုင်ပေါ်၌ ခရစ်တော်ပြုခဲ့သော ကယ်တင်ခြင်းအမှုအားဖြင့် ကျွန်ုပ်တို့ရရှိခြင်းဖြစ်ပြီး၊ တရားဥပဒေအရအပြစ်လွှတ်ခြင်း (Judicial forgiveness) ဖြစ်သည်။ ဤအကြောင်းကိုအောက်ပါကျမ်းပိုဒ်များကဖော်ပြပါသည်။

"ခပ်သိမ်းသောသတိပညာတော်နှင့်လျော်စွာ ငါတို့၌အတိုင်းထက်အလွန်များလှစွာသောကျေးဇူးတော်သည် ကြွယ်ဝပြည့်စုံသည်နှင့်အညီ၊ ထိုသားတော်၏အသွေးအားဖြင့် အပြစ်လွှတ်တော်မူခြင်းတည်းဟူသောရွေးနှုတ်တော်မူခြင်း ကျေးဇူးကိုငါတို့သည် ခံရကြ၏" (ဧဖက်၊ ၁း၇၊၈)။

"အချင်းချင်းကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည်ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ အချင်းချင်းအပြစ်လွှတ်ခြင်းရှိကြလော့" (ဧဖက်၊ ၄း၃၂)။

"ဒုစရိုက်အပြစ်၌၎င်း၊ ဇာတိပကတိ၏အရေဖျားလှီးခြင်းကိုမခံသောအဖြစ်၌၎င်း သေလျက်ရှိနေသောသင်တို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေ၍သင်တို့အပြစ်ရှိသမျှတို့ကို လွှတ်တော်မူ၏" (ကော၊ ၂း၁၃)။

## မိဘ၏အပြစ်လွှတ်ခြင်း

သို့ရာတွင် မိဘ၏အပြစ်လွှတ်ခြင်း (Parental forgiveness) ကို

သွန်သင်သည့်ကျမ်းပိုဒ်များရှိပါသည်။

"သင်တို့သည် သူတပါးတို့၏အပြစ်ကိုလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မူမည်၊ သင်တို့သည်သူတပါးတို့၏အပြစ်ကိုမလွှတ်လျှင်၊ သင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မမူ" (မဿဲ၊ ၆း၁၄၊၁၅)။

"သူတပါးအမှု၌စစ်ကြောဆုံးဖြတ်ခြင်းကို မပြုကြနှင့်။ မပြုလျှင်သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့် ကင်းလွှတ်ကြလိမ့်မည်။ သူတပါးကို အပြစ်မစီရင်ကြနှင့်။ မစီရင်လျှင်သင်တို့သည် အပြစ်စီရင်ခြင်းနှင့်ကင်းလွှတ်ကြလိမ့်မည်။ သူ့အပြစ်ကို လွှတ်ကြလော့။ လွှတ်လျှင် ကိုယ်အပြစ်လွှတ်လိမ့်မည်" (လုကာ၊ ၆း၃၇)။

"သင်တို့သည် ဆုတောင်းသောအခါ၊ သူတပါး၌အပြစ်တင်ခွင့်ရှိလျှင်၊ သူ့အပြစ်ကိုလွှတ်ကြလော့။ လွှတ်လျှင် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မူမည်"(ရှင်မာကု၊ ၁၁း၂၅)။

ဖော်ပြပါကျမ်းပိုဒ်များထဲမှ နှစ်ပိုဒ်တွင်ဘုရားသခင်သည် ဖခင်အဖြစ်အထူးသဖြင့်ဖော်ပြပြီး၊ ဖခင်၏အပြစ်လွှတ်ခြင်းပါဝင်ကြောင်းသတိရပါ။ ကျွန်ုပ်တို့အားအပြစ်လွှတ်ခြင်းသည် ကျွန်ုပ်တို့က သူတစ်ပါး၏အပြစ်ကိုလွှတ်ချင်သောဆန္ဒအပေါ်၌ တည်နေကြောင်းကိုလည်း သတိရပါ။ ဤအပြစ်လွှတ်ခြင်းမျိုးသည် တရားဥပဒေအရအပြစ်လွှတ်ခြင်း (Judicial forgiveness) မဟုတ်ပါ။ သူတစ်ပါး၏အပြစ်ကိုလွှတ်ခြင်းသည် ကယ်တင်ခြင်းရရန်အတွက်မဟုတ်ပါ။ သို့သော် ဤအပြစ်လွှတ်ခြင်းသည် မိဘ၏အပြစ်လွှတ်ခြင်း (parental forgiveness) ဖြစ်ကာ၊ ကျွန်ုပ်တို့အချင်းချင်း အပြစ်မလွှတ်ပါက အဖဘုရားကလည်း ကျွန်ုပ်တို့၏အပြစ်ကို လွှတ်မည်မဟုတ်ပါ။

ရှင်မဿဲ၊ ၁၈း၂၃-၃၅ တွင် သခင်ယေရှုသည် ရှင်ဘုရင်တစ်ပါးက တာလင်တစ်သောင်းအကြွေးတင်သောကျွန်တစ်ဦးကိုလွှတ်၍ချမ်းသာပေးသည့်အကြောင်းပြောပါသည်။ သို့သော် ထိုကျွန်သည် မိမိငွေဒေနာရိတစ်ရာကြွေးတင်သောကျွန်ချင်းတစ်ယောက်ကို မလွှတ်ဘဲနေ၏။ ထိုအခါ



ရှင်ဘုရင်အမျက်ထွက်၍ ထိုကျွန်ကိုအကြွေးရှိသမျှကိုမဆပ်မှီတိုင်အောင် အာဏာသားတို့၏လက်သို့အပ်လိုက်၏။ ခရစ်တော်ဘုရားက ဤပုံဥပမာစကားကို "သင်တို့သည်လည်း ညီအစ်ကိုအချင်းချင်းတို့ကိုစိတ်နှလုံးပါလျက်အပြစ်မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသောငါ၏အဘသည် ထိုနည်းတူ သင်တို့ကို စီရင်တော်မူလတံ့" ဟု မိန့်တော်မူပြီး အဆုံးသတ်လိုက်သည်။ ဤအရာသည် ဖခင်၏ခွင့်လွှတ်ခြင်းနှင့်သက်ဆိုင်သည်။ အပြစ်မလွှတ်ချင်သောစိတ်သဘောထားသည် အပြစ်ဖြစ်ပြီး၊ ထိုအပြစ်ကိုဝန်ချ၍မစွန့်ပစ်မှီတိုင်အောင် ဘုရားသခင်က ဖခင်အနေဖြင့် ကျွန်ုပ်တို့အားအပြစ်မလွှတ်နိုင်ပါ။

ကျမ်းစာလေ့လာရာ၌ အားရစရာများထဲမှတစ်ခုမှာ ဤအခြေခံခြားနားချက်များကိုသိရှိနားလည်ပြီး၊ ကျွန်ုပ်တို့၏နေ့စဉ်ကျမ်းစာဖတ်ရှုဆင်ခြင်သောအခါ၌ လက်တွေ့ကျင့်သုံးခြင်းဖြစ်သည်။ ယခုအချိန်မှစ၍သင်သည် အပြစ်လွှတ်ခြင်းအကြောင်းနှင့်ပတ်သက်၍ ကျမ်းစာထဲ၌တွေ့သောအခါ "ဟော့၊ ဒါက တရားဥပဒေအရ အပြစ်လွှတ်ခြင်းဖြစ်ပြီး" သို့မဟုတ် "ဒါကတော့ အဖဘုရားရဲ့အပြစ်လွှတ်ခြင်းဖြစ်တယ်" စသည်ဖြင့် မှန်ကန်စွာဖြင့်ခွဲခြားတတ်တော့မည်ဖြစ်သည်။ အပြစ်သားသည် သခင်ယေရှုခရစ်တော်ကို ယုံကြည်လက်ခံသောအခါ တရားဥပဒေအရ အပြစ်လွှတ်ခြင်းကိုရရှိကာ၊ ယုံကြည်သူသည် သူကျူးလွန်သည့်အပြစ်ကို ဝန်ချတောင်းပန်သောအခါ မိဘ၏အပြစ်လွှတ်ခြင်းကို ရရှိကြောင်းအမြဲသတိရပါ။

# ၈

# သဘာဝ နှစ်မျိုး

## The Two Natures

သမ္မာကျမ်းစာထဲတွင် ယုံကြည်သူ၏ခြားနားသောသဘာဝနှစ်ခုအကြောင်းတွေ့ရပါသည်။ ခရစ်ယာန်တယောက်က ဤသမ္မာတရားကိုမသိသောအခါ၊ သူသည် အပြစ်၊ သံသယနှင့်စိတ်ပျက်ခြင်းတို့၏ဖျက်ဆီးမှုကိုခံရန်အသင့်ဖြစ်နေသည်။ သို့ဖြစ်၍၊ ခရစ်ယာန်တိုင်းသည် ဤသဘာဝဟောင်းနှင့် သဘာဝသစ်နှစ်ခုစလုံးရှိကြောင်းနှင့် ၎င်းတခုစီ၏ဂုဏ်အင်လက္ခဏာကိုလည်း သိရှိနားလည်ရန် အရေးကြီးပါသည်။

### သဘာဝဟောင်း (လူဟောင်း)

ကယ်တင်ခြင်းရသောသူနှင့် မရသောသူနှစ်ဦးစလုံးတို့၌ သဘာဝဟောင်းရှိကြပါသည်။ မယုံကြည်သူ၌ ဤသဘာဝဟောင်းတခုတည်းသာရှိပြီး၊ အာဒံမှတဆင့်ရရှိသော အမွေဖြစ်ကာ၊ အမြဲတည်ရှိသည်။ ဤသဘာဝကို အာဒံ၏သဘာဝ၊ လူဟောင်း (သို့) ဇာတိဟူ၍ခေါ်သည်။ ဒါဝိဒ်က "အကျွန်ုပ်သည် မွေးစကပင်အပြစ်ပါလျက်ရှိပါ၏။ အမိဝမ်းထဲမှာပဋိသန္ဓေယူစဉ်ပင်အပြစ်စွဲပါ၏" (ဆာ ၅၁း၅) ဟုဝန်ခံပါသည်။ ရှင်ပေါလုကလည်း"ငါ့အထဲမှာ ငါ့ဇာတိပကတိ၌ကောင်းသောအရာတစုံတခုမျှ မတည်သည်ကိုငါသိ၏" ( ရောမ ၇း၁၈) ဟု ဖော်ပြပါသည်။ ထိုဇာတိပကတိ၌ကောင်းသောအရာ မရှာသင့်သလို၊ ကောင်းသောအရာမတွေ့သောအခါလည်း ဝမ်းမနည်းသင့်ပါ။ ကျွန်ုပ်တို့တယောက်စီတိုင်း၌ အပြစ်မျိုးစုံကိုလုပ်နိုင်သော ဇာတိပကတိရှိကြောင်းသိမှတ်ပါ။



အာဒံ၏သဘာဝသည် ယုံကြည်သူ၏ရန်သူသုံးမျိုးထဲမှတမျိုးဖြစ်ပြီး၊ အခြားနှစ်မျိုးမှာ၊ လောကနှင့်စာတန်ဖြစ်ပါသည်။ သဘာဝဟောင်း (လူဟောင်း) သည် အတွင်းရန်သူဖြစ်၍ မသန့်ရှင်းသောအရာများကိုကြိုက်နှစ်သက်ကာ၊ ဘုရားသခင်၏ပညတ်တော်ကို ပုန်ကန်ဆန့်ကျင်သည့်သဘောရှိသည်။ ထိုအာဒံ၏သဘာဝကြောင့် လူတို့သည်သမ္မာတရားထက်အမှားကို ပို၍လက်ခံချင်ကြသည်။

အာဒံ၏သဘာဝမှာ ကုသ၍မရလောက်အောင်ဆိုးယုတ်ပါသည်။ ယောက်ျား (သို့) မိန်းမတယောက်သည် သန့်ရှင်းစွာဖြင့်နှစ်ပေါင်းများစွာအသက်ရှင်သည့်တိုင်အောင် ထိုသဘာဝဟောင်းမှာ ပို၍မကောင်းလာပါ။ ဘုရားသခင်သည် ထိုသဘာဝဟောင်းပို၍ကောင်းလာရန်နှင့် ပြုပြင်ပြောင်းလဲရန်မလုပ်ပဲ၊ လက်ဝါးကပ်တိုင်ပေါ်၌ ဒဏ်ပေးလိုက်သည်။ "အပြစ်နှင့်ပြည့်စုံသော ဇာတိပကတိ၏သဏ္ဌာန်ကိုဆောင်သော မိမိသားတော်ကိုစေလွှတ်တော်မူ၍၊ အပြစ်ဖြေဘို့ရာ ဇာတိပကတိ၌အပြစ်ကိုဒဏ်ပေးတော်မူ၏"(ရောမ ၈း၃)။ "ငါတို့၏လူဟောင်းသည် ထိုသခင်နှင့်အတူလက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံပြီ" (ရော ၆း၆)။ ယခုတွင် ဘုရားသခင်သည် ယုံကြည်သူတို့အား အပြစ်တရားနှင့်ဆိုင်သောအရာ၌ အသေဖြစ်သည်ဟူ၍ကိုယ်ကိုကိုယ်ထင်မှတ်ကြရန်သွန်သင်ပါသည်။

လူတယောက်အား တခုခုမလုပ်ရန်တားမြစ်သောအခါ၊ ထိုလူဟောင်းကချက်ချင်းလုပ်ချင်သည်။ ရှင်ပေါလုက ရောမ ၇း၇-၉ တွင်ထူးဆန်းသောအတွေ့အကြုံကိုဖော်ပြပါသည်။

". . . အဘယ်သို့နည်းဟူမူကား၊ လောဘစိတ်မရှိစေနှင့်ဟု ပညတ်တရားမဆိုလျှင်၊ လောဘသဘောကိုငါမသိ။ အပြစ်တရားသည် ပညတ်တရားအားဖြင့်အခွင့်ရ၍၊ ငါ၌အမျိုးမျိုးသောလောဘတို့ကိုဖြစ်စေ၏။ ပညတ်တရားမရှိလျှင် အပြစ်တရားသေ၏။ အထက်ကပညတ်တရားမရှိသဖြင့် ငါသည်အသက်ရှင်၏။ ပညတ်တရားပေါ်သောအခါ အပြစ်တရားသည် ရှင်ပြန်၏။ ငါလည်းသေ၏။"

ရှင်ပေါလုက ထိုဇာတိပကတိ (သဘာဝဟောင်း) ကို ရွံရှာဘွယ်

အနန္တဆိုးရှိသော လူသေအလောင်းသဖွယ်ပြောပါသည်။ ထိုဇာတိပကတိက ရှင်ပေါလုသွားသည့်နေရာတိုင်း၌လိုက်ပြီး အလွန်ပြင်းပြသောဝေဒနာဖြင့် "ငါသည် ငြိုငြင်သောသူဖြစ်ပါသည်တကား။ ဤအသေကောင်မှ ငါ့ကိုအဘယ်သူကယ်လွှတ်မည်နည်း" (ရော ၇း၂၄) ဟု အော်ဟစ်စေပါသည်။

သဘာဝဟောင်း (လူဟောင်း) သည် အာဒံ၏အထဲ၌ ကျွန်ုပ်တို့၏ အခြေအနေကိုဖော်ညွှန်းသည်။ သခင်ယေရှုသည် ထိုသဘာဝဟောင်းနှင့် ကျွန်ုပ်တို့ပြုသော ဒုစရိုက်အားလုံးအတွက် အသေခံခဲ့သည်။ ဤအရာက စိတ်သက်သာရာရစေပါသည်။ အဘယ့်ကြောင့်ဆိုသော်၊ အာဒံ၌ ကျွန်ုပ်တို့၏အခြေအနေမှာ ကျွန်ုပ်တို့ပြုခဲ့ပြီးသောအရာများထက် အလွန်ဆိုးရွားလှပါသည်။

ကျွန်ုပ်တို့ပြောခဲ့ပြီးသောအရာများသည် မယုံကြည်သူတို့၏ကြင်နာတတ်ခြင်း၊ ဂရုဏာထားခြင်းနှင့်ရက်ရောခြင်းများကို မငြင်းပယ်ပါ။ ထိုအကျင့်များသည် သဘာဝဉာဏ်အားဖြင့်လုပ်ဆောင်ခြင်း၊ (ဥပမာ- သားသမီးများအတွက် မိခင်၏မေတ္တာ) သို့မဟုတ်၊ စိတ်လိုက်မာန်ပါလုပ်ဆောင်ခြင်း (သို့) ပညာရှိသောကြောင့်လုပ်ဆောင်ခြင်းများဖြစ်နိုင်ပါသည်။ သို့တည်းမဟုတ်၊ ခရစ်ယာန်အယူဝါဒ၏လွှမ်းမိုးခြင်းကြောင့် (သို့) ကယ်တင်ခြင်းရချင်သောကြောင့် ထိုသို့သောကောင်းသောအကျင့် ကျင့်ကြခြင်းဖြစ်နိုင်ပါသည်။ မည်သို့ပင်ဆိုစေ၊ သေချာသောအရာတခုမှာ၊ မယုံကြည်သူတယောက် ပထမ လုပ်နိုင်သောအကျင့်ကောင်းတခုမှာ ခရစ်တော်ကိုယုံကြည်ကိုးစားခြင်းဖြစ်ပါသည် (ယော ၆း၂၉)။

## သဘာဝသစ် (လူသစ်)

လူတယောက်ဒုတိယမွေးခြင်းခံသောအခါ၊ သဘာဝသစ်၊ ဘုရားပကတိ (၂ပေ ၁း၄) နှင့် ခရစ်တော်၏အသက်ကိုရရှိပါသည်။ ဤသဘာဝသစ်သည် ဘုရားသခင်ဖွားမြင်စေခြင်းအားဖြင့်ဖြစ်သောကြောင့် အပြစ်မလုပ်တတ်ပါ (၁ ယော၊ ၃း၉)။

ထိုသဘာဝသစ်သည် ကောင်းသောအရာကိုသာ လုပ်တတ်သည်။ ဤသဘာဝသစ်ကို ခရစ်တော်၏သဘာဝ (သို့) လူသစ်ဟုခေါ်ဆိုနိုင်သည်။ ဤလူသစ်သည် သန့်ရှင်းသောအရာများကိုသာကြိုက်နှစ်သက်ကာ၊ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အညီ အသက်ရှင်ချင်သည်။ သူသည် ဘုရားသခင်၏နည်းဥပဒေသများကို အားရနှစ်သက်၍ လက်တွေ့လိုက်နာသည်။ ထိုအရာများသည် မိခင်တဦးအား သူ၏သားသမီးများကို ကောင်းမွန်စွာပြုစုရန် စေခိုင်းသကဲ့သို့ဖြစ်ပြီး၊ ဝန်မလေးကြပါ။

ဤသဘာဝနှစ်မျိုးကို သင်္ဘောပေါ်မှ နောဧလွှတ်သော ကျီးအနှင့်ဂျိုးငှက်ဖြင့် နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ ကျီးအသည် ဘယ်သောအခါမှ ပြန်မလာပဲ၊ ရေပေါ်၌မျောသောအပုပ်ကောင်များကို စားသုံးခြင်းဖြင့် အားရကျေနပ်ခဲ့ပါသည်။ သဘာဝသစ် (လူသစ်) ကိုပုံဆောင်သော ဂျိုးငှက်သည် သူနားနေရန်သန့်ရှင်းသောနေရာနှင့် စားသုံးရန်အစာမတွေ့မချင်း သင်္ဘောဆီသို့ပြန်လာပါသည်။

သခင်ယေရှုပြောသောစကားများမှာ အလွန်မှန်ပေသည် - "ဇာတိပကတိမွေးသောအရာသည် ဇာတိပကတိဖြစ်၏။ ဝိညာဉ်တော်မွေးသောအရာသည် ဝိညာဉ်ဖြစ်၏" (ယော ၃း၆)။

## ဆန့်ကျင်တိုက်ခိုက်ခြင်း

လူတယောက်ကယ်တင်ခြင်းရသည်နှင့်တပြိုင်နက် သဘာဝနှစ်ခုတို့သည် တခုနှင့်တခုဆန့်ကျင်တိုက်ခိုက်ကြ၏။ လုံးဝမတူညီသော ဤသဘာဝနှစ်ခုတို့သည် ငြိမ်းချမ်းစွာဖြင့် အဘယ်သို့ရှိနိုင်ကြပါမည်နည်း။ ဤတိုက်ခိုက်ခြင်းကို ရေဗက္က၏ဝမ်းထဲ၌ တယောက်နှင့်တယောက်ရုန်းကန်တိုက်ခိုက်နေသည့် ကလေးနှစ်ယောက်က ဖော်ပြပါသည် (ကမ္ဘာ ၂၅း၂၂-၂၃)။ "ထိုသို့ဖြစ်၍ ငါ၌အဘယ်အမှုရောက်ပါလိမ့်မည်နည်း" ဟုမေးပါသည်။ ရှင်ပေါလုက ထိုသဘာဝနှစ်မျိုး တခုနှင့်တခုဆန့်ကျင်တိုက်ခိုက်ခြင်းကို ရောမ ၇း၁၄-၂၅ တွင်အောက်ပါအတိုင်းဖော်ပြပါသည်။

"ထိုမှတပါး ပညတ်တရားသည် ဝိညာဉ်ပကတိနှင့်စပ်ဆိုင်သည်ကို ငါတို့သိကြ၏။ ငါမူကား ဇာတိပကတိရှိ၏။ အပြစ်တရားလက်၌ ကျေး

ကျွန်ဖြစ်၏။ အကြောင်းမူကား၊ ငါသည် ကိုယ်ကျင့်သောအကျင့်ကိုမကျင့်၊ ရွံရှာသောအကျင့်ကိုကျင့်၏။ ထိုသို့ ငါသည်မကျင့်ချင်သော အကျင့်ကိုကျင့်လျှင်၊ ပညတ်တရားဖြောင့်သည်ဟု ငါဝန်ခံ၏။ သို့ဖြစ်လျှင်၊ ထိုမကောင်းသောအကျင့်ကို ငါကိုယ်တိုင်ကျင့်သည်မဟုတ်။ ငါ့အထဲ၌နေသောအပြစ်တရားသည်ကျင့်၏။ ငါ့အထဲမှာ ငါ့ဇာတိပကတိ၌ ကောင်းသောအရာတစုံတခုမျှမတည်သည်ကို ငါသိ၏။ အကြောင်းမူကား၊ ငါသည် ကျင့်ချင်သောစိတ်ရှိသော်လည်း၊ ကောင်းစွာကျင့်တတ်သောအခွင့်ကိုရှာ၍ မတွေ့နိုင်။ ငါသည်ကျင့်ချင်သောအကျင့်ကောင်းကိုမကျင့်၊ မကျင့်ချင်သောအကျင့်ဆိုးကိုကျင့်၏။ ထိုသို့ငါသည်မကျင့်ချင်သောအကျင့်ကိုကျင့်လျှင်၊ ငါကိုယ်တိုင်ကျင့်သည်မဟုတ်။ ငါအထဲ၌နေသောအပြစ်တရားသည်ကျင့်၏။ ထိုသို့ ကောင်းသောအကျင့်ကို ကျင့်ချင်သောအခါ၊ မကောင်းသောအကျင့်ကိုကျင့်စေတတ်သော တရားကို ငါမတွေ့။ ငါသည်အတွင်းလူအားဖြင့် ဘုရားသခင်၏ပညတ်တရားတော်ကိုနှစ်သက်၏။ သို့သော်လည်း ငါ့ကိုယ်အင်္ဂါများ၌ရှိသောတရားတပါးသည် စိတ်ဝိညာဉ်တရားကိုဆိုင်ပြိုင်တိုက်လှန်သဖြင့် ငါ့ကိုဘမ်းသွားအပ်နှံသည်ကိုငါမြင်၏။ ငါသည်ပြိုပြင်သောသူဖြစ်ပါသည်တကား။ ဤအသေကောင်မှငါ့ကိုအဘယ်သူကယ်လွှတ်မည်နည်း။ ငါတို့သခင်ယေရှုခရစ်အားဖြင့် ကယ်လွှတ်တော်မူသော ဘုရားသခင်၏ကျေးဇူးတော်ကြီးလှပေ၏။ ထိုသို့ စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏တရားတော်အလိုသို့၄င်း၊ ဇာတိပကတိအားဖြင့် အပြစ်တရားအလိုသို့၄င်း၊ ငါလိုက်တတ်၏။"

ဇာတိပကတိနှင့် သန့်ရှင်းသောဝိညာဉ်တော်သည် တပါးနှင့်တပါးဆန့်ကျင်ကြသည်ဟု (ဂလာ ၅း၁၇) ၌ ဖေါ်ပြထားပါသည်။ အဘယ့်ကြောင့်ဆိုသော် ဇာတိပကတိတပ်မက်မှုက ဝိညာဉ်တော်ကိုတိုက်၍၊ ဝိညာဉ်တော်က ဇာတိပကတိကိုတိုက်လှန်ပြီး၊ တခုနှင့်တခုဆန့်ကျင်ကြသောကြောင့် သင်လုပ်ချင်သောအရာကိုလုပ်၍မရပါ။

ယုံကြည်သူတယောက်သည် မလုပ်ချင်သည့်အရာကို လုပ်မိတတ်သည့်အတွက် ကိုယ့်ကိုကိုယ်မယုံကြည်နိုင်လောက်အောင်ဖြစ်တတ်ခြင်းမှာ အံ့ဩစရာမဟုတ်ပါ။ ရှင်ပေါလုသည်လည်း ရေဗက္ကာကဲ့သို့ အတွင်း၌ယှဉ်ပြိုင်တိုက်ခိုက်ခြင်းကို နားမလည်နိုင်လောက်အောင် ခံစားခဲ့သည်မှာ အံ့ဩစရာမဟုတ်ပါ။ သူသည် ခရစ်တော်ကိုယုံကြည်ကိုးစားသောအခါ ထိုစစ်ပွဲပြီးဆုံးသွားကြောင်း မှန်ကန်စွာ သိရှိခဲ့သည်။ သို့သော် ယခုတွင် အခြားခက်ထန်သောတိုက်လှန်ခြင်းတခု စတင်ကြောင်းတွေ့ရှိကာ၊ သူရရှိသည့်ကယ်တင်ခြင်းအတွက် သံသယရှိလာပါသည်။

ယုံကြည်သူတယောက်စီ၌ ထိုတိုက်လှန်ခြင်းရှိကြောင်းကို သိသင့်ပြီး (၁ကော၊ ၁၀း၁၃)၊ ၄င်းသည် သေသည့်တိုင်အောင် (သို့) ချီဆောင်ခြင်းနေ့ရက်အထိ ဆက်လက်ဖြစ်နေမည်။ ဤအရာသည် ကယ်တင်ခြင်းမရသည့်အထောက်အထားမဟုတ်ပဲ၊ အမှန်မှာ ကယ်တင်ခြင်းရကြောင်းကိုအတည်ပြုသည့် အထောက်အထားများဖြစ်ပါသည်။

## မည်သည့်သဘာဝကနိုင်ပါသနည်း

ဝိညာဉ်တော်သည် လူ့အထဲ၌ကျိန်းဝပ်သောအပြစ်၏တန်းခိုးမှလွတ်မြောက်စေသောသူဖြစ်ပါသည် (ဂလာ၊ ၅း၁၇)။ ဝိညာဉ်သဘောနှင့်အပြည့်ဝဆုံးယုံကြည်သူ၌ ထိုတန်ခိုးမရှိပါ။ သို့ရာတွင်၊ နာခံခြင်းနှင့်အခြားယုံကြည်သူများ၏စုပေါင်းပံ့ပိုးမှု လိုအပ်ပါသည်။

မည်သည့်သဘာဝကနိုင်သည်ဆိုသည်မှာ ယုံကြည်သူ၏ဆုံးဖြတ်ချက်အပေါ်၌မူတည်ပါသည်။ လူသစ် (ဝိညာဉ်ပကတိ) ကို ထိပ်ဆုံး၌နေရန်မျှော်လင့်ပါက၊ သူသည် အကျိုးမပေးသော TV နှင့် ရုပ်ရှင်ဇာတ်ကားများကြည့်ခြင်း၊ မကောင်းသည့်စာပေများဖတ်ရှုခြင်းနှင့် အပျော်လိုက်စားခြင်းများဖြင့် ကိုယ်ကာယ၏တပ်မက်မှုနောက်သို့ မလိုက်ရပါ။ သိုးကလေးအနိုင်ရစေချင်ပါက မြေခွေးကိုအစာမကျွေးရပါ။ သို့ဖြစ်သောကြောင့် ယုံကြည်သူအား "ကိုယ်ကာယ၏တပ်မက်ခြင်းအလိုငှါ မကြံစည်ကြနှင့်" (ရော ၁၃း၁၄) ဟု ပြောထားပါသည်။

သူသည် နှုတ်ကပတ်တော်ဖတ်ရှုဆင်ခြင်ခြင်း၊ ဆုတောင်းခြင်း၊ အမှုတော်မြတ်၌ပါဝင်ခြင်းများအတွက် အချိန်များစွာပေးရန်တာဝန်ရှိပါသည်။

သန့်ရှင်းသောအသက်တာ၌ ကျင်လည်နိုင်ရန် လိုအပ်သောလုပ်ဆောင်ချက်များကို လက်တွေ့လုပ်ဆောင်ရပါမည်။

### ဆင်ခြေပေး၍မရပါ

ကျွန်ုပ်တို့ကျူးလွန်သောအပြစ်များအတွက် လူဟောင်းအပေါ်၌ အပြစ်ပုံချ၍မရပါ။ အကျိုးလည်းမရှိပါ။ ဘုရားသခင်သည် ထိုအပြစ်အတွက် လူဟောင်း၌တာဝန်ရှိသည်ဟုမမှတ်ယူပဲ၊ ကျူးလွန်သူ၌သာ တာဝန်ရှိသည်ဟုမှတ်ယူသည်။

အပြစ်အတွက်ဆင်ခြေပေးခြင်းသည် အပြစ်ဆက်လက်ကျူးလွန်ရန်လွယ်ကူစေသည့်အပြင် အပြစ်ကိုခုခံဆန့်ကျင်သည့် ခွန်အားကိုလည်း ကျဆင်းစေပါသည်။

### နိဂုံး

သမ္မာကျမ်းစာနှင့်ကျွန်ုပ်တို့၏အတွေ့အကြုံနှစ်ခုစလုံးက ကျွန်ုပ်တို့၌ သဘာဝနှစ်မျိုးရှိကြောင်း ဖော်ပြပါသည်။ ထိုသဘာဝနှစ်မျိုးကို ခြားနားသောနာမည်အမျိုးမျိုးဖြင့်ခေါ်ကြသော်လည်း၊ ၎င်းတို့သည် အမှန်တကယ်ရှိပါသည်။ ယုံကြည်သူတယောက်သည် ဤသမ္မာတရားကိုမသိပါက၊ ဆန့်ကျင်ဘက်ဖြစ်သကဲ့သို့ ခံစားနိုင်ပြီး၊ သူ၏ပြောင်းလဲခြင်းခိုင်လုံမှုအပေါ်တွင်သံသယရှိလာမည်ဖြစ်သည်။ ထို့အပြင် သူသည် ရှုံးနိမ့်သောအသက်တာ၌သာ သံသရာလည်နေမည်ဖြစ်သည်။

သူ၏ခက်ခဲသောအခြေအနေဖြေရှင်းနည်းမှာ လူဟောင်း၏ဆိုးညစ်သောကိုယ်ကာယတပ်မက်မှုကို မတုန့်ပြန်တတ်သောလူသေကဲ့သို့ မိမိကိုယ်ကိုမှတ်ယူက၊ သန့်ရှင်းသောဝိညာဉ်တော်၏ထိန်းချုပ်မှုအောက်၌ ဆက်လက်၍အသက်ရှင်ရပါမည်။ ဤသို့အသက်ရှင်နေသရွေ့ ဇာတိပကတိ၏အလိုသို့မလိုက်ပဲ အသက်ရှင်နိုင်မည်ဖြစ်သည် (ဂလာ ၅း၁၆)။



# ၉
# သန့်ရှင်းစေခြင်းအမျိုးမျိုး
## Kinds of Sanctification

"သန့်ရှင်းစေခြင်း" စကားလုံး၏အဓိပ္ပါယ်မှာ "သီးသန့်ဖယ်ထားခြင်း"ဖြစ်သည်။ ဤဝေါဟာရ၏အုပ်စုတွင်ပါဝင်သော စကားလုံးများမှာ သန့်ရှင်းစေသည် (sanctify)၊ သန့်ရှင်းသူ (saint)၊ သန့်ရှင်းသော (holy)၊ သန့်ရှင်းခြင်း (holiness)၊ သီးသန့်ထားသော (consecrate)၊သီးသန့်ထားခြင်း(consecration) တို့ဖြစ်ပြီး၊ ၎င်းတို့အားလုံး၏ မူရင်းအဓိပ္ပါယ်တူကြသည်။ သန့်ရှင်းစေခြင်းသည် အများအားဖြင့် အရာတစ်ခုခုကို သာမန်အသုံးပြုခြင်းမှ ဘုရားအမှုတော်အတွက်ခွဲခြားထားခြင်းကိုဆိုလိုသည်။ "သန့်ရှင်းစေသည်" (sanctify) ဝေါဟာရကို "သီးသန့်ဖယ်ထားသည" ဟု မှတ်ယူပါက၊ အနက်ဖွင့်ရာတွင်အကိုက်ညီဆုံးဖြစ်သည်။

ဓမ္မဟောင်းခေတ်တွင် ဘုရားသခင်သည်သတ္တမနေ့ကိုသန့်ရှင်းစေသည် (ကမ္ဘာ၊ ၂း၃)။ လူနှင့်တိရစ္ဆာန်တို့၏သားဦးများကိုလည်း ဘုရားအတွက် သန့်ရှင်းစေသည် (ထွက်၊ ၁၃း၂)။ ယဇ်ပုရောဟိတ်များကိုလည်း ဘုရားအတွက်မိမိကိုယ်ကို သန့်ရှင်းစေရန် ပြောခဲ့သည် (ထွက်၊ ၁၉း၂၂)။ သိနတောင်ကိုသန့်ရှင်းစေသည် (ထွက်၊ ၁၉း၂၃)။ တဲတော်နှင့်အသုံးဆောင်ပစ္စည်းအားလုံးကိုလည်း သန့်ရှင်းစေသည် (ထွက်၊ ၄၀း၉)။ ဟေရှာယ ၆၆း၁၇ တွင် ရုပ်တုကိုးကွယ်ရန် သန့်ရှင်းစေကြသည်။

ဓမ္မသစ်ကျမ်းထဲတွင် သန့်ရှင်းစေခြင်း (sanctification) ကို မူလအားဖြင့် လူတို့အတွက်အသုံးပြုထားသည်။ သို့သော် သခင်ယေရှုက "ဗိမ္မာန်တော်သည် ဗိမ္မာန်တော်၏အပေါ်၌ရှိသော ရွှေများကိုသန့်ရှင်းစေပြီး၊ ယဇ်ပလ္လင်

သည်လည်း သူ့အပေါ်၌ရှိသောပူဇော်သက္ကာများကို သန့်ရှင်းစေသည်" ဟု ပြောပါသည် (မဿဲ၊ ၂၃း၁၇၊၁၉)။ တမန်တော်ရှင်ပေါလုကလည်း အစားအစာအတွက်ကျေးဇူးတော်ချီးမွမ်းသောအခါ၊ ဘုရား၏နှုတ်ကပတ်တော်နှင့်ဆုတောင်းခြင်းအားဖြင့်သန့်ရှင်းသည်ဟု သွန်သင်ပါသည် (၁တိ၊ ၄း၅)။

လူပုဂ္ဂိုလ်ရေးရာသန့်ရှင်းစေခြင်းနှင့်ပတ်သက်၍ ဘုရားသခင်သည် ခရစ်တော်ကို သန့်ရှင်းစေ၍ ဤလောကသို့စေလွှတ်ခဲ့သည် (ယော၊ ၁၀း၃၆)။ ဤအရာသည် ခမည်းတော်ဘုရားက ကျွန်ုပ်တို့ကိုအပြစ်မှကယ်လွှတ်ရန် သူ၏သားတော်ကို သီးသန့်ဖယ်ထားခြင်းဖြစ်သည်။ ယေရှုဘုရားကလည်း မိမိကိုယ်ကိုသန့်ရှင်းစေခဲ့သည် (ယော၊ ၁၇း၁၉)။ အဓိပ္ပါယ်မှာ၊ သူ၏လူများအတွက်ကြားဖြန်ဘို့ရန် မိမိကိုယ်ကိုသီးသန့်ဖယ်ထားခဲ့သည်။

မယုံကြည်သူများပင်လျှင် သန့်ရှင်းစေခဲ့ကြောင်းတွေ့ရသည်။ "အကြောင်းမူကား၊ မယုံကြည်သောလင်သည် မိမိမယားအဘို့စင်ကြယ်၏။ မယုံကြည်သောမယားသည်လည်း မိမိလင်အဘို့စင်ကြယ်၏" (၁ကော၊ ၇း၁၄)။ အဓိပ္ပါယ်မှာ၊ မယုံကြည်သူအိမ်ထောင်ဖက်၏ကယ်တင်ခြင်းအတွက် သူ၏ယုံကြည်သူအိမ်ထောင်ဖက်မှ ဆုတောင်းပေးခြင်းအားဖြင့် သူသည် သန့်ရှင်းစေခြင်းအခွင့်ရသောသူဖြစ်သည်။

ယုံကြည်သူများက ခရစ်တော်ကိုသီးသန့်ဖယ်ထားရန် နှုတ်ကပတ်တော်ကသွန်သင်ပါသည်။ "စိတ်နှလုံးထဲ၌ ထာဝရအရှင်ဘုရားသခင် (ခရစ်တော်) ကို ရိုသေခြင်းရှိကြလော့ (သီးသန့်ဖယ်ထားကြလော့ NIV)" (၁ပေ၊ ၃း၁၅)။ ကျွန်ုပ်တို့၏အသက်တာ၌ ခရစ်တော်ဘုရားကိုအကြွင်းမဲ့အုပ်စိုးစေခြင်းအားဖြင့် သီးသန့်ဖယ်ထားရပါမည်။

ဓမ္မသစ်ကျမ်းလေ့လာသောအခါ သန့်ရှင်းစေခြင်း (သီးသန့်ဖယ်ထားခြင်း) နှင့်ပတ်သက်၍ အထက်ဖော်ပြပါအချက်များအပြင်၊ နောက်ထပ် (၄)မျိုးရှိရာ၊ ၎င်းတို့ကိုခွဲခြားနားလည်ဘို့လိုအပ်ပါသည်။ ၎င်းတို့မှာ-မပြောင်းလဲမီ သန့်ရှင်းစေခြင်း၊ ခရစ်တော်၌သန့်ရှင်းစေခြင်း၊ အဆင့်ဆင့်တိုးတက်သော သန့်ရှင်းစေခြင်းနှင့်စုံလင်သောသန့်ရှင်းစေခြင်းတို့ဖြစ်သည်။

### မပြောင်းလဲမီသန့်ရှင်းစေခြင်း (Pre-Conversion Sanctification)

လူတယောက်ဒုတိယမွေးခြင်းမခံမီအချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်သည် သူ့အသက်တာ၌အလုပ်လုပ်ပြီး၊ ခရစ်တော်၏အပိုင်ဖြစ်လာဘို့ရန်သူ့ကိုကြိုတင်၍သီးသန့်ဖယ်ထားသည် (ဂလာ၊ ၁း၁၅)။ သက်သလောနိတ်မြို့၌ရှိသောယုံကြည်သူတို့အား ၎င်းတို့၏ကယ်တင်ခြင်းသည်၏အဆင့်သုံးဆင့်ရှိသည့်အကြောင်းကို ရှင်ပေါလုက သတိပေးအမှတ်ရစေပါသည် (၂သက်၊ ၂း၁၃)။ ၎င်းတို့မှာ-

၁။ ဘုရားသခင်က သူတို့ကိုရွေးကောက်ခြင်း၊

၂။ သန့်ရှင်းသောဝိညာဉ်တော်က သူတို့ကိုသန့်ရှင်းစေခြင်း၊

၃။ သူတို့၏ သမ္မာတရားကိုယုံကြည်ခြင်း စသည်တို့ဖြစ်သည်။

ဤသန့်ရှင်းစေခြင်း (သီးသန့်ဖယ်ထားခြင်း) သည် သူတို့မယုံကြည်မီ၊ ကယ်တင်ခြင်းမရမီအချိန်တွင်ဖြစ်ခဲ့သည်။ ၁ပေ၊ ၁း၂ ထဲတွင် ကယ်တင်ခြင်းနှင့်ပတ်သက်သောဖြစ်စဉ်များကို အောက်ပါအတိုင်းတွေ့ရပါသည်။

၁။ ခမည်းတော်ဘုရားက ရှေးမဆွကရွေးကောက်ခြင်း၊

၂။ ဝိညာဉ်တော်အားဖြင့်သန့်ရှင်းစေခြင်း၊

၃။ ယေရှုခရစ်တော်ကိုနာခံခြင်း၊

၄။ ခရစ်တော်၏အသွေးတော်နှင့်ဖြန်းခြင်း၊

ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူ၏အပိုင်ဖြစ်ဘို့ရန် ထာဝရကာလ၌ရွေးကောက်ခဲ့သည် (ဧဖက် ၁း၄)။ အချိန်တန်သောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုဘုရားသခင်အတွက် သီးသန့်ဖယ်ထားခဲ့သည်။ ထို့နောက် ကျွန်ုပ်တို့သည် ဧဝံဂေလိတရားကိုယုံကြည်လက်ခံကြ၏။ ထိုသို့ယုံကြည်လက်ခံသည်နှင့်တပြိုင်တည်းတွင် ခရစ်တော်သွန်းလောင်းသောအသွေးတော်သည် မိမိအတွက်အကျိုးသက်ရောက်လာသည်။ ဤကျမ်းပိုဒ်တွင် ရှင်ပေတရု ပြောသောအရာမှာ လူတစ်ယောက် မပြောင်းလဲမီဖြစ်ခဲ့သည့် သန့်ရှင်းစေခြင်း (sanctification) ဖြစ်ပါသည်။

## ခရစ်တော်၌သန့်ရှင်းစေခြင်း

လူတယောက်ဒုတိယမွေးခြင်းခံသည့်အချိန်တွင် ခရစ်တော်၌ oefY&Sif;jcif;cHjyD;aomoljzpfvmygonf/ qkdolvkdonfrSm? xkdolonf "C&pf တော်၌" ရှိပြီဖြစ်သောကြောင့် လောကမှ ဘုရားသခင်ထံတော်သို့ သီးသန့်ဖယ်ထားခြင်းခံသောသူဖြစ်သည်။ အမှန်မှာ ခရစ်တော်ကိုယ်တိုင်သည် ထိုသူ၏သန့်ရှင်းခြင်း ဖြစ်ပါသည် (၁ကော၊ ၁း၃၀)။

စစ်မှန်သောယုံကြည်သူအယောက်တိုင်းသည် သန့်ရှင်းသူဖြစ်ပါသည်။ ဘုရားသခင်ထံတော်သို့ သီးသန့်ဖယ်ထားခြင်းခံခဲ့ပြီးသူဖြစ်သည်။ ထို့ကြောင့်ကောရိန္တုအသင်းတော်၌ရှိသော ခရစ်ယာန်အားလုံးကို "ခရစ်တော်ယေရှု၌ သန့်ရှင်းခြင်းခံခဲ့ပြီးသူများ၊ သန့်ရှင်းသူများ" ဟု ၁ကော၊ ၁း၂ တွင် ဖော်ပြထားပါသည်။ ထိုသူတို့၏အသက်တာသည် တချိန်လုံးမသန့်ရှင်းကြပါ။ ကြီးလေးသောအပြစ်ကျူးလွန်သောသူရှိသည် (၁ကော၊ ၅း၁-၂)။ အချင်းချင်းအမှုရှိလျှင် လောကီတရားရုံး၌စီရင်ကြသည် (၁ကော၊ ၆း၁)။ သူတို့တွင်ရှင်ပြန်ထမြောက်ခြင်းကို ငြင်းပယ်သောဆရာများရှိ၏ (၁ကော၊ ၁၅း ၃၃၊ ၃၄)။ သို့ရာတွင်သူတို့အားလုံးသည် ခရစ်တော်၌သန့်ရှင်းခြင်းခံခဲ့ပြီးသူများဖြစ်သောကြောင့် သန့်ရှင်းသူများဖြစ်ကြသည်။

ခရစ်တော်၌သန့်ရှင်းစေခြင်းအကြောင်းကို သွန်သင်သောကျမ်းပိုဒ်တစ်ချို့ဆက်လက်၍လေ့လာကြပါစို့။ တမန်၊ ၂၀း၃၂- "သန့်ရှင်းသောသူအပေါင်းတို့" စကားလုံးသည် ယုံကြည်သူအားလုံးကိုဆိုလိုသည်။ တမန်၊ ၂၆း၁၈ တွင်လည်း ခရစ်တော်ဘုရားက သူ၏လူတို့ကို "ယုံကြည်ခြင်းအားဖြင့် ငါ၌သန့်ရှင်းခြင်းခံပြီးသူများ" ဟု ဖော်ပြပါသည်။ ကောရိန္တုမြို့၌ရှိသောယုံကြည်သူအားလုံးကို သခင်ယေရှု၏နာမတော်နှင့်ဝိညာဉ်တော်အားဖြင့် "ဆေးကြောခြင်း . . . သန့်ရှင်းစေခြင်း၊ ဖြောင့်မတ်စေခြင်းခံပြီးသူများ" (၁ကော၊ ၆း၁၁) ဟု ပါရှိသည်။ ဟေဗြဲဩဝါဒစာကိုရေးသောသူကလည်း "ထိုအလိုတော်နှင့်အညီ ယေရှုခရစ်၏ကိုယ်တော်ကို တစ်ခါတည်းပူဇော်သောအားဖြင့်၊ ငါတို့သည် စင်ကြယ်ခြင်းသို့ရောက်ကြ၏" ဟု ကျွန်ုပ်တို့ကို သတိပေးသိမှတ်စေပါသည် (ဟေဗြဲ၊ ၁၀း၁၀)။ "အကြောင်းမူကား၊ စင်ကြယ်သောသူတို့သည် ထာဝရစုံလင်ခြင်းအကျိုးကိုရစေခြင်း ငှါ၊ တစ်ခါတည်းပူဇော်ခြင်းအားဖြင့်ပြုတော်မူ၏" (ဟေဗြဲ၊ ၁၀း၁၄)။

ခရစ်တော်၌ သန့်ရှင်းစေခြင်းကို တခါတရံ "သန့်ရှင်းသော" (holy) စကားလုံးကိုအသုံးပြု၍ဖော်ပြလေ့ရှိပါသည်။ ရှင်ပေါလုက ကောလောသဲ၊ ၃း၁၂ တွင် ခရစ်ယာန်များကို "သန့်ရှင်းသောသူ" ဟု ခေါ်ရာတွင် သူတို့သည် ဘုရားသခင်ရှေ့မှောက်၌ ခရစ်တော်အားဖြင့်ရရှိသော သန့်ရှင်းခြင်းကို ဖော်ညွှန်းခြင်းဖြစ်ပါသည်။

## အဆင့်ဆင့်တိုးတက်သောသန့်ရှင်းစေခြင်း (Progressive Sanctification)

ခရစ်ယာန်အားလုံးတို့သည် သန့်ရှင်းစေခြင်းခံခဲ့ကြပြီဖြစ်ကြောင်းကို သွန်သင်သောကျမ်းပိုဒ်များစွာရှိသလို၊ သူတို့သည်သန့်ရှင်းစေခြင်းကိုခံသင့်ကြောင်း (should be) သွန်သင်သည့်ကျမ်းပိုဒ်များလည်းရှိပါသည်။ အမျိုးမျိုးသောသန့်ရှင်းစေခြင်းကိုမခွဲခြားတတ်ပါက ရှုပ်ထွေးသွားပါမည်။

အဆင့်ဆင့်တိုးတက်သော (သို့) လက်တွေ့သန့်ရှင်းစေခြင်းသည် ကျွန်ုပ်တို့နေ့စဉ်အသက်တာ၌မည်ကဲ့သို့အသက်ရှင်သင့်သည်အကြောင်းကို ဖော်ညွှန်းပါသည်။ ကျွန်ုပ်တို့သည် အပြစ်နှင့်မကောင်းမှုအမျိုးမျိုးတို့ကို စွန့်ကာ ဘုရားသခင်အတွက် မိမိအသက်တာကို သီးသန့်ဖယ်ထားပြီး၊ အသက်ရှင်သင့်သည်။ သန့်ရှင်းသူတို့သည် အချိန်နာရီတိုင်းတွင် သာ၍သန့်ရှင်းသောအသက်တာရှိသင့်သည်။

ရှင်ယောဟန် ၁၇း၁၇ ၌ သခင်ယေရှု၏ဆုတောင်းချက်သည် "လက်တွေ့သန့်ရှင်းစေခြင်း"နှင့်သက်ဆိုင်သည်။ "ကိုယ်တော်၏သမ္မာတရားအားဖြင့်သူတို့ကိုသန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်ပါ၏။"

"လက်တွေ့သန့်ရှင်းစေခြင်း" တွင် ယုံကြည်သူ၏စုပေါင်းလုပ်ဆောင်မှုပါဝင်သည် (၂တိ၊ ၂း၂၁)။ သန့်ရှင်းစေခြင်း (သို့) သန့်ရှင်းခြင်းအတွက် သွန်သင်နှိုးဆော်သော ကျမ်းပိုဒ်များသည် ခရစ်ယာန်အသက်တာ လက်တွေ့

သန့်ရှင်းခြင်းနှင့်သက်ဆိုင်ကြောင်း သေချာပါသည်။ ထို့ကြောင့် ရှင်ပေါလုက " . . . ကိုယ်ခန္ဓာ၏အညစ်အကြေး၊ စိတ်ဝိညာဉ်၏အညစ်အကြေးရှိသမျှတို့နှင့် ကိုယ်ကိုကိုယ်ကင်းစင်စေလျက်၊ ဘုရားသခင်ကိုကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့်ပြည့်စုံကြကုန်အံ့" (၂ကော၊ ၇း၁) ဟု ကောရိန္သုမြို့ရှိယုံကြည်သူများကို တိုက်တွန်းသည်။ အလားတူစွာ ပေတရုက "သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည်နည်းတူ၊ ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်းရှိကြလော့" (၁ပေ၊ ၁း၁၅)။

လက်တွေ့သန့်ရှင်းစေခြင်းသည် ညစ်ညူးသောအရာများမှ ခွဲခွာခြင်းဖြစ်ကြောင်း ကျမ်းစာကသွန်သင်ပါသည်။ "ဘုရားသခင်၏အလိုတော်ဟူမူကား၊ သင်တို့သည် မတရားသောမေထုန်ကိုကြဉ်ရှောင်၍ သန့်ရှင်းစေခြင်းငှါသော်၎င်း၊ ဘုရားသခင်ကိုမသိသော သာသနာပလူတို့သည် ကိလေသာတပ်မက်ခြင်းရှိသကဲ့သို့မရှိ၊ သင်တို့အပေါင်းသည် သန့်ရှင်းခြင်း၊ အသရေတင့်တယ်ခြင်းနှင့် မိမိကိုယ်ကိုမိမိ ထိန်းတတ်စေခြင်းငှါ . . . " (၁သက်၊ ၄း၃-၅) ဟု သွန်သင်ပါသည်။

ခရစ်ယာန်တယောက်သည် ဘယ်လိုနည်းဖြင့်ပို၍သန့်ရှင်းသောသူ ဖြစ်လာနိုင်ပါသနည်း။ ဤမေးခွန်း၏အဖြေကို ၂ကော၊ ၃း၁၈ တွင် တွေ့ရပါသည်။ "ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက်မှန်ကိုကြည့်သကဲ့သို့၊ သခင်ဘုရား၏ဘုန်းအသရေတော်ကိုကြည့်မြင်၍၊ ဝိညာဉ်တော်တရား၏အရှင်သည် ရောင်ခြည်တော်ကိုလွှတ်တော်မူသည်အတိုင်း ငါတို့သည် ဘုန်းအသရေတိုးပွား၍။ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏။ လက်တွေ့သန့်ရှင်းစေခြင်းသည် အသက်တာ၌ခရစ်တော်ကို ပထမဦးစားပေးခြင်းအားဖြင့်သာလျှင် ရရှိခံစားနိုင်သည်။ လူ့အသက်တာ၌အရေးကြီးသောမူတစ်ခုမှာ ကျွန်ုပ်တို့အသက်တာသည် ကျွန်ုပ်တို့ကိုးကွယ်သောသူ၏သဏ္ဍာန်တော်သို့ပြောင်းလဲသွားခြင်းဖြစ်သည်။ ခရစ်တော်ကိုစေ့စေ့ကြည့်မျှော်လေလေ၊ သူ၏သဏ္ဍာန်တော်သို့ ပြောင်းလဲလေလေဖြစ်၏။ ဤအံ့သြဘွယ်ရာပြောင်းလဲခြင်းကို သန့်ရှင်းသောဝိညာဉ်တော်က တစ်ချိန်တစ်ခါတည်းမဟုတ်ပဲ အကြိမ်ကြိမ်လုပ်ဆောင်ပါသည်။



## စုံလင်သောသန့်ရှင်းစေခြင်း

ဤစုံလင်သောသန့်ရှင်းစေခြင်းသည် ယုံကြည်သူအတွက် အနာဂတ်ကာလတွင်ဖြစ်မည်။ ယုံကြည်သူသည် ခရစ်တော်ကို မျက်နှာချင်းဆိုင်တွေ့သောအခါ အပြစ်နှင့်ညစ်ညူးသောအရာများမှ ထာဝရခွဲခွါတော့မည်ဖြစ်သည်။ သူသည် စုံလင်သောသန့်ရှင်းစေခြင်းခံပြီး အကျင့်စရိုက်အားဖြင့် သခင်ယေရှုနှင့်တူမည်ဖြစ်သည်။ ဤအကြောင်းကို ကောလောသဲ၊ ၁း၂၁-၂၃ တွင် ဤကဲ့သို့ပြောထားပါသည်။ " . . . ကိုယ်ခန္ဓာတော်၌အသေခံတော်မူသောအားဖြင့် . . . သန့်ရှင်းစင်ကြယ်လျက် အပြစ်တင်ခွင့်နှင့်ကင်းလွှတ်လျက်ရှိသောသင်တို့ကို ရှေ့တော်၌ဆက်သမည်အကြောင်းတည်း။"

ထိုနေ့ရက်တွင် အသင်းတော်သည် စုံလင်သောသန့်ရှင်းခြင်းရရှိမည် - "ထိုအသင်းတော်သည် သန့်ရှင်းလျက်၊ အပြစ်ကင်းလျက်ရှိသည်ဖြစ်၍၊ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှစသည်တို့နှင့် လွတ်လပ်သဖြင့် အသရေတင့်တယ်လျက်ရှိသောအသင်းတော်ကို ခရစ်တော်သည် မိမိအားဆက်သအံ့သောငှါ . . . " (ဧဖက်၊ ၅း၂၆-၂၇)။

"စုံလင်သောသန့်ရှင်းစေခြင်း" စကားလုံးမသုံးသော်လည်း ၎င်းနှင့်တူညီသောအဓိပ္ပါယ်ရှိသည့် အခြားကျမ်းပိုဒ်များလည်းရှိပါသည်။ ဥပမာပြောရပါက၊ ရှင်ယောဟန်က ". . . ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည်ကိုယ်တော်နှင့်တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ကိုယ်တော်ဖြစ်တော်မူသည်အတိုင်း ငါတို့သည်မြင်ရကြလတံ့ (၁ယော၊ ၃း၂)ဟု ပြောပါသည်။ ရှင်ယုဒ ကလည်း သခင်ယေရှုသည် "အပြစ်မရှိဘဲဝမ်းမြောက်ခြင်းနှင့်ပြည့်စုံလျက်ရှိသော သင်တို့ကိုဘုန်းအသရေတော်ရှေ့၌ဆက်သခြင်းငှါ၎င်း" (ယုဒ၊ ၂၄) ဟူ၍ ကျွန်ုပ်တို့ကိုသတိပေးသိမှတ်စေပါသည်။

## အကျဉ်းချုပ်

သန့်ရှင်းစေခြင်း (Sanctification) အကြောင်းနှင့်ပတ်သက်၍ ကျမ်းစာလေ့လာရာတွင် ဤသင်ခန်းစာက အထောက်အကူပေးမည်ဟု

မျှော်လင့်ပါသည်။ ကျမ်းစာထဲတွင် သန့်ရှင်းခြင်း (holiness) စကားလုံး တွေ့သောအခါ၊ ဤအရာသည် ပြောင်းလဲခြင်းမတိုင်မီဖြစ်တာလား၊ ခရစ်တော်၌ ကျွန်တော်ရသောသန့်ရှင်းခြင်းလား၊ နေ့စဉ်အသက်တာ၌လက်တွေ့သန့်ရှင်းခြင်းလား၊ သို့မဟုတ် ခရစ်တော်ဘုရားနှင့်အတူ ဘုန်းတော်ဝင်စားသောအခါ ကျွန်တော်ရရှိခံစားမည့် စုံလင်သောသန့်ရှင်းစေခြင်းလား၊ စသည်ဖြင့် ရှင်းလင်းမှန်ကန်စွာ နားလည်ခွဲခြားနိုင်မည်ဖြစ်သည်။



# ၁၀
# ကျိန်းဝပ်ခြင်း၊ နှစ်ခြင်းနှင့်ပြည့်ဝခြင်း

The Indwelling, Baptism, and Filling

သန့်ရှင်းသောဝိညာဉ်တော်၏အကြောင်းလေ့လာသောအခါ၊ အရေးကြီးသည့် ကွဲပြားခြားနားသောအရာတချို့ခွဲခြားရပါမည်။ သန့်ရှင်းသောဝိညာဉ်တော်၏ကျိန်းဝပ်ခြင်း၊ နှစ်ခြင်းနှင့်ပြည့်ဝခြင်းတို့၏ ခြားနားမှုကို တွေ့ရပါမည်။ သန့်ရှင်းသောဝိညာဉ်တော်၏နှစ်ခြင်းသည် မီး၌နှစ်ခြင်းနှင့်မတူကြောင်းကိုလည်း သိမှတ်ရမည်။ ထို့အပြင် ကျွန်ုပ်တို့သည် ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းနှင့် ကျွန်ုပ်တို့လုပ်ဆောင်ရမည့်တာဝန်အကြား ခြားနားမှုကိုလည်း ခွဲခြားတတ်ရန်လိုသည်။

## ကျိန်းဝပ်ခြင်း

လူတယောက်ဒုတိယမွေးခြင်းခံသောအခါ၊ ဘုရားသခင်၏ဝိညာဉ်တော်သည် သူ၏အထဲ၌ကျိန်းဝပ်သည် (၁ကော ၆း၁၉) - "အဘယ်သို့နည်း။ သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော၊ သင်တို့အထဲ၌ကျိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ဗိမ္ဗာန်ဖြစ်ကြောင်းကိုငှင်း၊ မိမိတို့ကို မိမိတို့မပိုင်ကြောင်းကိုငှင်း၊ မသိကြသလော"။ ဝိညာဉ်တော်မရရှိသောသူသည် စစ်မှန်သောခရစ်ယာန်မဟုတ်ပါ (ရော ၈း၉ခ)။ သုံးပါးတစ်ဆူဘုရား၏ တတိယပုဂ္ဂိုလ်တည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်တခါကျိန်းဝပ်သည်နှင့် ဘယ်သောအခါမှ မ

စွန့်ခွါတော့ပါ (ယော ၁၄း၆)။ ကျွန်ုပ်တို့အထဲ၌ဝိညာဉ်တော်ကျိန်းဝပ်ခြင်းကိုအဘယ်သို့သိနိုင်ပါသနည်း။ ကာလအချိန်ကျော်လွန်လာသည်နှင့်အမျှ ကျွန်ုပ်တို့၏အသက်တာထဲ၌ သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ပြောင်းလဲပေးသောအရာများအားဖြင့်လည်းသိနိုင်ပါသည်။ ကျိန်းဝပ်ခြင်းသည် စိတ်ခံစားမှုပါဝင်ကောင်းပါဝင်မည်ဖြစ်သော်လည်း၊ မူလအားဖြင့် ပြည့်ဝခြင်းမဟုတ်ပါ။ ထိုကျိန်းဝပ်ခြင်းကိုစောင့်ဆိုင်းရန် နှုတ်ကပတ်တော်မသွန်သင်ပါ။ သခင်ယေရှုခရစ်တော်ကို မိမိကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံသည့်အချိန်၌ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲ၌ဝင်ရောက်ကျိန်းဝပ်ပါသည်။

## ဝိညာဉ်တော်နှစ်ခြင်း

ဝိညာဉ်တော်နှစ်ခြင်းနှင့်ပတ်သက်သောအဓိကကျမ်းချက်မှာ ၁ကော ၁၂း၁၃ ဖြစ်ပါသည်။ "အကြောင်းမူကား၊ ယုဒလူဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တပါးတည်းအားဖြင့် တကိုယ်တည်းထဲသို့ ဗတ္တိဇံကိုခံကြ၏။ ငါတို့ရှိသမျှသည် တစိတ်တဝိညာဉ်တည်းထဲသို့လည်း သောက်ကြ၏။"

ဤနှစ်ခြင်းသည် ဝိညာဉ်တော်၏လုပ်ဆောင်ချက်ဖြစ်၍၊ ယုံကြည်သူကို အသင်းတော်ဖြစ်သောခရစ်တော်၏ကိုယ်ခန္ဓာထဲသို့ သွတ်သွင်းသည်။ ထိုဝိညာဉ်တော်နှစ်ခြင်းသည် အသင်းတော်အစပြုသည့် ပင်တေကုတ္တေနေ့၌ ပထမဆုံးဖြစ်ခဲ့ပါသည်။ ထိုနောက်တွင် လူတဦးတယောက်က ခရစ်တော်ကို မိမိကယ်တင်ရှင်အဖြစ်ယုံကြည်လက်ခံသောအခါ ဝိညာဉ်တော်နှစ်ခြင်းအားဖြင့် အသင်းတော်သို့သွတ်သွင်းခြင်းခံပါသည်။

တနည်းအားဖြင့်ပြောမည်ဆိုလျှင်၊ ယုံကြည်သူအားလုံးတို့သည် လူမျိုး၊ ဓလေ့ထုံးစံနှင့်မဆိုင်ဘဲ ဝိညာဉ်တော်နှစ်ခြင်းခံခဲ့ပြီးဖြစ်သည်။ ဤဝိညာဉ်တော်နှစ်ခြင်းသည် အသစ်မွေးဖွားခြင်းနှင့်အတူ တချိန်တည်းတွင်ဖြစ်ကာ၊ နောက်မှဖြစ်လာခြင်းမဟုတ်ပါ။ ဤဝိညာဉ်တော်နှစ်ခြင်းကို နောက်တကြိမ်ထပ်ခံရန် မလိုတော့ပါ။



သမ္မာကျမ်းစာက ယုံကြည်သူအား ဝိညာဉ်တော်နှစ်ခြင်းခံရန် ဘယ်သောအခါမှမခိုင်းပါ။ အပြစ်သားတယောက်က ကယ်တင်ရှင်ကိုယုံကြည်လက်ခံသောအချိန်တွင် ဝိညာဉ်တော်နှစ်ခြင်းသည် အလိုအလျှောက်ဖြစ်ပေါ်ပါသည်။ ဤအရာသည် စိတ်ခံစားမှုအတွေ့အကြုံမျိုးမဟုတ်ပါ။ ဝိညာဉ်တော်နှစ်ခြင်းခံခြင်းကို သိရှိနားလည်နိုင်သည့် တခုတည်းသောနည်းမှာ သမ္မာကျမ်းစာသာလျှင် ဖြစ်သည်။

## မီးနှင့်ဗတ္တိဇံခံခြင်း

မီးနှင့်ဗတ္တိဇံခံခြင်းသည် ဝိညာဉ်တော်နှစ်ခြင်း (ဗတ္တိဇံ) နှင့်မတူပါ။ ဤအရာသည် တရားစီရင်ခြင်းနှင့်ဆိုင်သောနှစ်ခြင်း (ဗတ္တိဇံ) ဖြစ်ပြီး၊ ကောင်းကြီးမင်္ဂလာနှင့်အခွင့်အရေးမဟုတ်ပါ။

နှစ်ခြင်းဆရာယောဟန်က ယုံကြည်သူနှင့်မယုံကြည်သူများရောနှောသည့်တရားနာပရိသတ်တို့အား ဟောပြောရာတွင် "ထိုသူ (ခရစ်တော်)သည် သင်တို့ကို ဝိညာဉ်တော်နှင့်၄င်း၊ မီးနှင့်၄င်း၊ ဗတ္တိဇံပေးမည်" (မဿဲ ၃း၁၁။ လုကာ ၃း၁၆) ဟုပြောပါသည်။ ထို့နောက် သူသည် ဆက်လက်၍ မီးနှင့်ဗတ္တိဇခံခြင်းသည် ဘုရားသခင်၏တရားစီရင်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

"လက်တော်တွင် စံကောပါလျက် မိမိကောက်နယ်တလင်းကိုရှင်းလင်းစေသဖြင့် ဂျုံစပါးကိုကား ကျီ၌စုသိမ်းသွင်းထား၍၊ အဖျင်းကိုကား မငြိမ်းနိုင်သောမီးနှင့် ရှို့တော်မူလတံ့ဟု ပြောဆို၏" (လုကာ ၃း၁၇။ မဿဲ ၃း ၁၂)။

ဤကျမ်းပိုဒ်ရှိ စကားအဆက်အစပ်တို့က မီးသည်တရားစီရင်ခြင်းဖြစ်ကြောင်းကို ရှင်းလင်းထားပါသည်။ မီးနှင့်ဗတ္တိဇံခံခြင်းသည် နှစ်သက်ပျော်မွေ့ဘွယ်ကောင်းသောအရာမဟုတ်ပါ။

သို့ရာတွင်၊ ဟောဟန်သည် သူ၏တရားနာပရိသတ်ထဲတွင် မယုံကြည်သူများမပါပဲ၊ ယုံကြည်သူများသာရှိသောအခါ "ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော်၌ သင်တို့ကိုဗတ္တိဇံပေးမည်" ဟု ပြောပါသည် (မာကု

၁း၈။ ယော ၁း၃၃)။ သူသည် မီးအကြောင်း လုံးဝ မပြောပါ။

ဝိညာဉ်တော်နှစ်ခြင်းသည် ယုံကြည်သူအတွက် အတိတ်ကာလ၏ အဖြစ်အပျက်ဖြစ်ပါသည်။ မီးနှင့်ဗတ္တိဇံခံခြင်းသည် မယုံကြည်သူများအတွက် အနာဂတ်တရားစီရင်ခြင်းဖြစ်ပါသည်။

## ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း၏သွင်ပြင်လက္ခဏာနှစ်မျိုး

ဓမ္မသစ်ကျမ်းစာထဲတွင် ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းကို နှစ်မျိုးခွဲခြား၍ရေးသားဖေါ်ပြပါသည်။ ဤအရာကိုမသိပါက ရှုပ်ထွေးနိုင်ပါသည်။

ပထမမှာ၊ "တန်ခိုးတော်ဖြင့်ပြုသောပြည့်ဝခြင်း" ဟု ကျွန်ုပ်တို့ ခေါ်ဆိုနိုင်ပါသည်။ ဥပမာ၊ နှစ်ခြင်းဆရာယောဟန်သည် "သူ၏အမိဝမ်းထဲ၌ရှိစဉ် ဝိညာဉ်တော်နှင့်ပြည့်ဝသည်" ဟု ကျမ်းစာ၌ဖေါ်ပြပါသည် (လုကာ ၁း၁၅ခ)။ သူငယ်လေး ယောဟန်၌ ထိုကဲ့သို့ ဝိညာဉ်တော်နှင့်ပြည့်ဝနိုင်ရန် အခြေအနေရှိမည်မဟုတ်ကြောင်း ထင်ရှားပါသည်။ ဘုရားသခင်သည် နှစ်ခြင်းဆရာယောဟန်အား မေရှိယ၏ရှေ့ပြေးအဖြစ်နှင့်တမူထူးခြားသော အမှုတော်အတွက် တန်ခိုးတော်ဖြင့်ပြင်ဆင်ခြင်းဖြစ်ပါသည်။

အလားတူပဲ၊ တမန်တော်ဝတ္ထုထဲ၌ နှစ်နေရာတွင်တွေ့နိုင်ပါသည်။ ပေတရုသည် မကြောက်မရွံ့ဘဲ ဣသရေလူအကြီးအကဲများအား တရားဟောရန် ဝိညာဉ်တော်နှင့်ပြည့်ဝခဲ့သည် (တမန် ၄း၈-၁၂)။ ရှင်ပေါလုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝသဖြင့် နတ်ဝိဇ္ဇာအတတ်သမား ဧလုမအားလွှတ်စေပါသည် (တမန် ၁၃း၉-၁၁)။

## ဝိညာဉ်တော်နှင့်ပြည့်ဝကြလော့။

ဒုတိယတမျိုးမှာ ပထမနှင့်မတူဘဲခြားနားပါသည်။ ဤအရာသည် ယုံကြည်သူတိုင်းဝိညာဉ်တော်နှင့်ပြည့်ဝရန် မိန့်မှာခြင်းဖြစ်သည်။ ဤအကြောင်းကိုဖေါ်ပြသော အဓိကကျမ်းချက်မှာ ဧဖက် ၅း၁၈ ဖြစ်ပါသည်-
"လွန်ကျူးစေတတ်သောစပျစ်ရည်နှင့်ယဇ်မူးခြင်းကိုရှောင်၍ ဝိညာဉ်တော်နှင့် ပြည့်ဝလျက်ရှိကြလော့"။



ကြိယာပုဒ် "ပြည့်ဝလျက်ရှိကြလော့" (be filled) စကားလုံး၏ အဓိပ္ပါယ်မှာ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်းကို တချိန်တခါသာ တွေ့ကြုံခြင်းမဟုတ်ဘဲ၊ ဆက်လက်၍ပြည့်ဝရန် ယုံကြည်သူ၌ တာဝန်ရှိကြောင်းဆိုလိုသည်။ **၁** ဤအရာသည် စပျစ်ရည်နှင့်ယစ်မူးပြီး အပျော်အပါးကြူးခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ **၂** အောက်ပါတို့ကိုမှတ်သားပါ။

စပျစ်ရည်နှင့်ယစ်မူးခြင်း    ဝိညာဉ်တော်နှင့်ပြည့်ဝလျက်ရှိကြလော့။

## အဘယ်သို့ ပြည့်ဝမည်နည်း

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝနိုင်ရန် လိုအပ်သောအရာတချို့ကို အထက်တွင်ဖေါ်ပြပြီးဖြစ်ပါသည်။ လူတယောက်က "ကောင်းကြီးမင်္ဂလာရနိုင်သောနည်းလမ်း" အတိုင်း မိမိကိုယ်ကိုဆက်ကပ်အပ်နှံရပါမည် ဟုပြောခဲ့ဘူးပါသည်။ လူတယောက်က အဘယ်သို့လုပ်နိုင်ပါမည်နည်း။

- မနှောင့်နှေးဘဲ အပြစ်ကိုဝန်ချတောင်းပန်၍စွန့်ပစ်ပါ (၁ယော ၁း၉။ သုတ္တံ ၂၈း၁၃)။
- မိမိကိုယ်ခန္ဓာကို အသက်ရှင်ခြင်းလက္ခဏာနှင့်ပြည့်စုံသောယဇ်ကဲ့သို့ဆက်ကပ်ပါ (ရော ၁၂း၁-၂)။
- ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် မိမိကိုယ်ကိုကြွယ်ဝစေပါ (ကော ၃း၁၆)။
- ဝတ်ပြုခြင်းနှင့် ဆုတောင်းခြင်းအတွက် အချိန်များများသုံးပါ (၂ကော ၃း၁၈။ မဿဲ ၇း၇)။
- ခရစ်ယာန်များနှင့်နီးကပ်စွာမိတ်သဟာယဖွဲ့ပါ (ဟေဗြဲ ၁၀း၂၅)။
- ခပ်သိမ်းသောအရာကို ဘုရားဘုန်းတော်အတွက်လုပ်ပါ (၁ကော ၁၀း၃၁)။

ဝိညာဉ်တော်နှင့်အမှန်တကယ်ပြည့်ဝသောသူသည် သူတပါးတို့အား မဝါကြွားပါ။ သူသည် မိမိကိုယ်ကိုနှိမ့်ချပြီး၊ ခရစ်တော်ကိုချီးမြှောက်သည် (ယော ၃း၃၀။ ၁၆း၁၄)။ သူသည် ဝိညာဉ်တော်၌ပို၍လျှောက်လှမ်း

လေလေ၊ သူ့ကိုယ်သူဘာမှမဟုတ်ကြောင်းနှင့် မထိုက်တန်သောသူဖြစ်ကြောင်းကိုပို၍သိလေလေဖြစ်သည်။

ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းသည် စိတ်ခံစားချက်မဟုတ်ဘဲ၊ လက်တွေ့အသက်တာသန့်ရှင်းခြင်းဖြစ်ကြောင်းကိုသိမှတ်ရန် အရေးကြီးလှပါသည်။ စိတ်ခံစားမှုသည် ခရစ်ယာန်အသက်တာ၌ပါဝင်သကဲ့သို့ ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း၌ပါသော်လည်း အဓိကမဟုတ်ပါ။

## နောက်ဆုံးစကား

ယုံကြည်သူတယောက်သည် ဝိညာဉ်တော်နှင့်ပြည့်ဝခြင်းကို တွေ့ကြုံဘူးမည်ဖြစ်သည်။ ဥပမာ၊ သူသည် ဝိညာဉ်အသက်တာကျဆင်းနေသည့်အချိန်၊ ဘုရားသခင်နှင့်မိတ်သဟာယပြတ်စဲသည့်အချိန်အခါများ၌ နောင်တရပြီး၊ မိမိအသက်တာကို ခရစ်တော်၌ပြန်လည်ဆက်ကပ်အပ်နှံသောအခါ၊ အသက်တာပြန်လည်ဆန်းသစ်လာကာ ဝိညာဉ်တော်နှင့်ပြည့်ဝလာပါသည်။ ဤကဲ့သို့သော အတွေ့အကြုံမျိုးကို တောင့်တရန်လိုအပ်ပြီး၊ စိတ်ခံစားမှုလည်းပါဝင်နိုင်ပါသည်။ ဤအတွေ့အကြုံသည် ဝိညာဉ်တော်ကျိမ်းဝပ်ခြင်း (သို့) ဝိညာဉ်တော်နှစ်ခြင်းနှင့်မတူပါ။ ထိုအတွေ့အကြုံသည် ဝိညာဉ်တော်နှင့်ပြည့်ဝဘို့ရန် တိုးတက်ဖြစ်ပေါ်နေခြင်းဖြစ်သော်လည်း ထိုပြည့်ဝခြင်းသည် တကြိမ်တခါတည်းသာကြိုးပမ်းလုပ်ဆောင်ခြင်းဖြင့် ရရှိခြင်းမဟုတ်ပါ။ ဝိညာဉ်တော်၏လုပ်ဆောင်မှုအမျိုးမျိုးကို မှားယွင်းစွာအခေါ်အဝေါ်ပေးခြင်းသည် သမ္မာတရားခံယူခြင်းဆိုင်ရာရှုပ်ထွေးမှုဖြစ်စေပါသည်။

## မှတ်ချက်။

၁။ မူလကျမ်းစာထဲတွင် အမိန့်ပေးခြင်းကိုအချိန်ကာလနှစ်မျိုးဖြင့် ဖေါ်ပြပါသည်။ တစ်ခုကလုပ်ဆောင်ခြင်း (သို့) အဖြစ်အပျက်ကိုဖေါ်ပြကာ၊ နောက်တစ်ခုက ပစ္စုပ္ပန်ကာလ၌ တဆက်တည်းဖြစ်ခြင်း (သို့) ထပ်ခါတလဲလဲဖြစ်သောအဖြစ်အပျက်ကိုဖေါ်ပြသည်။ "ဆက်လက်၍ပြည့်ဝခြင်း" ဟု ဘာသာပြန်ဆိုနိုင်ပါသည်။

၂။ သမ္မာကျမ်းစာ KJV တွင် "ပိုများခြင်း" (excess) ကို ယခုခေတ်တွင် "သင်လုပ်ဆောင်နိုင်ခြင်းထက်" ဟု အဓိပ္ပါယ်ရှိပါသည်။ (ဥပမာ၊ လူတယောက်သည် ကိုလာ၊ ကော်ဖီ၊ (သို့) ကိတ်မုန့်များကိုလည်း အပိုဆောင်း၍ရနိုင်သည်)။ အပျော်အပါးကြူးခြင်းသည် အရက်သေစာသောက်သုံးခြင်းအားဖြင့် မိမိကိုယ်ကိုထိန်းချုပ်မှုမရှိသည့် အသက်တာကိုညွှန်ပြသည်။

# ၁၁

# ကယ်တင်ခြင်းနှင့်အစေခံခြင်း

## Salvation and Service

ဘုရားသခင်၏နှုတ်ကပတ်တော်လေ့လာသောအခါ ကယ်တင်ခြင်း၊ ခရစ်ယာန်အသက်တာနှင့်အမှုတော်မြတ်၌ အစေခံခြင်းတို့ကိုဖော်ပြသော ကျမ်းပိုဒ်များကိုသိရှိ၊ နားလည်ခွဲခြားတတ်ပါက၊ မှားယွင်းရှုပ်ထွေးမှုများနှင့်ကင်းလွတ်လိမ့်မည်။

### ကယ်တင်ခြင်းနှင့်ဆိုင်သောကျမ်းပိုဒ်များ

ယေဘုယျအားဖြင့်ပြောမည်ဆိုလျှင်၊ ကယ်တင်ခြင်းနှင့်ပတ်သက်သည့်ကျမ်းပိုဒ်များကို နားလည်ရန် မခက်ခဲပါ။ ထိုကဲ့သို့သောကျမ်းပိုဒ်များသည် အောက်ဖော်ပြပါအတိုင်း တသမတ်တည်းဖြစ်ကြသည်။

*ဘုရားသခင်ဘက်မှကယ်တင်ခြင်းသည်ကျေးဇူးတော်ကြောင့်ဖြစ်သည်* --

"ယေရှုခရစ်ရွေးနှုတ်တော်မူသောအားဖြင့် အဘိုးကိုမပေးဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်ရကြ၏" (ရောမ ၃း၂၄)။

ခရစ်တော်ဘက်မှလက်ဝါးကပ်တိုင်ပေါ်၌ ကိုယ်စားအသေခံခြင်းကြောင့်ဖြစ်သည် --

"အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏" (၂ကော ၅း၂၁)။



လူဘက်မှကယ်တင်ခြင်းသည် ယုံကြည်ခြင်းအားဖြင့်ဖြစ်၍၊ ပညတ်တရား၏အကျင့်အားဖြင့်လုံးဝမဟုတ်ပါ။

"ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြသည်ကို၊ အပြစ်ထင်ရှားသော တပါးအမျိုးသားမဟုတ်ဘဲ၊ ဇာတိအမျိုးအားဖြင့် ယုဒလူဖြစ်သောငါတို့သည် အမှန်သိသည်နှင့်အညီ၊ ပညတ်တရား၏အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့မရောက်၊ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ၊ ငါတို့ပင် ယေရှုခရစ်ကိုယုံကြည်ကြပြီ။ အကြောင်းမူကား၊ ပညတ်တရား၏အကျင့်အားဖြင့် အဘယ်သူမျှ ဖြောင့်မတ်ရာသို့မရောက်နိုင်ရာ" (ဂလာ ၂း၁၆)။

ကယ်တင်ခြင်းစိတ်ချမှုနှင့်ပတ်သက်၍၊ ယုံကြည်သူတယောက်သည် သူကိုယ်တိုင်ကယ်တင်ခြင်းရသည့်အကြောင်းကို နှုတ်ကပတ်တော်၏အခွင့်အာဏာအားဖြင့်သိနိုင်သည် --

"ဘုရားသခင်၏သားတော်ကို ယုံကြည်သောသင်တို့သည် ထာဝရအသက်ကိုကိုယ်တိုင်ရသည်ဟု သိစေခြင်းငှါ၊ ဤအရာများကို သင်တို့အားငါရေး၍ပေးလိုက်၏" (၁ယော ၅း၁၃)။

လုံခြုံမှုနှင့်ပတ်သက်၍၊ ဘုရားသခင်၏သားသည်သူ၏အပြစ်ကြောင့် တရားစီရင်ခြင်းမခံရတော့သည့်အပြင် ဘယ်သောအခါမှ မပျက်စီးတော့ပါ။

"ငါသိုးတို့သည် ငါ့စကားသံကိုနားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။ ထာဝရအသက်ကိုလည်း ငါပေး၏။ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့လက်မှမနှုတ်မယူရာ။ ထိုသိုးတို့ကို ငါ၌အပ်ပေးတော်မူသော ငါ့ခမည်းတော်သည် ခပ်သိမ်းသောသူတို့ထက်ကြီး မြတ်တော်မူသည်ဖြစ်၍ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့ခမည်းတော်၏လက်မှ မနှုတ်မယူနိုင်ရာ" (ယော ၁၀း၂၇-၂၉)။

## အစေခံခြင်းနှင့်ဆိုင်သော ကျမ်းပိုဒ်များ

ကယ်တင်ခြင်းနှင့်မပတ်သက်ဘဲ၊ ခရစ်ယာန်အသက်တာ၊ အစေခံခြင်းနှင့်ပတ်သက်သောကျမ်းပိုဒ်များကို သတိမထားမိပါက အနက်ဖွင့်ဆိုရာ၌ခက်ခဲမှုကြုံရတတ်သည်။

ဥပမာအနေဖြင့် ရှင်ယောဟန် ၁၅း၁-၁၁ ကို လေ့လာကြစို့။

"ငါသည်မှန်သောစပျစ်နွယ်ပင်ဖြစ်၏။ ငါ့ခမည်းတော်သည်လည်း ဥယျာဉ်စောင့်ဖြစ်တော်မူ၏။ ငါ၌အသီးမသီးသောအခက်ရှိသမျှတို့ကို ခုတ်ပစ်တော်မူ၏။ အသီးသီးသောအခက်ရှိသမျှတို့ကိုသာ၍သီးစေခြင်းငှါသုတ်သင်ရှင်းလင်းတော်မူ၏။ သင်တို့သည် ငါဟောပြောသောစကားအားဖြင့် ယခုပင်ရှင်းလင်းလျက်ရှိကြ၏။ ငါ၌တည်နေကြလော့။ ငါသည်လည်းသင်တို့၌တည်နေမည်။ စပျစ်ခက်သည်အပင်၌မတည်လျှင် ကိုယ်အလိုအလျောက်အသီးမသီးနိုင်သကဲ့သို့၊ သင်တို့သည်ငါ၌မတည်လျှင်၊ အသီးမသီးနိုင်ကြ။ ငါသည်စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည်အခက်များဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ငါသည်လည်းသူ၌တည်၏၊ ထိုသူသည်များစွာသောအသီးသီးတတ်၏။ ငါနှင့်ကွာလျှင်သင်တို့သည်အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။ ငါ၌မတည်သောသူသည် သွေ့ခြောက်သောအခက်ကဲ့သို့ ပြင်သို့ပစ်လိုက်ခြင်းကိုခံရ၏။ ထိုသို့သောအခက်များကို လူတို့သည်စုသိမ်း၍မီးထဲသို့ချလိုက်ကြသဖြင့် မီးလောင်ခြင်းသို့ရောက်ကြ၏။ သင်တို့သည် ငါ၌တည်၍ငါ့စကားသည်သင်တို့၌တည်လျှင်၊ သင်တို့သည်တောင်းချင်သမျှကိုတောင်း၍ရကြလိမ့်မည်။ သင်တို့သည်များစွာသောအသီးကိုသီးသောအားဖြင့်၊ ငါ့ခမည်းတော်သည်ဘုန်းထင်ရှားတော်မူ၍ သင်တို့သည်လည်းငါ၏တပည့်မှန်ကြလိမ့်မည်။ ခမည်းတော်သည် ငါ့ကိုချစ်တော်မူသကဲ့သို့ ငါသည်သင်တို့ကိုချစ်၏။ ငါ၏ချစ်ခြင်းမေတ္တာ၌တည်နေကြလော့။ ငါသည် ငါ့ခမည်းတော်၏ပညတ်တို့ကိုစောင့်ရှောက်၍ ခမည်းတော်၏မေတ္တာ၌တည်နေသကဲ့သို့ သင်တို့သည်ငါ့ပညတ်တို့ကိုစောင့်ရှောက်လျှင်၊ ငါ့မေတ္တာ၌တည်နေကြလိမ့်မည်။ သင်တို့၌ငါဝမ်းမြောက်စရာအကြောင်းတည်စေခြင်းငှါ၎င်း၊ သင်တို့ဝမ်းမြောက်စရာစုံလင်စေခြင်းငှါ၎င်း၊ ဤစကားကို သင်တို့အား ငါဟောပြော၏။"

၊

ဤကျမ်းပိုဒ်များ၏အဓိကသွန်သင်သည့်အကြောင်းမှာ ငရဲမှကယ်တင်ခြင်းမဟုတ်ဘဲ၊ အသီးသီးခြင်းဖြစ်ပြီး၊ ခရစ်ယာန်အသက်တာ၌ ဝိညာဉ်တော်၏အသီးကို ထင်ရှားစေခြင်းဖြစ်သည် (ဂလာ ၅း၂၂၊ ၂၃)။ ကယ်တင်ရှင်လိုအပ်နေသောအပြစ်သားများအတွက်ရေးသားခြင်းမဟုတ်ဘဲ၊ ခရစ်တော်နှင့်တူသော အသက်တာကို လိုအပ်နေသည့် သန့်ရှင်းသူများအတွက် ရေးသားခြင်းဖြစ်သည်။ သင်သည် ဤသို့မရှုမြင်တတ်ပါက၊ ခရစ်ယာန်များကို ငရဲမီးထဲသို့ပစ်ချနိုင်သည်ဟု နိဂုံးချုပ်နိုင်သည် (ယော၊ ၁၅း၆)။ ဤကျမ်းပိုဒ်၏အဓိကသွန်သင်ချက်မှာ၊ ရွေ့လျော့ဖောက်ပြန်သော ယုံကြည်သူ၏အသက်တာသည် စပျစ်နွယ်ပင်၌ မတည်သောအကိုင်းကဲ့သို့ဖြစ်၍၊ လောကသားတို့သည် ထိုယုံကြည်သူ၏နာမည်နှင့် အသုံးမရသောအသက်တာကို ယူ၍ မီးထဲသို့ပစ်ချကြသည်ဟု တင်စား၍ဖေါ်ပြခြင်းဖြစ်သည်။ ကယ်တင်ခြင်းမရသောသူတို့သည် စပျစ်နွယ်ပင်၌ မတည်သောယုံကြည်သူများကို အထင်အမြင်သေးကြသည်။

မကြာခဏနားလည်လွဲသော အခြားကျမ်းပိုဒ်တစ်ပိုဒ်မှာ -(၁ကော ၃း၁၀-၁၅) ဖြစ်ပါသည်။

"ဘုရားသခင်၏ကျေးဇူးတော်ကို ငါခံရသည်နှင့်အညီ၊ လိမ္မာသောဗိသုကာကဲ့သို့ထပ်ဆင့်၍တည်ဆောက်သည်ကို လူတိုင်းသတိပြုပါစေ။ အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော၊ ချလျက်ရှိသောတိုက်မြစ်မှတပါး အခြားသောတိုက်မြစ်ကိုအဘယ်သူမျှမချနိုင်။ ထိုတိုက်မြစ်အပေါ်၌ ရွှေ၊ ငွေ၊ ကျောက်ကောင်း၊ သစ်သား၊ မြက်ပင်၊ ကောက်ရိုးများကို ထပ်ဆင့်၍တည်ဆောက်သောသူရှိသမျှ၊ အသီးအသီးလုပ်သော အလုပ်သည်ထင်ရှားလိမ့်မည်။ အဘယ်သို့နည်းဟူမူကား ဘော်ပြချိန်နေ့ရက်သည် မီးအားဖြင့်ထင်ရှားစေလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည် အဘယ်သို့သောအလုပ်ဖြစ်သည်ကို မီးသည်စစ်ကြောစုံစမ်းလိမ့်မည်။ ထိုတိုက်မြစ်အပေါ်၌ ထပ်ဆင့်၍တည်ဆောက်သောအကြင်သူ၏အလုပ်သည်မြဲ၏၊ ထိုသူသည် အကျိုးကိုခံရလိမ့်မည်။ အကြင်သူ၏အလုပ်သည် ကျွမ်းလောင်၏၊ ထိုသူသည် အရှုံးခံရလိမ့်မည်။ သို့သော်လည်း မီးနှင့်လွတ်သကဲ့သို့ သူသည်ကယ်

တင်ခြင်းသို့ရောက်လိမ့်မည်"။

အခန်းငယ် ၁၁ ၌ပါသောအဓိကအကြောင်းမှာ ကယ်တင်ခြင်းဖြစ်သည်။ ယေရှုခရစ်တော်သာလျှင်ခိုင်ခံ့သောအုတ်မြစ်ဖြစ်ကြောင်းသွန်သင်သည်။ သို့သော် ကျန်ရှိသောကျမ်းပိုဒ်များက ထိုအုတ်မြစ်ပေါ်၌ဆောက်ထားသောအဆောက်အဦးအကြောင်းပြောသည်။ တနည်းအားဖြင့်ဆိုလျှင် ထိုအပိုဒ်သည် ကယ်တင်ခြင်းနောက်ကလာသော အစေခံခြင်းကိုဆိုလိုသည်။ ယုံကြည်သူကိုမီးနှင့်မစစ်ဆေးတော့ဘဲ၊ သူ၏အလုပ်ကိုစစ်ဆေးမည်။ ယုံကြည်သူကိုယ်တိုင်မီးနှင့်မလောင်ကျွမ်းဘဲ၊ သို့သော် သူ၏အလုပ်လောင်ကျွမ်းနိုင်သည်။ ဤကျမ်းချက်၏ အဓိကပြောချင်သောအရာမှာ ကယ်တင်ခြင်းသို့ရောက်စေသော ယုံကြည်ခြင်းအကြောင်းမဟုတ်ဘဲ၊ လုပ်ခရယူခြင်း (သို့) ဆုံးရှုံးခြင်းအကြောင်းကို ပြောပါသည်။

၁ကော ၉း၂၄-၂၇ ၌ပါသော ရှင်ပေါလု ပြောသောအကြောင်းကို နောက်ဥပမာတခုအဖြစ် ယူကြစို့။

"မြေတလင်း၌ပြိုင်၍ ပြေးကြသောသူအပေါင်းတို့သည် ပြိုင်၍ပြေးကြသော်လည်း၊ တယောက်တည်းသာလျှင်ဆုကိုရသည်ဟု သင်တို့မသိကြသလော။ ဆုကိုရမည်အကြောင်းပြေးကြလော့။ ပွဲ၌ပြိုင်၍အချင်းချင်းတိုက်သောသူမည်သည်ကား၊ အရာရာ၌တပ်မက်ခြင်းကိုချုပ်တည်းတတ်၏။ ထိုသူတို့သည် ညှိုးနွမ်းပျက်စီးတတ်သော ပန်းဦးရစ်ကိုရခြင်းအလို့ငှါ ပြုကြ၏။ ငါတို့မူကား မညှိုးနွမ်းမပျက်စီးနိုင်သော ပန်းဦးရစ်ကိုရခြင်းအလို့ငှါ ပြုကြ၏။ ထိုကြောင့် ငါပြေးသောအခါ အမှတ်တမဲ့ပြေးသည်မဟုတ် လက်ဝှေ့သတ်သောအခါ အာကာသကောင်းကင်ကိုသာထိုး၍သတ်သည်မဟုတ်။ သူတပါးကိုဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူမဖြစ်ရမည်အကြောင်း၊ ကိုယ်ကိုထိုး၍နှိပ်စက်လေ့ရှိ၏"

နောက်ဆုံးအပိုဒ်တွင် ရှင်ပေါလုက အဆုံး၌သူ့ကိုယ်သူဆုံးရှုံးသောသူဖြစ်နိုင်သည့်အကြောင်းပြောပါသည်။ ဤကျမ်းပိုဒ်သည် ကယ်တင်ခြင်းနှင့်မဆိုင်ဘဲ၊ ခရစ်ယာန်အသက်တာ၌ကိုယ့်ကိုယ်ကိုချုပ်တည်းခြင်းအကြောင်းနှင့်ဆိုင်ပါသည်။ ကယ်တင်ခြင်းနှင့်ပတ်သက်၍ ရှင်ပေါလုအား ငြင်းပယ်စရာအကြောင်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော် သူ့ကို ခရစ်တော်၌လက်ခံခဲ့ပြီးဖြစ်သည်။ သို့သော် ခရစ်ယာန်အသက်တာ၌ ကိုယ့်ကိုယ်ကိုချုပ်တည်းခြင်းအားနည်းပါက၊ ဘုရားသခင်၏အသုံးတော်ခံခြင်းမှဝေးကွာပြီး၊ လုပ်ခလည်းဆုံးရှုံးမည်။

ကယ်တင်ခြင်းနှင့်အစေခံခြင်း၏ ကွဲပြားခြားနားမှုသည် ဓမ္မသစ်ကျမ်း၌တခုနှင့်တခု ဆန့်ကျင်သကဲ့သို့ဖြစ်သောကျမ်းပိုဒ်များကိုဖြေရှင်းရန်သော့ချက်တစ်ခုဖြစ်သည်။ မဿဲ ၁၂း၃၀ တွင် ကျွန်ုပ်တို့၏သခင်ဘုရားကဤသို့ ပြောခဲ့သည် --

"ငါ့ဘက်၌မနေသောသူသည် ငါ့ရန်ဘက်ဖြစ်၏။ ငါနှင့်အတူ မစုမသိမ်းသောသူသည် ကြဲဖြန့်သောသူဖြစ်၏"။

သို့ရာတွင် မာကု ၉း၄၀ ၌ ခရစ်တော်ဘုရားကဤသို့ပြောခဲ့သည်။

"သင်တို့၏ရန်သူဘက်၌မရှိသောသူသည် သင်တို့ဘက်၌ရှိ၏။"

ပထမပိုဒ်တွင် ဤကျမ်းပိုဒ်နှစ်ပိုဒ်သည် တခုနှင့်တခုဆန့်ကျင်သလိုဖြစ်သည်။ သို့သော် ပထမအပိုဒ်သည် ကယ်တင်ခြင်းနှင့်သက်ဆိုင်ပြီး၊ ဒုတိယမှာ အမှုတော်မြတ်၌အစေခံခြင်းနှင့်ဆိုင်ကြောင်း သိရှိနားလည်သောအခါ၊ အနက်ဖွင့်ရန်ခက်ခဲမှုမရှိတော့ပါ။ ပထမသာဓကတွင် သခင်ယေရှုက သူ့ကိုငြင်းပယ်ပြီး၊ သူပြုသောနိမိတ်လက္ခဏာများကို နတ်ဆိုး၏တန်ခိုးနှင့်ပြုခဲ့သည်ဟုစွပ်စွဲသောဖါရိရှဲတို့အားပြောဆိုခြင်းဖြစ်သည်။ သူ့ဘက်၌မနေ၊ လက်မခံသောသူတို့သည် ခရစ်တော်၏ရန်ဘက်ဖြစ်သည်။

ဒုတိယဖြစ်ရပ်မှာ၊ ခရစ်တော်၏နာမတော်၌အစေခံသော်လည်း တပည့်တော်တို့၏နောက်သို့မလိုက်ပါ။ တပည့်တော်တို့က ထိုသူကိုတားမြစ်ကြသောအခါ၊ ယေရှုက၊ "ထိုသူကိုမမြစ်တားကြနှင့်။ . . . သင်တို့၏ရန်သူဘက်၌မရှိသောသူသည် သင်တို့ဘက်၌ရှိ၏" ဟုပြောသည်။ ခရစ်တော်အတွက်အစေခံရာတွင် ကျွန်ုပ်တို့အားဆန့်ကျင်တိုက်ခိုက်ခြင်းမပြုသောသူတို့သည် ကျွန်ုပ်တို့ဘက်၌ရှိကြသည်။

အထက်ဖေါ်ပြပါသာဓကများသည် ကယ်တင်ခြင်း၊ ခရစ်ယာန်အသက်တာနှင့်အစေခံခြင်းစသောအကြောင်းများနှင့်သက်ဆိုင်သည့်ကျမ်းပိုဒ်

များကို ခွဲခြားနားလည်နိုင်ရန် အထောက်အကူပြုပါသည်။ သို့ဖြစ်၍၊ ကျမ်းစာလေ့လာသောအခါ၊ အောက်ပါပေးထားသောအချက်များမှ မည်သည့်အချက်ကိုလေ့လာသနည်းဟူ၍ မိမိကိုယ်ကိုမေးပါ။

ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြုသောအမှု - ကယ်တင်ခြင်း
ကျွန်ုပ်တို့၏အထဲ၌ ဘုရားသခင်ပြုသောအမှု - သန့်ရှင်းစေခြင်း
ကျွန်ုပ်တို့အားဖြင့် ဘုရားသခင်ပြုသောအမှု - အစေခံခြင်း (အမှုတော်)။



# ၁၂
# ပုဂ္ဂိုလ်ရေးရာကြီးမြတ်ခြင်းက နေရာနှင့်ဆိုင်သော ကြီးမြတ်ခြင်းကိုဆန့်ကျင်သည်
Personal Greatness vs. Positional Greatness

စာရေးသူပြောသော လူပုဂ္ဂိုလ်တယောက်၏အသက်တာ၌ သူ၏ဂုဏ်အင်္ဂါ (သို့) တာဝန်ကိုခွဲခြားနိုင်ရန် ကျမ်းပိုဒ်တချို့ရှိပါသည်။ ဥပမာ-ပြောရလျှင်၊ လူတဦးသည်အခြားတဦးထက်သာ၍ကြီးမြတ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ပင်ကိုယ်အားဖြင့် ပို၍ကောင်းသောကြောင့်ဖြစ်သည်။ တဘက်တွင်၊ သာလွန်၍ကြီးမြတ်ခြင်းသည် လူတဦးတယောက်ကပို၍အဆင့်မြင့်သောရာထူးရှိသောကြောင့်ဖြစ်နိုင်သည်။

## နှစ်ခြင်းဆရာယောဟန်

ယေရှုက "ငါအမှန်ဆိုသည်ကား၊ မိန်းမမွေးသောသူတို့တွင် ဗတ္တိဇံဆရာယောဟန်ထက်ကြီးမြတ်သောသူတယောက်မျှမပေါ်မထွန်းသေး" (မဿဲ ၁၁း၁၁) ဟု ပြောပါသည်။ ခရစ်တော်က ယောဟန်သည် နောဧ၊ ဒံယေလ (သို့) ယောဘတို့ထက် ဂုဏ်အင်္ဂါပိုကောင်းသည် ဟူ၍မဆိုလိုပါ။ နောက်ပြီး၊ ယောဟန်သည် သူတို့ထက် ပို၍ကျက်သရေရှိသည်၊ ဘုရားတရားကိုပို၍ကြည်ညိုသည်၊ ပို၍နူးညံ့သိမ်မွေ့သည် (သို့) ပို၍ချစ်ခင်တတ်သည် ဟုလည်း မဆိုလိုပါ။ နှစ်ခြင်းဆရာယောဟန်၏မေရှိယရှေ့ပြေးနေရာ (တာဝန်) သည် အရင်ကျသောသူအားလုံး၏နေရာ (တာဝန်) ထက်

သာလွန်၍ ကြီးမြတ်သည်ဟုဆိုလိုပါသည်။ မည်သူတဦးတယောက်ကမျှ သခင်ဘုရား၏သွားရာလမ်းကိုကြိုတင်ပြင်ဆင်ရသောအခွင့်၊ ကြွရောက်လာမည့်အကြောင်းကို ကြော်ငြာရသောအခွင့်နှင့် သူ့ကိုနှစ်ခြင်းပေးရသောအခွင့်ထူးများကို မရကြပါ။ ဤအချက်များကြောင့်နှစ်ခြင်းဆရာယောဟန်သည် တမူထူးခြားသောသူဖြစ်သည်။

## နိုင်ငံတော်၌ အငယ်ဆုံးသောသူ

နှစ်ခြင်းဆရာယောဟန်၏နေရာ (တာဝန်) ပို၍ကြီးမြတ်ခြင်းအကြောင်းပြောဆိုပြီးသည်နှင့်တဆက်တည်းတွင်၊ သခင်ယေရှုက ". . . သို့သော်လည်း ကောင်းကင်နိုင်ငံတော်တွင် အငယ်ဆုံးသောသူသည် ထိုသူထက်သာ၍ကြီးမြတ်၏" (မဿဲ ၁၁း၁၁ခ) ဟု ပြောပါသည်။ ဤကျမ်းချက်ကလည်း ကောင်းကင်နိုင်ငံတော်၌ အငယ်ဆုံးသောသူသည် ယောဟန်ထက်ပို၍ ကောင်းသောပင်ကိုယ်စရိုက် (သို့) အသက်တာရှိသည်ဟုမဆိုလိုပါ။ ယနေ့ယုံကြည်သူများသည် နှစ်ခြင်းဆရာယောဟန်ကြော်ငြာခဲ့သောနိုင်ငံတော်သားများဖြစ်ကြပါသည်။ ၁ ယောဟန်က သူသည် "မင်္ဂလာဆောင်လုလင်၏မိတ်ဆွေ" (ယော ၃း၂၉) ဖြစ်သည်ဟု ပြောပါသည်။ ယနေ့ဘုရားသခင်၏သားသမီးအားလုံးတို့သည် သတို့သမီးဖြစ်ကြပါသည်။ ထို့ကြောင့် ဤကျမ်းပိုဒ်၏အဓိပ္ပါယ်မှာ- သတိုးသမီးသည် မင်္ဂလာဆောင်လုလင်၏မိတ်ဆွေထက်သာ၍ ကြီးမြတ်သောနေရာ (တာဝန်) ရှိသည်ဟုဆိုလိုသည်။

## မာရိ

ကောင်းကင်တမန်ဂါဗေလက မာရိအား "ကျေးဇူးတော်ကိုခံသောမိန်းမ၊ သင့်အားမင်္ဂလာဖြစ်စေသတည်း။ ထာဝရဘုရားသည် သင်နှင့်အတူရှိတော်မူ၏။ သင်သည်မိန်းမတကာတို့ထက် မြတ်စွာသောမင်္ဂလာရှိသည် " (လုကာ ၁း၂၈) ဟုဆို၏။ မာရိသည် ဘုရားကိုကြည်ညိုသောသူ၊ ဣန္ဒြေရသောသူနှင့် အပြစ်တင်ခွင့်နှင့်ကင်းသောသူဖြစ်ကြောင်း မေးစရာမလိုပါ။



သို့သော် မာရိ၏စစ်မှန်သောကြီးမြတ်ခြင်းမှာ၊ ခရစ်တော်၏လူ့ဇာတိခံယူရာ၌ သူ့အားမိခင်နေရာယူရန်ရွေးကောက်ခံရခြင်းဖြစ်သည်။ သူသည် ဘုရားသခင်အား သူ၏"ကယ်တင်ရှင်" (လုကာ ၁း၄၇) ဟုခေါ်ရန် မထိုက်တန်သူ၊အပြစ်သားတယောက်ဖြစ်ကြောင်း ဝန်ခံခဲ့သည်။ သူ၏ဂုဏ်အင်္ဂါသည် ရှုသ (သို့) ဟာန တို့ထက်သာ၍ကြီးမြတ်သည်ဟု မဆိုလိုပါ။ သို့သော် သူ၏တာဝန်မှာ အခြားအမျိုးသမီးများ၏ နေရာ (တာဝန်) နှင့် နှိုင်းယှဉ်၍မရပါ။

တခါက ချီးမွမ်းအံ့ဩသူတဦးက သခင်ယေရှုအား "ကိုယ်တော်ကိုလွယ်သောဝမ်းနှင့် စို့တော်မူသောသားမြတ်သည် မင်္ဂလာရှိပါ၏" (လုကာ ၁၁း၂၇) ဟု လျှောက်၏။ ကိုယ်တော်က "ဘုရားသခင်၏နှုတ်ကပတ်တော်ကိုနာခံ၍ကျင့်စောင့်သောသူသည် မြတ်စွာသောမင်္ဂလာရှိသည်" (ငယ်၊ ၂၈)ဟု မိန့်တော်မူ၏။ ဆိုလိုသည်မှာ၊ ခရစ်တော်၏နာခံသောနောက်လိုက်တဦးဖြစ်ခြင်းသည် သူ (ယေရှု) ၏ မိခင်ဖြစ်ခြင်းထက်ပင်သာ၍ ကြီးမြတ်သည်။ မာရိသည် သခင်ယေရှုကိုဖွားမြင်ခြင်းထက် သူ့ကိုယုံကြည်ခြင်းသည် သာ၍မင်္ဂလာရှိသည်ဟုဆိုလိုသည်။

## ခမည်းတော်သည် ငါထက်သာ၍ကြီးမြတ်၏

အကျင့်စာရိတ္တနှင့် နေရာ (တာဝန်) ခြားနားမှု၏အရေးကြီးပုံကို ယောဟန် ၁၄း၂၈ ၌ ခရစ်တော်ဟောပြောသောစကားတွင် တွေ့ရပါသည်။ "ငါသည် ယခုသွားသော်လည်း သင်တို့ဆီသို့လာဦးမည်ဟု ငါပြောသောစကားကို သင်တို့ကြားရကြပြီ။ သင်တို့သည် ငါ့ကိုချစ်လျှင်ခမည်းတော်ထံသို့ ငါသွားမည်ကိုဝမ်းမြောက်ကြလိမ့်မည်။ အကြောင်းမူကား၊ ငါ့ခမည်းတော်သည် ငါ့ထက်သာ၍ကြီးမြတ်တော်မူ၏"။ ခရစ်တော်၏ဘုရားဇာတိကိုငြင်းပယ်သည့် အယူဝါဒလွဲသောသူများ (Cults) နှင့် အခြားသောသူတချို့တို့သည် ဤကျမ်းပိုဒ်၏နောက်ဆုံးစကား "ငါ့ခမည်းတော်သည် ငါထက်သာ၍ကြီးမြတ်တော်မူ၏" ကို မှားယွင်းစွာအဓိပ္ပါယ်လွဲယူ

ကာ၊ သားတော်နှင့် ခမည်းတော်၏တူညီမှုနှင့် သုံးပါးတစ်ဆူဘုရားကို ငြင်းပယ်ကြသည်။

ဤကျမ်းပိုဒ်က အဘယ်သို့ဆိုလိုပါသနည်း။ သခင်ယေရှုက ထိုသို့ပြောဆိုစဉ်တွင် လောက၌နေကာ၊ သူ၏ဖန်ဆင်းသောလူသားများ၏ရန်လိုမုန်းတီးခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်းနှင့် မတော်မတရားပြုခြင်းသာမက ငြင်းပယ်ခြင်း၊ မထီမဲ့မြင်ပြုခြင်းနှင့် အရှက်တကွဲဖြစ်ခြင်းတို့ကိုခံရသည်။ တဖက်တွင်၊ ခမည်းတော်သည် ကောင်းကင်ဘုံ၌စံမြန်းကာ ထိုကဲ့သို့သောဆက်ဆံပြုမူခြင်းမှ လွတ်ကင်းသည်။ ထို့ကြောင့် ခမည်းတော်သည် နေရာ (Position) အနေဖြင့် သားတော်ထက်ပို၍ကြီးမြတ်ကာ၊ သို့ရာတွင် ပုဂ္ဂိုလ်ရေးရာ၌ ပို၍မကြီးမြတ်ပါ။ တပည့်တော်တို့သည် သခင်ခရစ်တော်ကို အမှန်တကယ်ချစ်ကြပါက၊ ကောင်းကင်သို့ပြန်သွားမည့်အကြောင်းကို သူပြောခဲ့စဉ်က ဝမ်းမြောက်ကြမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူသည်သူဖန်ဆင်းသောလူသားများ၏စော်ကားခြင်းနှင့် မတော်မတရားပြုခြင်းတို့ကို ဘယ်တော့မှမခံရတော့ပါ။ ကောင်းကင်ဘုံ၌ ခရစ်တော်၏နေရာ (Position) သည် ခမည်းတော်၏နေရာနှင့်ခြားနားခြင်းမရှိဘဲ တူညီကာ၊ သူဖန်ဆင်းသောလူသားများ၏ ညှင်းဆဲခြင်းမှကင်းလွတ်သည်။

အခြေအတင်ပြောဆိုသောအချက်သည် ပုဂ္ဂိုလ်ရေးရာနှင့်ဆိုင်သော အကျင့်စာရိတ္တနှင့်မပတ်သက်ပါ။ ဘုရားသခင်၏သားတော်သည် ကဏ္ဍာအားလုံး၌ ခမည်းတော်နှင့်တန်းတူရည်တူဖြစ်သည်။ သို့ရာတွင် ခရစ်တော်သည် လောက၌ အပြစ်သားများ၏ဆန့်ကျင်တိုက်ခိုက်ခြင်းကို ခံနေရသည့်အချိန်ကာလတွင် ခမည်းတော်သည် နေရာ (Position) အားဖြင့် သားတော်ထက်ကြီးမြတ်သည်။

## သခင်ယေရှုသည် . . . ထက်သာ၍ကြီးမြတ်သည်

ရှင်မဿဲခရစ်ဝင်အခန်းကြီး ၁၂ တွင် သခင်ယေရှုက၊ သူသည် ဗိမ္မာန်တော်ထက်ကြီးမြတ်သည် (ငယ် ၆)၊ ယောနထက်ကြီးမြတ်သည် (ငယ် ၄၁)၊ ရှောလမုန်မင်းကြီးထက်ကြီးမြတ်သည် (ငယ် ၄၂) ဟု ပြောပါသည်။



ဆိုလိုသည်မှာ၊ ခရစ်တော်သည် ဗိမ္မာန်တော်၏ပုံစံကိုရေးဆွဲသူ၊ ဘုရားဝတ်ပြုရန်ထုံးနည်းများကို စတင်တည်ထောင်သူဖြစ်သည်။ သူ၏ပုဂ္ဂိုလ်ရေးရာ၊ ဟောပြောသည့်ဒေသနာ၊ အကျိုးရလာဒ်နှင့်ပတ်သက်၍ ပရောဖက်ယောနထက် သာ၍ကြီးမြတ်သည်။ ဘုန်းအသရေနှင့်ဉာဏ်ပညာ၌လည်း ရှောလမုန်မင်းကြီးထက်သာ၍ကြီးမြတ်သည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်သည် ရှောလမုန်၏စိတ်ထဲတွင် ဉာဏ်ပညာကိုပေးသွင်းသောသူ ဖြစ်သည်။

## ရှေ့နောက်စကားအဆက်အစပ်ကိုစစ်ဆေးပါ။

ယေဘုယျအားဖြင့် ရှေ့နောက်စကားအဆက်အစပ်က အဓိကအကြောင်းအရာသည် ပုဂ္ဂိုလ်ရေးရာနှင့်ဆိုင်သော ဂုဏ်အင်္ဂါ (သို့) နေရာနှင့်ဆိုင်သော ဂုဏ်သိက္ခာဖြစ်ကြောင်းကို ရှင်းလင်းစွာဖော်ပြပါသည်။ သခင်ယေရှုအား ကိုးကားဖော်ပြသောကျမ်းပိုဒ်တိုင်းတွင် သူ၏ပုဂ္ဂိုလ်ရေးရာကြီးမြတ်ခြင်းနှင့်ပတ်သက်၍ ဘာမှမေးစရာမလိုပါ။ သူသည် အကြီးဆုံးသောသူနှင့် အကောင်းဆုံးသောသူတို့ထက်သာ၍ ကြီးမြတ်သောသူဖြစ်သည်။

## မှတ်ချက်။

၁။ "အသင်းတော်နှင့်နိုင်ငံတော်" အကြောင်းရေးသည့်အခန်းကို ဖတ်ပါ။
၂။ အတိအကျဘာသာပြန်ဆိုပါက "သာ၍ကြီးမြတ်သောအရာ" ဟူ၍ဖြစ်ကာ၊ နိုင်ငံတော်ကိုဖော်ညွှန်းခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော်၊ နိုင်ငံတော်သည် ရှင်ဘုရင်၌တည်နေသောကြောင့် "သာ၍ကြီးမြတ်သောပုဂ္ဂိုလ်" ဟု အဓိပ္ပါယ်ရှိပါသည်။

# ၁၃
# အခြေခံယုံကြည်ချက်၊ အရေးကြီးသော သွန်သင်ချက် သို့မဟုတ် သာမညများ

## Fundamental, Important, or Nonessential Matters

ဓမ္မသစ်ကျမ်းကိုလေ့လာသောအခါ၊ အခြေခံယုံကြည်ချက်များ၊ အခြေခံယုံကြည်ချက်မဟုတ်သော်လည်း အရေးကြီးသောသွန်သင်ချက်များနှင့် သာမညများကိုခွဲခြားတတ်ဘို့ အလွန်အရေးကြီးပါသည်။ နှုတ်ကပတ်တော်တစ်လုံးစီတိုင်းသည် ဘုရားသခင်မှုတ်သွင်းခြင်းဖြစ်သော်လည်း အလေးထားပြောဆိုမှု (သို့) အရေးကြီးမှုပိုင်းတွင် တခုနှင့်တခုမတူပါ။

အပြစ်အပျက်တခု၌၊ ခရစ်တော်ဘုရားက ဖါရိရှဲတို့အား ". . . ပင်စိမ်း၊ စမွတ်၊ ဇီယာ၊ အသီးအရွက်တို့ကို ဆယ်ဘို့တဘို့လှူကြသည်တွင်၊ တရားသဖြင့်စီရင်ခြင်း၊ သူတပါးကိုသနားခြင်း၊ သစ္စာစောင့်ခြင်းတည်းဟူသော ပညတ်တရားတွင်လေးသောအရာတို့ကိုကား လှပ်၍ထားကြ၏" (မဿဲ ၂၃း၂၃)။ တနည်းအားဖြင့်ပြောပါက၊ ပညတ်တရားတချို့တို့သည် အခြားပညတ်များထက်သာ၍ လေး (အရေးကြီး) ကြောင်း ဝန်ခံပြောဆိုခဲ့သည်။ သို့သော်လည်း၊ သေးငယ်သော ပညတ်တရားများကိုလည်း နာခံခြင်းဖြင့် စောင့်ထိန်းရန်သတိပေးသည်။

ခရစ်ယာန်ယုံကြည်ခြင်းတွင် အခြေခံယုံကြည်ခံယူချက်များဖြစ်သော ဩဝါဒများရှိပါသည်။ တချို့တို့သည် အရေးကြီးသောသွန်သင်ချက်



များဖြစ်၍၊ တချို့မှာမူ သခင်ဘုရား၏ပညတ်တော်အနေဖြင့် ဖေါ်ပြချက်များဖြစ်ပါသည် (၁ကော ၁၄း၃၇)။ တချို့မှာ ယုံကြည်သူကိုယ်တိုင် ဘုရားရှေ့မှောက်၌ စီရင်ဆုံးဖြတ်ရန်ဖြစ်သည်။

### အခြေခံယုံကြည်ချက်များ

အောက်တွင်ရေးသားဖေါ်ပြသောဩဝါဒများမှာ အခြေခံယုံကြည်ချက်များဖြစ်ပါသည်။

- သမ္မာကျမ်းစာမှုတ်သွင်းခြင်း - သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်။
- သုံးပါးတစ်ဆူ - ဘုရားတစ်ဆူတည်းရှိ၍၊ သုံးပါးအနေဖြင့် ထာဝရတည်ရှိသည်။
- ခရစ်တော်၏ဘုရားဇာတိ - သခင်ခရစ်တော်သည် ဘုရားဖြစ်သည်။
- လူ့ဇာတိခံယူခြင်း - သခင်ယေရှုသည် ရာနှုန်းပြည့်လူသားဖြစ်သည်။
- ကာရာနီကုန်းပေါ်တွင် ခရစ်တော်၏ကိုယ်စားအသေခံခြင်း၊ သင်္ဂြိုဟ်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့ချီဆောင်ခြင်း။
- ဧဝံဂေလိတရား - ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရ၏။ လုပ်ဆောင်မှု လုံးဝမပါ ပါ။
- ဒုတိယအကြိမ်ကြွလာခြင်း - ခရစ်တော်ပြန်လည်ကြွလာမည်။ ပြန်လည်ကြွလာခြင်းနှင့်ပတ်သက်သော အသေးစိတ်သွန်သင်ချက်များအပေါ် အားလုံးသဘောမတူနိုင်ကြသော်လည်း၊ ပြန်ကြွလာခြင်းသည် အခြေခံယုံကြည်ခံယူချက်ဖြစ်သည်။
- မယုံကြည်သူများ၏ထာဝရပြစ်ဒဏ်

အထက်ဖေါ်ပြပါ ဩဝါဒများကို အလျှော့ပေးညှိယူ၍မရပါ။ ဤဩဝါဒများအပေါ်၌ မားမားရပ်တည်ရပါမည်။ ဤခံယူချက်များကို သမ္မာကျမ်းစာက ရှင်းလင်းစွာသွန်သင်ထားပါသည်။ ဧဝံဂေလိအသင်းတော်များသည် ဤခံယူချက်များကို ခေတ်အဆက်ဆက် ခံယူစွဲကိုင်ကြပါသည်။ အယူလွဲသောသူတချို့တို့သည် ဤခံယူချက်များကို ငြင်းပယ်ကြသည်။ ယုံ

ကြည်သူများသည် ထိုတန်ဘိုးကြီးလှသော သမ္မာတရားအတွက်အသေခံဝံ့ကြသည်။ ဤသမ္မာတရားခံယူချက်များကို အပေးအယူလုပ်၍မရသလို၊ ဤခံယူချက်ကို ငြင်းပယ်သောသူတို့နှင့်မညီသော ထမ်းပိုးကိုအတူမတင်နိုင်ကြပါ။

ဘုရားသခင်၏ မပြောင်းလဲသောကျင့်ဝတ်နှင့်ဆိုင်သည့် ပညတ်ချက်များကို ကျူးလွန်ခြင်းသည် အစဉ်အမြဲအပြစ်ဖြစ်သည်။ လိမ်ညာခြင်းနှင့်ခိုးခြင်းသည် အစဉ်အမြဲအပြစ်ဖြစ်သည်။ ရုပ်တုကိုးကွယ်ခြင်းကိုလည်း သမ္မာကျမ်းစာက တားမြစ်ထားပါသည်။ ဤကဲ့သို့ ဘုရားတားမြစ်ထားသောအရာများကျူးလွန်ခြင်းသည် အပြစ်လွှတ်ခွင့်မရှိ၊ လျော့ပေါ့၍မရသည့် အပြင် လုံးဝမထောက်ထားရပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်တလုံးတဝတည်းရပ်တည်လျက် ထိုဆိုးညစ်သောအရာများကို ဆန့်ကျင်ရပါမည်။

## အခြေခံယုံကြည်ချက်များမဟုတ်သော်လည်းအရေးကြီးသော သွန်သင်ချက်များ

ဒုတိယမှာ၊ အချို့သောသွန်သင်ချက်များမှာ အခြေခံယုံကြည်ချက်များ၌မပါသော်လည်း သမ္မာကျမ်းစာကသြဇာအာဏာအပြည့်ဖြင့် အလေးထားသွန်သင်ထားသောကြောင့် အရေးကြီးပါသည်။ သို့ရာတွင် ၎င်းတို့ကို အခြေခံယုံကြည်ချက်များအဖြစ် မှတ်ယူခြင်းမရှိခဲ့ဖူးပါ။ အောက်ဖေါ်ပြပါခေါင်းစဉ်များကို အရေးကြီးသောသွန်သင်ချက်များ၌ ပါဝင်သည်။

- နှစ်ခြင်း
- လင်မယားကွာရှင်းခြင်း၊ ပြန်လည်အိမ်ထောင်ပြုခြင်း
- အနာဂတ်ဖြစ်ရပ်များ၏အချက်အလက်များ
- ရွေးကောက်ခြင်းနှင့်လူ၏တာဝန်
- ယုံကြည်သူ၏လုံခြုံမှု
- အသင်းတော်၌ အမျိုးသမီးများတာဝန်
- ဝိညာဉ်တော်ဆုကျေးဇူးများ

အထက်ဖေါ်ပြပါ အကြောင်းတစ်ခုစီ၏အနက်ဖွင့်ဆိုချက်သည်



တစ်ခုစီသာရှိသော်လည်း ယုံကြည်သူအားလုံးတို့သည် ထိုအနက်ဖွင့်ဆိုချက်ပေါ်တွင်သဘောတူညီမှုမရကြချေ။ ခရစ်ယာန်တစ်ဦးနှင့်တစ်ဦး၏အမြင်လည်း မတူကြချေ။ John Wesley က Charles Spurgeon နှင့် သဘောမတူသည့်အချက်များရှိကောင်းရှိမည်။ ယုံကြည်သူတဦးစီက ဤအကြောင်းများကို ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်၌ ခိုင်မာစွာ အခြေပြု၍၊ ယုံကြည်ခံယူရန် တာဝန်ရှိပါသည်။

## သာမညများ (သို့) ကျင့်ဝတ်ဆိုင်ရာ အရေးမကြီးသောအရာများ

တတိယမှာ၊ သမ္မာကျမ်းစာထဲတွင် အရေးမကြီးလှသော သာမညများပါရှိသည်။ ၎င်းတို့ကို ကျင့်ဝတ်ဆိုင်ရာအရေးမကြီးသောအရာများဟုလည်းခေါ်သည်။ တချို့သွန်သင်ချက်များကို လူတစ်ယောက်၏အပြုအမူသည် အခြားသူများအတွက် ထိမိလဲစရာ မဖြစ်သရွေ့ (ရော ၁၄း၁၃)၊ အသင်းတော်၏တည်ငြိမ်အေးချမ်းမှုကို အနှောင့်အယှက်မပေးသရွေ့၊ (ရော ၁၄း ၁၉)၊ မိမိ၏သြတ္တပ္ပစိတ်ကိုမပြစ်မှားသရွေ့ (ရော ၁၄း၂၃)၊ ဘုရားသခင်သည် ခြားနားသော ထင်မြင်ချက် ခွင့်ပြုထားသည်။

ကနဦးအသင်းတော်ခေတ်ကာလတွင် ရုပ်တုရှေ့၌ပူဇော်သောအစားအစာ၊ နေ့ရက်များကိုစောင့်ထိန်းခြင်း (ဂျူးလူမျိုးတို့၏ဘာသာရေးပြက္ခဒိန်)၊ သန့်ရှင်းသောအစာ၊ မသန့်ရှင်းသောအစာများနှင့်ပတ်သက်၍ ပြဿနာဖြစ်ခဲ့သည်။ သမ္မာကျမ်းစာနှင့်ညီသောဖြေရှင်းချက်ကို အောက်ပါအတိုင်း အတိုချုံး၍ ဖေါ်ပြပါမည်။

## ရုပ်တုရှေ့၌ပူဇော်သောအစားအစာ

ရုပ်တုရှေ့၌ပူဇော်သောအစားအစာနှင့်ပတ်သက်၍ ၁ကော ၈း၁-၁၃ နှင့် ၁ကော ၁၀း၁၄-၃၀ တွင် ပါရှိပါသည်။ ဤသွန်သင်ချက်၏ဆိုလိုရင်းအဓိပ္ပါယ်မှာ၊ ယုံကြည်သူခရစ်ယာန်သည် ရုပ်တုရှေ့၌ အစားအစာပူဇော်သောပွဲတွင် မပါဝင်သရွေ့၊ သူ၏သြတ္တပ္ပကြည်နေသရွေ့၊ အခြားသူများအတွက်ထိမိလဲစရာမဖြစ်သရွေ့ ထိုအစားအစာများကိုစားခွင့်ရှိပါ

သည်။ ရှင်ပေါလုက "ခပ်သိမ်းသောအမှုအရာကိုပြုနိုင်သည်"ဟု ပြောရာတွင်၊ ချွင်းချက်မပါဘဲ ခပ်သိမ်းသောအမှုအရာကိုပြုနိုင်သည်ဟု မဆိုလိုကြောင်းသိမှတ်ရမည်။ သူသည် ကျင့်ဝတ်နှင့်ဆိုင်သော သာမညတချို့ကို ဖေါ်ညွှန်းထားခြင်းဖြစ်သည်။ ဤသို့မမြင်တတ်ပါက ရှင်ပေါလုသည် အကျင့်စာရိတ္တပျက်ပြားခြင်းကို အပြစ်မယူဘဲ လစ်လျူရှုသည်ဟု မှားယွင်းသောအနက်ဖွင့်ဆိုခြင်းကို လက်ခံကောင်းလက်ခံနိုင်သည်။

## နေ့ရက်များကိုစောင့်ထိန်းခြင်း

ရောမအခန်းကြီး (၁၄) တွင် နေ့ရက်များကိုစောင့်ထိန်းခြင်း၊ အသားစားခြင်း (ဟင်းသီး၊ ဟင်းရွက်ကိုသာစားသုံးခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်ခြင်း) နှင့် စပျစ်ရည်သောက်သုံးခြင်းစသည့်အကြောင်းများပါရှိသည်။ အခြားလမ်းညွှန်ချက်များထဲမှ ရှင်ပေါလု ချပြသောအချက်မှာ "လူတိုင်းမိမိစိတ်သဘောကျပါစေ" ဟူ၍ဖြစ်သည်။ ရှေ့နောက်စကားအဆက်အစပ်မကြည့်ဘဲ ဤအချက်ကိုယူ၍ ဘုရားမှုတ်သွင်းသောကျမ်းစာ (သို့) ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ရောက်ရ၏စသည့် ဩဝါဒခံယူချက်များနှင့် ရောနှောမိပါက သင်သည်စိတ်သောကရောက်တော့မည်ဖြစ်သည်။ ရောမ (၁၄) ထဲတွင် ဖေါ်ပြထားသောမှုမှာ အဖြူနှင့်အမဲကဲ့သို့ ခွဲခြား၍မရသောကိစ္စဖြစ်သည်။

## သန့်ရှင်းသောအစားအစာနှင့် မသန့်ရှင်းသောအစားအစာ

တိတုအခန်းကြီး (၁) တွင် ရှင်ပေါလုက ယုံကြည်သူခရစ်ယာန်များကို မောရှေ၏ပညတ်တရားအောက်၌ပြန်ရောက်ရန်ကြိုးစားသော မှားယွင်းသောဆရာများအကြောင်းပြောပါသည်။ အငယ်-၁၅ တွင် "စင်ကြယ်သောသူတို့အား ခပ်သိမ်းသောအရာတို့သည် စင်ကြယ်လျက်ရှိကြ၏။ မစင်ကြယ်၊ မယုံကြည်သောသူတို့အား အဘယ်အရာမျှမစင်ကြယ်။ သူတို့၏နှလုံးသည်လည်းမစင်ကြယ်။ ကိုယ်ကိုကိုယ်သိသောစိတ်လည်းမစင်ကြယ်" ဟု ပြောခဲ့သည်။



ရှင်ပေါလုက "စင်ကြယ်သောသူတို့အားခပ်သိမ်းသောအရာတို့သည် စင်ကြယ်လျက်ရှိ၏" ဟု ပြောသောအခါ၊ တကမ္ဘာလုံးနှင့်ဆိုင်သောမှန်ကန်မှု (သမ္မာတရား) ကိုဖေါ်ပြခြင်းမဟုတ်ဘဲ၊ မောရှေ၏ပညတ်တားမြစ်သော မသန့်ရှင်းသောအသားများနှင့်ပတ်သက်၍ ဖေါ်ညွှန်းခြင်းဖြစ်သည်။ ယခုခေတ် ကျေးဇူးတော်ကာလ၌ရှိသော ယုံကြည်သူခရစ်ယာန်များအတွက် ဘုရားပြင်ဆင်ပေးသောအစားအစာဟူသမျှစင်ကြယ်သည်။ "Kosher" (ဂျူးဘာသာအယူဝါဒနှင့်ညီညွတ်သောအစားအစာ) နှင့် "Non-Kosher"(ဂျူးဘာသာအယူဝါဒနှင့်မညီညွတ်သောအစားအစာ) အမှတ်အသားတံဆိပ် မသုံးတော့ပါ။ ရောမ (၁၄) ထဲတွင်တွေ့ရသည့် အခြားဖေါ်ပြခြင်းတခုမှာ"အဘယ်အစာမျှ ပကတိအတိုင်း မညစ်ညူးကြောင်းကို ငါသည် သခင်ယေရှုကိုအမှီပြုလျက် သဘောကျ၍အမှန်သိ၏။" ရှင်ပေါလုသိသည့်နည်းတူ ကျွန်ုပ်တို့ကလည်း ဝက်သား၊ ပုဇွန် (သို့) ယုန်သားများသည် ဓမ္မဟောင်းကာလတွင်မသန့်ရှင်းသောအစာများထဲ၌ပါကြောင်းသိသည်။

## သာမညများ

ယုံကြည်သူတချို့သည် အောက်ဖေါ်ပြပါအချက်များထဲမှ တချို့ကို အရေးကြီးသည်ဟု ခံယူကြသည်။ သို့သော်၊ ထိုအချက်များကို သမ္မာကျမ်းစာထဲ၌ ရှင်းလင်းစွာအလေးထားသွန်သင်ခြင်းမရှိပါ။ ယခုခေတ်ကာလတွင် အောက်ဖေါ်ပြပါအချက်များသည် သာမညစာရင်းထဲ၌ ပါပါသည်။

- ပွဲတော်မင်္ဂလာ (the Lord's Supper) ၌ ဝိုင်အရက်နှင့် စပျစ်ရည်ပြဿနာ
- တဆေးပါသောမုန့်နှင့် မပါသောမုန့်
- ဝတ်ပြုစည်းဝေးသည့်အချိန်သတ်မှတ်ခြင်း
- ဝတ်ပြုစည်းဝေးခြင်း၌ တူရိယာပစ္စည်းအသုံးပြုခြင်း
- ကျော်ကြား၊ ထူးခြားသောကျမ်းစာအုပ်သုံးခြင်း
- ဘုရားကိုခေါ်သောအခါ သုံးသောဝေါဟာရများ(Thee or Thou)
- အမှုတော်လုပ်ငန်း၌ အသုံးပြုသောနည်းစံနစ်များ

"ငါသည် အဘယ်သူ၏ကျွန် မဖြစ်သော်လည်း သာ၍များသောသူတို့ကိုရခြင်းအလိုငှါ လူတကာတို့၏ကျွန်ခံရ၏။ ယုဒလူတို့ကိုရခြင်းအလိုငှါ ယုဒလူတို့၌ ယုဒလူကဲ့သို့ဖြစ်၏။ ပညတ်တရားကိုကိုယ်တိုင် မဆည်းကပ်သော်လည်း၊ ပညတ်တရားကိုဆည်းကပ်သောသူတို့ကိုရခြင်းအလိုငှါ၊ ပညတ်တရားကိုဆည်းကပ်သောသူတို့၌ ပညတ်တရားကိုကျင့်သောသူကဲ့သို့ဖြစ်၏။ ဘုရားသခင်ရှေ့တော်၌တရားမဲ့မနေ၊ ခရစ်တော်၏တရားကိုကျင့်သောသူဖြစ်သော်လည်း၊ ပညတ်တရားမဲ့သောသူတို့ကိုရခြင်းအလိုငှါ၊ ပညတ်တရားမဲ့သောသူတို့၌ ပညတ်တရားမဲ့သောသူကဲ့သို့ဖြစ်၏။ အားနည်းသောသူတို့ကိုရခြင်းအလိုငှါ၊ အားနည်းသောသူတို့၌ အားနည်းသောသူကဲ့သို့ဖြစ်၏။ အချို့သောသူတို့ကို တစုံတခုသောအမှုအရာအားဖြင့် ကယ်တင်ခြင်းအလိုငှါ၊ ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်၏။ သင်တို့နှင့်အတူ ဧဝံဂေလိတရားကိုဆက်ဆံခြင်းအလိုငှါ၊ ဧဝံဂေလိတရားကြောင့်ထိုသို့ငါပြုလေ့ရှိ၏" (1aum 9;19-23)/

သို့သော်လည်း၊ ရှင်ပေါလုက "အချို့သောသူတို့ကို တစုံတခုသောအမှုအရာအားဖြင့် ကယ်တင်ခြင်းအလိုငှါ၊ ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်၏" ဟုပြောသောအခါ၊ ဧဝံဂေလိ၏သမ္မာတရားကိုအပေးအယူလုပ်ခဲ့ဘူးသည် (သို့) အပြစ်ရှိသောလုပ်ဆောင်မှုမျိုး၌ ပါဝင်ခဲ့ဘူးသည်ဟု လုံးဝမဆိုလိုပါ။ သမ္မာတရားကို အလျှော့ပေးခြင်းမဟုတ်ဘဲ၊ ဧဝံဂေလိတရားဟောပြောရာ၌ ပို၍အခွင့်အလမ်းရနိုင်ရန်ပြုခဲ့သည်။ (တိမောသေအား အရေဖျားလှီးခြင်းကဲ့သို့သော - တမန် ၁၆း၃)။ သို့ရာတွင် ကယ်တင်ခြင်းသည် ပညတ်တော်စောင့်ထိန်းခြင်းအားဖြင့်မဟုတ်၊ ကျေးဇူးတော်အားဖြင့်သာလျှင်ရနိုင်သည်ဟူသောသမ္မာတရားကို ငြင်းပယ်သောသူတို့နှင့်ရင်ဆိုင်သောအခါ၊ ရှင်ပေါလုသည်ဘယ်သောအခါမှ တစ်လက်မှျနောက်မဆုတ်ခဲ့ပါ။ (တိတုအား အရေဖျားလှီးခြင်းနှင့်ပတ်သက်၍ အငြင်းပွားမှု - ဂလာတိ ၂း၁-၅)။

**နိဂုံး**

အထက်ပါသွန်သင်ချက်အားလုံးကို အတိုချုံးကြပါစို့။ အခြေခံယုံကြည်ချက်များနှင့် ဘုရားသခင်၏မပြောင်းလဲသော လူ့ကျင့်ဝတ်များကို လုံးဝသဘောတူ၍ ခံယူကျင့်သုံးရပါမည်။ အခြေခံယုံကြည်ချက်၌မပါသော်လည်း ဝိညာဉ်ရေးဆိုင်ရာအရေးကြီးသောသမ္မာကျမ်းစာသွန်သင်ချက်များကို ယုံကြည်သူတစ်ဦးစီက နှုတ်ကပတ်တော်ကိုအခြေပြု၍ စီရင်ဆုံးဖြတ်ကာ လက်တွေ့ကျင့်သုံးရပါမည်။ သာမည (အရေးမကြီးသောအရာများ) များကို စည်းလုံးရေးနှင့်တည်ငြိမ်အေးချမ်းရေးအတွက် အတိုင်းအတာတခုအထိ အလျှော့အတင်းနှင့်ညှိယူမှုလုပ်သင့်ပါသည် (ဧဖက် ၄း၁-၆)။ သို့သော် ဤကဲ့သို့သောအခြေအနေ၌ပင်လျှင် ယုံကြည်သူသည် ဆိုးညစ်မှုအမျိုးမျိုး၊ ညီအစ်ကိုတယောက်ယောက်အတွက် ထိမိလဲစရာဖြစ်ခြင်းနှင့် မိမိ၏ဩတ္တပ္ပစိတ်ပြစ်မှားခြင်းများကို ရှောင်ရပါမည်။

အခြေခံယုံကြည်ချက်၊ အရေးကြီးသောသွန်သင်ချက်များနှင့်ပတ်သက်လာပါက၊ သမ္မာကျမ်းစာ၏အခြေခံမူများကိုသာ လက်တွေ့အခြေပြုရပါမည်။ သို့ရာတွင်၊ ကျင့်ဝတ်နှင့်ဆိုင်သောအရေးမကြီးသည့် အကြောင်းများကို ခြားနားသောထင်မြင်ယူဆချက်များ ရှိနိုင်ကြောင်းသိမှတ်ရပါမည်။ ထို့ကြောင့်၊ ခရစ်တော်၏ဘုရားဖြစ်ခြင်းနှင့်ပတ်သက်၍ ရှင်ပေါလုက "လူတိုင်းမိမိထင်မြင်ယူဆသည့်အတိုင်း ခံယူပါစေ" ဟု ခံယူပေးမည်မဟုတ်ပါ (ရော ၁၄း၅ခ)။ သို့မဟုတ်၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့်ပတ်သက်၍၊ ရှင်ပေါလုက "အကျင့်စာရိတ္တပျက်ပြားခြင်းသည် မသန့်ရှင်းသော အကျင့်မဟုတ်သည့်အကြောင်း သခင်ယေရှုကကျွန်ုပ်အားပြောခဲ့ပါသည်" ဟုလုံးဝပြောမည်မဟုတ်ပါ (ရော ၁၄း၁၄)။ ကျွန်ုပ်တို့သည် အခြေခံယုံကြည်ချက်များ၊ အရေးကြီးသောသွန်သင်ချက်များ၊ သို့မဟုတ် သာမညများကို ခွဲခြားတတ်ရမည်။

# အပိုင်း သုံး
# ဘုရားသခင်၏နည်းစံနစ်၌ ကွဲပြားခြားနားခြင်းများ
Distinctions in God's Methodology

## 14

## ခြားနားသော ခေတ်ကာလများ
Differing Ages

တခါက၊ Augustine သည် ေခေတ်ကာလပိုင်းခြားခြင်းနှင့်သမ္မာကျမ်းစာသည် လိုက်လျောညီထွေမှုရှိသည်ေ ဟု ပြောခဲ့ဘူးသည်။ ဘုရားသခင်သည် လူ့သမိုင်းကိုခေတ်ကာလအလိုက် ခွဲခြားသတ်မှတ်ခဲ့သည်။ ေ. . . ဘုရားသခင်သည် ထိုသားတော်အားဖြင့် ခေတ်ကာလများကိုဖန်ဆင်းတော်မူ၏ေ (ဟေဗြဲ ၁း၂ ASV margin)။ ထိုခေတ်ကာလများသည် အချိန်ကာလအားဖြင့်ရှည်နိုင်သည် (သို့) တိုတောင်းနိုင်ပါသည်။ ထိုခေတ်ကာလအသီးသီးကို ခွဲခြားသိမြင်စေသောအရာမှာ အချိန်ကာလမဟုတ်ပဲ၊ ဘုရားသခင်၏လူသားများနှင့် ဆက်ဆံပြုမူခြင်းအမျိုးမျိုးတို့ဖြစ်ပါသည်။

### ခေတ်ကာလပိုင်းခြားခြင်း(Dispensation)အဓိပ္ပါယ်ဖွင့်ဆိုချက်

ဘုရားသခင်ကိုယ်တိုင်မပြောင်းလဲသော်လည်း လူသားများနှင့်ဆက်ဆံပြုမူသည့်နည်းစနစ်များမှာမူ ပြောင်းလဲပါသည်။ သူသည် ခြားနားသောခေတ်ကာလများ၌ ခြားနားသောနည်းစနစ်များဖြင့် အလုပ်လုပ်ပါသည်။ တခါတရံ ကျွန်ုပ်တို့သည် ဘုရားသခင်ကသီးခြားသတ်မှတ်သည့်



ခေတ်ကာလတစ်ခုတွင် သူ၏အမှုကိစ္စ စီရင်အုပ်ချုပ်ခြင်းကို ခေတ်ကာလပိုင်းခြား း (Dispensation) ဖြစ်သည်ဟု ပြောဆိုတတ်ကြပါသည်။ အမှန်တွင်၊ ခေတ်ကာလပိုင်းခြားခြင်း (Dispensation) သည် ခေတ်ကာလကို မဆိုလိုဘဲ၊ စီရင်အုပ်ချုပ်ခြင်း၊ ဘဏ္ဍာစိုးအရာ၊ အစီအစဉ် (သို့) နေရာတကျကြည့်ရှုစီမံခြင်း ဟုဆိုလိုပါသည်။ သို့သော်လည်း ကျွန်ုပ်တို့အတွက် အချိန်ကာလကိုထည့်မစဉ်းဘဲ ခေတ်ကာလပိုင်းခြားခြင်း (Dispensation) ကို နားလည်ရန်ခက်ခဲပါသည်။ ဥပမာ၊ အမေရိကန်ပြည်ထောင်စုအစိုးရ၏ သမိုင်းကို စီရင်အုပ်ချုပ်မှုအမျိုးမျိုးဖြင့် ခွဲခြားသတ်မှတ်ခဲ့ပါသည်။ Roosevelt ၏ စီရင်အုပ်ချုပ်မှု၊ Eisenhower ၏စီရင်အုပ်ချုပ်မှု၊ သို့မဟုတ် Kennedy ၏စီရင်အုပ်ချုပ်မှု စသည်ဖြင့် ခွဲခြားသတ်မှတ်ခဲ့ပါသည်။ ထိုသို့ဆိုရာတွင် ထိုသမ္မတများသည် သမ္မတရာထူးရှိနေကြစဉ်တွင် သူတို့၏မူဝါဒဖြင့် နိုင်ငံတော်ကိုစီရင်အုပ်ချုပ်ကြပါသည်။ အဓိကအချက်မှာ လိုက်နာရသောမူဝါဒဖြစ်သော်လည်း ကျွန်ုပ်တို့သည် ထိုမူဝါဒများကိုကျင့်သုံးခဲ့သည့်အချိန်ကာလနှင့် ဒွန်တွဲစေပါသည်။

### ခေတ်ကာလပိုင်းခြားခြင်း သာဓကများ

ထိုကြောင့် ဤသင်ခန်းစာတွင် ကျွန်ုပ်တို့သည် ခေတ်ကာလပိုင်းခြားခြင်း (Dispensation) ကို ဘုရားသခင်သည် လူသားများအား ခြားနားသောခေတ်ကာလအသီးသီး၌ ဆက်ဆံပြုမူခြင်းကိုဆိုလိုခြင်းဖြစ်သည်ဟု မှတ်ယူရပါမည်။ ဘုရားသခင်၏ခေတ်ကာပိုင်းခြား၍ လူသားများနှင့်ဆက်ဆံပြုမူခြင်းကို အိမ်ထောင်စုတစ်ခုလည်ပတ်ပုံနှင့်နှိုင်းယှဉ်ရပါမည်။ အိမ်ထောင်ထဲတွင် လင်ယောကျ်ားနှင့်ဇနီးတို့ရှိပါက ချမှတ်ထားသောမူများကို လိုက်နာကြပါသည်။ သို့ရာတွင် သားသမီးများရှိလာသည့်အခါ၊ အသစ်သောစည်းကမ်းနှင့်မူများကို မိတ်ဆက်ချမှတ်ရပါသည်။ သားသမီးများကြီးပြင်းလာပြီး ရင့်ကျင့်လာသောအခါ၊ အိမ်ထောင်၌လိုက်နာမည့်မူများ ပြောင်းလဲပြုပြင်ရပါသည်။ ဘုရားသခင်သည် လူသားများနှင့်ဆက်ဆံပြုမူရာတွင် ဤပုံစံအတိုင်းဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့နိုင်ပါသည် (ဂလာ ၄း၁-

၅)။

ဥပမာအားဖြင့်၊ ကာဣနသည် သူ့ညီအာဗေလကိုသတ်သောအခါ၊ ကာဣနကိုတွေ့သောသူတစ်စုံတစ်ယောက်ကမျှ မသတ်စေခြင်းငှါ၊ ထာဝရဘုရားသည် သူအမှတ်ပေးတော်မူ၏ (ကမ္ဘာ ၄း၁၅)။ သို့ရာတွင် ရေလွှမ်းမိုးခြင်းဖြစ်ပြီးနောက် ဘုရားသခင်သည် သေဒဏ်ကိုစတင်ချမှတ်ခဲ့သည်။ "အကြင်သူသည် လူ၏အသွေးကိုသွန်း၏၊ ထိုသူ၏အသွေးကိုလူလက်ဖြင့်သွန်းရမည်" (ကမ္ဘာ ၉း၆)။ အဘယ့်ကြောင့် ပြစ်ဒဏ်မတူဘဲ ခြားနားရပါသနည်း။ အဘယ့်ကြောင့်ဆိုသော် ခေတ်ကာလပြောင်းလဲခြင်းကြောင့်ဖြစ်ပါသည်။

အခြားဥပမာတစ်ခုပြောရမည်ဆိုလျှင်၊ ဆာလံဆရာကဗာဗုလုန်နိုင်ငံအပေါ်၌ ပြင်းထန်သောတရားစီရင်ခြင်းကျရောက်ရန် တောင်းဆိုခဲ့ပါသည် (ဆာလံ ၁၃၇း၈-၉)။

"ဖျက်ဆီးတတ်သောဗာဗုလုန်မင်းသမီး၊ သင်သည် ငါတို့၌ပြုသည်အတိုင်း၊ သင်၌အပြစ်ကိုဆပ်ပေးသောသူသည် မင်္ဂလာရှိ၏။ သင်၏သူငယ်တို့ကိုကိုင်ယူ၍၊ ကျောက်ပေါ်မှာဆောင့်သောသူသည်မင်္ဂလာရှိ၏။" သို့သော်လည်း၊ နောက်ပိုင်းတွင် ဘုရားသခင်သည် သူ၏လူမျိုးတို့ကိုသွန်သင်သည်မှာ ". . . သင်တို့၏ရန်သူတို့ကိုချစ်ကြလော့။ သင်တို့အားကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကိုမုန်းသောသူတို့အားကျေးဇူးပြုကြလော့။ သင်တို့ကိုနှောင့်ယှက်ညှဉ်းဆဲသောသူတို့အတွက် ဘုရားသခင်ကိုဆုတောင်းကြလော့ "(မဿဲ ၅း၄၄)။

ပညတ်တရားအောက်၌အသက်ရှင်ခဲ့သော ဆာလံဆရာ၏ပြောဆိုသောစကားသည် ကျေးဇူးတရားအောက်၌ယုံကြည်သူခရစ်ယာန်တစ်ဦးအတွက် မသင့်လျော်တော့ပါ။ ပညတ်တရားအောက်၌၊ ဣသရေလလူတို့အား သူတို့၏မယုံကြည်သူဇနီးများနှင့် သားသမီးများကို ဖယ်ရှားရန်မိန့်မှာသည် (ဧ၊ ၁၀း၃)။ ကျေးဇူးတရားအောက်၌ ယုံကြည်သူသည် သူ၏မယုံကြည်သူဇနီး (သို့) သားသမီးများကို မဖယ်ရှားသင့်ပေ (၁ကော၊ ၇း၁၂-၁၆)။



## ခေတ်ကာလပိုင်းခြားခြင်းကိုဖော်ပြခြင်း

ခေတ်ကာလပိုင်းခြားခြင်း (Dispensation) ၏နံပါတ်အရေအတွက် (သို့) ၄င်းတို့အား ခေါ်သော အမည်နာမများနှင့်ပတ်သက်၍၊ ခရစ်ယာန်အားလုံး သဘောတူညီမှုမရှိကြပါ။ သို့ရာတွင် ကျွန်ုပ်တို့သည် ခေတ်ကာလပိုင်းခြားခြင်း (Dispensation) ရှိကြောင်းကို အောက်ပါအတိုင်းဖော်ပြနိုင်ပါသည်။ ပထမအနေဖြင့်၊ ခေတ်ကာလပိုင်းခြားခြင်း အနည်းဆုံး (၂) ခုရှိပါသည်။ ၄င်းတို့မှာ၊ ပညတ်တော်ကာလနှင့် ကျေးဇူးတော်ကာလဖြစ်ပါသည်။ "အကြောင်းမူကား၊ ပညတ်တရားတော်ကို မောရှေလက်တွင်ပေးတော်မူ၏။ ကျေးဇူးတရားနှင့်သစ္စာတရားမူကား၊ ယေရှုခရစ်အားဖြင့်ဖြစ်သတည်း" (ယော ၁း၁၇)။ အကြောင်းမှာ၊ ကျွန်ုပ်တို့၏သမ္မာကျမ်းစာအုပ်သည် ပဋိညာဉ်ဟောင်း (ဓမ္မဟောင်း) နှင့် ပဋိညာဉ်သစ် (ဓမ္မသစ်) ဟူ၍ နှစ်ပိုင်းခွဲခြားခြင်းသည် စီရင်အုပ်ချုပ်မှုပြောင်းလဲကြောင်းဖော်ပြပါသည်။ သာ၍ထင်ရှားသောသက်သေမှာ၊ ကျေးဇူးတော်ကာလ၌ရှိသောယုံကြည်သူများအား တိရစ္ဆာန်ဖြင့်ယဇ်ပူဇော်ရန်မတောင်းဆိုတော့ပါ။ ဤအချက်သည် ဘုရားသခင်က အစီအစဉ်သစ်တစ်ခုကို လူသားတို့အား မိတ်ဆက်ပေးကြောင်း ထင်ရှားသည်။

သို့သော်လည်း ကျွန်ုပ်တို့သည် အထက်ဖော်ပြပါခေတ်ကာလပိုင်းခြားခြင်း (၂) မျိုးရှိသည်ဟု သဘောတူပါက၊ ခေတ်ကာလပိုင်းခြားခြင်း (၃) မျိုးရှိကြောင်း ယုံကြည်လက်ခံရပါမည်။ အဘယ့်ကြောင့်ဆိုသော် ထွက်မြောက်ရာကျမ်း၊ အခန်းကြီး (၁၉) မတိုင်မီ၊ ဖန်ဆင်းခြင်းမှစ၍ နှစ်ပေါင်းရာနှင့်ချီကြာပြီးသည့်အထိတိုင်အောင် ပညတ်တော်ခေတ်ကာလအစမပြုသေးပါ။ ဤအချက်က ခေတ်ကာလ (၃) ခု ရှိစေပါသည်။

ထို့နောက် စတုတ္ထမြောက်ခေတ်ကာလရှိကြောင်းကိုလည်း ယုံကြည်သူအယောက်တိုင်း လက်ခံသင့်ပါသည်။ အကြောင်းမှာ၊ သမ္မာကျမ်းစာက "နောင်ကာလ" (ဟေဗြဲ ၆း၅) အကြောင်း သွန်သင်သောကြောင့်ဖြစ်သည်။ ထိုခေတ်ကာလသည် ခရစ်တော်ဘုရား လောကကိုအုပ်စိုးရန်ကြွလာသောအခါ ဖြစ်ပေါ်လာမည်ဖြစ်ပြီး၊ ၄င်းကို အနှစ်တစ်ထောင်ကာလ

ဟုလည်းခေါ်သည်။

ရှင်ပေါလုကလည်း ယခုခေတ်ကာလနှင့် နောင်လာလတ္တံ့သော ခေတ်ကာလကိုခွဲခြား၍ ဖေါ်ပြပါသည်။ ပထမအနေဖြင့် သူသည် အသင်းတော်နှင့်ဝမ်းမြောက်ဘွယ်သတင်း၏သမ္မာတရားနှင့်ပတ်သက်၍ ခေတ်ကာလတစ်ခု၌ သူ့အားအပ်နှင်းခြင်းအကြောင်းကိုပြောပါသည် (၁ကော ၉း၁၇။ ဧဖက် ၃း၂။ ကော ၁း၂၅)။ ထိုခေတ်ကာလသည် ယခုပစ္စုပ္ပန်ကာလ (ကျေးဇူးတော်ကာလ) ဖြစ်သည်။ သို့သော်လည်း သူသည် နောင်ကာလအကြောင်းကိုလည်း ညွှန်ပြခဲ့သည် - "ကာလအချိန်စေ့စုံခြင်းခေတ်ကာလ" (ဧဖက် ၁း၁၀)။ ဤခေတ်ကာလသည် ယခုအချိန်တွင်မရောက်သေးဘဲ၊ အနာဂတ်ကာလတွင် ပြည့်စုံရောက်ရှိလာမည်ဖြစ်ကြောင်း ထင်ရှားသည်။

သို့ဖြစ်၍၊ ကျွန်ုပ်တို့သည် ကမ္ဘာ၏နောက်ဆုံးသော ခေတ်ကာလ၌ အသက်ရှင်နေထိုင်ခြင်းမဟုတ်ကြောင်းသိရသည်။

## ခေတ်ကာလပိုင်းခြားခြင်းကို အတိအကျဖေါ်ပြခြင်း

Scofield ကျမ်းစာအုပ်ကိုရေးသားသူ Dr. C.I. Scofield က ခေတ်ကာလ (၇) ပိုင်းကို အောက်ပါအတိုင်း အစဉ်လိုက်ရေးခဲ့ပါသည်။

၁။ အပြစ်ကင်းသောခေတ်ကာလ (ကမ္ဘာ ၁း၂၈)။ အာဒံဖန်ဆင်းခြင်းအချိန်မှစ၍ သူ၏ပြိုလဲသည့်အချိန်အထိ။

၂။ သြတ္တပ္ပခေတ်ကာလ (သို့) ကျင့်ဝတ္တရားတာဝန် (ကမ္ဘာ ၃း၇၊ ၂၂)။ အာဒံပြိုလဲခြင်းမှ ရေလွှမ်းမိုးသည့်ကာလအဆုံးအထိ။

၃။ လူအုပ်ချုပ်ခြင်းခေတ်ကာလ (ကမ္ဘာ ၉း၅-၆)။ ရေလွှမ်းမိုးသည့်ကာလအဆုံးမှ အာဗြဟံကိုခေါ်ထုတ်သည့်အချိန်အထိ။

၄။ ဂတိတော်ခေတ်ကာလ (ကမ္ဘာ ၁၂း၁-၃)။ အာဗြဟံကိုခေါ်ထုတ်သည့်အချိန်မှ ပညတ်တော်ပေးအပ်သည့်အချိန်အထိ။

၅။ ပညတ်တော်ခေတ်ကာလ (ထွက် ၁၉-၂၀)။ ပညတ်တော်ပေးအပ်သည့်အချိန်မှ ပင်တေကုတ္တေနေ့အထိ။

၆။ အသင်းတော်ခေတ်ကာလ (တမန် ၂)။ ပင်တေကုတ္တေနေ့မှ ချီဆောင်ခြင်းအထိ။

၇။ နိုင်ငံတော်ခေတ်ကာလ (ဗျာ ၂၀း၄)။ ခရစ်တော်ဘုရား၏ အနှစ်တစ်ထောင်ကာလအုပ်စိုးခြင်း။

A.E. Booth ရေးသားသော "The Course of Time from Eternity to Eternity" စာအုပ်ထဲတွင် ကမ္ဘာဦးကျမ်း၌ပါသော (၇)ရက်သည် ခေတ်ကာလ(၇)ပိုင်းကို အရိပ်ပြခြင်းဖြစ်သည်ဟု ဖေါ်ပြခဲ့ပါသည်--

ပထမနေ့ - ဖန်ဆင်းခြင်း၏အလင်းဖြင့်လူကိုစစ်ဆေးခြင်း - အလင်းနှင့်ဂတိတော်။

ဒုတိယနေ့ - စီရင်အုပ်ချုပ်ခြင်းကာလ (ရေလွှမ်းမိုးခြင်းမှ တိုင်းနိုင်ငံများကွဲပြားခြင်းအထိ)။

တတိယနေ့ - ဣသရေလ (အစ္စရေး) (အာဗြဟံမှ ခရစ်ဝင်ကျမ်း (၄)ကျမ်းကုန်ဆုံးသည့်အချိန်အထိ)။

စတုတ္ထနေ့ - ကျေးဇူးတော်ကာလ (ကြားကာလ)။

ပဉ္စမနေ့ - ဘေးဒုက္ခကြီးကာလ။

ဆဋ္ဌမနေ့ - အနှစ်တစ်ထောင်ကာလ။

သတ္တမနေ့ - ထာဝရကာလ။

## ခေတ်ကာလပိုင်းခြားခြင်း၏အရေးကြီးပုံ

ဤအကြောင်းနှင့်ပတ်သက်၍ ခံယူချက်အသေးစိတ်တူညီရန် အရေးမကြီးသော်လည်း၊ ခြားနားသောကာလများရှိကြောင်း သိမြင်တတ်ဘို့အရေးကြီးလှပါသည်။ (အထူးသဖြင့် အရေးကြီးသောအချက်မှာ ပညတ်တော်ကာလနှင့်ကျေးဇူးတော်ကာလ ခွဲခြားခြင်းဖြစ်သည်)။ သို့မဟုတ်လျှင် အခြားခေတ်ကာလနှင့်တိုက်ရိုက်ပတ်သက်သောကျမ်းပိုဒ်များကို မိမိအတွက်ယူမိပါလိမ့်မည်။ သမ္မာကျမ်းစာထဲ၌ရှိသော နှုတ်ကပတ်တော်အားလုံးတို့သည် ကျွန်ုပ်တို့အတွက်အကျိုးရှိသော်လည်း (၂တိ၊ ၃း၁၆)၊ ကျမ်းပိုဒ်အားလုံးတို့

သည် ကျွန်ုပ်တို့အတွက်တိုက်ရိုက်ရေးသားခြင်းမဟုတ်ပါ။ အခြားခေတ်ကာလများအတွက်ရေးသားသောကျမ်းပိုဒ်များကို အသက်တာအတွက် သင်ခန်းစာယူပြီး ကျင့်သုံး၍ရသော်လည်း၊ အနက်ဖွင့်ဆိုရာ၌ ထိုကျမ်းပိုဒ်နှင့် တိုက်ရိုက်ပတ်သက်သော ခေတ်ကာလနှင့်လူတို့အတွက်သာလျှင် အနက်ဖွင့်ရပါမည်။ ဥပမာ- ပညတ်တရားအောက်၌ အသက်ရှင်သောဂျူးလူမျိုးများအား မသန့်ရှင်းသောတိရစ္ဆာန်များ၏အသားကိုမစားရန်တားမြစ်ပါသည်။ "ခွါမကွဲပြား၊ စားမြုံ့မပြန်သောသားများကိုမစားရ" (ဝတ်ပြု ၁၁း၃)။ ဤတားမြစ်ချက်သည် ယနေ့ခရစ်ယာန်များအတွက်မဟုတ်ပါ (မာကု ၇း၁၈-၁၉)၊ သို့ရာတွင် လူ့ကျင့်ဝတ်နှင့်ဝိညာဉ်ရေးရာအတွက် မသန့်ရှင်းသောအရာများကို ရှောင်ရမည့်မူမှာ တည်နေဆဲဖြစ်ပါသည်။

ဘုရားသခင်သည် ဣသရေလလူများအား သူ့စကားနားထောင်ပါက လောကစည်းစိမ်ဖြင့်ကြွယ်ဝချမ်းသာစေမည်ဟု ဂတိပေးခဲ့ပါသည် (တရား ၂၈း၁-၆)။ ဤကျမ်းပိုဒ်၏အဓိကသွန်သင်ချက်မှာ မြေကြီး၌ရုပ်ဝတ္ထုနှင့်ဆိုင်သောကောင်းကြီးများဖြစ်ပါသည်။ သို့သော်လည်း ဤကျမ်းချက်သည် ယနေ့အတွက်မမှန်တော့ပါ။ ဘုရားသခင်သည် သူ့စကားနားထောင်ခြင်းအတွက် ငွေကြေးချမ်းသာမှုဖြင့် ကျွန်ုပ်တို့ကိုကောင်းကြီးပေးမည်ဟု ဂတိမပေးပါ။ ယခုခေတ်ကာလ (ကျေးဇူးတော်ကာလ) ၏ကောင်းကြီးများမှာ ကောင်းကင်ဘုံ၌ရှိသော ဝိညာဉ်ရေးရာကောင်းကြီးများဖြစ်ပါသည် (ဧဖက် ၁း၃)။

## ခေတ်ကာလအားလုံးအတွက် ဧဝံဂေလိတစ်မျိုး

ခြားနားသောခေတ်ကာလအမျိုးမျိုးရှိသော်လည်း မည်သည့်အခါမျှမပြောင်းလဲသောအရာတစ်ခုမှာ ဝမ်းမြောက်ဘွယ်သတင်း (ဧဝံဂေလိတရား) ဖြစ်ပါသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ မည်သည့်ခေတ်ကာလတွင်မဆို ဘုရားသခင်ကို ယုံကြည်ခြင်းအားဖြင့်သာလျှင် ကယ်တင်ခြင်းရနိုင်ပါသည်။ ခေတ်ကာလအသီးသီး၌ ကယ်တင်ခြင်းသည် ခရစ်တော်၏လက်ဝါးကပ်တိုင်ပေါ်တွင် ပြီးစီးသောအမှုပေါ်၌အခြေပြုပါသည်။ ဓမ္မ



ဟောင်းခေတ်ကာလရှိလူတို့သည် ဘုရားသခင်ဖွင့်ပြမိန့်မှာခဲ့သောအရာများကို ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရကြသည်။ ဥပမာ- အာဗြဟံသည် ဘုရားသခင်၏ဂတိဖြစ်သော "သင်၏အမျိုးအနွယ်သည် မရေတွက်နိုင်သောကြယ်များကဲ့သို့များပြားမည်" (ကမ္ဘာ ၁၅း၅-၆) ကို ယုံကြည်သောကြောင့်ကယ်တင်ခြင်းရခဲ့ပါသည်။ အာဗြဟံသည် အနာဂတ်ရာစုနှစ်များကုန်လွန်ပြီးမှလက်ဝါးကပ်တိုင်ပေါ်၌ ဖြစ်ပျက်မည့်အရာကို မသိခဲ့ပါ။ သို့သော် ဘုရားသခင်ကသိပါသည်။ အာဗြဟံသည် ဘုရားသခင်ကိုယုံကြည်သောအခါ အနာဂတ်ကာလတွင် ကာရာနီကုန်းပေါ်၌ခရစ်တော်ပြုမည့်ကယ်တင်ခြင်းအကျိုးကျေးဇူးကို ဘုရားသခင်ကပေး လိုက်သည်။

တစ်ယောက်သောသူက ဓမ္မဟောင်းသန့်ရှင်းသူတို့သည် "အကြွေး" ဖြင့် ကယ်တင်ခြင်းရကြသည်ဟုပြောဖူးပါသည်။ ဆိုလိုသည်မှာ၊ သူတို့၏ကယ်တင်ခြင်းသည် နှစ်ပေါင်းအတော်ကြာမှ ခရစ်တော်ကသူ့အသက်ကိုစတေးပြီးပြုမည့် ကယ်တင်ခြင်းအပေါ်၌ တည်နေသည် (ရောမ ၃း၂၅ သည် ဤအဓိပ္ပါယ်ကိုဆောင်ပါသည်)။ ယနေ့ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် လွန်ခဲ့သောနှစ်ပေါင်း ၁၉၀၀ ကျော်ခန့်က ခရစ်တော်ပြုခဲ့သောကယ်တင်ခြင်းအမှုအပေါ်၌တည်ပါသည်။ သို့ရာတွင် ဤခေတ်ကာလနှစ်ခုစလုံးတွင် ဘုရားသခင်ကိုယုံကြည်ခြင်းအားဖြင့်သာလျှင် ကယ်တင်ခြင်းရနိုင်သည်။ ပညတ်တော်ကာလ၌ရှိသောလူတို့သည် ပညတ်တော်စောင့်ထိန်းခြင်းအားဖြင့် သို့မဟုတ် တိရစ္ဆာန်နှင့်ယဇ်ပူဇော်ခြင်းအားဖြင့် ကယ်တင်ခြင်းရကြသည်ဟူသော ယုံကြည်ခြင်းကို ကျွန်ုပ်တို့ငြင်းပယ်ရပါမည်။ ပညတ်တရားသည် အပြစ်ကိုထင်ရှားစေပြီး၊ အပြစ်သားကိုမကယ်တင်နိုင်ပါ (ရော ၃း၂၀)။ နွားနှင့်ဆိတ်၏အသွေးက လူတို့၏အပြစ်ကိုမဆေးကြောနိုင်ပါ (ဟေဗြဲ ၁၀း၄)။ ဘုရားသခင်၏ကယ်တင်ခြင်းနည်းလမ်းသည် ယုံကြည်ခြင်းသာလျှင်ဖြစ်ပါသည် (ရောမ ၅း၁) ကို ဖတ်ပါ။

အခြားသိမှတ်ဘွယ်ရာအကြောင်းတစ်ခုမှာ၊ ယခုခေတ်ကာလသည် ကျေးဇူးတော်ကာလဖြစ်သည်ဟုပြောဆိုရာတွင် ပြီးခဲ့သည်ခေတ်ကာလ (ကျေးဇူးတော်ကာလမတိုင်မီ) တွင် ဘုရားသခင်သည် လူများအပေါ်၌

ကျေးဇူးမပြုပါဟု မဆိုလိုပါ။ ဘုရားသခင်သည် ယခုခေတ်ကာလတွင် လူတို့အား ပညတ်တရားအောက်၌ မဆက်ဆံပဲ ကျေးဇူးတရားအောက်၌ ပြုမူဆက်ဆံသည်ဟု ဆိုလိုပါသည်။ ဤနှစ်ခု၏ခြားနားချက်များကို ရှေ့သင်ခန်းစာများ၌ ပို၍ပြည့်စုံစွာ ရှင်းလင်းပါမည်။

ခေတ်ကာလအသီးသီးတို့သည် တချိန်တည်းတွင်တိကျစွာမရပ်ဆိုင်း ပါ။ ထပ်ခါဖြစ်ပေါ်ခြင်း သို့မဟုတ် အသွင်ကူးပြောင်းခြင်းကာလဟူ၍လည်းရှိတတ်ကြောင်း သိထားသင့်သည်။ ဥပမာတစ်ခုပြောရရင် တမန်တော်ဝတ္ထုထဲ၌ ဓမ္မသစ်အသင်းတော်ဖြစ်ပေါ်ပြီး နောက်ပိုင်းတွင်ဓမ္မဟောင်းကာလ၏ဝတ်ပြုကျင့်ထုံးများအားလုံးကို စွန့်လွှတ်ရန် အချိန်ကာလအတိုင်းအတာတခုအထိ ကြန့်ကြာခဲ့သည်။ အနာဂတ်ကာလတွင်လည်း ဒုစရိုက်သားကောင်ပေါ်လာရန်နှင့် ယေရှုရှလင်မြို့ ဗိမ္ဗာန်တော်ပြန်လည်ပြင်ဆင်ရန်အတွက်ချီဆောင်ခြင်း (Rapture) နှင့်ဘေးဒဏ်ကြီးကာလအကြား၌ အချိန်ကာလတခုရှိနိုင်ပါသည်။

## ခေတ်ကာလပိုင်းခြားခြင်းကို မှားယွင်းစွာခံယူခြင်း

နောက်ဆုံးအနေဖြင့်၊ ခေတ်ကာလပိုင်းခြားခြင်းအကြောင်းလေ့လာရာတွင် မှားယွင်းစွာခံယူတတ်သော ခရစ်ယာန်တစ်ချို့ရှိပါသည်။ ထိုသူတို့သည် ခေတ်ကာလပိုင်းခြားခြင်းကိုခံယူရာတွင် အစွန်းရောက်သောသူများဖြစ်ကြပြီး၊ ရှင်ပေါလု၏အကျဉ်းထောင်မှရေးခဲ့သော ဩဝါဒစာများ (Prison Epistles) ကိုသာ ယခုခေတ်အသင်းတော်အတွက် ခံယူကျင့်သုံးကြသည်။ ထို့ကြောင့် ဤသူတို့သည် ရေနှစ်ခြင်းမင်္ဂလာနှင့် ပွဲတော်မင်္ဂလာကို လက်မခံကြချေ။ အကြောင်းမှာ၊ သူတို့လက်ခံသောဩဝါဒများထဲ၌ မပါသောကြောင့်ဖြစ်သည်။ ထိုသူတို့က ရှင်ပေတရု၏ဧဝံဂေလိတရားသည် ရှင်ပေါလုရေးသားသော ဧဝံဂေလိနှင့်မတူပါဟု သွန်သင်ကြသည်။ (ချေပရန်အတွက် ကျမ်းချက် ဂလာ၊ ၁း၈-၉ ကိုဖတ်ပါ)။ ဤကဲ့သို့ခံယူသောသူတို့ကို တဖက်စွန်းရောက်သော ခေတ်ကာလပိုင်းခြားသူများ (Ultra-dispensationalists) သို့မဟုတ် E.W. Bullinger ၏နောက်



လိုက်သူများ (Bullingerites) ဟုခေါ်သည်။ ကျွန်ုပ်တို့၏ခေတ်ကာလပိုင်းခြားခြင်းနှင့်ပတ်သက်၍ သူတို့၏အစွန်းရောက်ခံယူချက်ကိုငြင်းပယ်ရမည်။

# ၁၅
# သမ္မာကျမ်းစာ၏အဓိကပဋိညာဉ်များ

## Major Covenants of Scripture

လူ့သမိုင်းတလျှောက်တွင် ဘုရားသခင်သည် လူသားများနှင့်သဘောတူညီချက် (သို့) ပဋိညာဉ်ပြုခဲ့ပါသည်။ ပညတ်တော်ကဲ့သို့သော ပဋိညာဉ်တချို့ကို အခြေအနေပေါ်တွင်မူတည်ပြီးပြုခဲ့သည်။ လူသားများဘက်မှထိုပဋိညာဉ်ကိုစောင့်ထိန်းပါက ဘုရားဘက်မှလည်း စောင့်ထိန်းပါသည်။ အခြေအနေပေါ်တွင်မူတည်သော ပဋိညာဉ်များသည် "အသွေးအသားအားဖြင့်အားနည်းမှု" ရှိကာ၊ ထိုပဋိညာဉ်တောင်းဆိုသောစည်းကမ်းချက်များကို လူသားများဘက်မှမမီနိုင်ဘဲ ပျက်ကွက်ကြသည်။ ကျေးဇူးတော်ကြောင့် ဘုရားသခင်၏ပဋိညာဉ်အများစုသည် အခြေအနေပေါ်တွင်အခြေမပြုဘဲ၊ ဘုရားသခင်အပေါ်၌သာအခြေပြုကာ၊ ထိုပဋိညာဉ်များပြည့်စုံရန်လည်း အာမခံသည်။ ပဋိညာဉ်အများစုကို အာဗြဟံနှင့်သူ၏သားစဉ်မြေးဆက်များနှင့်ပြုခဲ့သည်။ အနည်းငယ်သော ပဋိညာဉ်တို့နှင့် အသင်းတော်ပါဝင်ပတ်သက်မှုရှိသော်လည်း ပဋိညာဉ်ကို အသင်းတော်နှင့်တိုက်ရိုက်မပြုပါ။

### ဧဒင် (ကမ္ဘာ ၁း၂၈-၃၀။ ၂း၁၆-၁၇)

အပြစ်မရှိမီကာလ၌ ဘုရားသခင်သည် ဧဒင်ပဋိညာဉ်ကိုလူနှင့်ပြုကာ၊ ပွားများပြီး မြေကြီး၌ပြည့်၍နိုင်ကြရန် တာဝန်ပေးခဲ့သည်။ တိရစ္ဆာန်



အားလုံးအပေါ်၌အုပ်စိုးခွင့်အာဏာကို အာဒံအားပေးသည်။ သူသည် ဧဒင်ဥယျာဉ်ကိုပြုစုစောင့်ရှောက်ကာ၊ ၄င်းမှထွက်သော ကောင်းမကောင်းသိကျွမ်းရာအပင်၏အသီးမှအပ ကျန်သီးနှံအားလုံးကိုစားခွင့်ရှိသည်။ မစားရန်မိန့်မှာသည့် ပညတ်ကိုနားမထောင်ခြင်းဖြင့် သေခြင်းတရားရောက်စေသည်။ ထို့ကြောင့် ထိုပဋိညာဉ်သည် အခြေအနေပေါ်၌မူတည်သော ပဋိညာဉ်ဖြစ်သည်။

### အာဒံ (ကမ္ဘာ ၃း၁၄-၁၉)

လူပြိုလဲပြီးနောက်တွင် ဘုရားသခင်သည် မြွေကိုကျိန်ဆဲကာ၊ မြွေနှင့်မိန်းမအကြား၊ စာတန်နှင့်ခရစ်တော်အကြားတို့၌ရန်ငြိုးရှိမည့်အကြောင်းကို တင်ကူး၍ပြောခဲ့သည်။ စာတန်က ခရစ်တော်ကိုနာကျင်စေကာ၊ ခရစ်တော်က စာတန်ကိုဖျက်ဆီးမည်။ မိန်းမသည်သားဖွားခြင်း၌နာကျင်ခြင်းဝေဒနာခံစားကာ မိမိခင်ပွန်းသည်၏ဩဇာအာဏာအောက်၌နေရသည်။ မြေကြီးသည် ကျိန်ခြင်းခံကာ၊ ယောကျ်ားသည်ဆူးပင်များအကြား၌ထွန်ယက်စိုက်ပျိုးခြင်းဖြင့် ကျေနပ်ရကာ၊ ချွေးစီးခြင်းနှင့်မောပန်းခြင်းများခံစားရသည်။ နောက်ဆုံးတွင် သူ၏ခန္ဓာကိုယ်သည် မူလနေရင်းအရပ်ဖြစ်သော မြေကြီးသို့ပြန်သွားရသည်။

### နောဧ (ကမ္ဘာ ၈း၂၀-၉း၂၇)

ဘုရားသခင်သည် မြေကြီးကိုမကျိန်ဆဲတော့ဘဲ၊ ကမ္ဘာကိုရေလွှမ်းမိုးခြင်းဖြင့် မဖျက်ဆီးတော့မည့်အကြောင်း နောဧအားဂတိပေးကာ သက်သေအဖြစ်သက်တန့်ကိုပေးခဲ့သည်။ နောဧနှင့်ပြုခဲ့သော ပဋိညာဉ်တွင် လူ့အသက်ကိုသတ်သောသူကို သေဒဏ်ချမှတ်ကာ၊ ထိုအမှုကိုလိုက်ရန်နှင့်ပြစ်ဒဏ်ချမှတ်ရန် အစိုးရမင်းရှိလာမည်ဟုမှတ်ယူရသည်။ သို့ဖြစ်၍၊ နောဧနှင့်ပြုသောပဋိညာဉ်က လူအုပ်စိုးခြင်းကို စတင်တည်ထောင်သည်။ ဘုရားသခင်သည် အချိန်ကာလနှင့်ရာသီဥတုပုံမှန်ဖြစ်ရန် အာမခံသလို၊ လူသားသည်ပွားများပြီး မြေကြီး၌ပြည့်ရန် ညွှန်ကြားကာ၊ တိရစ္ဆာန်များအ

ပေါ်၌ အုပ်စိုးခြင်းအာဏာရှိခြင်းကို နောက်တဖန်အတည်ပြုခဲ့သည်။ လူတို့အား အသားစားခွင့်လည်းပေးသည်။ နောဧ၏သားစဉ်မြေးဆက်နှင့် ပတ်သက်၍ ဘုရားသခင်က ဟာမ၏သား ခါနန်အား ရှေမနှင့်ယာဖက်တို့၏ ကျွန်တို့၌ ကျွန်ဖြစ်စေဟု ကျိန်ဆဲပါသည်။ **၁** ရှေမအားကောင်းကြီးပေး၍၊ မေရှိယသည်သူ၏မျိုးနွယ်မှဖြစ်ကြောင်းသိရပါသည်။ ယာဖက်သည် တိုးပွားခြင်းကောင်းကြီးကိုခံစားကာ ရှေမ၏တဲများ၌နေရသည်။ နောဧနှင့် ပြုသော ပဋိညာဉ်သည် အခြေအနေပေါ်တွင်မမူတည်ဘဲ၊ ပြန်လည်မရုပ်သိမ်းပါ။ ထိုပဋိညာဉ်သည် "ခေတ်အဆက်ဆက် သားစဉ်မြေးဆက်များအတွက်ဖြစ်သည်" (ကမ္ဘာ ၉း၁၂)။

## အာဗြဟံ (ကမ္ဘာ ၁၂း၁-၃။ ၁၃း၁၄း၁၇။ ၁၅း၁-၅။ ၁၇း၁-၈)

ဤပဋိညာဉ်တွင် အာဗြံ (နောက်ပိုင်း၌ အာဗြဟံ ဟုခေါ်သူ) နှင့် သူ၏သားစဉ်မြေးဆက်များအားပေးသော အောက်ဖော်ပြပါ ဂတိတော်များ ပါဝင်သည်။ လူမျိုးကြီး (ဣသရေလ)၊ အာဗြဟံအတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာကောင်းကြီး၊ နာမကိုကြီးမြတ်စေခြင်း၊ သူအားဖြင့်သူတပါးကောင်းကြီးခံစားခြင်း (ကမ္ဘာ ၁၂း၂)။ သူ့ကိုကောင်းကြီးပေးသောသူကို ဘုရားသခင်က ကောင်းကြီးပေးကာ၊ သူ၏ရန်သူများအပေါ်၌ ကျိန်ခြင်းအမင်္ဂလာကျရောက်စေခြင်း၊ လူမျိုးအပေါင်းအတွက်ကောင်းကြီးဖြစ်စေခြင်း (ခရစ်တော်အားဖြင့်ပြည့်စုံသည်) စသည်တို့ ပါဝင်သည် (ကမ္ဘာ ၁၂း၃)။ နောင်ကာလတွင် အစ္စရေးနှင့် ပါလက်စတိုင်းဟူ၍သိရသောခါနန်ပြည်ကို ထာဝရအပိုင်အဖြစ်ပေးသည် (၁၅း၁၈)။ ကာယနှင့် ဝိညာဉ်ပိုင်းဆိုင်ရာကောင်းကြီးများနှင့် နောင်လာနောက်သားများမရေတွက်နိုင်လောက်အောင်များပြားစေမည် (ကမ္ဘာ ၁၃း၁၆။ ၁၅း၅)။ များစွာသောလူမျိုးနှင့် ရှင်ဘုရင်များ၏ဖခင် (ဣရှမေလနှင့် ဣဇက်အားဖြင့်) (ကမ္ဘာ ၁၇း၄၊၆)၊ ဘုရားသခင်နှင့်အထူးတော်စပ်မှု (ကမ္ဘာ၊ ၁၇း၇) စသည့် ဂတိတော်များပါဝင်သည်။



## ပညတ်တော် (သို့) မောရှေနှင့်ပြုသော ပဋိညာဉ် (ထွက် ၁၉း၅။ ၂၀-၃၁)

ကျယ်ပြန့်သော အဓိပ္ပါယ်ဖြင့် မောရှေပညတ်တော်တွင် ဘုရားသခင်နှင့် အိမ်နီးနားချင်းများအပေါ်၌ ထားရမည့်တာဝန်ကို ဖော်ပြသော ပညတ်တော်ဆယ်ပါး (ထွက် ၂၀)၊ ဣသရေလလူတို့၏လူမှုရေးဆိုင်ရာ များပြားသောစည်းမျဉ်းစည်းကမ်းများ (ထွက် ၂၁း၁-၂၄း၁၁)၊ ဘာသာတရားနှင့်ဆိုင်သော အသေးစိပ်ပြဋ္ဌါန်းချက်များ (ထွက် ၂၄း၁၂-၃၁း၁၈) ပါဝင်သည်။ ထိုပဋိညာဉ်ကို တပါးအမျိုးသားတို့အား ပေးသည်မဟုတ်၊ ဣသရေလလူမျိုးအတွက်သာဖြစ်၍ အသွေးဖြင့်အတည်ပြုရသည် (ထွက် ၂၄း၈။ ဟေဗြဲ ၉း၁၉-၂၀)။ အခြေအနေပေါ်၌တည်သော ပဋိညာဉ်ဖြစ်၍၊ လူတို့၏နာခံခြင်းတောင်းဆိုသောကြောင့် "ဇာတိပကတိကြောင့် ပညတ်တရားသည်အားနည်း၍" (ရောၜး၃က) ဟု ဖော်ပြထားပါသည်။ ထိုပညတ်တော် (၁၀) ပါးကို ကယ်တင်ခြင်းရရန် ရည်ရွယ်၍ပေးသည်မဟုတ်ဘဲ၊ သူတို့၌အပြစ်ရှိကြောင်းနှင့်ကောင်းသောအကျင့် မကျင့်နိုင်ကြကြောင်းကို သိရှိခံယူလာကြရန်အတွက်သာပေးခြင်းဖြစ်သည် (ရော ၃း၂၀ခ)။ "ထိုပညတ်တော် (၁၀) ပါးထဲမှ (၉) ပါးသာလျှင် (ဥပုဉ်စောင့်ခြင်းမှအပ) ဓမ္မသစ်ကျမ်း၌ ထပ်၍ပါရှိကာ၊ ပြစ်ဒဏ်နှင့်ပူးတွဲသောပညတ်တော်ကဲ့သို့မဟုတ်ဘဲ၊ ကျေးဇူးတော်အားဖြင့် ကယ်တင်ခြင်းရရှိသောသူများအတွက် သင့်လျော်သော အပြုအမူအဖြစ်သာ ဖော်ပြရေးသားထားပါသည်။ ယုံကြည်သူခရစ်ယာန်တဦးသည် ပညတ်တရားအောက်၌မရှိဘဲ၊ ကျေးဇူးတရားအောက်၌ရှိကာ၊ သာလွန်သောခရစ်တော်၏တရားကို ကျင့်သောသူဖြစ်သည် (၁ကော ၉း၂၁)။ ပညတ်တော်က အာဗြဟံနှင့်ပြုသောပဋိညာဉ်ကို မပျက်ပြယ်စေပါ (ဂလာ ၃း၁၇-၁၈)။

## ပါလက်စတိုင်း (တရား ၂၈း၁။ ၂၉း၁-၃၀း၂၀)

ဤပဋိညာဉ်ကို ကမ္ဘာဦးကျမ်း ၁၅း၁၈ ၌တွေ့ရသည်။ ဘုရားသခင်သည် ဂတိပေးတော်မူလျက် "အဲဂုတ္တုမြစ်မှစ၍ မြစ်ကြီးတည်းဟူသော

ဥဖရတ်မြစ်တိုင်အောင်" သင်၏အမျိုးအနွယ်အား ငါပေးပြီဟုမိန့်ဆိုခဲ့သည်။ ဣသရေလလူတို့သည် စကားနားမထောင်ခြင်းနှင့် သစ္စာမရှိမှုတို့ကြောင့်တခြားလူမျိုးများအကြား ကွဲပြားပျံ့နှံ့မည့်အကြောင်းနှင့်သခင်ခရစ်တော်လောကသို့ ဒုတိယအကြိမ်ပြန်ကြွလာသောအခါ နောင်တရ၍ပြောင်းလဲလာကြမည့်အကြောင်း၊ သူတို့၏ရန်သူများအား ပြစ်ဒဏ်ခတ်ခြင်းနှင့်သူတို့သည် မေရှိယ၏အုပ်စိုးမှုအောက်၌လုံခြုံစွာနေရမည့်အကြောင်းများကို တင်ကူး၍ တွေ့မြင်ခြင်းဖြစ်သည်။

ဘုရားဂတိပေးသောထိုတိုင်းပြည်ကို ဣသရေလတို့သည် ပြည့်စုံစွာသိမ်းပိုက်ရယူခြင်းမရှိသေးပါ။ ရှောလမုန်အုပ်စိုးခဲ့စဉ်က အရှေ့ဘက်တွင်ရှိသော တိုင်းနိုင်ငံများကအခွန်ပေးဆောင်ကြသည် (၃ရာ ၄း၂၁၊ ၂၄)၊ သို့သော် အပြီးသိမ်းယူပိုင်ဆိုင်သည်ဟု သတ်မှတ်၍မရပါ။ ပါလက်စတိုင်းနှင့်ဆိုင်သော ပဋိညာဉ်၏ပြည့်စုံခြင်းသည် အနာဂတ်ကာလတွင်ဖြစ်လာမည်။

## ဒါဝိဒ် (၂ရာ ၇း၁-၁၇)

ဘုရားသခင်သည် ဒါဝိဒ်အား သူ၏နိုင်ငံထာဝစဉ်တည်မြဲမည့်အကြောင်း ဂတိပေးရုံသာမက၊ သူ၏သားစဉ်မြေးဆက်များက ထိုရာဇပလ္လင်ပေါ်တွင် နန်းထိုင်ကြမည်ဟုပြောပါသည် (၂ရာ ၇း၁၂-၁၆)။ ဤပဋိညာဉ်သည် အခြေအနေပေါ်၌မမူတည်ဘဲ၊ ဒါဝိဒ်၏နာခံခြင်းနှင့်ဖြောင့်မတ်ခြင်းအပေါ်၌လည်း မမူတည်ပါ။ မဿဲအခန်းကြီး (၁) ၌ ယောသပ်၏မျိုးနွယ်စာရင်း၌တွေ့သကဲ့သို့၊ ခရစ်တော်သည် ရှောလမုန်မှတဆင့် ဒါဝိဒ်၏ရာဇပလ္လင်ကို တရားဝင်အမွေဆက်ခံသူဖြစ်သည်။ ယောသပ်သည် ခရစ်တော်ကို မွေးစားထားသည်။ လုကာ (၃) ၌ မာရိ၏မျိုးနွယ်စာရင်းကိုတွေ့ရသကဲ့သို့ ခရစ်တော်သည် နာသန်အားဖြင့် ဒါဝိဒ်၏တိုက်ရိုက်သားစဉ်မြေးဆက်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူသည်ထာဝရအသက်ရှင်သောကြောင့် ထိုပလ္လင်နှင့် ထိုက်သင့်ကြောင်း တောင်းဆိုပိုင်ခွင့် မည်သူတဦးတယောက်မျှ မပြုနိုင်ပါ။ သူ၏



နိုင်ငံသည် ထာဝရဖြစ်ကာ၊ သူ၏အနှစ်(၁၀၀၀) ကာလအုပ်စိုးခြင်းနှင့်တဆက်တည်းတွင် ထာဝရကာလဖြစ်မည်။

## ရှောလမုန် (၂ ဓမ္မ ၇း၁၂-၁၅။ ၃ ဓမ္မ ၉။ ၆ ဓမ္မ၊ ၇)

ရှောလမုန်နှင့်ပြုသော ပဋိညာဉ်သည် ထာဝရနိုင်ငံတော်နှင့်ပတ်သက်၍ အခြေအနေပေါ်တွင်မမူတည်ဘဲ၊ သို့ရာတွင် ရာဇပလ္လင်ပေါ်၌ နန်းစံသောသူ၏သားစဉ်မြေးဆက်များနှင့်ပတ်သက်၍ အခြေအနေပေါ်တွင် မူတည်သည် (၃ရာ ၉း၄-၅။ ၆ရာ ၇း၁၇-၁၈)။ ရှောလမုန်၏သားစဉ်မြေးဆက်ထဲမှတဦးဖြစ်သော ခေါနိ (ယေခေါနိ (သို့) ယေဟောယချိန် ဟုလည်းခေါ်သည်) သည် ဒါဝိဒ်၏ရာဇပလ္လင်၌မထိုင်ရန် ပယ်ဖျက်ခြင်းခံသည် (ယေရမိ ၂၂း၃၀)။ ဤဖေါ်ပြချက်အရ၊ သခင်ယေရှုသည် ရှောလမုန်၏သားစဉ်မြေးဆက်မဟုတ်ပါ။ ဖြစ်ခဲ့ပါက၊ သူသည် ခေါနိခံရသည့် ကျိန်ခြင်းအမင်္ဂလာအောက်၌ ရှိနေမည်ဖြစ်သည်။

## ပဋိညာဉ်သစ် (ယေရမိ ၃၁း၃၁-၃၄။ ဟေဗြဲ ၈း၇-၁၂။ လု ၂၂း၂၀)

ဤပဋိညာဉ်သစ်ကို ဣသရေလအမျိုးသား၊ ယုဒအမျိုးသားတို့နှင့် (ယေရမိ ၃၁း၃၁) ပြုကြောင်းထင်ရှားသည်။ ပဋိညာဉ်သစ်က ပဋိညာဉ်ဟောင်း (မောရှေနှင့်ဆိုင်သောပဋိညာဉ်) ကို ပယ်ဖျက်သည်။ ပဋိညာဉ်သစ်တွင် သာလွန်ကောင်းမွန်သော ယဇ်ပရောဟိတ်အမျိုး၊ ယဇ်ပရောဟိတ်မင်း၊ ပူဇော်သက္ကာနှင့် ယဇ်ပလ္လင်များရှိကာ သာ၍ကောင်းသောဂတိတော်များအပေါ်၌တည်ပါသည် (ဟေဗြဲ ၇-၉။ ၁၃း၁၀)။ ပရောဖက်ယေရမိက ဤကျမ်းရေးစဉ်တွင် အနာဂတ်၌ဖြစ်ပေါ်မည့် ပဋိညာဉ်ဖြစ်သည် (ယေရ ၃၁း၃၁က)။ ဤပဋိညာဉ်သစ်သည် ဣသရေလလူမျိုးချိုးဖောက်ခဲ့သည့် မောရှေနှင့်ဆိုင်သော ပဋိညာဉ်နှင့်မတူဘဲ၊ အခြေအနေပေါ်တွင် မူတည်သောပဋိညာဉ်မဟုတ်ပါ (ယေရမိ ၃၁း၃၂)။ ထိုပဋိညာဉ်ထဲ၌ ဘုရားသခင်သည် အခြေအနေပေါ်၌မမူတည်သောဂတိတော်များ (ထပ်သောစကား "I will" "ငါပေး/လုပ်မည်" ကိုမှတ်သားပါ)- ဣသရေလ၏အ

နာဂတ်မျိုးဆက်သစ်များ (ယေဇကျေ ၃၆း၂၅-၂၆)၊ ဝိညာဉ်တော်ကိုနှိုးဝပ်ခြင်း (ယေဇကျေ ၃၆း၂၇)၊ ဘုရားသခင်၏အလိုတော်ကို စေတနာစိတ်ဖြင့်လုပ်သောနှလုံးသား (ယေရမိ ၃၁း၃၃က)၊ တကမ္ဘာလုံးအတိုင်းအတာဖြင့် ဣသရေလလူမျိုးကြား၌ ပညတ်နှင့်ဆိုင်သောအသိပညာ (ယေရမိ ၃၁း၃၄က)၊ အပြစ်ခွင့်လွှတ်ခြင်းနှင့် မအောက်မေ့ခြင်း (ယေရမိ ၃၁း၃၄ခ)၊ ထာဝရဆက်လက်တည်ရှိသောလူမျိုး (ယေရမိ ၃၁း၃၅-၃၇)စသည်တို့ကို ပေးခဲ့သည်။ ယခုတွင် ဣသရေလလူတို့သည် ပဋိညာဉ်သစ်၏အကျိုးကျေးဇူးများမရရှိကြသေးပါ။ သို့သော် သခင်ယေရှုဒုတိယအကြိမ်ကြွလာသောအခါ အပြည့်အဝခံစားကြမည်။ တချိန်တည်းတွင် စစ်မှန်သောယုံကြည်သူတို့သည် ထိုပဋိညာဉ်သစ်၏ကောင်းကြီးများကို အတူတကွမျှဝေခံစားကြမည်။ သူတို့သည် အပြစ်လွှတ်ခြင်းနှင့်မအောက်မေ့ခြင်း၏ ဝမ်းမြောက်ခြင်းကိုခံစားရရှိကြကာ (ဟေဗြဲ ၁၀း၁၆-၁၇)၊ ဖြောင့်မတ်ခြင်းဆိုင်ရာပညတ်၏တောင်းဆိုချက်ကို စုံလင်စေနိုင်ကြမည် (ရောမ ၈း၄)။ အသင်းတော်သည် ပဋိညာဉ်အသစ်နှင့်သက်ဆိုင်သည့်အကြောင်းကို သခင်ဘုရား၏နောက်ဆုံးညစာ (ပွဲတော်မင်္ဂလာ) ၌တွေ့နိုင်ပါသည်။ စပျစ်ရည်က ထိုပဋိညာဉ်အသစ်နှင့်အသွေးတော်ကိုဖေါ်ညွှန်းကာ၊ ပဋိညာဉ်သစ်ကိုလည်းတည်စေပါသည် (လုကာ ၂၂း၂၀။ ၁ကော ၁၁း၂၅)။ ၂ ရှင်ပေါလုက သူကိုယ်တိုင်နှင့် အခြားတမန်တော်များတို့သည် "ပဋိညာဉ်သစ်၏အစေခံများ" ဟုပြောပါသည် (၂ကော ၃း၆)။ အဓိပ္ပါယ်မှာ ဘုရားသခင်ကျေးဇူးတော်၏ "သတင်းကောင်းအစေခံများ" ဖြစ်သည်။

**မှတ်ချက်။**

၁။ အများအားဖြင့် ကျိန်ခြင်းခံသောသူ၏ဖခင်ထံသို့ ထိုကျိန်ခြင်းပြန်လှည့်သည်။ ဤသို့ဖြင့် သားကိုပြုစုပျိုးထောင်ခြင်းတာဝန်မှာ ဖခင်၌ရှိကြောင်းပြသသည်။ Arthur Custance က "... နောဧက သူ့ကိုယ်သူတရားစီရင်ခြင်းနှင့်ကင်းလွတ်ကာ သူ့သား ဟာမအပေါ်၌ကျရောက်မည့် မည်သည့်တရားစီရင်ခြင်းကိုမျှ မြွတ်ဆို၍မရပါ။ အဘယ့်ကြောင့်ဆိုသော် လူ့အဖွဲ့အစည်းက သူ့သား၏အကျင့်စရိုက်အတွက်သူ၌တာဝန်ရှိသည်ဟု ခံယူဆွဲကိုင်ကြသည်။ (Noah's Three Sons, p. 195)။ A.W. Pink က "ဟာမ အပြစ်၌ နှုတ်ဖြင့်သူ့ဖခင်အားလေးစားသမှုပြုရန် ပျက်ကွက်ခြင်းပါဝင်သည်. . . ကြောက်မက်ဖွယ်ကောင်းသော နောက်ဆက်တွဲဆိုးကျိုးဖြစ်သည့် - သူကြိုသည့်အတိုင်း ပြန်ရိတ်ခဲ့သည် - ဟာမသည် သားအနေဖြင့်ပြစ်မှားကာသူ့သားအပေါ်၌ ပြစ်ဒဏ်စီရင်သည်" (Gleanings in Genesis, p.124, author's italics)။

၂။ J.N. Darby က အသင်းတော်သည် မူလအကြောင်းရင်းထက်သာလွန်ကောင်းမွန်သော ပဋိညာဉ်သစ်၏ကြားဝင်ဖြန်ဖြေသူကို ကိုယ်တိုင်ကိုယ်ကျသိသည်ဟု ညွှန်ပြသည်။

# ၁၆

# ဣသရေလ၊ တပါးအမျိုးသားများနှင့်အသင်းတော်

## Israel, Gentiles and the Church

ဓမ္မသစ်ကျမ်းက လူမျိုးအပေါင်းကို အမျိုးအစား (၃) မျိုးဖြင့် ခွဲခြားပါသည် -- ဣသရေလလူမျိုး (Israel)၊ တပါးအမျိုးသားများ (the Gentiles) နှင့် အသင်းတော် (the Church) တို့ဖြစ်သည်။ ဥပမာ-ရှင်ပေါလုသည် ၁ကော၊ ၁၀း၃၃ တွင် ". . . သင်တို့သည်လည်း ယုဒလူ၊ ဟေလသလူ၊ ဘုရားသခင်၏အသင်းတော်ဝင်သူတို့၌ ထိမိ၍လဲစရာအကြောင်းကိုမပြုဘဲ" ဟုပြောပါသည်။

ဤလူအမျိုးအစား (၃) မျိုးကို တမန်တော်၊ ၁၅း၁၄-၁၇ ၌လည်း ဖော်ပြပါသည်။

### အသင်းတော်

"ဘုရားသခင်သည် မိမိနာမအဘို့ တပါးအမျိုးသားတို့အထဲက အချို့သောသူတို့ကို နှုတ်ယူခြင်းငှါ၊ ရှေ့ဦးစွာ တပါးအမျိုးသားတို့ကိုအကြည့်အရှုကြွလာတော်မူသည်" (ငယ် ၁၄)။

### ဣသရေလ

". . . နောက်မှငါပြန်လာမည်။ လဲလျက်ရှိသောဒါဝိဒ်၏တဲကို ဆောက်တည်ပြန်မည်။ ပြိုပျက်ရာများကိုလည်း ပြုပြင်ပြီးလျှင်၊ ထိုတဲကို မတ်စေပြန်မည်" (ငယ် ၁၇)။



### တပါးအမျိုးသားများ

"ငါ၏နာမဖြင့်သမုတ်သော တပါးအမျိုးသားအပေါင်းတည်းဟူသော ကျန်ကြွင်းရစ်သောသူတို့သည် ထာဝရဘုရားကိုရှာစေခြင်းငှါ . . ." (ငယ် ၁၆)။

ရှင်ပေါလုကလည်း ဤသို့ သုံးမျိုးခွဲခြားပါသည်။

ဂျူးလူမျိုး -- လက်ဖြင့်အရေဖျားလှီးခြင်းကိုခံသောလူ (ဧဖက်၊ ၂း၁၁)။
တပါးအမျိုးသား -- အရေဖျားလှီးခြင်းကိုမခံသောလူ (ဧဖက်၊ ၂း၁၁)။
အသင်းတော် -- လက်ဖြင့်မလုပ်သော အရေဖျားလှီးခြင်းကိုခံသောလူ (ကော ၂း၁၁)။

ယေဘူယျအားဖြင့်ပြောမည်ဆိုလျှင်၊ ကျမ်းစာကျောင်းသားများအတွက် ဣသရေလနှင့်အသင်းတော်ကို တပါးအမျိုးသားနှင့်ရောထွေးပြီးမရှုပ်ပါ။ ဤသင်ခန်းစာထဲတွင် အထူးသဖြင့် ဣသရေလလူမျိုးနှင့်အသင်းတော်၏ခြားနားမှုကိုလေ့လာပါမည်။ ကျွန်ုပ်တို့သည် ဤနှစ်ခု၏ကွဲပြားခြားနားချက်ကိုမသိရှိပါက ကျမ်းစာအနက်ဖွင့်ရာတွင် အထူးသဖြင့်အသင်းတော်ကဏ္ဍနှင့်အနာဂတ်ဖြစ်ရပ်များ (Prophecy) နှင့်ပတ်သက်၍မှားယွင်းနိုင်ပါသည်။

ဤသင်ခန်းစာအဘယ်ကြောင့်အရေးကြီးသနည်းဟုဆိုလျှင်၊ လူတစ်ချို့က အသင်းတော်သည်ဣသရေလလူမျိုးမှဆင့်ပွားတိုးချဲ့ခြင်းသာဖြစ်သည်ဟုသွန်သင်ကြသည်။ သူတို့က "ဘုရားသခင်သည် ခေတ်ကာလတလျှောက်လုံးတွင် အသင်းတော်ကိုတဆက်တည်းထားကာ၊ ဓမ္မဟောင်းကာလတွင် ဣသရေလသည် အသင်းတော်ဖြစ်ခဲ့ပြီး၊ မေရှိယကိုငြင်းပယ်ကြသောကြောင့်လည်း သူတို့ကို ထာဝရငြင်းပယ်လိုက်သည်။ ဣသရေလလူမျိုးတို့အတွက် အနာဂတ်ဟူ၍မရှိတော့ပါ။ ယခုတွင် ဓမ္မသစ်အသင်းတော်သည် ဘုရားသခင်၏ဣသရေလလူမျိုးဖြစ်လာ၍၊ ဣသရေလလူမျိုးအတွက်ပေးထားသော ဂတိတော်အားလုံးသည် အသင်းတော်အတွက်ဝိညာဉ်ရေးရာပြည့်စုံခြင်းဖြစ်သည်" [k ajymMuonf/

သမ္မာကျမ်းစာက ဣသရေလနှင့်အသင်းတော်၏မူလအစ၊ ဂုဏ်

အင်လက္ခဏာ၊ တာဝန်နှင့်နောက်ဆုံးဖြစ်ရပ်များတို့သည် ကွဲပြားခြားနားစွာ သွန်သင်သည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။

ဣသရေလလူမျိုးတို့သည် သခင်ယေရှုကိုသူတို့၏မေရှိယအဖြစ် လက်မခံဘဲငြင်းပယ်သောအခါ၊ ဘုရားသခင်က သူတို့ကိုခေတ္တခဏ ဘေးဖယ်ထားလိုက်သည်။ ထို့နောက် အစီအစဉ်သစ်ဖြစ်သည့် အသင်းတော်ကို စတင်လိုက်သည်။ ဤလောက၌ အသင်းတော်အတွက် အစီအစဉ်များ ပြီးပြည့်စုံသောအခါ၊ ဣသရေလလူမျိုးနှင့်ဆက်ဆံခြင်းကို ပြန်လည်လုပ်ဆောင်မည်။ သို့ဖြစ်၍၊ ဘုရားသခင်နှင့်သူ၏လူမျိုးတော် ဣသရေလလူမျိုးတို့၏ဆက်ဆံရေးပြတ်စဲသည့် ကြားကာလတွင်အသင်းတော်သည် ကြားညှပ်ပြီးဝင်လာခြင်းဖြစ်သည်။

အသင်းတော်နှင့် ဣသရေလလူမျိုး၏ကွဲပြားခြားနားခြင်းကိုအောက်ပါအတိုင်းတွေ့နိုင်ပါသည်။

| **အသင်းတော်** | **ဣသရေလလူမျိုး** |
|---|---|
| ၁။ ရှင်ပေါလုက အသင်းတော်ကိုနက်နဲသောအရာအဖြစ်ပြောပါသည်။ "ထိုနက်နဲသောအရာကို သန့်ရှင်းသောတမန်တော်နှင့် ပရောဖက်တို့အား ယခုကာလ၌ ဝိညာဉ်တော်အားဖြင့် ဖွင့်လှစ်တော်မူသည်နည်းတူ အခြားသောကာလတို့၌ လူမျိုးတို့အားပြတော်မမူ(ဧဖက်၊ ၃း၅)။ ထိုနက်နဲသောအရာကိုဘုရားသခင်၌ ရှေးကပ်ကာလပတ်လုံး ဝှက်ထားလျက်ရှိ (ဧဖက်၊ ၃း၉) ၍၊ဤကာလပတ်လုံးဝှက်ထားပြီး၊ ပရောဖက်တို့၏ကျမ်းစာများလာသည်နှင့်အညီ ယခုမှာထင်ရှားပြီ (ရော၊ ၁၆း၂၅၊ ၂၆။ ကော၊ ၁း၂၅၊၂၆)။ | ၁။ ဣသရေလကို မည်သည့်အခါမျှ နက်နဲသောအရာဟု မပြောဘူးပါ။ ဆန့်ကျင်ဘက်ကော်လံတွင် ဖော်ပြချက်များသည် ဣသရေလလူမျိုးနှင့် လုံးဝမပတ်သက်ပါ။ |
| ၂။ အသင်းတော်သည် သန့်ရှင်းသောဝိညာဉ် | ၂။ ဣသရေလလူမျိုးသည် ဘုရားသခင်က |



| | |
|---|---|
| တော်သွန်းလောင်းသည့် ပင်တေကုတ္တေနေ့၌စတင်သည် (တမန် ၂)။ ဤအကြောင်းကိုအောက်ဖော်ပြပါ အချက်အလက်တို့မှ ကောက်သူသည်။<br>(က) ခရစ်တော်လောက၌ရှိစဉ်တွင် အသင်းတော်မရှိသေးဘဲ၊ အနာဂတ်ကာလတွင်ရှိသေးသည်။ အဘယ့်ကြောင့်ဆိုသော်၊ သူက "ငါ၏အသင်းတော်ကို ငါတည်ဆောက်မည်" (မဿဲ ၁၆း၁၈) ဟု ပြောပါသည်။<br>(ခ) ရှင်ပေါလုက သူ၏ပထမဩဝါဒစာကို ကောရိန္တုမြို့၌ရှိသော ယုံကြည်သူများသို့ရေးခဲ့စဉ်က အသင်းတော်တည်ရှိပြီဖြစ်သည်။ ယုံကြည်သူအားလုံး ဝိညာဉ်တော်အားဖြင့် ခရစ်တော်၏ကိုယ်ခန္ဓာထဲ၌ နှစ်ခြင်းခံကြောင်းပြောပါသည် (၁ကော၊ ၁၂း ၁၃)။<br>(ဂ) သန့်ရှင်းသောဝိညာဉ်တော်နှစ်ခြင်းနှင့်ဆိုင်သောဂတိတော်သည် ပင်တေကုတ္တေနေ့၌ပြည့်စုံသောကြောင့် ထိုနေ့သည် အသင်းတော်၏မွေးနေ့ဖြစ်ပါသည်။ | အာဖြဟံကိုခေါ်ခြင်းဖြင့် စတင်တည်ရှိသည်။ (ကမ္ဘာ ၁၂)။ |
| ၃။ ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းဖြစ်သည်။ | ၃။ အာဖြဟံသည် ဣသရေလလူမျိုး၏ ဦးခေါင်း (ဦးစီး) ဖြစ်သည်။ |
| ၄။ ဝိညာဉ်တော်၌ မွေးဖွားခြင်းအားဖြင့် ဖြင့် အသင်းတော်၌ပါဝင်သည်။ | ၄။ သဘာဝမွေးဖွားခြင်းအားဖြင့် နိုင်ငံသားဖြစ်ရသည်။ |
| ၅။ အသင်းတော်သည်ဘုရားသခင်၏ ကောင်းကင်နိုင်ငံသားများဖြစ်သည်။ အသင်းတော်၏ကောင်းကြီးမင်္ဂလာများမှာ | ၅။ ဣသရေလလူတို့သည် ဤလောက၌ ဘုရားသခင်ရွေးကောက်သော လူမျိုးတော်ဖြစ်သည်။ ဣသရေလလူတို့၏ ကောင်း |

| | |
|---|---|
| ကောင်းကင်နိုင်ငံ၌ ဝိညာဉ်ရေးရာကောင်းကြီးမင်္ဂလာများ ဖြစ်သည်။ ခရစ်ယာန်တို့၏ နိုင်ငံသားခံယူခြင်းမှာ ကောင်းကင်နိုင်ငံ ဖြစ်သည်။ အသင်းတော်၏မျှော်လင့်ခြင်းမှာကောင်းကင်နိုင်ငံ၌ ခရစ်တော်နှင့်အတူ နေထိုင်ရန်ဖြစ်သည်။ | ကြီးမင်္ဂလာသည် ဤလောကရုပ်ဝတ္ထုနှင့်ဆိုင်က၊ သူတို့၏နိုင်ငံသားဖြစ်ခြင်းသည်လည်း ဤလောကနှင့်ဆိုင်သည်။ ဣသရေလလူတို့၏မူလမျှော်လင့်ခြင်းမှာ ကမ္ဘာပေါ်၌ မေရှိယ၏အုပ်စိုးခြင်းဖြစ်ဖြစ်သည်။ (ဤအချက်သည် ခရစ်တော်ကိုယုံကြည်သော ဣသရေလလူများသေသောအခါကောင်းကင်ဘုံသို့ ရောက်သည် (သို့)ကောင်းကင်ဘုံသို့ မျှော်လင့်ကြသည် ဟူသော ခံယူချက်ကို မငြင်းပယ်ပါ။ သို့ရာတွင် ဤအရာသည် သူတို့၏ရှေ့မှောက်တွင်ထားရှိသော အဓိကအရာမဟုတ်ပါ။ |
| ၆။ အသင်းတော်တွင်ယုံကြည်သူဂျူးလူမျိုးများနှင့်ယုံကြည်သူတပါးအမျိုးသားတို့သည်ခရစ်တော်၌တလုံးတဝတည်းဖြစ်သည်။ သူတို့သည်ဧဝံဂေလိတရားအားဖြင့်အမွေခံချင်းများ၊ ခရစ်တော်၌ဆက်ဆံသူချင်းများဖြစ်ကြသည်။ဂျူးနှင့်တပါးအမျိုးသားအကြား၌ပိုင်းခြားလျက်ရှိသောစပ်ကြားအုတ်တံတိုင်းနံရံကို ခရစ်တော်၌ဖြိုဖျက်၍ လူမျိုးနှစ်စုတို့ကိုတစုတည်းဖြစ်စေတော်မူ၏ (ဧဖက်၊ ၂း၁၃-၁၇။ ၃း၆)။ | ၆။ ဤအချက်များအားလုံးဣသရေလလူမျိုးအတွက်မမှန်ပါ။ ဣသရေလလူမျိုးနှင့်နှိုင်းယှဉ်ပါက၊ တပါးအမျိုးသားတို့သည်ခရစ်တော်ကိုမသိ၊ ဣသရေလအပေါင်းအသင်း၌မဝင်၊ ဂတိတော်ပါသော ပဋိညာဉ်တရားတို့နှင့်မဆိုင်း မျှော်လင့်ခြင်းမရှိ၊ လောက၌ဘုရားမဲ့နေကြသည်’ (ဧဖက်၊ ၂း၁၂)။ |
| ၇။ အသင်းတော်၌ယုံကြည်သူအားလုံးတို့သည်သန့်ရှင်းသောယဇ်ပရောဟိတ်၊ မင်း စည်းစိမ်ရှိသော ယဇ်ပရောဟိတ်များဖြစ်ကြသည်။ သူတို့သည်ဘုရားသခင်ထံတော်ပါးသို့အတားအဆီးမရှိဘဲ အချိန်မရွေးဝင်ရသောအခွင့်ရကြသည် (၁ပေ၊ ၂း၁-၉။ ဟေဗြဲ၊ ၁၀း၁၉-၂၂)။ | ၇။ ဣသရေလလူမျိုးထဲတွင် ယဇ်ပရောဟိတ်များကိုလေဝိအမျိုးနှင့်အာရုန်မိသားစုမှရွေးချယ်ရသည်။ |



| | |
|---|---|
| ၈။ အသင်းတော်သည် ကောင်းကင်သို့ချီဆောင်ခြင်းခံပြီး၊ နောက်မှ ဤလောက၌အနှစ်တစ်ထောင်ကာလအုပ်စိုးရန် ခရစ်တော်နှင့်အတူ ဆင်းကြွလာမည်။ | ၈။ ရွေးနှုတ်ခြင်းခံသော ဣသရေလလူတို့သည်ခရစ်တော်ဘုရားဤလောကကိုအုပ်စိုးသောအခါ၊ အုပ်စိုးခြင်းခံသောပြည်သူများ ဖြစ်သည်။ |

အသင်းတော်နှင့်ဣသရေလလူမျိုး၏ အခြားကွဲပြားခြားမှုများရှိပါသေးသည်။ Lewis Sperry Chafer သည် သူ၏ "Systematic Theology Vol. 4" (pp. 47-53)တွင် မမှားနိုင်သောကွဲပြားခြားနားမှု (၂၄)မျိုးရေးသားထားပါသည်။ သို့သော် အထက်ဖော်ပြပါအချက်များသည် ဘုရားသခင်၏အကြံစည်တော်နှင့်ရည်ရွယ်ချက်ထဲတွင်အသင်းတော်သည် ဣသရေလလူမျိုးနှင့်မရှုပ်ထွေးဘဲ၊ သီးသန့်နေရာယူထားကြောင်း ထင်ရှားပြသရန်လုံလောက်ပါသည်။

ဣသရေလနှင့်အသင်းတော်ကိုရောနှောရှုပ်ထွေးစေသော ကျမ်းပိုဒ်များမှာ မဿဲ၊ ၂၃း၃၇-၂၅း၄၆ တွင်ပါသော သံလွင်တောင်ပေါ်၌ ခရစ်တော်ဘုရား၏သွန်သင်ချက်ဖြစ်သည်။ အမှန်မှာ၊ ဤကျမ်းချက်များသည် ဣသရေလလူမျိုးနှင့်သာဆိုင်ပြီး၊ အသင်းတော်နှင့်မဆိုင်ပါ။ ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းမတိုင်မီအခြေအနေနှင့်ကြွလာပြီးရှင်ဘုရင်အနေနှင့်အုပ်စိုးမည့်အကြောင်းဖော်ပြသည်။ ၂၄း၁၆ တွင် "ယုဒပြည်၌ရှိသောသူတို့သည် တောင်ပေါ်သို့ပြေးကြစေ" ဟု ဖြစ်ပွားရာအရပ်သည် ဂျူးလူမျိုး၏နေရပ်ဒေသဖြစ်ကြောင်းသိမှတ်ပါ။ နောက်ပြီး အငယ်-၂၀ တွင် "သင်တို့ပြေးသောအချိန်သည် ဆောင်းကာလ၌မကျ၊ ဥပုသ်နေ့၌လည်းမကျမည်အကြောင်း ဆုတောင်းကြလော့" ဟု ဖော်ပြပါသည်။ ဥပုဒ်နေ့ကို အသင်းတော်အတွက် ဘယ်သောအခါမှမပေးဘဲ၊ ဣသရေလလူမျိုးကိုသာပေးသည်။ အငယ် ၂၂ တွင်ဖေါ်ပြသော ရွေးချယ်ခြင်းခံသောသူတို့မှာ ဘုရားသခင်ရွေးချယ်သော ဂျူးလူမျိုးများဖြစ်သည်။ အငယ်-၃၀ တွင်ဖော်ပြသော ခရစ်တော်၏ကြွလာခြင်းမှာ အသင်းတော်ကိုသိမ်းဆည်းရန် အာကာသအထိကြွလာခြင်းမဟုတ်ဘဲ၊ ဣသရေလ၏ရှင်ဘုရင်အနေဖြင့် ဤကမ္ဘာမြေ

ပေါ်သို့ကြွလာခြင်းဖြစ်သည်။

သို့ဖြစ်၍၊ ယုံကြည်သူသည် မည်သည့်ကျမ်းပိုဒ်က က္ကသရေလလူမျိုး (သို့) အသင်းတော်ကိုဖော်ညွှန်းသည်ကို ခွဲခြားနားလည်သင့်သည်။ ထာဝရဘုရား၏နေ့ရက်အကြောင်းဖတ်ပါက၊ ထိုကျမ်းပိုဒ်တို့သည် မူလအားဖြင့် က္ကသရေလလူမျိုးကိုဖော်ညွှန်းသည်။ ခရစ်တော်၏နေ့ရက်နှင့်ပတ်သက်သောကျမ်းပိုဒ်များဖတ်ပါက၊ အသင်းတော်ကိုဖော်ညွှန်းသည်။ ထို့ကြောင့် ဗျာဒိတ် ၁၁ တွင်ပါရှိသော တံပိုး (၇)ခု တရားစီရင်ခြင်းသည် က္ကသရေလလူမျိုးနှင့်သက်ဆိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ဤကျမ်းပိုဒ်သည် ထာဝရဘုရား၏နေ့ရက်ကာလ၏အပိုင်းဖြစ်သည်။ သို့ရာတွင် ၁ကော၊ ၁၅း၅၂ ၌ဖော်ပြသော "နောက်ဆုံးတံပိုး" သည် အသင်းတော်နှင့်သက်ဆိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဤကျမ်းပိုဒ်၏အဓိကသွန်သင်သည့်အကြောင်းမှာ ချီဆောင်ခြင်း (Rapture) ဖြစ်ကာ၊ ခရစ်တော်၏နေ့ရက်နှင့်သက်ဆိုင်သည်။

နိဂုံးအနေဖြင့်၊ အသင်းတော်သည် က္ကသရေလလူမျိုးနှင့်မကွဲပြား၊ မခြားနားပါဟု ခံယူသောသူတို့ကိုးကားလေ့ရှိသည့်ကျမ်းနှစ်ပိုဒ်ကို လေ့လာကြပါစို့။

၁။ တမန်၊ ၇း၃၈ (KJV) တွင် က္ကသရေလလူမျိုးကို "တော၌ရှိသော အသင်းတော်" ဟုခေါ်သည်။ သို့သော်၊ ကျွန်ုပ်တို့သိရန်အရေးကြီးသောအချက်မှာ- အသင်းတော် "Church" ဝေါဟာရ၏မူလအဓိပ္ပါယ်မှာ "လူစုလူဝေး" (သို့) "အစည်းအဝေး" ဖြစ်သည်။ ဧဖက်မြို့၌ရှိသောသာသနာပလူထုကြီးကိုဖော်ညွှန်းရာတွင် အလားတူဝေါဟာရကိုအသုံးပြုသည် (တမန်၊ ၁၉း၃၂)။ ဓမ္မသစ်အသင်းတော်မှာမူ ခမည်းတော်ဘုရားနှင့်သော်လည်းကောင်း၊ သခင်ယေရှုနှင့်သော်လည်းကောင်း ဆက်စပ်ပြီး ထပ်တူထပ်မျှ ဖော်ပြသည်။

၂။ ဂလာတိ၊ ၆း၁၆တွင် ရှင်ပေါလုက "ဤနည်းဥပဒေသအတိုင်းကျင့်သောသူရှိသမျှတို့အပေါ်၌၎င်း၊ ဘုရားသခင်၏က္ကသရေလအမျိုးအပေါ်၌၎င်း၊ ငြိမ်သက်ခြင်းနှင့် သနားတော်မူခြင်း သက်ရောက်ပါစေသော" ဟု ပြောပါသည်။ ဖော်ပြခဲ့သည့် "ဘုရားသခင်၏က္ကသရေလအမျိုး" သည်



ယနေ့ယုံကြည်သူခရစ်ယာန်အားလုံးတို့က ဘုရားသခင်၏က္ကသရေလလူမျိုးဖြစ်သည်ဟု တစ်ချို့က ယုံကြည်ကြသည်။ သို့သော် ဤသို့ခံယူခြင်းသည် မှားယွင်းသည်ဟု ကျွန်ုပ်တို့ယုံကြည်သည်။ ရှင်ပေါလုက "သူတို့အပေါ်၌ ငြိမ်သက်ခြင်း သက်ရောက်ပါစေသော" ဟုပြောရာတွင် ယုံကြည်သူအားလုံးကိုဆိုလိုသည်။ သို့သော် "ဘုရားသခင်၏က္ကသရေလအမျိုး" သည် ပညတ်တော်၏နည်းဥပဒေသအတိုင်းမဟုတ်ဘဲ၊ လူသစ်ဖြစ်ခြင်း၏နည်းဥပဒေသကိုကျင့်သောဂျူးလူမျိုးကို သီးသန့်ပြောဆိုခြင်းဖြစ်သည်။ "နှင့်" (and)၊ ဂရိဘာသာဖြင့် "kai" ကို "ဘုရားသခင်၏က္ကသရေလလူမျိုးပင်လျှင်" ဟု သဒ္ဒါနည်းအရမဖြစ်နိုင်သော်လည်း ဘာသာပြန်ဆိုကြကာ အနှစ်တစ်ထောင်ကာလကိုငြင်းပယ်သောသူတို့က က္ကသရေလလူမျိုးနှင့်ဆိုင်သောဂတိတော်များကိုပယ်ရှားပြီး အသင်းတော်ကို "အသစ်သောက္ကသရေလလူမျိုး" ဟု မှားယွင်းစွာခံယူကြသည်။

# ၁၇

# ပညတ်တရားနှင့်ကျေးဇူးတရား

## Law and Grace

ပညတ်တရားနှင့်ကျေးဇူးတရားသည် ဘုရားသခင်က လူသားများကိုဆက်ဆံရာ၌ အသုံးပြုသောဆန့်ကျင့်ဘက်နည်းလမ်းနှစ်မျိုးဖြစ်သည်။ ဘုရားသခင်သည် ထိုမတူညီသောမူနှစ်မျိုးဖြင့် လူသားများကိုစမ်းသပ်သည်ဟု ကျွန်ုပ်တို့ပြောနိုင်ပါသည်။ သို့မဟုတ် ဘုရားသခင်သည်သူ၏လူများနှင့် ပဋိညာဉ်နှစ်ခုပြုခဲ့သကဲ့သို့ ကျွန်ုပ်တို့ယူဆနိုင်ပါသည်။ "အကြောင်းမူကား ပညတ်တရားတော်ကို မောရှေလက်တွင်ပေးတော်မူ၏။ ကျေးဇူးတရားနှင့်သစ္စာတရားမူကား ယေရှုခရစ်အားဖြင့်ဖြစ်သတည်း" (ယော ၁း၁၇)။

ပညတ်တရားအောက်တွင် လူတစ်ယောက်သည် သူ၏လုပ်ဆောင်ခ သို့မဟုတ် ရထိုက်သည့်အရာကိုရပါသည်။ ကျေးဇူးတရားအောက်တွင်မူကား သူ၏အပြစ်ကြောင့်ခံထိုက်သည့်ပြစ်ဒဏ်မှ ခွင့်လွှတ်ရုံသာမက၊ သူ့အားမဖော်ပြနိုင်လောက်အောင်များပြားသောကောင်းကြီးမင်္ဂလာကို လက်ဆောင်အဖြစ်ပေးသည်။ ဤမူနှစ်ခုစလုံးကို ရောမ ၄း၄-၅ ၌ဖော်ပြထားပါသည်။

"အကျင့်ရှိသောသူမည်သည်ကား၊ ကျေးဇူးအားဖြင့် အကျိုးကိုခံရသည်မဟုတ်။ ခံထိုက်သောအားဖြင့်ခံရ၏။ အကျင့်မရှိသောသူမည်သည်ကား၊ မတရားသောသူ၏အပြစ်ကိုဖြေသောသူကိုယုံကြည်လျှင်သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်လျက်ရှိ၏" (ရောမ ၄း၄-၅)။

ကျေးဇူးတရားနှင့်ပညတ်တရားနှစ်ခုတို့သည် တစ်ခုနှင့်တစ်ခု



ပေါင်းစပ်၍မရပါ။ ". . . ကျေးဇူးတော်အားဖြင့်ရှိလျှင်၊ ကိုယ်ကျင့်သောအကျင့်အားဖြင့်မရှိ။ ရှိလျှင်ကျေးဇူးသည် ကျေးဇူးမဟုတ်" (ရောမ ၁၁း၆)။

ပညတ်တရားသည် ချွင်းချက်ပါသောပဋိညာဉ်ဖြစ်သည် - "သင်သည် ငါ့စကားနားထောင်လျှင် ဆုချမည်၊ သို့သော် နားမထောင်လျှင် ဒဏ်ခတ်မည်။" ကျေးဇူးတရားသည် ချွင်းချက်မရှိသော ပဋိညာဉ်ဖြစ်သည်-- ဘုရားသခင်က "သင့်ကိုငါကောင်းကြီးပေးမည်" ဟု မည်သည့်အရာမျှ မတောင်းဆိုဘဲ ပြောပါသည်။

ပညတ်တရားက "လုပ်ပါ၊" ကျေးဇူးတရားက "ယုံကြည်ပါ" ဟု အသီးသီးပြောကြသည်။ သို့သော် ယုံကြည်ခြင်းသည် ချွင်းချက်ပါသောပဋိညာဉ်မဟုတ်ပါ။ လူသားအားလုံးက သူတို့၏ဖန်ဆင်းရှင်အား ဆီလျော်သော တုန့်ပြန်မှုပေးနိုင်သည့် တစ်ခုတည်းသောအရာမှာ ယုံကြည်ခြင်းဖြစ်ပါသည်။ ဤအရာသည် ကုသိုလ်ကောင်းမှုလည်းမဟုတ်ပါ။ ဘုရားသခင်ကိုယုံကြည်ခြင်းအတွက် အဘယ်သူမျှဝါကြွား၍မရပါ။ စကြဝဠာတစ်ခုလုံးတွင် ယုံကြည်အားကိုးထိုက်သောပုဂ္ဂိုလ်ကို မယုံကြည်သောသူသည် လူမိုက်ဖြစ်ပါသည်။

ပညတ်တရားအောက်တွင်အသက်တာသန့်ရှင်းခြင်းကိုတောင်းဆိုသော်လည်း ထိုသို့ပြုနိုင်ရန်တန်ခိုးပေးမထားပါ။ ကျေးဇူးတရားအောက်တွင်သန့်ရှင်းခြင်းအကြောင်းသွန်သင်ပြီး (တိတု ၂း၁၁-၁၂) ထိုသို့ပြုနိုင်ရန်လိုအပ်သောတန်ခိုးကိုလည်းပေးပါသည်။ ယုံကြည်သူတစ်ဦးက ဤသို့ ပြောဘူးသည် "ပညတ်တရားသည် အားအင်ကုန်ခန်းနေသောလူတစ်ယောက်ထံမှခွန်အားပြရန်တောင်းဆိုပြီး၊ မပြုလုပ်နိုင်ပါက ကျိန်ဆဲလိုက်၏။ ကျေးဇူးတရားသည် အားအင်ကုန်ခန်းနေသောသူကို ခွန်အားဖြည့်ဆည်းသည့်အပြင် ထိုခွန်အားအသုံးပြုနိုင်ရန် ကောင်းကြီးပေး၏။"

ပညတ်တရားသည် ကျိန်ခြင်းကိုယူဆောင်လာ၏ - ". . . ပညတ္တိကျမ်းစာ၌ပါသမျှသောစကားတို့ကို အမြဲမကျင့်သောသူတိုင်း ကျိန်တော်မူခြင်းကိုခံစေသတည်းဟု ကျမ်းစာလာ၏" (ဂလာ ၃း၁၀)။ ကျေးဇူးတရားက ကောင်းကြီးမင်္ဂလာကိုယူဆောင်လာသည် - "ယေရှုခရစ်ရွေးကောက်

တော်မူသောအားဖြင့်အဘိုးကိုမပေးဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ရောက်ရကြ၏" (ရောမ ၃း၂၄)။

ပညတ်တရားအောက်တွင် ဝါကြွားခြင်းကိုအားပေးပြီး၊ သို့ရာတွင် ကျေးဇူးတရားအောက်၌ ထိုအရာကိုပယ်ဖျက်လိုက်သည်။ "သို့ဖြစ်လျှင် ဝါကြွားစရာအကြောင်းကား အဘယ်သို့နည်းဟုမေးသော်၊ ဝါးကြွားစရာအကြောင်းကိုပယ်ပြီ။ အဘယ်တရားအားဖြင့်ပယ်သနည်း။ အကျင့်တရားအားဖြင့်ပယ်သလော။ အကျင့်တရားအားဖြင့်ပယ်သည်မဟုတ်။ ယုံကြည်ခြင်းတရားအားဖြင့်ပယ်ပြီ" (ရောမ ၃း၂၇)။

ပညတ်တရားအောက်၌ ကယ်တင်ခြင်းစိတ်ချမှုမရှိနိုင်ပါ။ လူတစ်ယောက်သည် မှန်ကန်သောကောင်းမှုကုသိုလ် (သို့) လုံလောက်သောအကျင့်ကောင်းကိုပြုခဲ့ပြီလား၊ မပြုခဲ့သေးဘူးလား၊ ဆိုသည်ကိုဘယ်သောအခါမှ မသိနိုင်ပါ။ ကျေးဇူးတရားအောက်တွင်မူကား၊ ကယ်တင်ခြင်းသည်လက်ဆောင်ဖြစ်သောကြောင့် ပြည့်စုံလုံလောက်သော စိတ်ချမှုရှိပါသည်။ သင်သည် လက်ဆောင်တစ်ခုခုရသောအခါ၊ သင့်ကိုသင်ရရှိကြောင်းသိသည်။

ပညတ်တရားအောက်၌ရှိသော လူတစ်ယောက်သည် စစ်မှန်သောကယ်တင်ခြင်းစိတ်ချမှု မရရှိနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုသူသည် ပညတ်တရား၏တောင်းဆိုချက်အားလုံးကို ဆက်လက်စောင့်ထိန်းနိုင်ရန် မသေချာပါ။ ကျေးဇူးတရားအောက်၌ ယုံကြည်သူသည် ထာဝရလုံခြုံမှုကို ခံစားသည် (ယော ၁၀း၂၇-၂၉)၊ အဘယ့်ကြောင့်ဆိုသော် သူ၏ကယ်တင်ခြင်းသည် ခရစ်တော်၏လုပ်ဆောင်မှုအပေါ်၌ အခြေပြုသည်။

ပညတ်တော်စောင့်ထိန်းခြင်းအားဖြင့် ကယ်တင်ခြင်းမရနိုင်ပါ။ ထိုသို့ စောင့်ထိန်းခြင်းဖြင့် ကယ်တင်ခြင်းရရန် ဘုရားသခင်သည် ဘယ်သောအခါမှ မရည်ရွယ်ဘူးပါ။ ပညတ်တော်ထားရှိခြင်း၏ရည်ရွယ်ချက်မှာ လူသည်အပြစ်သားဖြစ်ကြောင်း ထင်ရှားစေရန်သာဖြစ်သည်။ "ပညတ်တရားသည် ဒုစရိုက်အပြစ်ကိုထင်ရှားစေသည်" (ရောမ ၃း၂၀)- ကယ်တင်ခြင်းကို မထင်ရှားစေပါ။

ကယ်တင်ခြင်းသည် ကျေးဇူးတော်အားဖြင့်ဖြစ်၍ (ဧဖက် ၂း၈-၉)



ကောင်းကင်ဘုံသို့ ရောက်ရန် သခင်ယေရှုခရစ်တော်ကို ယုံကြည်လက်ခံသောသူတို့အား ဘုရားသခင်ပေးသော အခမဲ့လက်ဆောင်ဖြစ်သည်။

ပညတ်တရားအောက်တွင် အပြစ်တရားသည်ရှင်ပြန်၍ (ရောမ ၇း၈-၁၃)၊ ကျေးဇူးတရားအောက်၌ စက်ဆုပ်ရွံရှာဘွယ်ဖြစ်သည်။ အပြစ်သားတစ်ယောက်ကိုပညတ်တော်အောက်၌ထားသောအခါ သူသည်တားမြစ်သောအရာများကို ချက်ချင်းလုပ်ချင်သည်။ ဤသို့ဖြစ်ရခြင်းသည် ပညတ်တရား၏အမှားမဟုတ်ဘဲ၊ လူ၏အထဲ၌ရှိသော အပြစ်တရား၏လုပ်ဆောင်ချက်ဖြစ်သည်။ ကျေးဇူးတရားအောက်၌ အပြစ်တရားသည်စက်ဆုပ်ရွံရှာဘွယ်ဖြစ်သည်။ ကယ်တင်ရှင်ယေရှုဘုရားက ယုံကြည်သူများကို ထိုအပြစ်တရားမှပြန်လှည့်စေသည်။

ပညတ်တရားအောက်၌ ဘယ်သောအခါမှအလုပ်ပြီးသည်ဟူ၍မရှိပါ။ ထို့ကြောင့် သတ္တမနေ့ဖြစ်သော ဥပုဉ်နေ့သည် တစ်ပတ်တာ၏နောက်ဆုံးနေ့၊ မောပန်းနွမ်းနယ်သည့်နေ့ဖြစ်သည်။ ကျေးဇူးတရားအောက်၌ အလုပ်ပြီးစီးပြီဖြစ်သောကြောင့် တစ်ပတ်တာကို ကျွန်ုပ်တို့၏အနားယူသည့်နေ့ဖြစ်သော သခင်ဘုရား၏နေ့ (the Lord's Day) ဖြင့်အစပြုပါသည်။

ပညတ်တရားသည် "လုပ်ပါ" ဟု မိန့်ဆိုပြီး၊ ကျေးဇူးတရားသည် ခရစ်တော်၌ ဘုရားသခင်၏ပြုခဲ့ပြီးသောအမှုကို ထုတ်ဖေါ်ပြောဆိုသည်။

ပညတ်တရားသည် ချုပ်နှောင်ခြင်းခံသော ထုံးနည်းဖြစ်ပြီး (ဂလာ ၄း၁-၃)၊ ကျေးဇူးတရားသည် လွတ်လပ်သောထုံးနည်းဖြစ်သည် (ဂလာ ၅း ၁)။ ပညတ်တရားအောက်၌ရှိသောသူတို့သည် ကျွန်များဖြစ်ကြပြီး၊ ကျေးဇူးတရားအောက်၌ရှိသောသူတို့မှာမူ ဘုရားသားများဖြစ်ကြသည်။

ပညတ်တရားက ". . . ချစ်ပါ" ကျေးဇူးတရားက ဘုရားက သင့်ကိုချစ်တော်မူသည်ေ ဟု ဆိုပါသည်။ ပညတ်တရားက "လုပ်လျှင်အသက်ရှင်မည်။" ကျေးဇူးတရားက"အသက်ရှင်လျှင်လုပ်မည်" ဟု ဆိုပါသည်။

ပညတ်တရားက "ကြိုးစား၍နာခံပါ။ ကျေးဇူးတရားက ကိုးစား၍နာခံပါ။" ပညတ်တရားက တောင်းဆို၍၊ ကျေးဇူးတရားက ကျေးဇူးပြုသည်။ ပညတ်တရားက အကောင်းဆုံးလူကို အပြစ်တင်သည်။ ကျေးဇူးတ

ရားက အဆိုးဆုံးလူကို ဖြောင့်မတ်စေသည်။ ပညတ်တရားကို လူကစောင့်ထိန်းရသည်။ ကျေးဇူးတရားက လူကိုစောင့်ထိန်းသည်။ ပညတ်တရားက လူကို အပြစ်လွတ်ရန် ချေဆိုခွင့်မပေးပါ။ ကျေးဇူးတရားက ရှေ့နေတစ်ဦး ပြင်ဆင်ပေးသည်။

ပညတ်တရားအောက်၌ ဆိုးသောသားကို မြို့ပြင်သို့ထုတ်၍ ကျောက်ခဲဖြင့်ပစ်သတ်ရသည် (တရား ၂၁း၁၈-၂၁)။ ကျေးဇူးတရားအောက်၌ ပျောက်သောသားသည် အပြစ်ဝန်ချတောင်းပန်၍ ဖခင်ထံသို့ ပြန်လာပြီး ပြန်လည်မိတ်သဟာယဖွဲ့ခွင့်ရသည် (လုကာ ၁၅း၂၁-၂၄)။

ပညတ်တရားအောက်၌ သိုးသည်သိုးထိန်းအတွက်အသေခံရသည်။ ကျေးဇူးတရားအောက်၌ သိုးထိန်းသည် သိုးအတွက်အသေခံရ၏ (ယော ၁၀း၁၁)။

ကျေးဇူးတရား၏သာလွန်မှုကို အောက်ပါအတိုင်း ဖေါ်ပြခဲ့သည်-- ကျေးဇူးတရားသည် သူတော်ကောင်းများကို ရှာမည်မဟုတ်၊ ရှာပါက ကျေးဇူးတရားမဟုတ်ဘဲ၊ သူတော်ကောင်းများကို မျက်နှာသာပေးသော တရားမျှတမှု (Justice) သာဖြစ်မည်။ သို့ရာတွင် ကျေးဇူးတရားသည် အပြစ်စီရင်ခြင်းခံသောသူ၊ အပြစ်ရှိသောသူ၊ အသောသူနှင့်အကူအညီကင်းမဲ့သောသူများကိုကယ်ရန်၊ သန့်ရှင်းစေရန်နှင့် ချီးမြှောက်ရန် ရှာဖွေနေသည်။

မာတင်လူသာက "သင်သည် ပညတ်တရားနှင့်ကျေးဇူးတရားကိုခွဲခြားတတ်ပါက သင်၏ကျွမ်းကျင်မှုအတွက် ဘုရားအပေါ်ကျေးဇူးတင်သင့်ပြီး၊ သင့်ကိုသင် ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးအဖြစ် မှတ်ယူလိုက်ပါ" ဟု ပြောခဲ့ဘူးသည်။



# ၁၈
# အသင်းတော်နှင့် နိုင်ငံတော်
## The Church and the Kingdom

အသင်းတော်သည် ဘုရားသခင်၏နိုင်ငံတော် (သို့) ကောင်းကင်နိုင်ငံတော်နှင့်မတူသည့်အကြောင်းကို သင်သည်လေ့လာသိရှိသောအခါ အံ့သြမိပါလိမ့်မည်။ ခရစ်ယာန်လောကတွင် အသင်းတော်နှင့်နိုင်ငံတော်သည် တူသည်ဟု အများအားဖြင့်ယုံကြည်လက်ခံကြသည်။ သို့သော် ဤနှစ်ခု၏ကွဲပြားခြားနားမှုကိုမသိပါက၊ ဩဝါဒနှင့်ကျင့်သုံးမှုပိုင်းတွင် ပြဿနာရှိနိုင်ပါသည်။

အခန်း (၁၆) တွင်အသင်းတော်အကြောင်းကို အကျယ်တဝန်းဆွေးနွေးပြီးဖြစ်သောကြောင့် ဒီအခန်းတွင်ပြန်လည်၍မဆွေးနွေးပါ။ အသင်းတော်သည် တမူထူးခြားသောလူစုဖြစ်၍၊ ဘုရားသခင်၏သာမန်လူသားများအား ဆက်ဆံခြင်းနှင့်မတူပါ။ ခရစ်တော်သည် ဦးခေါင်းဖြစ်ပြီး၊ ယုံကြည်သူအားလုံးတို့သည် ကိုယ်ခန္ဓာ၏အင်္ဂါများဖြစ်ကြသည်။ လူမျိုးရေး၊ အဆင့်အတန်း၊ ယောကျ်ား၊ မိန်းမဟူ၍ခွဲခြားခြင်းကို ခရစ်တော်၌ဖျက်ဆီးခဲ့ပြီး၊ အားလုံးတို့သည် သူ၌တလုံးတဝတည်းဖြစ်သည်။ အသင်းတော်သည် ပင်တေကုတ္တေနေ့တွင်စတင်ခဲ့ပြီး၊ ချီဆောင်ခြင်း (Rapture) အချိန်တွင် ပြည့်စုံမည်။ အသင်းတော်ကို ခရစ်တော်၏ခန္ဓာကိုယ်နှင့်သတိုးသမီးဟုခေါ်၍၊ အနာဂတ်တွင် ခရစ်တော်နှင့်အတူ ထာဝရဘုန်းအသရေမျှဝေခံစားကာအုပ်စိုးမည်။

ကောင်းကင်နိုင်ငံတော်ဆိုသည်မှာ အဘယ်နည်း။

ကောင်းကင်နိုင်ငံသည် ဘုရားသခင်၏အုပ်စိုးခြင်းအာဏာ သက်ရောက်သည့်နေရာအားလုံးဖြစ်သည်။ ကောင်းကင်နိုင်ငံဟူသောဝေါဟာရကို ဘုရားသခင်အားဖေါ်ညွှန်းရာတွင်လည်းသုံးသည် (ဒံ၊ ၄း၂၅၊၂၆)။ ဒံယေလက "အမြင့်ဆုံးသောဘုရားသည် လောကီနိုင်ငံကိုအုပ်စိုး၏" (၄ယ်၊ ၂၅) ဟု ပြောပါသည်။ နောက်တပိုဒ်တွင် "ကောင်းကင်ဘုံသည်အုပ်စိုးကြောင်း" (၄ယ်၊ ၂၆) ဟု ပါရှိသည်။ သို့ဖြစ်သောကြောင့် ကောင်းကင်နိုင်ငံသည် ဘုရားသခင်၏အုပ်စိုးခြင်းအာဏာသက်ရောက်သည့် နေရာအားလုံးဖြစ်ပြီး၊ ထိုနေရာ၌ လူတို့သည် ထိုအုပ်စိုးခြင်းအာဏာကို ဝန်ခံသည်။

ကောင်းကင်နိုင်ငံတော်၌ သွင်ပြင်လက္ခဏာနှစ်မျိုးရှိသည်။ အကျယ်ပြန့်ဆုံးသွင်ပြင်လက္ခဏာ၌ ဘုရားသခင်ကို အမြင့်ဆုံးသောအုပ်စိုးသူအဖြစ်သာ ဝန်ခံသောသူအားလုံးပါဝင်သည်။ သို့ရာတွင်အတွင်းဖက်ကျသောသွင်ပြင်လက္ခဏာတွင်မူ စစ်မှန်သောယုံကြည်သူများသာလျှင်ပါဝင်သည်။ ပို၍နားလည်နိုင်ရန် အောက်ပါအတိုင်း စက်ဝိုင်းနှစ်ခုဖြင့်ပြနိုင်ပါသည်။




စက်ဝိုင်းအကြီးသည် ဘုရားသခင်၏ဩဇာအာဏာကိုသာ ဝန်ခံသောသူများရှိသည့်နေရာဖြစ်ပြီး၊ ယုံကြည်သူနှင့်မယုံကြည်သူ၊ စပါးပင်နှင့်တောပင်စသည်တို့ပါဝင်သည်။ အတွင်းစက်ဝိုင်း၌ခရစ်တော်ယေရှုကို ယုံကြည်လက်ခံခြင်းဖြင့် ဒုတိယမွေးခြင်းခံသောသူများသာ ပါဝင်သည်။

နိုင်ငံတော် (Kingdom) နှင့်ပတ်သက်သောကျမ်းပိုဒ်အားလုံးကို နှိုင်းယှဉ်ပါက အခြေအနေပြောင်းလဲခြင်း၏ ခြားနားသောသွင်ပြင်လက္ခဏာ (၅)မျိုးခွဲခြားနိုင်ပါသည်။

## နိုင်ငံတော်အကြောင်းကို တင်ကူး၍ဟောပြောခြင်း

ပထမဦးစွာ၊ နိုင်ငံတော်အကြောင်းကို ဓမ္မဟောင်းကျမ်း၌ ပရောဖက်ပြုထားပါသည်။ ဒံယေလက ဘုရားသခင်သည် ပျက်စီးခြင်းသို့မရောက်နိုင်သော နိုင်ငံတစ်ခုကိုတည်ထောင်မည်။ ထိုနိုင်ငံသည် အခြားသောလူမျိုးလက်သို့မရောက်ဘဲ အစဉ်အမြဲတည်မည်ဟု ပရောဖက်ပြုခဲ့ပါသည် (ဒံ၊ ၂း၄၅)။ သူသည်ခရစ်တော်ဘုရား၏ကြွရောက်လာခြင်းနှင့် လူမျိုးတကာတို့ကို အုပ်စိုးကာ၊ အာဏာစက်သည် ကမ္ဘာအဆက်ဆက်တည်မည့်အကြောင်းကိုလည်း ကြိုတင်၍မြင်ခဲ့ပါသည် (ဒံ၊ ၇း၁၃၊၁၄။ ယေရမိ၊ ၂၃း၅၊၆)။

## နိုင်ငံတော်တည်လုနီးပြီ

ဒုတိယမှာ၊ နိုင်ငံတော်ကို "တည်လုနီးပြီ" "ရှင်ဘုရင်၏အထဲ၌ရှိသည်" စသည်ဖြင့် ဖေါ်ပြပါသည်။ ပထမတွင် နှစ်ခြင်းဆရာယောဟန်၊ ထို့နောက် သခင်ယေရှု၊ တပည့်တော်များစသည်တို့က နိုင်ငံတော်တည်လုနီးပြီဟု ဟောကြသည် (မဿဲ၊ ၃း၂။ ၄း၁၇။ ၁၀း၇)။ ရှင်ဘုရင်သည် ဣသရေလလူတို့ထံသို့ မိမိကိုယ်ကိုအပ်နှံရန် ရောက်ရှိလာပြီဖြစ်သည်။ ယေရှုက၊ "ငါသည်ဘုရားသခင်၏ဝိညာဉ်တော်ကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်သည်မှန်လျှင်၊ အကယ်စင်စစ် သင်တို့၌ ဘုရားသခင်၏နိုင်ငံတော်တည်ချိန်ရောက်လေပြီ" (မဿဲ၊ ၁၂း၂၈) ဟု ပြောပါသည်။ အခြားအဖြစ်အပျက်တခု၌ယေရှုက". . . ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့၏အထဲ၌ရှိသည်" ဟု မိန့်တော်မူ၏ (လုကာ ၁၇း၂၀)။ ရှင်ဘုရင်သည် သူတို့ရှေ့

မှောက်၍ ရောက်ပြီဖြစ်သောကြောင့် ဘုရားသခင်၏နိုင်ငံတော်သည် သူတို့၏အထဲ၌ရှိပါသည်။ (နောက်ဆုံးကျမ်းပိုဒ် ၂ ပိုဒ်သည် ကောင်းကင်နိုင်ငံတော်ထက် ဘုရားသခင်၏နိုင်ငံတော်နှင့် သက်ဆိုင်ကြောင်းတွေ့ရသဖြင့်၊ ဓမ္မသစ်ကျမ်းထဲတွင် နှစ်ခုစလုံးကို တခုမဟုတ်တခု သုံးထားပါသည်။

## နိုင်ငံတော်၏ကြားကာလ

တတိယမှာ၊ နိုင်ငံတော်ကိုကြားကာလပုံစံအဖြစ်ဖေါ်ပြသည်။ ဣသရေလလူတို့သည် ယေရှုခရစ်တော်ကို ငြင်းပယ်သောအခါ၊ ရှင်ဘုရင်သည် ကောင်းကင်သို့ပြန်သွားသည်။ ရှင်ဘုရင်မရှိသောအချိန်ကာလတွင် သူ၏ရှင်ဘုရင်အရာကို ဝန်ခံသောသူတို့၏နှလုံးသားထဲ၌ နိုင်ငံတော်တည်နေပါသည်။ နိုင်ငံတော်၏ကြားကာလသွင်ပြင်လက္ခဏာကို မဿဲ ၁၃ တွင်ဖေါ်ပြထားပါသည်။

## နိုင်ငံတော်ပေါ်ထွန်းခြင်း

စတုတ္ထမှာ၊ နိုင်ငံတော်ထင်ရှားပေါ်ထွန်းခြင်းဖြစ်ပါသည်။ ဤနိုင်ငံတော်သည် ခရစ်တော်ယေရှု၏ဤလောကကို အနှစ်တစ်ထောင်ကာလအုပ်စိုးခြင်းဖြစ်သည်။ ဤအကြောင်းကို တောင်ကုန်းပေါ်၌ ခရစ်တော်ဘုရားရုပ်သဏ္ဌာန်ပြောင်းလဲခြင်းအားဖြင့် အရိပ်နိမိတ်ပြခဲ့သည်။ ဤနေရာ၌ ခရစ်တော်ဘုရားကို အနှစ်တစ်ထောင်ကာလအုပ်စိုးသောအခါ တွေ့ရမည့်အတိုင်း ဘုန်းအာနုဘော်နှင့်ပြည့်စုံလျက်တွေ့မြင်ခဲ့ကြသည် (မဿဲ၊ ၁၆း၂၈)။ ယေရှုကဖေါ်ညွှန်းပြီး ဤသို့ပြောပါသည် -- "ငါပြန်ဆိုသည်ကား၊ လူများတို့သည် အရှေ့အရပ်၊ မြောက်အရပ်မှလာ၍ ကောင်းကင်နိုင်ငံတော်၌ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့နှင့်တကွ လျောင်းရကြလတံ့" (မဿဲ၊ ၈း၁၁)။

## ထာဝရနိုင်ငံတော်

ပဥ္စမနှင့်နောက်ဆုံးမှာ၊ ထာဝရနိုင်ငံတော်ဖြစ်သည်။ ၂ပေ၊ ၁း၁၁ တွင် "... ကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ်၏ထာဝရနိုင်ငံတော်" ဟု ဖေါ်ပြထားပါသည်။

## ကောင်းကင်နိုင်ငံတော်နှင့် ဘုရားသခင်၏နိုင်ငံတော်

"ကောင်းကင်နိုင်ငံတော်" ဟူသော စကားစုကို ရှင်မဿဲခရစ်ဝင်ကျမ်းထဲ၌သာရှိသည်။ "ဘုရားသခင်၏နိုင်ငံတော်" ဟူသော ဝေါဟာရကို ခရစ်ဝင် (၄) ကျမ်းစလုံးတွင်တွေ့ရသည်။ လက်တွေ့ရည်ရွယ်ချက်အားလုံးမှာ ခြားနားမှုမရှိဘဲ တူညီသောအကြောင်းကိုပြောကြသည်။ ဥပမာ- မဿဲ ၁၉း၂၃ တွင် သခင်ယေရှုက၊ "ချမ်းသာသောသူသည် ကောင်းကင်နိုင်ငံတော်သို့ ဝင်ခဲလှ၏" ဟု ပြောပါသည်။ မာကု၊ ၁၀း၂၃ နှင့် လုကာ ၁၈း၂၄ တွင် ထိုအကြောင်းကိုပင်ပြောဆိုရာတွင် "ဘုရားသခင်၏နိုင်ငံတော်" ဟု ပြောပါသည်။ ရှင်မဿဲကလည်း ခရစ်တော်ပြောဆိုခဲ့သောအချက်ကိုပြန်လည်ကိုးကားရာတွင် "ဘုရားသခင်၏နိုင်ငံတော်" ဟု ရေးသားခဲ့ပါသည် (မဿဲ ၁၉း၂၃၊ ၂၄ နှင့် နှိုင်းယှဉ်ပါ)။

ကောင်းကင်နိုင်ငံတော်နှင့် ဘုရားသခင်၏နိုင်ငံတော် ဝေါဟာရနှစ်ခုစလုံးကို အဓိပ္ပါယ်တူညီစွာအသုံးပြုသည့် အခြားကျမ်းပိုဒ်များကို အောက်တွင်ဖေါ်ပြထားပါသည်။

မဿဲ ၄း၁၇ ကို မာကု ၁း၁၅ နှင့် ယှဉ်ကြည့်ပါ။
မဿဲ ၈း၁၁ ကို လုကာ ၁၃း၂၉ နှင့် ယှဉ်ကြည့်ပါ။
မဿဲ ၁၀း၇ ကို လုကာ ၉း၂ နှင့် ယှဉ်ကြည့်ပါ။
မဿဲ ၁၁း၁၁ ကို လုကာ ၇း၂၈ နှင့် ယှဉ်ကြည့်ပါ။
မဿဲ ၁၃း၁၁ ကို မာကု ၄း၁၁ နှင့် ယှဉ်ကြည့်ပါ။
မဿဲ ၁၃း၃၁ ကို မာကု ၄း၃၀၊ ၃၁။ လုကာ ၁၃း၁၈ တို့နှင့် ယှဉ်ကြည့်ပါ။
မဿဲ ၁၃း၃၃ ကို လုကာ ၁၃း၂၀၊၂၁ နှင့် ယှဉ်ကြည့်ပါ။
မဿဲ ၁၉း၁၄ ကို မာကု ၁၀း၁၄။ လုကာ ၁၈း၁၆ တို့နှင့် ယှဉ်ကြည့်ပါ။

ကောင်းကင်နိုင်ငံတော်တွင် အပြင်ဘက်သွင်ပြင်လက္ခဏာနှင့် အတွင်းဘက်မှန်ကန်မှုရှိကြောင်း ဖေါ်ပြခဲ့ပြီးဖြစ်သည်။ ဘုရားသခင်၏နိုင်ငံ

တော်သည်လည်း ထိုကဲ့သို့ပင်ဖြစ်ပါသည်။ ဤအကြောင်းကို အောက်ပါကျမ်းပိုဒ်များဖြင့် ဖေါ်ပြနိုင်ပါသည်။

| **ကောင်းကင်နိုင်ငံတော်** | **ဘုရားသခင်၏နိုင်ငံတော်** |
| --- | --- |
| အပြင်ဘက်သွင်ပြင်လက္ခဏာ၌ ရှင်ဘုရင်ကိုအမှန်တကယ်ဝန်ခံသောယုံကြည်အားလုံးနှင့်၊ ဟန်ဆောင်ခြင်းဖြင့် ဝန်ခံသော မယုံကြည်သူအားလုံးလည်းပါဝင်သည်။ ဤအကြောင်းကို မျိုးစေ့ကြဲသူ ပုံဥပမာ (မဿဲ ၁၃း၃-၁၁)၊ မုန့်ညှင်းစေ့ပုံဥပမာ (မဿဲ ၁၃း၃၁၊၃၂) နှင့်တဆေးပုံဥပမာ (မဿဲ ၁၃း၃၃) တို့၌တွေ့ရသည်။ | ဘုရားသခင်၏နိုင်ငံတော်၌လည်း အမှားနှင့်အမှန်နှစ်ခုစလုံးပါဝင်ကြောင်းကို မျိုးစေ့ကြဲသူ ပုံဥပမာ (လုကာ ၈း၄-၁၀) ၌ တွေ့ရသည်။ မုံ့ညှင်းစေ့ ပုံဥပမာ (လု၊ ၁၃း၁၈-၁၉) နှင့် တဆေး ပုံဥပမာ (လုကာ၊ ၁၃း၂၀၊၂၁)။ |
| အမှန်စင်စစ်၊ ကောင်းကင်နိုင်ငံတော်၏အတွင်းဘက်မှန်ကန်မှု၌ ကယ်တင်ခြင်းရသော ယုံကြည်သူများသာလျှင် ဝင်ရောက်နိုင်သည် (မဿဲ ၁၈း၃)။ | အမှန်စင်စစ်၊ ဘုရားသခင်နိုင်ငံတော်၏အတွင်းဘက်မှန်ကန်မှု၌ ဒုတိယမွေးခြင်းခံသောသူများသာလျှင်ဝင်ရောက်နိုင်သည် (ယော ၃း၃-၅)။ |

ရှင်ပေါလုက "ဘုရားသခင်၏နိုင်ငံတော်သည် အစားအသောက်၌မတည်။ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ခံရသော ဝမ်းမြောက်ခြင်း၌တည်၏" (ရောမ ၁၄း၁၇) ဟု ပြောဆိုရာတွင် အတွင်းဘက် မှန်ကန်မှုပိုင်းကို ဖေါ်ညွှန်းခြင်းဖြစ်သည်။ သူသည် ဘုရားသခင်၏နိုင်ငံတော်သည် စကား၌တည်သည်မဟုတ်၊ တန်ခိုး၌တည်၏ (၁ကော ၄း၂၀) ဟု အလေးထားပြောခဲ့သည်။

## နိုင်ငံတော်နှင့် အသင်းတော်

နိုင်ငံတော်နှင့်အသင်းတော်၏ ကွဲပြားခြားနားမှုကို အောက်ဖေါ်



ပြပါအချက်များအားဖြင့်တွေ့နိုင်ပါသည် -

နိုင်ငံတော်သည် ခရစ်တော်၏လူထုသာသနာစတင်သည့်အချိန်၌ အစပြုခဲ့၍ အသင်းတော်သည် ပင်တေကုတ္တေနေ့၌စတင်သည် (တမန် ၂)။ နိုင်ငံတော်သည် ကမ္ဘာမြေကြီးဖျက်ဆီးခြင်းခံသည့်အထိဆက်လက်တည်နေမည်ဖြစ်ပြီး၊ အသင်းတော်သည် ချီဆောင်ခြင်း (Rapture) အထိသာဆက်လက်တည်ရှိမည်။ ထို့နောက် ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ၊ သူ၏သတိုးသမီးအနေဖြင့် သူနှင့်အတူ လောကကို အနှစ်တစ်ထောင်အုပ်စိုးရန်ကြွလာမည်။ ယခုပစ္စုပ္ပန်ကာလတွင် နိုင်ငံတော်၏အတွင်းဘက်မှန်ကန်မှု၌ရှိကြသော ယုံကြည်သူအားလုံးတို့သည် ခရစ်တော်၏ခန္ဓာကိုယ်တည်းဟူသော အသင်းတော်ထဲ၌ရှိကြသည်။

# အပိုင်း လေး

## အနာဂတ်ဖြစ်ရပ်များ၌ ကွဲပြားခြားနားခြင်းများ

Distinctions in Future Events

## 19

## ခရစ်တော်၏ကြွလာခြင်းနှစ်မျိုး

Two Comings of Christ

သမ္မာကျမ်းစာကိုနားလည်ရန်နှင့် နှစ်သက်ပျော်မွေ့ရန်အတွက် ခရစ်တော်ဘုရား၏ ပထမအကြိမ်နှင့်ဒုတိယအကြိမ်ကြွလာခြင်းကို ခွဲခြားဖို့ လိုအပ်ပါသည်။ သူ၏ပထမအကြိမ်ကြွလာခြင်းသည် ဗက်လင်မြို့နွားတင်းကုပ်ထဲ၌ သူငယ်ကဲ့သို့ ဖွားမြင်ပြီး နွားစာခွက်ထဲ၌ သိပ်ထားခြင်းကို ရည်ညွှန်းသည်။ ဒုတိယအကြိမ်ကြွလာခြင်းသည် အနာဂတ်ကာလတွင်ပြန်ကြွလာမည့်အချိန်ကို ရည်ညွှန်းသည်။ ပထမသည် ခရစ်တော်၏ဒုက္ခဆင်းရဲခံခြင်းနှင့်သက်ဆိုင်ပြီး၊ ဒုတိယသည် ဘုန်းအသရေနှင့် သက်ဆိုင်သည် (၁ပေ၊ ၁း၁၁)။

ဤအခန်းတွင် ကယ်တင်ရှင်ခရစ်တော်ပြန်ကြွလာမည့်အကြောင်း၏အချက်အလက်များကို ယေဘူယျအားဖြင့်ဖော်ပြသွားပါမည်။ နောက်အခန်းတွင် သူ၏ဒုတိယအကြိမ်ကြွလာခြင်းနှင့်ပတ်သက်၍ သွင်ပြင်လက္ခဏာအမျိုးမျိုးကို လေ့လာပါမည်။



ဓမ္မဟောင်းပရောဖက်တို့သည် မေရှိယ၏ဒုတိယအကြိမ်ကြွလာခြင်းကို တင်ကူး၍ မြင်ခဲ့ကြသော်လည်း ရှင်းလင်းစွာမသိကြပဲ ရှုပ်ထွေးကြသည်။ ဝိညာဉ်တော်ဘုရားသည် သူတို့အား ခရစ်တော်နိမ့်ချခြင်းနှင့် ဘုန်းအသအရေဖြင့် ကြွလာမည့်အကြောင်းကို ဖွင့်ပြခဲ့သည်။ ခရစ်တော်သည် ဒုက္ခဆင်းရဲခံ၍ အသွေးတော်သွန်းလောင်းပြီးအသေခံမည်၊ သို့သော်လည်း သူ၏ရန်သူအားလုံးကိုအောင်မြင်မည်။ သူတို့သည် ဤအရာကိုဆက်စပ်၍မရကြပါ။ သူတို့မသိနိုင်သည့်အချက်မှာ၊ မေရှိယ၏ခြားနားသော ကြွလာခြင်းနှစ်မျိုးနှင့်သက်ဆိုင်ကြသည့်အချက် ဖြစ်သည်။ သူတို့၏ခေတ်ကာလနှင့် မေရှိယ ပထမအကြိမ်ကြွလာခြင်းသည် နှစ်ပေါင်း ၂၀၀၀ ကျော်ကြာခဲ့သည်။

ကျမ်းစာထဲတွင် ကြွလာခြင်းနှစ်မျိုးစလုံးရောယှက်၍ ဖော်ပြပြီး ဖြစ်ပျက်မည့်အချိန်ကာလကို ခွဲခြား၍မပြပါ။ ဤအဖြစ်အပျက်နှစ်ခုအကြောင်းလေ့လာပါက အကျိုးကျေးဇူးများစွာရမည်။ အောက်တွင် ဥပမာတစ်ချို့ပေးထားပါသည်။

### ကြွလာခြင်းနှစ်မျိုးစလုံးကို ဖော်ပြသောကျမ်းပိုဒ်တစ်ချို့

ဆာလံ၊ ၂၂း၁-၂၁ သည် ပထမအကြိမ်ကြွလာခြင်းကို ရှင်းလင်းစွာရည်ညွှန်းကာ၊ လက်ဝါးကပ်တိုင်ပေါ်၌ ကယ်တင်ရှင်ခံရမည့် ဒုက္ခဆင်းရဲခြင်းကိုညွှန်ပြသည်။ သို့ရာတွင် အငယ် ၂၁ နှင့် ၂၂ အကြားတွင် ခြားနားသောအချက်များပါရှိသည်။ ကျန်ရှိသော အငယ် ၂၂ မှ ၃၁ သည် အောင်မြင်ခြင်းနှင့်ဘုန်းအသရေဖြင့် ဒုတိယအကြိမ်ကြွလာခြင်းကို ညွှန်ပြသည်။

ဟေရှာယ၊ ၉း၆-၇ ၌လည်း ကြွလာခြင်းနှစ်မျိုးစလုံးကို တွေ့နိုင်သည်။

"အကြောင်းမူကား၊ ငါတို့အဘို့သူငယ်ကိုဘွားမြင်၏။ ငါတို့အားသားကိုသနားတော်မူ၏။ နာမတော်မူကား အံ့ဩဘွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်

သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။ ဒါဝိဒ်မင်း၏ရာဇပလ္လင်ပေါ်မှာထိုင်၍၊ နိုင်ငံတော်ကိုနောင်ကာလအစဉ်မပြတ်၊ တရားတော်အတိုင်း ဖြောင့်မတ်စွာ စီရင်၍ အမြဲတည်စေတော်မူမည်အကြောင်း၊ အာဏာတော်တိုးတက်ခြင်း နှင့် ငြိမ်သက်တော်မူခြင်းသည် နိစ္စအမြဲရှိလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားသည် အလိုတော်အားကြီး၍၊ ထိုအမှုကို ပြီးစီးစေတော်မူလိမ့်မည်" (ယေရှာယ ၉း၆-၇)။

ဗက်လင်မြို့သို့ကြွလာမည့်အကြောင်းကို "အကြောင်းမူကား၊ ငါတို့ အဘို့သူငယ်ကိုဖွားမြင်၏။ ငါတို့အား သားကိုသနားတော်မူ၏ . . ." ဟု ဖော်ပြပါသည်။ ကျန်သည့်ကျမ်းပိုဒ်အားလုံးတို့သည် ခရစ်တော်ဘုရားဘုန်း တန်းခိုးနှင့်အာဏာစက်ဖြင့် လောကကိုအုပ်စိုးရန် ပြန်ကြွလာမည့်အချိန်ကို ညွှန်ပြသည်။

ကြွလာခြင်းနှစ်မျိုးစလုံးကို ဟေရှာယ ၄၉း၇၌လည်းတွေ့နိုင်သည်။

"ဣသရေလအမျိုးကိုရွေးနှုတ်တော်မူ၍၊ ထိုအမျိုး၏သန့်ရှင်းသောထာဝရဘုရားသည် ၊ အဘယ်သူမျှမနှစ်သက်၊ တပြည်လုံးရွံရှာဘွယ်ဖြစ်၍၊ မင်းထံ၌ကျွန်ခံရသောသူအားမိန့်တော်မူသည်ကား၊ သစ္စာရှိတော်မူသောထာဝရဘုရား၊ သင့်ကိုရွေးကောက်တော်မူသော ဣသရေလအမျိုး၏သန့်ရှင်းသောဘုရား၏ကျေးဇူးတော်ကြောင့်၊ ရှင်ဘုရင်တို့သည်မြင်၍ ထကြလိမ့်မည်။ မင်းသားတို့သည်လည်း ကိုးကွယ်ကြလိမ့်မည်" (ယေရှာယ ၄၉း၇)။

ဤကျမ်းပိုဒ်တွင် "အဘယ်သူမျှမနှစ်သက်၊ တပြည်လုံးရွံရှာဘွယ်ဖြစ်၍၊ မင်းထံ၌ကျွန်ခံရသောသူ" က ခရစ်တော်၏ ပထမကြွလာခြင်းကို ထင်ရှားစွာဖေါ်ပြသည်။ သို့သော် ကျန်အပိုင်းက သူ၏ဒုတိယအကြိမ်ကြွလာခြင်းကို ရည်ညွှန်းသည်။

ယေရှာယ၊ ၅၂း၁၄-၁၅ ကိုလည်းမှတ်ထားပါ။

"သူသည် လူမဟုတ်သကဲ့သို့ မျက်နှာပျက်ခြင်း၊ လူသားမဟုတ်သကဲ့သို့ အဆင်းအသရေပျက်ခြင်းရှိသည်ကို အများသောသူတို့သည် အံ့ဩမိန်းမောကြသည်ဖြစ်၍၊ ထို့အတူ သူသည်အများသောလူမျိုးတို့ကို သန့်ရှင်းစေလိမ့်မည်။ ရှေ့တော်၌ ရှင်ဘုရင်တို့သည် မိမိတို့နှုတ်ကိုပိတ်၍ နေရကြလိမ့်မည်။ သူတပါးမပြဘူးသောအရာကို သူတို့သည်မြင်ကြလိမ့်မည်။ မကြားဘူးသောအရာကိုလည်း နားလည်ကြလိမ့်မည်" (ယေရှာယ ၅၂း၁၄-၁၅)။

အငယ် ၁၄ က ကယ်တင်ရှင်သည် လက်ဝါးကပ်တိုင်ပေါ်၌ တင်သတ်ခြင်းခံသည့်အကြောင်းနှင့် သူ၏ခံစားသောဒုက္ခဝေဒနာနှင့် အသေသတ်ခြင်းကိုမြင်တွေ့သော ပရိသတ်တို့သည် အံ့အားသင့်ကြကြောင်းကို ထင်ရှားစွာဖော်ပြပါသည်။ သို့ရာတွင် အငယ် ၁၅ ၌ ဆန့်ကျင်ဘက်ဖော်ပြချက် တွေ့ရသည်။ ကယ်တင်ရှင်ပြန်ကြွလာသောအခါ သူ၏ဘုန်းအသရေကို တွေ့မြင်သောလူသားတို့သည် အံ့ဩတုန်လှုပ်ကြမည်။ တိုင်းနိုင်ငံအပေါင်းတို့သည် တခါက နိမ့်ချစွာဖြင့် ဂါလိလဲပြည်၌နေခဲ့သောသူကို ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်အဖြစ် မြင်တွေ့ကြကာ ထိတ်လန့်တုန်လှုပ်ကြမည်။

ကြွလာခြင်းနှစ်မျိုးစလုံးပေါင်း၍ရေးထားသော ထင်ရှားသည့်ကျမ်းပိုဒ်တစ်ခုမှာ ဟေရှာယ၊ ၆၁း၁-၂ ဖြစ်သည်။

"ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်မှာ တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အားဝမ်းမြောက်စရာသိတင်းကို ကြားပြောစေခြင်းငှါ၊ ငါ့ကိုဘိသိတ်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏ အနာကိုစည်းစေခြင်းငှါ၄င်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့်၊ အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကိုပြစေခြင်းငှါ၄င်း၊ ထာဝရဘုရား၏မင်္ဂလာနှစ်နှင့်၊ ငါတို့ဘုရားသခင်အပြစ်ပေးတော်မူရာ နေ့ရက်ကာလကို ကြားပြောစေခြင်းငှါ၄င်း၊ စိတ်မသာညည်းတွားသောသူတို့အား နှစ်သိမ့်စေခြင်းငှါ၄င်း" (ယေရှာယ ၆၁း၁-၂)။

သခင်ယေရှုသည် နာဇရက်မြို့၌ရှိသော တရားဇရပ်၌ တရားဟောစဉ်တွင် ဤကျမ်းပိုဒ်များကို ကိုးကား၍ဖတ်ရှုခဲ့သည် (လုကာ၊ ၄း၁၈၊၁၉)။ သို့ရာတွင် "ထာဝရဘုရား၏မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှါ၄င်း၊

ငါ့ကိုစေလွှတ်တော်မူပြီ" ဟု ဖတ်ရှုပြီး ဤနေရာ၌ရပ်တန့်ခဲ့သည်။ သူသည် ဤကျမ်းပိုဒ်၏တဆက်တည်းဖြစ်သော "ငါတို့ဘုရားသခင်အပြစ်ပေးတော်မူရာနေ့ရက်ကာလကို ကြားပြောစေခြင်းငှါ" ကို ဆက်၍မဖတ်တော့ပါ။ အဘယ့်ကြောင့်နည်း။ အဘယ့်ကြောင့်ဆိုသော် သူ၏ပထမအကြိမ်ကြွလာခြင်းသည် ထာဝရဘုရား၏မင်္ဂလာနှစ်ကာလကိုကြားပြောရန်ဖြစ်သည်။ သူ၏ဒုတိယအကြိမ်ကြွလာခြင်းသည် ဘုရားသခင်၏ "အပြစ်ပေးတော်မူရာနေ့ရက်" ဖြင့် အစပြုသွားမည်ဖြစ်သည်။

ဆာလံ၊ ၁၄၆း၁၅၊၁၆ တွင်လည်း အလားတူကြွလာခြင်းနှစ်မျိုးကို ဖော်ပြပါသည်။

"ထာဝရဘုရားသည် ဖြောင့်မတ်သောသူတို့ကိုကြည့်ရှုတော်မူ၏။ သူတို့အော်ဟစ်သံကိုလည်း နားထောင်တော်မူ၏။ ဒုစရိုက်ကိုပြုသောသူတို့အား၊ မြေကြီးပေါ်မှာအောက်မေ့စရာအမှတ်မျှမရှိစေခြင်းငှါ၊ ပယ်ရှင်းမည်အကြောင်း၊ ထာဝရဘုရားသည် မျက်နှာထားတော်မူ၏။"

ပေတရုသည် ဤကျမ်းပိုဒ်ကို ကိုးကားရေးသားသောအခါ အဆုံးပိုင်း၌ပါသော "မြေကြီးပေါ်မှာ အောက်မေ့စရာအမှတ်မျှမရှိစေခြင်းငှါ ပယ်ရှင်းမည်အကြောင်း" ကို ဆက်မရေးဘဲရပ်တန့်ပါသည်။ သူကိုးကားသော ဤကျမ်းချက်၏အစပိုင်းအားလုံးတို့သည် ကျွန်ုပ်တို့အသက်ရှင်နေထိုင်သည့် ယခုခေတ်ကာလနှင့်သက်ဆိုင်ပြီး၊ နောက်ဆုံးဖော်ပြသည့်ကျမ်းချက်သည် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းနှင့် သက်ဆိုင်သည်။

ပရောဖက်မိက္ခာက ဗက်လင်မြို့သည် မေရှိယဖွားမြင်သန့်စင်မည့်နေရာဖြစ်မည့်အကြောင်း ကြိုတင်ပြောကြားခဲ့သည် (မိက္ခာ၊ ၅း၂)။

"အိုဗက်လင် ဧဖရတ်မြို့၊ အစိုးရသောယုဒမြို့တို့တွင်သင်သည်မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း၊ ဣသရေလအမျိုးကိုအုပ်စိုးရသောသခင်သည် ငါ့အဘို့ သင်၏အထဲမှာ ပေါ်ထွန်းလတံ့။ ထိုသခင်သည် ရှေးကပ်ကမ္ဘာမှစ၍ပေါ်ထွန်းသောသခင်ဖြစ်၏။

သို့သော်လည်း မိက္ခာသည် ခရစ်တော်၏ဖွားမြင်ခြင်းအကြောင်းမှ ကျော်ဖြတ်၍ ဒုတိယအကြိမ်ကြွလာခြင်းကို "ထိုသခင်သည် မြေကြီးစွန်းတိုင်အောင်အစိုးရ၍" (မိက္ခာ၊ ၅း၄) ဟု တိုက်ရိုက်ပရောဖက်ပြုခဲ့ပါသည်။

"ထိုသခင်သည် ရပ်၍ ထာဝရဘုရား၏အစွမ်းသတ္တိနှင့်၄င်း၊ မိမိဘုရားသခင်ထာဝရဘုရား၏နာမတော်တန်ခိုးအာနုဘော်နှင့်၄င်း၊ မိမိသိုးစုကို ကျွေးမွေးလိမ့်မည်။ သူတို့သည်လည်း တည်ကြလိမ့်မည်။ အကြောင်းမူကား၊ ထိုသခင်သည် မြေကြီးစွန်းတိုင်အောင်အစိုးရ၍၊ ရန်ငြိမ်းခြင်းအကြောင်းဖြစ်တော်မူလိမ့်မည်။"

ဇာခရိ ၉း၉ တွင် ခရစ်တော်၏အောင်မြင်ခြင်းဖြင့် ယေရုရှလင်မြို့သို့ ကြွလာခြင်းအကြောင်းကို ထင်ရှားစွာဖော်ပြထားပါသည်။

"အို ဇိအုန်သတို့သမီး၊ အလွန်ဝမ်းမြောက်လော့။ အိုယေရုရှလင်မြို့သတို့သမီး၊ ကြွေးကြော်လော့။ တရားသဖြင့်စီရင်၍ ကယ်တင်ခြင်းသို့ရောက်သောသခင်၊ သင်၏အရှင်မင်းကြီးသည် မြည်းမနှင့်မြည်းကလေးကိုစီး၍ နူးညံ့သိမ်မွေ့သောစိတ်နှင့် သင်ရှိရာသို့ ကြွလာတော်မူသည်ကို ကြည့်ရှုလော့။"

သို့သော် အခန်းငယ် ၁၀ တွင် ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ ပင်လယ်တပါးမှသည်ပင်လယ်တပါးတိုင်အောင်အုပ်ချုပ်မည့်အကြောင်း ဖော်ပြသည်။

"ငါသည် ဧဖရိမ်ပြည်၌ရထားကို၄င်း၊ ယေရုရှလင်မြို့၌မြင်းကို၄င်း၊ ပယ်ဖြတ်မည်။ စစ်လေးကိုလည်း ပယ်ဖြတ်မည်။ တပါးအမျိုးသားတို့သည် စစ်ငြိမ်းမည်အကြောင်းကို ထိုအရှင်သည် မိန့်တော်မူမည်။ အာဏာတော်လည်း ပင်လယ်တပါးမှသည်ပင်လယ်တပါးတိုင်အောင်၄င်း၊ မြစ်မှသည် မြေကြီးစွန်းတိုင်အောင်၄င်း တည်လိမ့်မည်။" ခရစ်တော်၏ကြွလာခြင်းနှစ်မျိုးကို ဓမ္မဟောင်းကျမ်း၌ရှိသကဲ့သို့ ဓမ္မသစ်ကျမ်း၌လည်း ပါရှိပါသည်။ ဥပမာအားဖြင့် ရှင်လုကာ၊ ၁း၃၁-၃၃ ကိုကြည့်ကြစို့။ "သင်သည်ပဋိသန္ဓေစွဲယူ၍ သားယောက်ျားကိုဘွားမြင်လိမ့်မည်။ ထိုသားကိုယေရှုအမည်ဖြင့် မှည့်ရမည်။ ထိုသားသည်ကား၊ ကြီးမြတ်သောသူဖြစ်လိမ့်မည်။ အမြင့်ဆုံးသောဘုရား၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။ သူ့အဘဒါဝိဒ်၏ရာဇပလ္လင်ကို ထာဝရအရှင်ဘုရားသခင်သည် သူ့အားပေးတော်မူ

၏။ ထိုသူသည်လည်း ယာကုပ်အမျိုးအနွယ်ကို အစဉ်မပြတ်အုပ်စိုးလိမ့်မည်။ သူ၏နိုင်ငံသည်လည်း ဆုံးခြင်းမရှိရဟု ပြောဆို၏"။

ပထမကျမ်းပိုဒ်သည် ယေရှုခရစ်တော်ပထမအကြိမ်ကြွလာစဉ်က ပြည့်စုံပြီဖြစ်ကြောင်းထင်ရှားသည် (မဿဲ၊ ၁း၂၅ ကိုဖတ်ပါ)။ သို့ရာတွင် အငယ် ၃၂ နှင့် ၃၃ တို့သည် ယခုပစ္စုပ္ပန်အသင်းတော်ကာလကို ကျော်လွန်၍ခရစ်တော်ဘုရား ဒါဝိဒ်၏ပလ္လင်ပေါ်တွင်ထိုင်တော်မူပြီး ကမ္ဘာကိုအုပ်စိုးရန် ပြန်ကြွလာမည့်အကြောင်း ဖော်ပြပါသည်။

ရှင်လုကာ၊ ၂၀း၁၈ တွင်လည်း ကြွလာခြင်းနှစ်မျိုးကို နက်နဲစွာ ဖော်ပြပါသည်။

"အကြင်သူသည် ထိုကျောက်အပေါ်သို့ကျ၏၊ ထိုသူသည်ကျိုးလတ္တံ့။ အကြင်သူ၏အပေါ်သို့ ထိုကျောက်သည်ကျ၏၊ ထိုသူသည် ညက်ညက်ကြေလတံ့ဟု မိန့်တော်မူ၏။"

ဤကျမ်းပိုဒ်၏ပထမစာကြောင်းတွင် ထိုကျောက် (ခရစ်တော်) သည် မြေကြီးပေါ်၌ရှိသည်။ ဤလောက၌လူ့ဇာတိခံယူ၍နေထိုင်စဉ်တွင် လူတို့သည်သူ့အပေါ်သို့ကျ၍ ကျိုးပဲ့ကြကုန်၏။ ဒုတိယစာကြောင်းတွင် ထိုကျောက်သည် အထက်မှဆင်းကြွလာသည်။ ခရစ်တော်ပြန်ကြွလာသောအခါ သူ့စကားနားမထောင်သောသူအားလုံးတို့ကို ညက်ညက်ကြေအောင် ဒဏ်ခတ်တော်မူမည်။

ဟေဗြဲ၊ ၉း၂၆၊ ၂၈ တွင် ကြွလာခြင်းနှစ်မျိုးကိုဒွန်တွဲပြီး ပို၍ထင်ရှားစွာဖော်ပြထားကြောင်း တွေ့ရပါသည်။

"ထိုသို့ ပူဇော်ရသည်မှန်လျှင်၊ ကမ္ဘာဦးမှစ၍အဖန်များစွာအသေခံတော်မူရ၏။ ယခုမူကား၊ ဤကပ်ကာလအဆုံး၌ တခါတည်း ကိုယ်ကိုပူဇော်သောအားဖြင့် အပြစ်များကို သုတ်သင်ပယ်ရှင်းခြင်းငှါ ပေါ်ထွန်းတော်မူ၏။ လူသည် တခါတည်းသေ၍ထိုနောက်မှ တရားစီရင်တော်မူခြင်းကိုခံရသကဲ့သို့၊ ထိုနည်းတူ ခရစ်တော်သည် လူများအပြစ်တို့ကိုခံခြင်းငှါ တခါတည်းကိုယ်ကိုပူဇော်ပြီးမှ၊ နောက်တဖန်ထိုသခင်ကိုမြော်လင့်လျက်နေသောသူတို့ကို ကယ်တင်ခြင်းအလိုငှါ၊အပြစ်နှင့်မဆိုင်ဘဲ ပေါ်ထွန်းတော်မူလတံH"။



"တခါတည်းကိုယ်ကိုပူဇော်သောအားဖြင့် အပြစ်များကိုသုတ်သင်ပယ်ရှင်းခြင်းငှါ။" ဟူသောအချက်သည် ခရစ်တော်၏ပထမကြွလာခြင်းကို ဆိုလိုပါသည်။ "နောက်တဖန် ထိုသခင်ကိုမျှော်လင့်လျက်နေသော သူတို့ကို ကယ်တင်ခြင်းအလိုငှါ၊ အပြစ်နှင့်မဆိုင်ပဲ ပေါ်ထွန်းတော်မူလတံ့"- ဤအချက်သည် ခရစ်တော်ပြန်လာမည့်အကြောင်းကို ဖော်ပြသည်။

# ၂၀
# ခရစ်တော်ပြန်ကြွလာခြင်း၏သွင်ပြင်လက္ခဏာများ

Phases of Christ's Return

အစပိုင်းသင်ခန်းစာများထဲတွင် ခရစ်တော်၏ပထမနှင့်ဒုတိယအကြိမ်ကြွလာခြင်းကို ခွဲခြားသိမြင်ရန် အလွန်အရေးကြီးကြောင်း တွေ့ရပါသည်။ ပထမအကြိမ်ကြွလာခြင်းသည် သမိုင်းအနေဖြင့် ကျန်ရစ်ခဲ့ပြီး၊ လွန်ခဲ့သည့်အနှစ် ၂၀၀၀ ခန့်က ဖြစ်ပေါ်ခဲ့ပါသည်။ ဒုတိယအကြိမ်ကြွလာခြင်းသည် အနာဂတ္တိစကားဖြစ်၍၊ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာမည်ဖြစ်သည်။

သို့ရာတွင် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းသည် အဖြစ်အပျက်တစ်ခုတည်းမဟုတ်ကြောင်းသိရှိရန် အရေးကြီးလှပါသည်။ ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ ဖြစ်ပေါ်လာမည့်သွင်ပြင်လက္ခဏာ သို့မဟုတ် အဆင့် (၄)ဆင့်ရှိပြီး၊ အချိန်ကာလအတိုင်းအတာတစ်ခုအထိ ရှိမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤသင်ခန်းစာတွင် ထိုသွင်ပြင်လက္ခဏာများကို သီးသန့်ခွဲခြားပြီး လေ့လာပါမည်။

ဓမ္မသစ်မူရင်းကျမ်းစာထဲတွင် "ရောက်လာခြင်း" (coming) ဟူသော ဝေါဟာရ၏အဓိပ္ပါယ်မှာ "မျက်မှောက်တွင်ရှိနေခြင်း" (a presence) သို့မဟုတ် "နီးကပ်စွာရှိနေခြင်း" (a coming along-side) ဖြစ်ပါသည်။ ဤအချက်သည် "ရောက်ရှိခြင်း" နှင့်ဆက်လက်၍အတူရှိနေခြင်းဖြစ်ကြောင်း ဖော်ပြသိစေပါသည်။ ဤဝေါဟာရစကားလုံးကို အများအားဖြင့် ရှင်ဘုရင်ဆိုက်ရောက်လာခြင်းနှင့်တဆက်တည်း တိုင်းခန်းလှည့်လည်ခြင်းနှင့် ပတ်သက်၍သုံးသည်။

အင်္ဂလိပ်စကားလုံးတွင်လည်း "ရောက်လာခြင်း" (coming) စကားလုံးကို အထက်ဖော်ပြပါအတိုင်း အသုံးပြုလေ့ရှိသည်။ ဥပမာ- ခရစ်တော်ဘုရား ဂါလိလဲပြည်သို့ "ရောက်လာခြင်း" သည် လူအများဆီသို့ အနာငြိမ်းခြင်းမင်္ဂလာ ယူဆောင်လာခဲ့သည်။ ဤအချက်တွင် ခရစ်တော် ဂါလိလဲပြည်သို့ရောက်လာသည့်နေ့ကိုသာမဆိုလိုပဲ ဂါလိလဲပြည်၌ရှိနေစဉ်ကာလတလျှောက်လုံးကိုလည်း ဆိုလိုသည်။

ထို့ကြောင့် ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းဆင်ခြင်သောအခါ ကြွလာခြင်းတစ်ခုသာမဆင်ခြင်ပဲ၊ အချိန်ကာလတစ်ခုတွင်ဖြစ်ပေါ်လာမည့်သွင်ပြင်လက္ခဏာများကိုလည်း ဆင်ခြင်ရပါမည်။ ထိုအချိန်ကာလတစ်ခုတွင် သွင်ပြင်လက္ခဏာ (သို့) အဆင့် (၄) ဆင့် ရှိပါသည်။

၁။ အစပိုင်း (beginning)
၂။ ဖြစ်ရမည့်အရာ (A course)
၃။ ထင်ရှားပြသခြင်း (A manifestation)
၄။ အဆုံးပိုင်း (A climax)

### ၁။ ခရစ်တော်ကြွလာခြင်း၏အစပိုင်း

ခရစ်တော်ကြွလာခြင်း၏အစပိုင်းသည် "ချီဆောင်ခြင်း" (Rapture) ဖြစ်ပြီး၊ မိမိသန့်ရှင်းသူတို့ "အတွက်" ကြွရောက်လာခြင်းဖြစ်သည်။ သူသည် အာကာသအထိဆင်းသက်လာကာ၊ ခရစ်တော်၌သေလွန်သောသူများထမြောက်၍၊ အသက်ရှင်သောယုံကြည်သူများပြောင်းလဲပြီး၊ အဖဘုရား၏အိမ်တော်သို့သွားရောက်နေထိုင်ကြမည်။ ဤချီဆောင်ခြင်းသည် အချိန်မရွေးရောက်နိုင်သည်။ "လူအပေါင်းတို့သည် အာဒံအားဖြင့်သေခြင်းသို့ရောက်သည်နည်းတူ၊ လူအပေါင်းတို့သည် ခရစ်တော်အားဖြင့် အသက်ရှင်ခြင်းသို့ရောက်ကြလတံ့၊ သို့ရာတွင် လူအသီးသီးတို့သည် မိမိတို့အလှည့်

အတိုင်း လိုက်ရကြလိမ့်မည်။ ခရစ်တော်သည် အဦးသီးသောအသီးဖြစ်တော်မူသောအခါ၊ တပည့်တော်ဖြစ်သောသူတို့သည် ရှင်ခြင်းသို့ရောက်ကြလိမ့်မည်" (၁ကော၊ ၁၅း၂၂-၂၃)။

"ညီအစ်ကိုတို့၊ မြော်လင့်ခြင်းမရှိသော အခြားသူတို့သည် ဝမ်းနည်းသကဲ့သို့၊ သင်တို့သည် ဝမ်းမနည်းမည်အကြောင်း၊ အိပ်ပျော်သောသူတို့၏အမှုအရာကိုမသိဘဲနေစေခြင်းငှါ ငါတို့အလိုမရှိ။ ယေရှုသည် သေပြီးမှတဖန် ထမြောက်တော်မူသည်ကို ငါတို့သည်ယုံလျှင်၊ ထိုနည်းတူ ယေရှု၌ အိပ်ပျော်သောသူတို့ကိုလည်း၊ ထိုသခင်နှင့်အတူ ဘုရားသခင်ပို့ဆောင်တော်မူလိမ့်မည်။ သခင်ဘုရား၏ဗျာဒိတ်တော်အားဖြင့် တဖန်ငါတို့ဆိုသည်ကား၊ သခင်ဘုရားကြွလာတော်မူသောအခါ၊ အသက်ရှင်၍ကျန်ကြွင်းသောငါတို့သည် အိပ်ပျော်ပြီးသောသူတို့၏ အရင်အဦးနေရာကျရကြမည်မဟုတ်။ သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှကိုယ်တိုင်ဆင်းသက်တော်မူ၍၊ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။ ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားထံတော်သို့ ရောက်စေခြင်းငှါ၊ ထိုသူတို့နှင့်တကွ မိုဃ်းတိမ်ပေါ်သို့ ချီဆောင်ခြင်းကိုခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရကြလိမ့်မည်။ သို့ဖြစ်၍၊ ဤစကားများအားဖြင့် အချင်းချင်းတယောက်ကိုတယောက် သက်သာစေကြလော့" (၁ သက် ၄း၁၃-၁၈)။

"ညီအစ်ကိုတို့၊ ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူ၍၊ ငါတို့သည် အထံတော်၌စည်းဝေးခြင်းအရာမှာ . . . ငါတို့သည် တောင်းပန်ကြ၏" (၂သက်၊ ၂း၁-၂။ ၂း၁-၂)။

"ထိုကြောင့်၊ ညီအစ်ကိုတို့ သခင်ဘုရားကြွလာတော်မူသည်တိုင်အောင် သည်းခံလျက် စောင့်နေကြလော့။ အကယ်၍ လယ်လုပ်သောသူသည် အရင်မိုဃ်း၊ နောက်မိုဃ်းကိုရသည်တိုင်အောင်၊အဘိုးထိုက်သောမြေအသီးကိုသည်းခံလျက်စောင့်နေ၍ မြော်လင့်တတ်၏။ သင်တို့သည်လည်း



သည်းခံလျက်စောင့်နေကြလော့။ ကိုယ်စိတ်နှလုံးကို မြဲမြံစေကြလော့၊ သခင်ဘုရားကြွလာတော်မူသောအချိန် ရောက်လုပြီ။

"ချစ်သားတို့၊ သားတော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် အထံတော်သို့ရောက်လျှင်၊ ရဲရင့်ရသောအခွင့်ရှိ၍၊ ရှက်ကြောက်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း သားတော်၌ တည်နေကြလော့" (၁ယော၊ ၂း၂၈)။

ချီဆောင်ခြင်း (Rapture) အကြောင်းပါသော ကျမ်းပိုဒ်များမှာ ယော၊ ၁၄း၁-၄။ ၁ကော၊ ၁၅း၅၁-၅၄။ ဖိ၊ ၃း၂၀-၂၁။ ၁သက်၊ ၁း၁၀။ ဟေဗြဲ၊ ၉း၂၈။ ၁ယော၊ ၃း၂။ ဗျာ၊ ၂၂း၇၊၂၀ တို့ဖြစ်သည်။

## ၂။ ခရစ်တော်ကြွလာသောအခါ ဖြစ်မည့်အရာများ

ဖြစ်မည့်အရာများထဲတွင် ယုံကြည်သူများအား လုပ်ခပေးရန်အတွက် ခရစ်တော်၏တရားပလ္လင်စီရင်ခြင်းပါဝင်သည်။

၁သက်၊ ၂း၉ - "ညီအစ်ကိုတို့၊ ငါတို့သည် ပင်ပန်းစွာလုပ်ဆောင်၍ ကြိုးစားအားထုတ်ကြောင်းကို သင်တို့မှတ်မိကြ၏။ သင်တို့တွင် တယောက်ကိုမျှ မနှောင့်ရှက်ခြင်းငှါ၊ ငါတို့နေ့ညဥ့်လုပ်ဆောင်လျက်၊ ဘုရားသခင်၏ဧဝံဂေလိတရားကို သင်တို့အားဟောပြောကြ၏" (၁သက် ၂း၉)။

"ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်ကိုယ်တော်တိုင်လည်း၊ သင်တို့ကိုအကုန်အစင် သန့်ရှင်းစေတော်မူပါစေသော။ ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ၊ သင်တို့ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကို အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူပါစေသော" (၁သက်၊ ၅း၂၃)။

ရောမ၊ ၁၄း၁၀-၁၂။ ၁ကော၊ ၃း၁၁-၁၅။ ၂ကော၊ ၅း၁၀။ ၂တိ၊ ၄း ၇-၈ တို့ကိုလည်းဖတ်ပါ။

ဖြစ်လာမည့်အရာများထဲတွင် သိုးသူငယ်မင်္ဂလာဆောင်ပွဲညစာလည်း ပါဝင်နိုင်စရာအကြောင်း ရှိပါသည်။ ဤပွဲသည် ခရစ်တော်ဘုန်းတန်ခိုးနှင့်တစ်ကမ္ဘာလုံးကို မအုပ်စိုးမီအချိန်လေးတွင်ဖြစ်ပေါ်မည်ဟု

ဗျာဒိတ်ကျမ်းစာထဲတွင်ပါရှိပါသည်။ ဤကျမ်းချက်တွင် "ရောက်လာခြင်း" (coming) ဟူသောစကားလုံးကို ဤအကြောင်းနှင့်ပတ်သက်၍ မသုံးသော်လည်း ဖြစ်လာမည့်အရာများထဲတွင် ထည့်သွင်းရပါသည်။

"တဖန်တုံ၊ ဟာလေလုယ၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသောထာဝရအရှင်၊ ငါတို့ဘုရားသခင်သည် စိုးစံတော်မူ၏။ ငါတို့သည် ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့၊ ဂုဏ်တော်ကိုချီးမွမ်းကြကုန်အံ့။ အကြောင်းမူကား၊ သိုးသူငယ်၏မင်္ဂလာပွဲကိုခံချိန်ရှိပြီ။ သူ၏မိန်းမသည် ကိုယ်ကိုတန်ဆာဆင်ပြီဟု စည်းဝေးသောသူအများတို့၏အသံ၊ သမုဒ္ဒရာသံ၊ ပြင်းစွာသောမိုယ်းကြိုးသံကဲ့သို့ငါကြား၏။ ထိုမိန်းမသည် စင်ကြယ်ပြောင်လက်သော ပိတ်ချောကိုဝတ်ဆင်ရသော အခွင့်ကိုရ၏။ ထိုပိတ်ချောမူကား၊ သန့်ရှင်းသူတို့၏ဖြောင့်မတ်ခြင်းဖြစ်သတည်း။ ကောင်းကင်တမန်ကလည်း၊ သိုးသူငယ်၏မင်္ဂလာဆောင်ပွဲသို့ ခေါ်ဘိတ်ခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိကြ၏ဟု ရေးထားလော့ဟူ၍၎င်း၊ ဤစကားသည် ဘုရားသခင်၏နှုတ်တော်ထွက်စင်စစ်ဖြစ်၏ဟူ၍၎င်း ငါ့အားပြောဆို၏" (ဗျာဒိတ်၊ ၁၉း၆-၉)။

ဤအရာများကောင်းကင်ဘုံ၌ ဖြစ်ပျက်နေစဉ်တွင် ကမ္ဘာပေါ်၌ ဘေးဒဏ်ကြီးကျရောက်ပါမည်။ ဘေးဒဏ်ကြီးကာလသည် (၇) နှစ်တာရှည်လျားပြီး ဘုရားသခင်သည် တရားစီရင်ခြင်းအမျိုးမျိုးကို ကမ္ဘာပေါ်သို့ သွန်းလောင်းမည် (ဒံ၊ ၉း၂၇။ မဿဲ၊ ၂၄း၄-၂၈။ ဗျာ၊ ၆း၁၉)။ ဤဘေးဒဏ်ကြီးကာလကို (Great Tribulation) ဟု သိရပြီး၊ တခါမှမဖြစ်ဘူးသော အတိဒုက္ခကျရောက်မည် (မဿဲ၊ ၂၄း၁၅-၃၁)။

## ၃။ ခရစ်တော်ကြွလာခြင်းကိုထင်ရှားပြသခြင်း

ဤတတိယသွင်ပြင်လက္ခဏာသည် ကြီးမြတ်သောဘုန်းတန်ခိုးနှင့် အုပ်စိုးရန် ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်အနေဖြင့် လောကသို့ကြွလာမည်။ ချီဆောင်ခြင်းသည် မျက်စိတမှိတ်အတွင်းရောက်လာမည်ဖြစ်သောကြောင့် ကမ္ဘာက မြင်မည်မဟုတ်ပါ။ သို့ရာတွင်ခရစ်တော် လောကကိုအုပ်စိုးရန်ကြွလာသောအခါ လူတိုင်းကမြင်တွေ့မည်ဖြစ်သည်။ ဤအချက်သည် ခရစ်တော်ကြွလာခြင်း၏ တတိယအဆင့်သွင်ပြင်လက္ခဏာဖြစ်သည်။

"ထို့နောက်သံလွင်တောင်ပေါ်မှာထိုင်တော်မူစဉ်၊ တပည့်တော်တို့သည် အခြားသူမပါဘဲချဉ်းကပ်၍၊ ထိုအမှုအရာတို့သည် အဘယ်ကာလမှဖြစ်မည်ကို၎င်း၊ ကိုယ်တော်သည်ကြွလာ၍ ဤကပ်ကမ္ဘာကုန်သောပုပ္ပနိမိတ်သည် အဘယ်နိမိတ်ဖြစ်မည်ကို၎င်း အမိန့်ရှိတော်မူပါ ဟုလျှောက်ကြ၏" (မဿဲ၊ ၂၄း၃)။

"လျှပ်စစ်သည် အရှေ့မှပြက်၍ အနောက်တိုင်အောင်ထွန်းလင်းသကဲ့သို့၊ လူသားသည် ကြွလာတော်မူလိမ့်မည်။

"လူသားသည်ကြွလာသောအခါ နောဧလက်ထက်၌ဖြစ်သကဲ့သို့ ဖြစ်လိမ့်မည်" (မဿဲ၊ ၂၄း၃၇)။

"ရေလွှမ်းမိုးခြင်းရောက်သဖြင့် လူခပ်သိမ်းတို့ကို သုတ်သင်ပယ်ရှင်းသည်တိုင်အောင် သတိမဲ့နေကြသည်နည်းတူ၊ လူသားကြွလာသောအခါ၌ ဖြစ်လိမ့်မည်" (မဿဲ၊ ၂၄း၃၉)။

"ထိုသခင်သည် မိမိသန့်ရှင်းသူအပေါင်းတို့နှင့်အတူ ကြွလာတော်မူသောအခါ၊ ငါတို့အဘတည်းဟူသော ဘုရားသခင့်ရှေ့မှာ အပြစ်တင်ခွင့်နှင့်ကင်းလွတ်သော သင်တို့၏စိတ်နှလုံးကို ကိုယ်တော်သည် သန့်ရှင်းခြင်းပါရမီ၌ မြဲမြံခိုင်ခံ့စိမ့်သောငှါ" (၁သက်၊ ၃း၁၂)။

"ပယ်ရှင်းခြင်းသို့ရောက်သောအခါ၊ ထိုအဓမ္မလူသည် ထင်ရှားလိမ့်မည်။ ထိုအဓမ္မလူကို သခင်ယေရှုသည် နှုတ်ထွက်ဝိညာဉ်တော်အားဖြင့် ဖျက်ဆီး၍၊ ကြွလာတော်မူခြင်း၏ရောင်ခြည်အားဖြင့် ပယ်ရှားတော်မူလိမ့်မည်" (၂သက်၊ ၂း၈)။

"ငါတို့သခင်ယေရှုခရစ်၏တန်ခိုးတော်ကို၎င်း၊ ကြွလာတော်မူခြင်းကို၎င်း၊ သင်တို့အားကြားပြောသောအခါ၊ ငါတို့သည် ပရိယာယ်နှင့်ပြင်ဆင်သောဒဏ္ဍာရီစကားကိုမလိုက်၊ ဘုန်းအာနုဘော်တော်ကိုကိုယ်တိုင်မြင်သောသူဖြစ်ကြ၏" (၂ပေ၊ ၁း၁၆)။

ဤကျမ်းချက်တွင် ပေတရုသည် တောင်ထိပ်ပေါ်၌ရုပ်သဏ္ဍာန်ပြောင်းလဲခြင်းသည် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းကို ကြိုတင်၍ဖွင့်ပြခြင်းဖြစ်သည်ဟု ပြောဆိုသည်။

ခရစ်တော်ကြွလာခြင်း၏သွင်ပြင်လက္ခဏာ တတိယအဆင့်ကို ဇာခရိ၊ ၁၄း၄။ မာလခိ၊ ၄း၁-၃။ တမန်၊ ၁း၁၁။ ၂သက်၊ ၁း၇-၉။ ယုဒ၊ ၁၄။ ဗျာ၊ ၁း၇။ ၁၉း၁၁-၁၆ တို့တွင်လည်း တွေ့နိုင်သည်။ ခရစ်တော်၏လူသားအနေဖြင့် ကြွလာခြင်းသည်တတိယသွင်ပြင်လက္ခဏာကိုအစဉ်သဖြင့်ဖော်ညွှန်းသည်။

## ၄။ ခရစ်တော်ကြွလာခြင်း၏အဆုံးပိုင်း

နောက်ဆုံးသွင်ပြင်လက္ခဏာမှာ ခရစ်တော်ကြွလာခြင်း၏အဆုံးပိုင်းဖြစ်ပြီး၊ ကောင်းကင်အဟောင်းနှင့်မြေကြီးအဟောင်းကို မီးနှင့်ဖျက်ဆီးမည်ဖြစ်သည်။ ဤအဖြစ်အပျက်သည် အနှစ်တစ်ထောင်ကာလပြီးမှဖြစ်ပေါ်မည် (၂ပေ၊ ၃း၄၊ ၇-၁၃)။

"သခင်ဘုရားကြွလာမည်ဟူသော ဂတိတော်သည် အဘယ်မှာရှိသနည်း။ ဘိုးဘေးများအိပ်ပျော်ပြီးနောက်၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းစကဖြစ်သကဲ့သို့၊ ဖြစ်မြဲဖြစ်ကြ၏ဟုဆိုလျက်၊ ကဲ့ရဲ့ခြင်းနှင့်တကွပေါ်လာကြလိမ့်မည်။ ယခုရှိသော မိုဃ်းကောင်းကင်နှင့်မြေကြီးမူကား၊ တရားဆုံးဖြတ်၍အဓမ္မလူတို့ကိုဖျက်ဆီးသောနေ့ရက်တိုင်အောင်၊ ထိုနှုတ်ကပတ်တော်အားဖြင့် သိုထားလျက်ရှိ၍၊ မီးရှို့ခြင်းအဘို့အလို့ငှါ နေရစ်သတည်း။ ချစ်သူတို့၊ ထာဝရဘုရားမှာ ကာလတရက်သည်၊ အနှစ်တထောင်ကဲ့သို့၄င်းဖြစ်သည်အရာတခုကို မမေ့လျော့ကြနှင့်။ လူအချို့တို့သည်၊ နှေးခြင်းကိုမှတ်သည်အတိုင်း၊ ထာဝရဘုရားသည် ဂတိတော်အရာမှာ နှေးတော်မမူ။ ငါတို့တွင်အဘယ်သူမျှမပျက်စီးဘဲ၊ ရှိသမျှတို့သည်နောင်တရစေခြင်းငှါ အလိုတော်ရှိ၍၊ ငါတို့ကိုသည်းခံတော်မူ၏။ သူခိုးသည်ညဉ့်အခါလာသကဲ့သို့၊ ထာဝရဘုရား၏နေ့ရက်သည် လာလိမ့်မည်။ ထိုနေ့၌ မိုဃ်းကောင်းကင်သည် ကြီးစွာသောအသံနှင့်တကွပျောက်သွားလိမ့်မည်။ မြေကြီးကိုယ်မှစ၍၊ မြေကြီးပေါ်မှာပြုလုပ်သမျှသောအရာတို့သည် ကျွမ်းလောင်ကြလိမ့်မည်။ သို့ဖြစ်၍၊ ဤအရာအလုံးစုံတို့သည် ကုန်စင်မည်မှန်သောကြောင့်၊ မိုဃ်းကောင်းကင်သည် မီးနှင့်ပျက်၍ လောကဓာတ်တို့သည် ပူအားကြီးလျက်၊ အရည်ကျိုခြင်းကိုခံရသောနေ့တည်းဟူသော၊ ဘုရားသခင်၏နေ့ရောက်လိမ့်မည်ဟု သင်တို့သည်မြော်လင့်တောင့်တလျက်၊ သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်းအားဖြင့်၊ အဘယ်သို့သောသူဖြစ်အပ်ကြသနည်း။ ယခုရှိသမျှသောအရာတို့သည် ပျက်ရသော်လည်း၊ ဖြောင့်မတ်ခြင်းတရားတည်နေရာမိုဃ်းကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ငါတို့သည် ဂတိတော်နှင့်အညီမြော်လင့်ကြ၏" (၂ပေ ၃း၄၊ ၇-၁၃)။

ဤသင်ခန်းစာတွင် နောက်ဆုံးသောကာလ၌ ပြက်ရယ်ပြုသောသူများပေါ်လာပြီး ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းကို ငြင်းပယ်ကြမည့်အကြောင်းဖတ်ရှုရပါမည်။ ထိုသူတို့သည် ခရစ်တော်ကြွလာခြင်း၏သွင်ပြင်လက္ခဏာကို အဘယ်ကဲ့သို့ထင်မြင်ပါသနည်း။ သူတို့သည်ချီဆောင်ခြင်းကိုရည်ညွှန်းပါသလား။ မရည်ညွှန်းကြပါ။ ထိုသူတို့သည်ချီဆောင်ခြင်း အကြောင်းသိချင်မှသိကြမည်။ ကျမ်းပိုဒ်အားလုံး၏ပြောပြချက်အရ၊ ထိုသူတို့၏ပြက်ရယ်ပြုသောအရာမှာ၊ သခင်ဘုရားက အဓမ္မလူတို့အား နောက်ဆုံး ဒဏ်ခတ်ခြင်းဖြစ်သည်။ ထိုသူတို့ ခေါ်ဆိုသည့် "ကမ္ဘာကုန်ဆုံးချိန်" တွင် ဤလောက၌ ဘုရားသခင်၏တရားစီရင်ခြင်း ကျရောက်မည်ကို မယုံကြည်ကြပါ။ ဘုရားသခင်သည် ကုန်လွန်ခဲ့သည့်ကမ္ဘာ့သမိုင်းတလျှောက်တွင် လုံးဝပါဝင်လုပ်ဆောင်ခြင်းမပြုခဲ့သလို အနာဂတ်တွင်လည်း လုပ်ဆောင်မည်မဟုတ်ပါဟု ခံယူကြပြီ၊ ဘုရားသခင်၏တရားစီရင်ခြင်းအတွက် စိတ်ပူခြင်းမရှိကြချေ။ ထို့ကြောင့် ထိုသူတို့သည် ဆိုးညစ်သောစကားနှင့်အကျင့်စရိုက်ဆက်လက်ကျူးလွန်နေကြသည်။

ဘုရားသခင်သည် "ခရစ်တော်အနှစ်တစ်ထောင်အုပ်စိုးပြီးသောအခါ" ယခုကောင်းကင်နှင့်ကမ္ဘာမြေကြီးကို လုံးဝဖျက်ဆီးပစ်မည်။ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်း၏အဆုံးပိုင်းသည် အနှစ်တစ်ထောင်ကာလအပြီး၊

ထာဝရကာလ မစတင်မီတွင် ဖြစ်ပေါ်မည်ဟု ထိုသူတို့၏ပြက်ရယ်ပြုခြင်းကို ပေတရုက ပြန်လည်ဖြေကြားသည်။

သို့ရာတွင် တယောက်သောသူက "သွင်ပြင်လက္ခဏာတစ်နှင့်သုံးဖြစ်သော ချီဆောင်ခြင်းနှင့် ဗျာဒိတ် (ခရစ်တော်ကြွလာခြင်းကို ထင်ရှားပြသခြင်း) တို့သည် သီးခြားအဖြစ်အပျက်ဖြစ်ကြောင်းကို သင်အဘယ်သို့သိနိုင်ပါသနည်းဟု မေးကောင်းမေးနိုင်ပါသည်။ အဖြေမှာ- သမ္မာကျမ်းစာထဲတွင် ဤနှစ်ခုကို အောက်ပါအတိုင်းခွဲခြား၍ ဖော်ပြပါသည်။

| **ချီဆောင်ခြင်း (Rapture)** | **လောကကိုအုပ်စိုးရန်ကြွလာခြင်း** (Revelation) |
| --- | --- |
| ၁။ ခရစ်တော်အာကာသအထိ ဆင်းကြွလာမည် (၁သက်၊ ၄း ၁၆၊၁၇)။ | ၁။ ကမ္ဘာလောကအထိဆင်းကြွလာမည် (ဇာခရိ၊ ၁၄း၄) |
| ၂။ သူ၏သန့်ရှင်းသူများအတွက် ကြွလာမည် (၁သက်၊ ၄း၁၆၊၁၇)။ | ၂။ သူ၏သန့်ရှင်းသူများနှင့်အတူကြွဆင်းလာမည် (၁သက်၊ ၃း၁၃။ ယုဒ၊ ၁၄)။ |
| ၃။ ချီဆောင်ခြင်းသည် နက်နဲသောအရာဖြစ်သည်။ ဥပမာ- ဓမ္မဟောင်းကာလ၌မည်သူမျှမသိကြ (၁ကော၊ ၁၅း၅၁)။ | ၃။ လောကကိုအုပ်စိုးကြွလာခြင်းသည် နက်နဲသောအရာမဟုတ်ဘဲ၊ ဓမ္မဟောင်းကျမ်း၏ အနာဂတ္တိကျမ်းများ၌ ဤအကြောင်းပါရှိသည် (ဆာလံ၊ ၇၂။ ယေရှာယ၊ ၁၁။ ဇာခရိ၊ ၁၄)။ |
| ၄။ မိမိသန့်ရှင်းသူများ "အတွက်" မကြွဆင်းမီ ရှေ့ပြေးနိမိတ်လက္ခဏာများကို ကောင်းကင်တွင်ဖော်ပြမည်ဟု ကျမ်းစာ၌မတွေ့ရပါ။ | ၄။ မိမိသန့်ရှင်းသူများနှင့် "အတူ" ကြွလာခြင်းကို ကောင်းကင်၌ရှေ့ပြေးနိမိတ်လက္ခဏာပေါ်လာမည် (မဿဲ၊ ၂၄း၂၉-၃၀)။ |
| ၅။ ချီဆောင်ခြင်းကိုခရစ်တော်၏ နေ့ရက်နှင့်ထပ်တူဖြစ်သည် (၁ကော၊ | ၅။ လောကကိုအုပ်စိုးရန်ကြွလာခြင်းကိုသခင်ဘုရား၏နေ့ရက်နှင့်ထပ်တူဖြစ်သည် |



| | |
| --- | --- |
| ၁း၈။ ၂ကော၊ ၁း၁၄။ ဖိ၊ ၁း၆၊၁၀)။ | ၂သက်၊ ၂း၁-၁၂)။ |
| ၆။ ချီဆောင်ခြင်းသည် မင်္ဂလာရှိသောအချိန်ကာလအဖြစ်တင်ဆက်သည် (၁သက်၊ ၄း၁၈)။ | ၆။ လောကအုပ်စိုးရန်ကြွလာခြင်း၏အဓိကအချက်မှာ တရားစီရင်ခြင်းဖြစ်သည် (၂သက်၊ ၂း၈-၁၂)။ |
| ၇။ ချီဆောင်ခြင်းသည် မျက်စိတမှိတ်၌ဖြစ်ပေါ်မည် (၁ကော၊ ၁၅း၅၂)။ ကမ္ဘာကသိကြမည်မဟုတ်ပါ။ | ၇။ လောကကိုအုပ်စိုးရန်ကြွလာခြင်းကို တကမ္ဘာလုံးကမြင်တွေ့မည် (မဿဲ၊ ၂၄း၂၇။ ဗျာ၊ ၁း၇)။ |
| ၈။ ချီဆောင်ခြင်းတွင် အဓိကအားဖြင့် အသင်းတော်ပါဝင်သည့် (ယော၊ ၁၄း၁-၄။ ၁ကော၊ ၁၅း ၅၁-၅၈။ ၁သက်၊ ၄း၁၃-၁၈)။ | ၈။ လောကကိုအုပ်စိုးရန်ကြွလာခြင်းတွင် အဓိကအားဖြင့် အစ္စရေးလူမျိုးပြီးမှတပါးအမျိုးသားအားလုံးပါဝင်သည် (မဿဲ၊ ၂၄း၁-၂၅း ၄၆)။ |
| ၉။ ခရစ်တော်သည် ထွန်းတောက်သောမိုးသောက်ကြယ်အနေဖြင့် ကြွလာမည် (ဗျာ၊ ၂၂း၁၆)။ | ၉။ ခရစ်တော်သည် တရားသောနေမင်းအဖြစ် အနာပျောက်စေသော အတောင်တို့နှင့်ကြွလာမည် (မာလခိ၊ ၄း၂)။ |

## ၂၁

## ထာဝရဘုရား၏နေ့ရက် (The Day of the Lord)

## ခရစ်တော်၏နေ့ရက် (The Day of Christ)

## ဘုရားသခင်၏နေ့ရက် (The Day of God)

ယခုတွင်သမ္မာကျမ်းစာထဲ၌အရေးကြီးသော အကြောင်းအရာတချို့၏မတူညီသောအဓိပ္ပါယ်နှင့်ခြားနားချက်များကိုဆက်လက်လေ့လာမည်။ အထူးသဖြင့် အနာဂတ်ဖြစ်ရပ်များနှင့်ပတ်သက်၍၊ ထာဝရဘုရား၏နေ့ရက်၊ ခရစ်တော်၏နေ့ရက်နှင့်ဘုရားသခင်၏နေ့ရက်စသည်တို့၏ခြားနားချက်များကို လေ့လာ ကြစို့ ။

### ထာဝရဘုရား၏နေ့ရက်

ဤနေ့ရက်သည် ၂၄နာရီ ရှိသည့် တစ်ရက်မဟုတ်ဘဲ၊ ထင်ရှားသောလက္ခဏာနှင့်ပြည့်စုံသည့် အချိန်ကာလတစ်ခုဖြစ်သည်။

ဓမ္မဟောင်းကျမ်းတွင် "ထာဝရဘုရား၏နေ့ရက်" ကို တရားစီရင်ခြင်း၊ ပျက်စီးခြင်းနှင့် အမှောင်ဖုံးလွှမ်းခြင်းတို့ကိုဖော်ပြရာ၌ သုံးသည် (ဟေရှာ၊ ၂း၁၂။ ယောလ၊ ၂း၁၊၂)။ ဘုရားသခင်သည် ဣသရေလလူတို့၏ ရန်သူများကို အပြီးသတ်ဆန့်ကျင်ချေမှုန်းကာ ဒဏ်ခတ်သောအချိန်ကာလဖြစ်သည် (ဇာခရိ၊ ၃း၈-၁၂။ ယောလ၊ ၃း၁၄-၁၆။ ဩဗဒိ၊ ၁၅။ ဇာခရိ၊



၁၂း၈၊၉)။ သူ၏လူမျိုးတော်ကဖေါက်ပြန်ပြီး ရုပ်ထုကိုးကွယ်သောအခါ ဘုရားသခင်က ဆုံးမဒဏ်ခတ်သည့်အချိန်ကာလကို ဖော်ပြရာ၌လည်း သုံးပါသည် (ယောလ၊ ၁း၁၅-၂၀။ အာမုတ်၊ ၅း၁၈။ ဇာခရိ၊ ၁း၇-၁၈)။ ထာဝရဘုရား၏နေ့ရက်သည် မူလအားဖြင့် အပြစ်ဒုစရိုက်အတွက် တရားစီရင်ခြင်းနှင့် ထာဝရဘုရားဘက်၌ အောင်မြင်ခြင်းကိုဆိုလိုသည်။

ဓမ္မသစ်ကျမ်းတွင် ထာဝရဘုရား၏နေ့ရက်သည် "အချိန်ကာလ" ဟု တမန်တော်၊ ၁း၇ နှင့် ၁သက်၊ ၅း၁ ၌ ဖော်ပြသကဲ့သို့ အချိန်ကာလတစ်ခုဖြစ်သည်။ ဤအချိန်ကာလသည် ချီဆောင်ခြင်း (Rapture) ပြီးမှဖြစ်လာမည်။ ၄င်းတွင် အောက်ဖော်ပြပါအဖြစ်အပျက်များပါဝင်သည်။

*၁။ ဘေးဒဏ်ကြီး (သို့) ယာကုပ်၏အမှုရောက်သောကာလဟု*လည်း ခေါ်သည် (ဒံ၊ ၉း၂၇။ မဿဲ၊ ၂၄း၄-၂၈။ ၁သက်၊ ၅း၁-၁၁။ ၂သက်၊ ၂း၂။ ဗျာ၊ ၆း၁-၁၉း၁၆)။ ဤအရာသည် ထာဝရဘုရား၏နေ့ရက်၏အစပိုင်းဖြစ်သည်။ ဤနေ့ရက်သည် မမျှော်လင့်သည့်အချိန်၌လည်းကောင်း၊ ညအချိန်တွင်ဝင်လာသောသူခိုးကဲ့သို့သော်လည်းကောင်း၊ ရုတ်တရက်ရောက်လာပြီး၊ မည်သူမျှရှောင်ထွက်၍မရနိုင်ပါ။ ထိုနေ့တွင် ဘုရားသခင်သည် သူ၏တရားစီရင်ခြင်းကို အယူဖောက်ပြန်သော ယုဒအယူဝါဒ၊ ဖောက်ပြန်သော ခရစ်ယာန်လောကသားများနှင့် တပါးအမျိုးသားအားလုံးအပေါ်၌ (၇)နှစ်ကြာသွန်းလောင်းမည်ဖြစ်သည်။ ဤတရားစီရင်ခြင်းကို တံဆိပ်(၇)ခု တရားစီရင်ခြင်း၊ တံပိုး(၇)ခုတရားစီရင်ခြင်းနှင့် အမျက်တော်ဖလား (၇)ခုတရားစီရင်ခြင်းဟူ၍ ဗျာဒိတ်ကျမ်း၌ပုံဖော်၍ရေးသားထားပါသည်။ ဘေးဒဏ်ကြီးကာလ၏ဒုတိယပိုင်းတဝက်ကို ကြီးမားသောဘေးဒဏ်ကြီးကာလ (Great Tribulation) အဖြစ်သိရပြီး၊ ကမ္ဘာအစမှအဆုံးထိတိုင်အောင် ဖြစ်ပေါ်ဘူးသောဘေးဒဏ်ကြီးများထဲတွင် အဆိုးဆုံးဘေးဒဏ်ကြီးဖြစ်မည်။

*၂။ ခရစ်တော်သည်မိမိ၏သန့်ရှင်းသူများနှင့်အတူကြွလာခြင်း* (မာလခိ၊ ၄း၁-၃။ ၂သက်၊ ၁း၇-၉)။ ဘေးဒဏ်ကြီးကာလအဆုံးတွင် ခရစ်တော်သည် သူ၏သန့်ရှင်းသူများနှင့်သော်လည်းကောင်း၊ တန်ခိုးရှိသော

ကောင်းကင်တမန်တို့နှင့်အတူ "ကောင်းကင်ဘုံက ပေါ်ထွန်းတော်မူ၍ ဘုရားသခင်ကိုမသိသောသူ၊ ငါတို့သခင်ယေရှုခရစ်၏ဧဝံဂေလိတရားကိုနားမထောင်သောသူတို့ကို မီးလျှံအားဖြင့် ဒဏ်ပေးတော်မူမည်" (၂သက်၊ ၁း၈)။ ဤလောကဌနိုင်ငံတော်မတည်ထောင်မီ သူ၏ရန်သူအားလုံးကိုဖျက်ဆီးပစ်မည်။

*၃။ ခရစ်တော်၏အနှစ်တစ်ထောင်အုပ်စိုးသောကာလ*။ ဤကာလသည် ထာဝရဘုရား၏နေ့ရက်ထဲ၌ပါဝင်သည် (ယောလ ၃း၁၈၊ ၁၄။ ဇာခရိ ၁၄း၈-၉၊၁)။ ရှင်ဘုရင်ဖြစ်သောခရစ်တော်ဘုရားသည် ဤလောကတခုလုံးကိုသံလှံတံဖြင့်အုပ်စိုး၍၊ သူ့ကိုပုန်ကန်သောသူတို့ကို ချက်ချင်းဖျက်ဆီးမည် (ဗျာ၊ ၁၉း၁၅)။

*၄။ ကောင်းကင်အဟောင်းနှင့်မြေကြီးအဟောင်းကိုမီးဖြင့်နောက်ဆုံးဖျက်ဆီးခြင်း* (၂ပေ၊ ၃း၇၊ ၁၀)။ ခရစ်တော်၏အနှစ်တစ်ထောင်ကာလအုပ်စိုးခြင်းအဆုံးတွင်၊ မိုးကောင်းကင်နှင့်မြေကြီးသည် ကြီးသောအသံနှင့်တကွပျောက်ကွယ်သွားကာ၊ လောကဓါတ်တို့သည် ပူအားကြီးလျက် အရည်ကျိုခြင်းခံလိမ့်မည်။ ဤအရာသည် ထာဝရဘုရား၏နေ့ရက်၏ နောက်ဆုံးအဖြစ်အပျက်ဖြစ်သည်။

## ခရစ်တော်၏နေ့ရက်

ထာဝရဘုရား၏နေ့ရက်သည် ဘုရားသခင်၏သားတော်ကိုငြင်းပယ်သော လောကသားများအပေါ်၌ တရားစီရင်ခြင်းအချိန်ကာလဖြစ်၍၊ ခရစ်တော်၏နေ့ရက်မှာမူ ခရစ်တော်ကိုမိမိကယ်တင်ရှင်နှင့်သခင်အဖြစ်ယုံကြည်လက်ခံသောသူများဖြစ်ကြသော မိမိ၏အသင်းတော်အတွက် မင်္ဂလာနေ့ရက်ဖြစ်ပါသည်။ ခရစ်တော်၏နေ့ရက်၌ အဓိကဖြစ်ပျက်မည့်အရာ (၂) မျိုးရှိပါသည်။

*၁။ သန့်ရှင်းသူများချီအောင်ခြင်း* (၁ကော၊ ၅း၅။ ဖိလိပ္ပိ၊ ၁း၆၊ ၁၀)။ ခရစ်တော်၌သေလွန်သောသူများထမြောက်၍ အသက်ရှင်သောယုံကြည်သူများပြောင်းလဲကာ သူတို့အားလုံးတို့သည် သခင်ဘုရားနှင့်တွေ့ဆုံရန် အာကာသသို့ချီဆောင်ခြင်းခံပြီး ခရစ်တော်နှင့်အတူ ကောင်းကင်ဘုံ၌ရှိသော ခမည်းတော်ဘုရား၏အိမ်တော်သို့သွားကြမည်။

*၂။ ခရစ်တော်၏တရားစီရင်ခြင်းပလ္လင်*(၁ကော၊ ၁း၈။ ၂ကော၊ ၁း၁၄။ ဖိလိပ္ပိ၊ ၂း၆)။ ယုံကြည်သူအားလုံးတို့သည် လုပ်ခနှင့်ဆိုင်သောတရားစီရင်ခြင်းပလ္လင် (Bema Judgment) ရှေ့မှောက်၌ ပေါ်လာကြမည်။ ဤတရားစီရင်ခြင်းသည် သူတို့၏ကယ်တင်ခြင်းနှင့်မဆိုင်ဘဲ၊ သူတို့၏အမှုတော်ဆောင်ရွက်ခြင်းနှင့်ဆိုင်သည်။ ခရစ်တော်ဘုရား၏သဘောကြိုက်ညီမှုရသောသူတို့အား လုပ်ခများကိုပေးမည်။ လောက၌အသက်ရှင်စဉ် မိမိအသက်တာကို အချည်းအနှီးအသုံးပြုသောသူတို့သည် လုပ်ခဆုံးရှုံးမည်၊ သို့ရာတွင် ကယ်တင်ခြင်းသို့ရောက်ကြမည် (၁ကော၊ ၃း၁၅)။

King James Version ကျမ်းစာအုပ်တွင် ၂သက်၊ ၂း၂ ကို "ခရစ်တော်၏နေ့ရက်" ဟု မှားယွင်းစွာဘာသာပြန်မိပါသည်။ "ထာဝရဘုရား၏နေ့ရက်"ဟု ပြန်ရမည်ဖြစ်သည်။ သက်သလောနိတ်မြို့၌ ယုံကြည်သူတို့သည် သူတို့ရင်ဆိုင်တွေ့ကြုံရသည့် ပြင်းထန်သောစုံစမ်းစစ်ဆေးခြင်းကြောင့် ထာဝရဘုရား၏တရားစီရင်ရာနေ့ စတင်နေပြီဟုထင်မှတ်ကြသည်။ ထိုအခါ ရှင်ပေါလုက သူတို့အားပြောကြားရာတွင်၊ ထာဝရဘုရား၏နေ့ရက်မရောက်မီ ဖြစ်ပေါ်လာမည့်အရာနှစ်ခုရှိကြောင်း၊ ၎င်းတို့မှာ-တကမ္ဘာလုံးယုံကြည်ခြင်းမှရွေ့လျော့ဖောက်ပြန်ကာ ဒုစရိုက်၏သားကောင်တည်းဟူသော အန္တိခရစ်ပေါ်လာမည်။

သက်သလောနိတ်ယုံကြည်သူတို့သည် ခရစ်တော်၏နေ့ရက်ကိုကြောက်စရာအကြောင်းမရှိပါ။ ထိုနေ့ရက်သည် သူတို့အတွက်စုံစမ်းစစ်ဆေးခြင်းမှထာဝရလွတ်မြောက်သောနေ့အဖြစ် အဓိပ္ပါယ်ဆောင်ပါသည်။

## ဘုရားသခင်၏နေ့ရက်

ဘုရားသခင်၏နေ့ရက်ကို ထာဝရဘုရား၏နေ့ရက် (သို့) ခရစ်တော်၏နေ့ရက်နှင့်ရောယှက်ပြီး မရှုပ်ထွေးသင့်ပါ။ ဤနေ့ရက်သည်ရားသခင်၏နောက်ဆုံးအောင်ပွဲခံသောနေ့ဖြစ်၍၊ မကောင်းမှုအားလုံး

ထာဝရဖယ်ရှားကာ၊ ကောင်းကင်နှင့်မြေကြီးကို မီးဖြင့်ဖျက်ဆီးပြီးမှ ဖြစ်လာမည် (၂ပေ၊ ၃း၁၂)။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏နေ့ရက်၏ အဓိက ရည်ရွယ်ချက်မှာ ထာဝရကာလဖြစ်ပါသည်။



# ၂၂

# နှစ်ကြိမ်ပြည့်စုံသော အနာဂတ္တိကျမ်းများ

## Double Fulfillments

အနာဂတ္တိကျမ်းများလေ့လာသောအခါ အထောက်အကူပြုသော သော့ချက်တစ်ခုမှာ၊ တချို့အနာဂတ္တိကျမ်းပိုဒ်များသည် တစ်ကြိမ်မက ပြည့်စုံကြောင်းကိုသိရှိထားခြင်းဖြစ်သည်။ တင်ကူးဟောပြောခြင်းတွင်စကားချီး၊ တပိုင်းတစပြည့်စုံခြင်းနှင့် အဆုံး၌စုံလင်စွာပြည့်စုံခြင်းစသည်တို့ တွေ့ရပါသည်။

### ဝိညာဉ်တော်သွန်းလောင်းခြင်း

အကောင်းဆုံးဥပမာတခုမှာ -- ပရောဖက်ယောလ၏ဝိညာဉ်တော် သွန်းလောင်းခြင်းနှင့်ပတ်သက်၍ကြိုတင်ဟောပြောခြင်းဖြစ်သည်။

"ထိုနောက်မှလူမျိုးတကာတို့အပေါ်သို့ ငါ၏ဝိညာဉ်တော်ကို ငါ သွန်းလောင်းမည်။ သင်တို့၏သားသမီးတို့သည် ပရောဖက်ဉာဏ်နှင့်ဟော ပြောရကြလိမ့်မည်။ အသက်ကြီးသောသူတို့သည် နိမိတ်အိပ်မက်တို့ကို မြင် မက်ရကြလိမ့်မည်။ အသက်ငယ်သောသူတို့သည်လည်း ဗျာဒိတ်ရူပါရုံတို့ ကိုမြင်ရကြလိမ့်မည်။ ငါ၏အမှုကိုဆောင်ရွက်သောယောက်ျား မိန်းမတို့ အပေါ်သို့ ငါ၏ဝိညာဉ်တော်ကိုငါသွန်းလောင်း၍၊ သူတို့သည် ပရောဖက် ဉာဏ်နှင့်ဟောပြောရကြလိမ့်မည်။ မိုဃ်းကောင်းကင်၌၄င်း၊ မြေကြီးပေါ်၌ ၄င်း၊ အံ့ဘွယ်သောအရာတည်းဟူသော သွေး၊ မီးလျှံ၊ မီးခိုးတိုင်တို့

ကိုငါပြမည်။ ထာဝရဘုရား၏ကြောက်မက်ဘွယ်သောနေ့ကြီးမတိုင်မှီ၊ နေသည် မှောင်မိုက်အတိဖြစ်လိမ့်မည်။ လသည်လည်းသွေးဖြစ်လိမ့်မည်။ ထိုအခါ ထာဝရဘုရားကိုပဌနာပြုသောသူရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။ အကြောင်းမူကား ထာဝရဘုရားမိန့်တော်မူသည်အတိုင်း ဇိအုန်တောင်၊ ယေရုရှလင်မြို့၌၊ ထာဝရဘုရားခေါ်တော်မူသောသူ အကျန်အကြွင်းတို့အဘို့ကယ်တင်ခြင်းအခွင့်ရှိရလတံ့" (a,mv 2;28-32)/

ပေတရုက ပင်တေကုတ္တေနေ့၌ ထိုကျမ်းပိုဒ်ကိုကိုးကားစဉ်က (တမန် ၂း၁၄-၂၁)၊ ". . . ဤအရာကား ပရောဖက်ယောလဟောဘူးသောအရာဖြစ်သတည်း" ဟု ပြောသည်။ သို့သော်၊ သူသည် စုံလင်စွာပြည့်စုံခြင်းဖြစ်သည်ဟု မပြောပါ။ အဘယ့်ကြောင့်ဆိုသော် ယောလဖေါ်ပြပြောဆိုခဲ့သောအရာတစ်ချို့ ပင်တေကုတ္တေနေ့တွင် မဖြစ်ပျက်ပါ။

ပင်တေကုတ္တေနေ့တွင် ဝိညာဉ်တော်ကို လူမျိုးတကာတို့အပေါ်၌ မသွန်းလောင်းဘဲ၊ ဂျူးလူမျိုးအယောက်သုံးထောင်တို့၏အပေါ်၌သာသွန်းလောင်းသည်။ မိုးကောင်းကင်၌ အံ့ဘွယ်သောအရာမဖြစ်ပျက်ခဲ့ပါ။ နေသည်မှောင်မိုက်အတိမဖြစ်၊ လသည်လည်းအသွေးမဖြစ်ပါ။ မြေကြီးပေါ်၌လည်းသွေး၊ မီးလျှံ၊ မီးခိုးတည်းဟူသော ပုပ္ပနိမိတ်တို့လည်းမဖြစ်ပျက်ပါ။

အဓိပ္ပါယ်မှာ၊ ပင်တေကုတ္တေနေ့၌ ယောလ၏ပရောဖက်ပြုချက်များသည် မစုံမလင်ပြည့်စုံသည် (တချို့သာလျှင်ပြည့်စုံသည်)။ စုံလင်သောပြည့်စုံခြင်းသည် ခရစ်တော်ဘုရား အနှစ်တစ်ထောင်ကာလအုပ်စိုးရန်ကြွလာသောအခါ ဖြစ်ပေါ်မည်။ သူ၏ကြွလာခြင်းမတိုင်မီအချိန်တွင် ကြိုတင်ဟောကြားခဲ့သည့်အံ့ဩဘွယ်နိမိတ်လက္ခဏာများဖြစ်ပေါ်လာပြီး၊ အနှစ်တစ်ထောင်ကာလ စတင်သည်နှင့်တဆက်တည်းတွင် လူမျိုးတကာတို့၏အပေါ်၌ သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းမည်။

## ထူးခြားသော ဖွားမြင်ခြင်းများ

အခြား ဥပမာတခုမှာ ၊ ဟေရှာယ ၇း၁၄ ၌ရှိသော ထင်းရှားသည့် "အပျိုကညာ" အကြောင်းဖြစ်သည်။



"ထိုကြောင့် ထာဝရဘုရားသည်ကိုယ်တော်တိုင်နိမိတ်လက္ခဏာကိုသင်တို့အားပေးတော်မူမည်။ ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍၊ သားယောကျ်ားကိုဘွားမြင်လတံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့်မှည့်ရလတံ့" (ဟေရှာယ ၇း၁၄)။

ဤပရောဖက်ပြုချက်သည် အာဟတ်မင်းကြီးကိုဆိုလိုပြီး၊ သားယောကျ်ားကိုဖွားမြင်ကာ၊ ထိုသားကို "ဧမာနွေလ" (ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်) အမည်ဖြင့်မည့်ရလိမ့်မည်။ သူတို့၏ရန်သူအပေါ်၌ အောင်မြင်ခြင်းရရန် နီးပြီဖြစ်ကြောင်း အဓိပ္ပါယ်သက်ရောက်သည်။ ထိုသူငယ်သည် မကောင်းသောအရာကိုမပယ်၊ ကောင်းသောအရာကိုမရွေးမယူတတ်မီ၊ ဆီးရီးယားနှင့်ဣသရေလတို့၏ပဋိညာဉ်ပျက်စီးကာ၊ နှစ်အနည်းငယ်ကြာသောအခါ ထိုပြည်၏ကောင်းစားခြင်းကိုခံစားမည် (ငယ်- ၁၅)။

သို့သော်၊ ထိုကျမ်းချက်ပြောသောအချက်အားလုံးသည် ခရစ်တော်ဖွားမြင်ခြင်းဖြင့် စုံလင်စွာပြည့်စုံခဲ့သည်။

"ထိုအကြောင်းအရာဟူမူကား၊ ထာဝရဘုရားသည် ပရောဖက်ဖြင့်ထားတော်မူသော ဗျာဒိတ်တော်ပြည့်စုံမည်အကြောင်းတည်း။ ဗျာဒိတ်တော်အချက်ဟူမူကား၊ ကြည့်ရှုလော့။ သတို့သမီးကညာသည်ပဋိသန္ဓေစွဲယူ၍သားယောကျ်ားကိုဘွားမြင်လတံ့။ ထိုသားကိုဧမာနွေလအမည်ဖြင့်မှည့်ရကြလတံ့ ဟုလာသတည်း။ ဧမာနွေလအနက်ကား၊ ငါတို့နှင့်အတူရှိတော်မူသောဘုရားသခင်ဟု ဆိုလိုသတည်း" (မဿဲ ၁း၂၂-၂၃)။

ဟေရှာယသုံးသော ဟေဗြဲစကားလုံး "almah" သည် နှစ်ကြိမ်ပြည့်စုံခြင်းကို ဖေါ်ညွှန်းသည်။ ဤစကားလုံးသည် အသက်ငယ်သောအမျိုးသမီး (သို့) အပျိုပညာဟူ၍ အဓိပ္ပါယ်နှစ်မျိုးရှိသည်။ သို့ရာတွင် ရှင်မဿဲခရစ်ဝင်ကျမ်း၌ရှိသော ဂရိစကားလုံး "parthenos" သည် အပျိုကညာ ဟူသော အဓိပ္ပါယ်တခုတည်းရှိသည်။

## အောင်ပွဲခံ၍ဝင်ရောက်ခြင်း

နှစ်ကြိမ်ပြည့်စုံသော တတိယမြောက်ဥပမာတစ်ခုကို ဆာလံ ၁၁၈း

၂၆ တွင် တွေ့နိုင်သည်။

"ထာဝရဘုရား၏အခွင့်နှင့်ကြွလာသောသူသည် မင်္ဂလာရှိစေသတည်း"။

Palm Sunday နေ့တွင် ခရစ်တော်ဘုရားသည် မြည်းကလေးကိုစီး၍ ယေရုရှလင်မြို့ထဲသို့ဝင်ခဲ့စဉ်က၊ ပရိသတ်များ ကြွေးကြော်ကြသည်။

"ဒါဝိဒ်၏သားတော်အား ဟောရှဏ္ဏဖြစ်စေသတည်း။ ထာဝရဘုရား၏အခွင့်နှင့်ကြွလာတော်မူသောသူသည်မင်္ဂလာရှိစေသတည်း" (မဿဲ ၊ ၂၁း၉)။

သို့ရာတွင်၊ ထိုအဖြစ်အပျက်သည် ပရောဖက်ပြုချက်ကို စုံလင်စွာမပြည့်စုံစေသေးပါ။ အကြောင်းမှာ၊ သခင်ယေရှုက ယေရုရှင်လင်မြို့အပေါ်၌ မြည်တမ်းသောအခါ အောက်ပါအတိုင်းပြောခဲ့သည်။

"ငါဆိုသည်ကား၊ ထာဝရဘုရား၏အခွင့်နှင့်ကြွလာသောသူသည် မင်္ဂလာရှိစေသောဟုသင်တို့မပြောမီတိုင်အောင် ယခုမှစ၍သင်တို့သည်ငါ့မျက်နှာကိုမမြင်ရကြဟုမိန့်တော်မူ၏" (မဿဲ ၂၃း၃၉)။

နောက်ဆုံးပြည့်စုံခြင်းသည် ခရစ်တော်ဘုရား လောကကိုအုပ်စိုးရန်ဘုန်းအသရေ၊ တန်ခိုးနှင့်ပြန်လာသောအခါ သူ့ကို မေရှိယရှင်ဘုရင်အဖြစ်ကြိုဆိုသည့်အချိန်တွင် ဖြစ်ပေါ်မည်။

## ယေရုရှလင်မြို့ပျက်စီးခြင်း

နှစ်ကြိမ်ပြည့်စုံသော အခြားဥပမာတစ်ခုမှာ၊ ယေရုရှလင်မြို့ဖျက်စီးခြင်းနှင့်ပတ်သက်သော ကျမ်းချက်ဖြစ်သည်။ သခင်ယေရှုက ထိုမြို့၏ပျက်စီးယိုယွင်းခြင်းနှင့်ပတ်သက်၍ လုကာ ၂၁း၂၀-၂၄ တွင် ကြိုတင်ပရောဖက်ပြုခဲ့သည်။ ထိုပရောဖက်ပြုချက်မှာ အေဒီ (၇၀) က ဗိုလ်ချုပ် တိုင်းတခ့စ် (Titus)နှင့်သူ၏ရောမစစ်တပ်အလုံးရင်းတို့က ထိုမြို့ကိုဖျက်ဆီးပြီး၊ ဗိမ္မာန်တော်ကိုဖြိုချခဲ့ကြသည်။ သို့သော် ယေရုရှလင်အတွက် အမင်္ဂလာအားလုံးမကုန်ဆုံးသေးပါ။ ဗျာဒိတ် ၁၁း၂ တွင် တပါးအမျိုးသားတို့သည် ထိုသန့်ရှင်းသောမြို့ကို ဘေးဒဏ်ကြီးကာလ၌ လေးဆယ့်နှစ်လလုံးလုံး ခြေဖြင့်နင်း



၍ဖျက်ဆီးမည်ဟု အတိအလင်းဖေါ်ပြထားပါသည်။

## ခရစ်တော်အားဆန့်ကျင်ပုန်ကန်ခြင်း

တမန်တော် ၄း၂၅-၂၆ တွင် ဆာလံ ၂း၁-၂ ကို ကိုးကားထားပါသည်။

"လူမျိုးတို့သည် အဘယ်ကြောင့်ရုန်းရင်းခတ်ပြုကြသနည်း။ လူစုတို့သည်အဘယ်ကြောင့်အချည်းအနှီးကြံစည်ကြသနည်း။ လောကီရှင်ဘုရင်တို့သည်ထကြ၍၊ မှူးမတ်အရာရှိတို့လည်း ထာဝရဘုရားနှင့်ခရစ်တော်ကိုရန်ဘက်ပြုလျက်စည်းဝေးကြ၏။"

ဤဖေါ်ပြပါကျမ်းစကားများကို တမန်တော် ၄း၂၇-၂၈ တွင် ခရစ်တော်လက်ဝါးကပ်တိုင်၌ အသေခံခြင်းကိုဆိုလိုကြောင်း ရှင်းပြထားပါသည်။

"ဟေရုဒ်မင်း၊ ပွန္တိပိလတ်မင်းမှစ၍ ဣသရေလအမျိုးသား၊ တပါးအမျိုးသားတို့သည်၊ ကိုယ်တော်၏အလိုရှိသည်အတိုင်း၊ . . . ဘိသိတ်ပေးတော်မူသော သားတော်မြတ်ယေရှုကို ဤမြို့၌ရန်ဘက်ပြု၍၊ စည်းဝေးကြပြီ၊ အမှန်ဖြစ်ပါ၏။"

ဤအဖြစ်အပျက်သည် ဆာလံဆရာဖေါ်ပြချက်များ၏နိဒါန်း (သို့) တပိုင်းတစအနေဖြင့် ပြည့်စုံခြင်းသာဖြစ်ပြီး၊ အနာဂတ်ကာလခရစ်တော်လောကတခုလုံးအုပ်စိုးရန်ကြွလာသောအခါ ကမ္ဘာ့ရှင်ဘုရင်များသည် ပူးပေါင်း၍တားဆီးကြမည့်အချိန် ဘေးဒဏ်ကြီးကာလအဆုံးတွင် စုံလင်စွာပြည့်စုံမည်။

## ဣသရေလလူမျိုးများ ပြန်လည်စုရုံးလာခြင်း

နှစ်ကြိမ်ပြည့်စုံသောအခြားကျမ်းပိုဒ်တခုကို နောက်ဆုံးဥပမာအဖြစ်ဆွေးနွေးပါမည်။ ၄င်းမှာ၊ ဣသရေလလူမျိုးတို့၏ ပြန်လည်စုစည်းခြင်းဖြစ်ပါသည် (ဟေရှာယ ၄၃း၅-၇။ ယေရမိ ၁၆း၁၄-၁၅။ ယေဇကျေလ ၃၆း၈-၁၁။ ၃၇း၂၁)။ ဤပရောဖက်ပြုချက်သည် ဧဇရနှင့်နေဟမိမှတ်စာတို့တွင်ဖေါ်ပြသည့်အတိုင်း ကျန်ကြွင်းသောဂျူးလူမျိုးတို့သည် ဗာဗုလုန်

ကျွန်ဘဝမှလွတ်မြောက်လာပြီး ဣသရေလနိုင်ငံသို့ ပြန်သွားသောအချိန်၌ တပိုင်းတစပြည့်စုံခဲ့ပါသည်။ သို့သော် အဓိကအဖြစ်အပျက်မှာ အနာဂတ်ကာလတွင်ဖြစ်လာမည်။ ပြီးခဲ့သည်အချိန်ကာလ၌ ဂျူးလူမျိုးတို့၏ပြန်လည်စုစည်းမှုသည် မပြောပလောက်ဘဲ၊ ယာကုပ်၏ဘေးဒဏ်ကြီးကာလ၌ တွင်ဘုရားသခင်သည် သူ၏ရွေးကောက်ခဲ့သည့်လူမျိုးတော်ဖြစ်သော ဣသရေလလူတို့ကို ကမ္ဘာအရပ်ရပ်မှ ဣသရေလနိုင်ငံသို့ ပြန်လည်ပို့ဆောင်လိမ့်မည် (မဿဲ ၂၄း၃၁။ တရားဟော ၃၀း၃-၄။ ယေဇကျေ ၃၆း၂၄-၃၂။ ၃၇း၁၁-၁၄)။ ထိုအချိန်တွင် ပရောဖက်ပြုချက်များ စုံလင်စွာပြည့်စုံမည်။



# အပိုင်း ငါး
# သမ္မာကျမ်းစာ၌ အခြား ကွဲပြားခြားနားခြင်းများ
## Other Distinctions in Scripture

## ၂၉
## တရားစီရင်ခြင်း (၇) မျိုး
### Seven Judgments

သမ္မာကျမ်းစာထဲ၌ ကွဲပြားခြားနားသော တရားစီရင်ခြင်းအမျိုးမျိုးရှိသည့်အကြောင်းကို သိရှိနားလည်ရန် အရေးကြီးပါသည်။ ထိုတရားစီရင်ခြင်းတခုစီနှင့်သက်ဆိုင်သော လူ၊ အချိန်၊ နေရာ၊ တရားစီရင်ရသည့်အကြောင်းရင်းနှင့် အကျိုးသက်ရောက်မှုများကို ခွဲခြားရပါမည်။ ဥပမာ၊ လူတချို့က လူမျိုးအပေါင်းတရားစီရင်ခြင်းကို ပလ္လင်ဖြူတရားစီရင်ခြင်းနှင့်တူသည်ဟုယူဆကြသည်။ စေ့စပ်သေချာစွာလေ့လာပါက တခုနှင့်တခု အလွန်ခြားနားကြောင်းတွေ့ရသည်။

ပိုင်းခြားတတ်သောယုံကြည်သူသည် "အထွေထွေတရားစီရင်ခြင်း" (general judgment) ဟုခေါ်သော ယုံကြည်သူနှင့်မယုံကြည်သူအားလုံးတို့သည် ဘုရားသခင်၏ရှေ့မှောက်၌ အတူတကွမတ်တပ်ရပ်လျက် တရားစီရင်ခြင်းမျိုးမရှိကြောင်းကို သေချာစွာသိသည်။

ဤသင်ခန်းစာ၌ ဘုရားနှုတ်ကပတ်တော်တွင် တွေ့ရသည့် ပို၍အရေးကြီးသော တရားစီရင်ခြင်း (၇) မျိုးကိုလေ့လာမည်။

## လူ၏အပြစ်တရားစီရင်ခြင်း

သခင်ယေရှုသည် မိမိကိုယ်ခန္ဓာပေါ်၌ အပြစ်ဒဏ်ကိုယူဆောင်ကာ၊ ကာရာနီကုန်းပေါ်ရှိ လက်ဝါးကပ်တိုင်ပေါ်၌ အပြစ်သားများအတွက် အသေခံစဉ်တွင် ဘုရားသခင်သည် အပြစ်ကိုစီရင်ခဲ့သည်။

"အကြောင်းမူကား၊ တယောက်သောသူသည် လူအပေါင်းတို့အတွက်ကြောင့် အသေခံသည်မှန်လျှင်၊ လူအပေါင်းတို့သည် သေလျက်နေကြသည်ဟူ၍၄င်း၊ အသက်ရှင်သောသူတို့သည် တဖန်ကိုယ်အလိုသို့လိုက်၍ ရှင်စေမည်အကြောင်း၊ လူအပေါင်းတို့အတွက်ကြောင့် အသေခံတော်မူသည်ဟူ၍၄င်း၊ ငါတို့သည်သဘောထားလျက်၊ ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် ငါတို့ကိုအနိုင်အထက်သွေးဆောင်၏" (၂ကော ၅း၁၄-၁၅)။

"ထိုသခင်သည် ငါတို့၏အပြစ်မက၊ လောကီသားအပေါင်းတို့၏အပြစ်ဖြေစရာအကြောင်း ဖြစ်တော်မူ၏" (၁ယော ၂း၂)။

ခရစ်တော်အသေခံခြင်းဖြင့် အပြစ်တရား၏အခ (ဒဏ်) ကို ထိရောက်စွာပေးဆပ်ခဲ့သည်။ သူ၏ယိုစီးသောအသွေးတော်က ဘုရားသခင်ဖြောင့်မတ်ခြင်း၏တောင်းဆိုမှုအားလုံးကိုပြည့်စုံစေသည်။ ဘုရားသခင်သည် ဘုရားမဲ့ဖြစ်သော အပြစ်သားများကိုကယ်တင်ရန် အပြစ်ကိုလျစ်လျူရှုခြင်းနှင့်သူ၏သန့်ရှင်းခြင်းကို အလျှော့ပေးခြင်းမရှိသောလမ်းကို ပြင်ဆင်ခဲ့သည်။ သူ၏ရွေးနှုတ်ခြင်းအမှုသည် သူ၏အကန့်အသတ်မရှိသော တန်ခိုးဖြင့် အပြစ်ကိုပယ်ရှားရန်ဖြစ်သည်။

သို့ရာတွင် လက်ဝါးကပ်တိုင်ပေါ်၌ သူ၏လုပ်ဆောင်ချက်က လူတိုင်းကိုအလိုအလျောက်မကယ်တင်ပါ။ သူ၏ကိုယ်စားလုပ်ဆောင်ခြင်းသည် ကမ္ဘာလူသားအားလုံးအတွက် လုံလောက်သော်လည်း၊ နောင်တရ၍ သခင်ယေရှုကိုယုံကြည်လက်ခံသောသူကသာလျှင် ထိုလုပ်ဆောင်ခြင်း၏အကျိုးကို ရရှိခံစားမည်။



လူတယောက်က ခရစ်တော်ကိုမိမိကယ်တင်ရှင်နှင့်သခင်အဖြစ် ယုံကြည်လက်ခံသောအခါ၊ သူသည်အပြစ်နှင့်အပြစ်ဒဏ်မှထာဝရလွတ်ကင်းသည်။ သူ၏အပြစ်ကြောင့် ထာဝရတရားစီရင်ခြင်းခံစရာမလိုတော့ပါ။ အဘယ့်ကြောင့်ဆိုသော် သူ၏ကိုယ်စား သခင်ယေရှုက ထိုတရားစီရင်ခြင်းခံခဲ့ပြီးဖြစ်သောကြောင့် ဘုရားသခင်က အပြစ်တရား၏အခကို နှစ်ကြိမ် မတောင်းဆိုပါ။ ယုံကြည်သူသည် ယုံကြည်သောအားဖြင့် တရားရေးရာနှင့်ဆိုင်သော အပြစ်လွှတ်ခြင်းကိုတကြိမ်တခါရသည်နှင့် ထာဝရအတွက်လုံလောက်ပါသည်။

## ယုံကြည်သူ၏မိမိကိုယ်ကိုတရားစီရင်ခြင်း

လူတယောက်ကယ်တင်ခြင်းရပြီးသည်နှင့် သူ၏နေ့စဉ်အသက်တာ၌ မိမိကိုယ်ကိုတရားစီရင်ရန်လိုအပ်သည်။ ဆိုလိုသည်မှာ၊ အပြစ်တခုခုလုပ်မိကြောင်းသိသောအခါ၊ သူကျူးလွန်ခဲ့သော အပြစ်ကိုဝန်ခံ၍၊ စွန့်ပစ်ရမည်။ ရှင်ပေါလုက ၁ကော ၁၁း၂၇-၃၂ ၌ -

"ထိုကြောင့် သခင်ဘုရား၏မုန့်နှင့်ခွက်ကို မထိုက်မတန်ဘဲ စားသောက်သောသူမည်သည်ကား၊ သခင်ဘုရား၏ကိုယ်တော်နှင့်အသွေးတော်ကိုပြစ်မှားရာရောက်၏။ သို့ဖြစ်၍ လူတိုင်းကိုယ်ကိုကိုယ်စစ်ကြောပြီးမှ မုန့်ကိုစားစေ။ ထိုနည်းတူ ခွက်ကိုလည်းသောက်စေ။ အကြောင်းမူကား၊ မထိုက်မတန်ဘဲ စားသောက်သောသူသည် သခင်ဘုရား၏ကိုယ်တော်ကိုပိုင်းခြား၍ မသိသောကြောင့်၊ မိမိအပေါ်သို့အပြစ်ရောက်စေခြင်းငှါ စားသောက်သောသူဖြစ်၏။ ထိုအကြောင်းကြောင့်၊ သင်တို့တွင်အားနည်းသောသူ၊ မကျန်းမမာသောသူအများရှိကြ၏။ သေသောသူအများလည်းရှိကြ၏။ ငါတို့သည် ကိုယ်ကိုကိုယ်စစ်ကြောစီရင်လျှင်၊ စစ်ကြော်စီရင်တော်မူခြင်းနှင့်ကင်းလွတ်ကြလိမ့်မည်။ စစ်ကြောစီရင်တော်မူခြင်းကိုခံရကြသောအခါ၊ လောကီသားတို့နှင့်အတူ အပြစ်စီရင်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း ဆုံးမတော်မူခြင်းကိုခံရကြ၏" (၁ကော ၁၁ း၂၇-၃၂)။

အပြစ်လုပ်မိကြောင်းဝန်ခံခြင်းသည် မိမိကိုယ်ကိုအပြစ်စီရင်ခြင်းဖြစ်၍၊ ထိုအပြစ်ကိုဝန်ချတောင်းပန်ပြီး စွန့်ပစ်ရပါမည်။ ဤတရားစီရင်ခြင်းကို မိမိအသက်တာတလျှောက်တွင် ဆက်လက်ကျင့်သုံးရပါမည်။ ထိုသို့မပြုပါက၊ ဟေဗြဲ ၁၂း၃-၁၅ ၌ ဖော်ပြသကဲ့သို့၊ အဘဘုရား၏ဆုံးမခြင်းကို ခံရမည်ဖြစ်သည်။

တမန်တော်ရှင်ပေါလုက သူ၏အသက်တာ၌ မိမိကိုယ်ကိုအပြစ်မစီရင်ပါက၊ အမှုတော်လုပ်ငန်းအတွက် အဆင့်မမီသောသူဖြစ်သွားမည်ကို သိမြင်ခဲ့သည်။

"သူတပါးကိုဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူမဖြစ်ရမည်အကြောင်း၊ ကိုယ်ကိုထိုး၍နှိပ်စက်လေ့ရှိ၏" (၁ကော ၉း၂၇)။

## ခရစ်တော်၏တရားစီရင်ခြင်းပလ္လင်

ခရစ်တော်၏တရားစီရင်ခြင်းပလ္လင်အကြောင်းဆင်ခြင်သောအခါ၊ ရာဇဝတ်မှုနှင့်ဆိုင်သော စစ်ဆေးခြင်းမျိုးမဟုတ်ဘဲ၊ ပန်းအမျိုးမျိုးပြပွဲ (သို့) အားကစားပြိုင်ပွဲ၏အဖြစ်အပျက်မျိုးကို စဉ်းစားသင့်သည်။ သခင်ဘုရားသည် အပြစ်ရှိသူကိုပြစ်ဒဏ်စီရင်ချမှတ်ရန်မဟုတ်ဘဲ၊ ဆုချရန်ထိုပလ္လင်ပေါ်တွင်ထိုင်တော်မူမည်။ တရားခုံရုံးမြင်ကွင်းမျိုးမဟုတ်ဘဲ၊ ယုံကြည်သူ၏လုပ်ဆောင်ချက်အားလုံးကို ပြန်လည်သုံးသပ်ခြင်းနှင့် လုပ်ခပေးသောအချိန်ဖြစ်သည်။

ယုံကြည်သူအားလုံးတို့သည် ဂရိဘာသာဖြင့် "ဗီးမာ" (Bema)ဟုခေါ်သော ခရစ်တော်၏တရားစီရင်ခြင်းပလ္လင်ရှေ့မှောက်၌ရောက်ရှိလာကြမည်။

"သင်သည် ညီအစ်ကိုချင်းကို အဘယ်ကြောင့် စစ်ကြောစီရင်သနည်း။ ညီအစ်ကိုချင်းကိုအဘယ်ကြောင့်မထီမဲ့မြင်ပြုသနည်း။ ငါတို့ရှိသမျှသည် ခရစ်တော်၏တရားပလ္လင်တော်ရှေ့သို့ရောက်ရကြမည်" (ရောမ ၁၄း၁၀)။

ဤတရားစီရင်ခြင်းသည် သန့်ရှင်းသူများရှင်ပြန်ထမြောက်ပြီး၊ ထာဝရကာလတွင်ဖြစ်ပေါ်မည်။ ထိုအချိန်တွင် ယုံကြည်သူတို့သည် ဘုန်းတန်ခိုးနှင့်ပြည့်ဝသော ခန္ဓာကိုယ်ရှိကြမည်။

ဘုရားသခင်လူတို့၏ လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်မည် --

"အကြောင်းမူကား၊ ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ကျင့်သောအကျင့်၊ ကောင်းမကောင်းရှိသည်အတိုင်း အကျိုးအပြစ်ကိုအသီးအသီးခံခြင်းငှါ၊ ခရစ်တော်၏တရားပလ္လင်ရှေ့၌ပေါ်လာရကြမည်" (၂ကော ၅း၁၀)။

တချို့သောသူတို့အား လုပ်အားခပေး၍၊ တချို့သည်လုပ်ခဆုံးရှုံးကြမည် -

"အသီးအသီးလုပ်သောအလုပ်သည် ထင်ရှားလိမ့်မည်။ အဘယ်သို့နည်းဟူမူကား ဖော်ပြချိန်နေ့ရက်သည် မီးအားဖြင့်ထင်ရှားစေလိမ့်မည်။ လူတိုင်းလုပ်သောအလုပ်သည် အဘယ်သို့သောအလုပ်ဖြစ်သည်ကို မီးသည်စစ်ကြောစုံစမ်းလိမ့်မည်။ ထိုတိုက်မြစ်အပေါ်၌ထပ်ဆင့်၍တည်ဆောက်သောအကြင်သူ၏ အလုပ်သည်မြဲ၏၊ ထိုသူသည်အကျိုးကိုခံရလိမ့်မည်။ အကြင်သူ၏အလုပ်သည် ကျွမ်းလောင်၏၊ ထိုသူသည် အရှုံးခံရလိမ့်မည်။ သို့သော်လည်း၊ မီးနှင့်လွတ်သကဲ့သို့ သူသည်ကယ်တင်ခြင်းသို့ရောက်လိမ့်မည်" (၁ကော ၃း၁၃-၁၅)။

သို့သော်ငြားလည်း၊ အငယ် ၁၅ ၏ နောက်ဆုံးပိုင်းက ဤတရားစီရင်ခြင်းသည် ယုံကြည်သူ၏ကယ်တင်ခြင်းနှင့် လုံးဝမပတ်သက်ကြောင်း ရှင်းလင်းစွာဖော်ပြပါသည်။

". . . သို့သော်လည်း၊ မီးနှင့်လွတ်သကဲ့သို့ သူသည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်"။

## ဣသရေလလူမျိုးအား တရားစီရင်ခြင်း

မည်သည့်တိုင်းနိုင်ငံကမျှ ဂျူးလူမျိုးတို့၏တွေ့ကြုံခံစားသောမုန်းတီးခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းနှင့် ညှင်းပန်းခြင်းများကို မခံစားခဲ့ဘူးကြပါ။ သို့သော်လည်း အဆုံးသို့မရောက်သေးပါ။အသင်းတော်သိမ်းဆည်းပြီး

နောက်တွင် ဣသရေလလူမျိုးနှင့် တိုင်းနိုင်ငံအပေါင်းတို့သည် (၇) နှစ ဘေးဒဏ်ကြီးကာလကို ဖြတ်သန်းကြမည်။ ဤကာလ၏တဝက် (ဒုတိယ ပိုင်း) တွင် အရင်ကမဖြစ်ခဲ့ဘူးသော ဘေးဒုက္ခ ကြုံတွေ့ကြမည်။ ယေရမိ က ဤကာလကို "ယာကုပ်၏ဘေးဒုက္ခကာလ" ဟု ခေါ်၍ (ယေရမိ ၃၀း ၇)၊ သခင်ယေရှုက "ကြီးစွာသောဒုက္ခ" (Great Tribulation)ဟု ခေါ် သည် --

"အကြောင်းမူကား၊ ကမ္ဘာဦးမှစ၍ ယခုတိုင်အောင်မဖြစ်စဖူး၊ နောက်၌လည်း မဖြစ်လတံ့သော ကြီးစွာသောဒုက္ခသည် ထိုကာလ၌ ဖြစ်လိမ့်မည်" (မဿဲ ၂၄း၂၁)။

ဤကာလ၏အဆုံးတွင် မေရှိယပေါ်ထွန်းလာမည်။ ဘုရားသခင်သည် လူမျိုးအပေါင်းတို့ကို "လူအမျိုးမျိုးနှင့်ဆိုင်သော တော" (ယေဇကျေ ၂၀း၃၃-၄၄) သို့ဆောင်၍၊ မျက်နှာချင်းဆိုင်၍ တရားတွေ့မည်။

အကြီးဆုံးပြစ်မှုများထဲမှ တခုမှာ၊ ဘေးဒဏ်ကြီးကာလ၌ အန္တိခရစ်ကို အားကိုးခြင်းဖြစ်ပါသည်။ များစွာသောလူမျိုးအပေါင်းတို့သည် ထိုဆိုးဝါးသော ရုပ်ထုကိုးကွယ်ခြင်းဖြင့် ပြိုလဲကြမည်။

"ငါသည်ခမည်းတော်၏ အခွင့်နှင့်ရောက်လာသော်လည်း သင်တို့သည်လက်မခံကြ။ အခြားသောသူသည် မိမိအခွင့်နှင့်ရောက်လာလျှင် ထိုသူကိုလက်ခံကြလိမ့်မည်" (ယောဟန် ၅း၄၃)။

မာလခိက ရှင်ဘုရင်သည် ခရစ်တော်၏ဩဇာအာဏာနှင့် အုပ်စိုးမှုအောက်၌ ဝန်ခံကာ ကြွယ်ဝချမ်းသာခြင်းနှင့် ငြိမ်သက်ခြင်းချမ်းသာခံစားရမည့် အနှစ် (၁၀၀၀) ကာလမတိုင်မီတွင် ရှင်ဘုရင်မေရှိယအား ပုန်ကန်ဆန့်ကျင်သောသူအားလုံးတို့ကို ဖျက်ဆီးမည့်အကြောင်း ထင်ရှားပါသည် -

"ထိုသို့ကျမ်းစာနှင့်အညီ၊ ဣသရေလလူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ရောက်ကြလိမ့်မည်။ ကျမ်းစာချက်ဟူမူ ကား၊ ကင်းလွှတ်သော သခင်သည် ဇိအုန်တောင်၌ပေါ်ထွန်း၍၊ မတရားသောအမှုကို ယာကုပ်အမျိုးသားတို့မှလွှဲတော်မူလတံ့၊ သူတို့အပြစ်များကို ငါပယ်ရှင်းသောအခါ၊ သူတို့၌ငါပေးသော ပဋိညာဉ်တရားသည် ထိုသို့သော တရားဖြစ်၏ဟု လာသတည်း" (ရောမ ၁၁း၂၆-၂၇)။

## လူမျိုးအပေါင်း တရားစီရင်ခြင်း

တပါးအမျိုးသားတို့အား တရားစီရင်ခြင်းနှင့်ပတ်သက်၍ အဓိကဖော်ပြသောကျမ်းချက်မှာ မဿဲ ၂၅း၃၁-၄၆ ဖြစ်ပါသည်။ ဤတရားစီရင်ခြင်းသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာသည့်အချန်၌ ဖြစ်ပေါ်မည်။ တရားသူကြီးမှာ လူသားဖြစ်သော ယေရှုကိုယ်တိုင်ဖြစ်မည်။

"လူသားသည် မိမိဘုန်းအာနုဘော်ကိုဆောင်လျက်၊ သန့်ရှင်းသောကောင်းကင်တမန်များအခြံအရံတို့နှင့်တကွ ကြွလာတော်မူသောအခါ၊ ဘုန်းရှိသောပလ္လင်တော်ပေါ်မှာထိုင်မည်" (ငယ် -၃၁)။

တပါးအမျိုးသားတို့ကို ၎င်းတို့၏ ဣသရေလလူမျိုးပေါ်ဆက်ဆံခြင်းအပေါ်၌အခြေပြု၍ တရားစီရင်မည့်အကြောင်းကို ပရောဖက်ယောလက ရှင်းလင်းစွာဖော်ပြပါသည် (ယောလ ၃း၂)။ ဘေးဒဏ်ကြီးကာလအတွင်း ခရစ်တော်၏ဆွေမျိုး ဣသရေလလူတို့ကို ကွယ်ကာပြီး၊ မိတ်ဆွေကဲ့သို့ကူညီမစသောသူတို့ကို 'သိုး' ဟု မဿဲ ၂၅ ထဲ၌ခေါ်သည်။ ဣသရေလလူတို့အား အစာ၊ ရေ၊ အဝတ်အစားများဖြင့် မထောက်ပံ့၊ ဧည့်ဝတ်မပြုဘဲ ဖျားနာသောသူများနှင့် အကျဉ်းချခံသော ဣသရေလတို့ကို ဆက်ဆံရန် ငြင်းပယ်သော လူမျိုးများကို "ဆိတ်" ဟုခေါ်သည်။

ထိုသိုးတို့သည် "ကမ္ဘာဦးကပင်ပြင်ဆင်သော နိုင်ငံတော်ကို အမွေခံကြမည်" (ငယ် ၃၄)။ ဆိတ်တို့သည် "ကျိန်ခြင်းကိုခံရသောသူတို့၊ မာရ်နတ်နှင့်သူ၏တမန်တို့အဘို့ ပြင်ဆင်သောထာဝရမီးထဲသို့ ငါ့ထံမှခွါကြလော့ " ဟူသော တရားစီရင်ခြင်းကို ကြားနာကြမည် (ငယ် ၄၁)။

ထိုသူတို့သည် ထာဝရအပြစ်ဒဏ်ခံရာသို့လည်းကောင်း၊ ဖြောင့်မတ်သောသူတို့မူကား၊ ထာဝရအသက်ရှင်ရာသို့လည်းကောင်း သွားရကြမည် (ငယ် ၄၆)။

အချို့သောသူတို့က လူမျိုးအပေါင်း **၁** တို့သည် ကယ်တင်ခြင်းရ

ကြမည် (သို့) ဆုံးရှုံးကြမည်ဟူသောအချက်ကို နားမလည်ကြချေ။ သူတို့က ကယ်တင်ခြင်းသည် လူတဦးချင်းစီ၏သီးသန့်ခြားနားသောအမှုကိစ္စဖြစ်သည်ဟု မှတ်ယူကြသည်။ ဤအချက်သည် ပြဿနာတခုမဖြစ်သင့်ပါ။ ခေတ်အဆက်ဆက်တွင် ဘုရားသခင်သည် လူမျိုးအပေါင်းနှင့်ဆက်ဆံသလို၊ တဦးချင်းအနေဖြင့်လည်း ဆက်ဆံပါသည်။ နိုင်ငံတစ်နိုင်ငံ (သို့) နယ်မြေတခု၌ နေထိုင်သောလူအများစုက ဘုရားသခင်ကိုဆန့်ကျင်ပုန်ကန်ပါက၊ ဘုရားသခင်သည် သူ၏လူစုကို ဦးစွာကယ်ထုတ်ပြီး၊ ထို့နောက်သူ၏အမျက်ဒေါသကို ကျန်ရှိသောလူထုပေါ်သို့သွန်းလောင်းလိုက်သည်။ သောဒုံမြို့သည် ဥပမာပေးရန် ကောင်းသောအချက်တခုဖြစ်သည်။ တကမ္ဘာလုံးရေလွှမ်းမိုးခြင်းသည်လည်း ဘုရားသခင်၏သာ၍ကြီးမြတ်သော တရားစီရင်ခြင်းဖြစ်သည်။

## ကောင်းကင်တမန်များတရားစီရင်ခြင်း

ပြိုလဲသောကောင်းကင်တမန်တချို့တို့သည် ချုပ်နှောင်ခြင်းခံလျက် သူတို့၏နောက်ဆုံးတရားစီရင်ခြင်းကို စောင့်နေကြသည်ဟု သမ္မာကျမ်းစာကပြောပါသည် -

"အကြောင်းမူကား၊ ပြစ်မှားသောကောင်းကင်တမန်တို့ကို ဘုရားသခင်သည်နှမြောတော်မမူ၊ ငရဲထဲသို့ချလိုက်ပြီးမှ စစ်ကြောစီရင်ခြင်းအလိုငှါ ချုပ်ထား၍၊ မှောင်မိုက်သံကြိုးနှင့်ချည်နှောင်တော်မူ၏" (၂ပေ ၂း၄)။

"ထိုမှတပါး၊ မိမိတို့အခွင့်အရာကိုမစောင့်၊ မိမိတို့နေရာအရပ်ကိုစွန့်ပစ်သော ကောင်းကင်တမန်တို့ကို၊ ကြီးစွာသောနေ့၌ စစ်ကြောစီရင်ခြင်းအလိုငှါ၊ ထာဝရချည်နှောင်ခြင်းအားဖြင့် မှောင်မိုက်ထဲမှာချုပ်ထားတော်မူ၏" (ယုဒ ၆)။

ဆိုးညစ်သော အခြားကောင်းကင်တမန်များ (နတ်ဆိုးများ) လည်း မရေတွက်နိုင်လောက်အောင်များပြားပါသည်။ ပြိုလဲသောကောင်းကင်တမန်များ တရားစီရင်ခြင်းကို မည်သည့်အချိန်တွင် ဖြစ်လာမည်နည်း။

ဤလောက၌ အနှစ်တစ်ထောင်ကာလ အုပ်စိုးစဉ်တွင် မေရှိယရှင်ဘုရင်က "အထွဋ်အမြတ်အာဏာတန်ခိုးအမျိုးမျိုးကို ပယ်ရှင်း၍၊ ရန်သူအပေါင်းတို့ကို ခြေဖဝါးတော်အောက်၌ ချထားတော်မူမည်" (၁ကော ၁၅း၂၄-၂၅)။ ဆိုလိုသည်မှာ၊ အာဏာစက်များ၊ တန်ခိုးများနှင့်အာကာသ၌အစိုးရသော ဝိညာဉ်ဆိုးများအားလုံးအပေါ်၌ အောင်မြင်ခြင်းရမည်။

ယုံကြည်သူတို့သည် ခရစ်တော်နှင့်အတူအုပ်စိုးမည်ဖြစ်သောကြောင့်၊ ကောင်းကင်တမန်များအပေါ်၌ တရားစီရင်ခွင့်ရကြမည်ဖြစ်သည်။ ၁ကော ၆း၃ တွင် ရှင်ပေါလုက "ငါတို့သည်ကောင်းကင်တမန်တို့ကို တရားစီရင်မည်ဟု မသိကြသလော" ဟု ရေးသားထားပါသည်။

စာတန်၏နောက်ဆုံးတရားစီရင်ခြင်းသည် အနှစ်တစ်ထောင်ကာလအဆုံး၊ ကြီးမြတ်သောပလ္လင်ဖြူတရားစီရင်ခြင်းရှေ့မှောက်၌ ဖြစ်ပေါ်လာမည်။

"သူတို့ကိုလှည့်ဖြားသောမာရ်နတ်ကိုလည်း၊ သားရဲနှင့်မိစ္ဆာပရောဖက်ရှိရာ၊ ကန့်နှင့်ရောနှောသောမီးအိုင်ထဲသို့ ချပစ်လျှင်၊ သူတို့သည်နေ့ညဉ့်မပြတ် ကမ္ဘာအဆက်ဆက်ပြင်းစွာသော ဝေဒနာကိုခံရကြလတံ့" (ဗျာဒိတ် ၂၀း၁၀)။

ပြိုလဲသောကောင်းကင်တမန်တို့က စာတန်ကိုသူတို့၏ခေါင်းဆောင်အဖြစ်ဝန်ခံကြသောကြောင့် စာတန်က ဘုရားသခင်အား ဆန့်ကျင်ပုန်ကန်ခဲ့စဉ်က သူတို့လည်းပါဝင်ကြောင်း ထင်ရှားသည် (ဟေရှာ ၊ ၁၄း၁၂-၁၇။ ယေဇကျေ ၂၈း၁၂-၁၉)။ ထို့ကြောင့် ၎င်းတို့သည် စာတန်နှင့်အတူမီးအိုင်ထဲသို့ ပစ်ချခြင်းခံရကြမည်။

## ကြီးမြတ်သော ပလ္လင်ဖြူတရားစီရင်ခြင်း

ရှင်ယောဟန်က "ပလ္လင်ဖြူကြီးကိုလည်းကောင်း၊ ပလ္လင်ပေါ်မှာထိုင်တော်မူသောသူကို မြင်၏။ ကောင်းကင်နှင့်မြေကြီးသည် မျက်နှာတော်ရှေ့မှပြေးလွင့်၏" (ဗျာ ၂၀း၁၁)။ ပလ္လင်ပေါ်၌ထိုင်တော်မူသောသူကြောင့်သော်လည်းကောင်း၊ ကြောက်မက်ဘွယ်ကောင်းသော တရားစီရင်ခြင်းကြောင့်သော်လည်းကောင်း၊ ထိုပလ္လင်သည်ကြီးမြတ်၏။ ထိုပလ္လင်၏အဖြူ

ရောင်သည် တရားစီရင်ခြင်း၏သန့်ရှင်းမှုကိုဖော်ပြသည်။ ဤတရားစီရင်ခြင်းသည် ကမ္ဘာမြေကြီးပူအားကြီး၍ လောင်ကျွမ်းပြီးနောက်တွင်ဖြစ်ပေါ်မည် (၂ပေ၊ ၃း၁၀)။

"သေလွန်သောသူအကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာ ရပ်နေကြသည်ကို ငါမြင်၏" (ဗျာ၊ ၂၀း၁၂ က)။ ထိုသူတို့သည် ခေတ်အဆက်ဆက်၌ ဆိုးညစ်သောသူများဖြစ်ကြသည်။ ပလ္လင်ရှေ့တော်၌ရပ်နေကြသည့်အကြောင်းမှာ၊ လောက၌အသက်ရှင်ကြစဉ်က သခင်ဘုရားကို မယုံကြည်ကြသောကြောင့်ဖြစ်သည်။ မယုံကြည်ခြင်းသည် ငရဲသို့ပို့ဆောင်သည့်ကြီးမားသောအပြစ်ဖြစ်သည်။

". . . မယုံကြည်သောသူမူကား၊ ဘုရားသခင်၌တပါးတည်းသောသားတော်ကိုမယုံကြည်သောကြောင့် ယခုပင်အပြစ်စီရင်ခြင်းခံရ၏" (ယော ၃း၁၈ ခ)။

". . . သားတော်ကိုပယ်သောသူမူကား အသက်ကိုမတွေ့ရ။ ထိုသူ၏အပေါ်၌ ဘုရားသခင်၏အမျက်တော်တည်နေသည်" (ယော ၃း၃၆ ခ)။

ထိုသူတို့အား တရားစီရင်ရန်စာစောင်နှစ်ခုဖွင့်ထားလျက်ရှိ၏--

". . . စာစောင်များကိုဖွင့်ထား၏။ အသက်စာစောင်တည်းဟူသော အခြားတပါးသော စာစောင်ကိုလည်း ဖွင့်လေ၏။ သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း၊ စာစောင်တို့၌ရေးသားချက်များနှင့်အညီ တရားစီရင်ခြင်းကို ခံရကြ၏" (ဗျာ ၂၀း၁၂ ခ)။

အသက်စာစောင်၌ ထိုသူတို့၏နာမည်များ ရေးသားခြင်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့သည် နောင်တရ၍၊ ခရစ်တော်ကိုမိမိ၏ကယ်တင်ရှင်အဖြစ် မယုံကြည်လက်မခံကြသောကြောင့်ဖြစ်သည်။ ကောင်းကင်၌ လုပ်ခအတွက် တရားစီရင်ခြင်းရှိသကဲ့သို့ ငရဲထဲ၌လည်း အပြစ်ဒဏ်တရားစီရင်ခြင်းလည်းရှိမည်။ သူတို့၏လုပ်ဆောင်ချက်များသည် သူတို့၏ကျူးလွန်ခဲ့သည့် အပြစ်၏ပမာဏကို အဆုံးအဖြတ်ပေးမည်။ ဥပမာအားဖြင့်၊ အကြိမ်ကြိမ်မုဒိမ်းကျင့်သူသည် ယဉ်ကျေးသိမ်မွေ့ပြီး၊ မှန်ကန်သောအသက်တာရှိသောသူ၊ (သို့သော် ဝမ်းနည်းစရာကောင်းသည်မှာ သူသည် ခရစ်



တော်၌ ပြောင်းလဲခြင်းမရှိပါ) ထက်ပို၍ ပြင်းထန်သောပြစ်ဒဏ်ခံရမည်။ ခန္ဓာကိုယ်သည် သေခြင်းကိုဖော်ပြက၊ စိတ်နှင့်ဝိညာဉ်သည် ငရဲမီးအိုင်ကို ပုံဆောင်သည်။ တနည်းအားဖြင့်ပြောလျှင်၊ ခန္ဓာ၊ စိတ်၊ ဝိညာဉ်၊ သုံးပါးစလုံး ငရဲမီးအိုင်ထဲသို့ ပစ်ချခြင်းခံသည် --

"ထိုအခါ၊ မရဏာနှင့် မရဏာနိုင်ငံကို မီးအိုင်ထဲသို့ ပစ်ချလေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်းဖြစ်သတည်း" (ဗျာ ၂၀း၁၄)။

ကြီးမြတ်သော ပလ္လင်ဖြူတရားစီရင်ခြင်း၌ ယုံကြည်သူတဦးတယောက်မျှ ပေါ်လာမည်မဟုတ်ပါ။ ဤတရားစီရင်ခြင်းသည် ဘုရားသခင်၏ဂရုဏာတော်ကိုငြင်းပယ်၍ သိုးသငယ်၏အသက်စာစောင်၌ နာမည်မပါသောသူများနှင့်သာ သက်ဆိုင်သည်။

**မှတ်ချက်။**

၁။ "nations" (လူမျိုးအပေါင်း) ဟူသော ဝေါဟာရကို "တပါးအမျိုးသားများ" (Gentiles) ဟူသော ဝေါဟာရနှင့်အဓိပ္ပါယ်တူညီသည်။

# ၂၄
# မရဏာနိုင်ငံနှင့် ငရဲ

Hades & Hell

မရဏာနိုင်ငံနှင့်ငရဲသည် မတူဘဲခြားနားမှုရှိပါသည်။ ဓမ္မသစ်ကျမ်းထဲ၌ ဤဝေါဟာရနှစ်ခုသည်မတူဘဲ၊ အဓိပ္ပါယ်လည်းခြားနားပါသည်။ **၁** မရဏာနိုင်ငံသည် ယာယီဖြစ်ပြီး၊ ငရဲသည် ထာဝရဖြစ်သည်။ မရဏာနိုင်ငံ (Hades) သည် ဓမ္မဟောင်းကျမ်းတွင်ဖော်ပြသော "Sheol" နှင့်တူပြီး၊ ငရဲ (Hell) မှာမူ "Gehena" ဟုခေါ်သော ငရဲမီးအိုင် "Lake of fire" ဖြစ်သည်။ မရဏာနိုင်ငံ "Hades" သည် တရားစီရင်မည့်အချိန်ကိုစောင့်သောနေရာ "အချုပ်ခန်း" နှင့်တူပြီး၊ ငရဲ (Hell) သည် တရားစီရင်ခြင်းခံပြီးသူများအား ပို့မည့်နေရာ "အကျဉ်းထောင်" နှင့် တူသည်။

## မရဏာနိုင်ငံ (Hades)

ပထမဦးစွာ မရဏာနိုင်ငံ (Hades) အကြောင်း ဆင်ခြင်ကြပါစို့။ တခါတရံ မရဏာသည် ဒုက္ခအတိခံစားသည့်နေရာ၊ သ်ချိုင်း၊ ခန္ဓာကိုယ်နှင့်ဝိညာဉ်ကင်းကွာသောနေရာ စသည့်ဖြင့်အဓိပ္ပါယ်ရှိသည်။ ဤမရဏာနိုင်ငံသည် နေရာတစ်ခုဖြစ်သော်လည်း ၄င်း၏တည်ရှိသောနေရာကို ဖော်ပြခြင်းမရှိပါ။ မရဏာနိုင်ငံနှင့်ပတ်သက်၍ လုကာ ၁၆း၁၉-၃၁ တွင် မယုံကြည်သူ သူဌေးတစ်ဦးသည် မရဏာနိုင်ငံ (Hades) မှနေ၍ မျှော်ကြည့်သည် ဟုဖော်ပြပါသည်။ ထိုသူဌေး၏ခန္ဓာကိုယ်မှာ သ်ချိုင်းတွင်း၌ရှိသော်လည်း၊ သူ၏ဝိညာဉ်မှာ မရဏာနိုင်ငံ (Hades) ၌ရှိကြောင်း ထင်ရှားသည်။ ထိုမရဏာနိုင်ငံ၌ သူဌေးသည် အသိဉာဏ်၊ မှတ်ဉာဏ်နှင့် ကောင်းကင် (သို့) ပရဒိသုဘုံကိုလှမ်း၍ ကြည့်မြင်နိုင်သောအစွမ်းရှိခဲ့သည်။ သူသည် ပြင်းပြသောအပူဒဏ်ကြောင့် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ရေငတ်ခြင်းဝေဒနာခံစားနေရသည်။ သူ၏ညီအစ်ကို (၅) ယောက်တို့သည် ထိုမရဏာနိုင်ငံသို့မရောက်အောင် တယောက်ယောက်က သူတို့အား ဧဝံဂေလိဟောရန် စိတ်အားထက်သန်မှုရှိခဲ့သည်။ ဤနေရာတွင် မရဏာနိုင်ငံ "Hades"သည် အထူးသဖြင့် ညှဉ်းပန်းနှိပ်စက်သည့်နေရာဟုပြောဆိုကာ၊ ထိုနေရာမှ လွတ်မြောက်ရာလမ်းမရှိပါ။

တမန် ၂း၂၇ တွင် ပေတရုက ဆာလံ ၁၆း၁၀ ကို ကိုးကားပြီး ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ဖော်ညွှန်းသည် -

"အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်၏ဝိညာဉ်ကိုမရဏာနိုင်ငံ၌ ပစ်ထားတော်မမူ။ ကိုယ်တော်၏သန့်ရှင်းသောသူအားလည်း ပုပ်စပ်ခြင်းသို့ ရှိစေတော်မမူ။"

သခင်ယေရှုသေသောအခါ၊ သူ၏ဝိညာဉ်သည် ဘုရားသခင်ကျိန်းဝပ်သောနေရာနှင့် တတိယကောင်းကင်ဘုံဖြစ်သော ပရဒိသုဘုံသို့ ၂ သွားခဲ့သည်။ ဤနေရာတွင် မရဏာနိုင်ငံ (Hades) သည် ခန္ဓာကိုယ်နှင့်ဝိညာဉ်ကင်းကွာသောနေရာကို ဖော်ညွှန်းခြင်းဖြစ်နိုင်သည်။ ဘုရားသခင်သည် သူ၏ဝိညာဉ်ကို ထိုသို့သော အခြေအနေ၌ဆက်လက်ရှိနေရန်ခွင့်မပြုခဲ့သလို၊ သူ၏သန့်ရှင်းသူကယ်တင်ရှင်ခရစ်တော်၏ ကိုယ်ခန္ဓာကိုပုပ်စပ်ခြင်းသို့ ရှိစေရန်ခွင့်မပြုပါ။ သူ၏သန့်ရှင်းသူ "His Holy One" ဟူသော စကားလုံးသည် သေသောအခါ ပုပ်ပျက်တတ်သော လူ၏ကိုယ်ခန္ဓာကို ပြောဆိုခြင်းဖြစ်သည်။ ပေတရုက၊ သခင်ဘုရား၏ဝိညာဉ်ကို မရဏာနိုင်ငံ "Hades" ၌ပစ်ထားတော်မမူ၊ ဟု ရဲဝံ့စွာ ကြေငြာခဲ့သည် (တမန် ၂း၃၁)။ တတိယနေ့တွင် သူ၏စိတ်နှင့်ဝိညာဉ်သည် သူ၏ဘုန်းတန်ခိုးနှင့်ပြည့်စုံသောခန္ဓာကိုယ်နှင့် ပြန်လည်ပေါင်းစည်းသည်။

မရဏာနိုင်ငံ "Hades" သည် ခန္ဓာနှင့်ဝိညာဉ်ကင်းကွာသောနေရာဖြစ်သည့်အကြောင်း ဖော်ပြသည့်အခြားကျမ်းပိုဒ်တစ်ခုမှာ၊ ဗျာ ၂၀း ၁၃-၁၄ ဖြစ်သည်။

"သမုဒ္ဒရာသည် မိမိ၌ရှိသော လူသေတို့ကိုအပ်ပေး၏။ မရဏာနှင့် မရဏာနိုင်ငံသည်လည်း မိမိတို့၌ရှိသော လူသေတို့ကိုအပ်ပေးကြ၏။ လူအသီးသီးတို့သည် မိမိတို့အကျင့်အတိုင်း တရားစီရင်ခြင်းကိုခံရကြ၏။ ထိုအခါ မရဏာနှင့်မရဏာနိုင်ငံကို မီးအိုင်ထဲသို့ချပစ်လေ၏။ ထိုသေခြင်းကား ဒုတိယသေခြင်းဖြစ်သတည်း" (ဗျာ ၂၀း၁၃-၁၄)။

ဤကျမ်းပိုဒ်၏မြင်ကွင်းမှာ ဆိုးညစ်သူတို့အား နောက်ဆုံးတရားစီရင်ခြင်းဖြစ်သည်။ တရားစီရင်မည့်တရားသူကြီးမှာ၊ သေခြင်းနှင့်ငရဲ၏သော့များကိုပိုင်ဆိုင်သော သခင်ယေရှုခရစ်တော်ဖြစ်ပါသည် (ဗျာ၊ ၁း၁၈)။ ဤကျမ်းပိုဒ်တွင် သေခြင်း "death" သည် သူတို့၏ခန္ဓာကိုယ်များကိုဖော်ညွှန်းပြီး၊ မရဏာနိုင်ငံ "Hades" သည် သူတို့တစ်ဦးစီ၏ဝိညာဉ်နှင့် စိတ်ကိုဖော်ညွှန်းသည်။ မယုံကြည်သူအားလုံးတို့၏ ဝိညာဉ်များသည် ကြီးမြတ်သောပလ္လင်ဖြူတရားစီရင်ခြင်းရှေ့မှောက်၌ သူတို့၏ခန္ဓာကိုယ်များနှင့် ပြန်လည်ပေါင်းစည်း၍၊ ခန္ဓာ၊ စိတ်၊ ဝိညာဉ် သုံးပါးစလုံးနှင့်ပြည့်စုံစွာ ငရဲမီးအိုင်"Lake of fire" ထဲသို့ ပစ်ချခြင်းခံမည်။ မရဏာနိုင်ငံ "Hades" သည် ခန္ဓာနှင့် ဝိညာဉ်ကင်းကွာသောနေရာဖြစ်ကြောင်း ၁ကော ၁၅း၅၅ ၌လည်း ဖော်ပြပါသည်။

"အိုသေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း။ အို မရဏာနိုင်ငံ၊ သင်၏အောင်မြင်ခြင်းသည် အဘယ်မှာရှိသနည်း"။

ဤသီချင်းသည် ခရစ်တော်ကြွလာသောအခါ ယုံကြည်သူများသီဆိုမည့် အောင်မြင်ခြင်းသီချင်းဖြစ်ပါသည်။ သူတို့၏ခန္ဓာကိုယ်သည်သင်္ချိုင်းမှထမြောက်သောအခါ သူတို့ကို ခဏတာချုပ်ကိုင်နိုင်သော်လည်း ထာဝရ မထိန်းချုပ်နိုင်ကြောင်းကို "သေခြင်း" အားသတိပေးပြောဆိုကြမည်။

ဗျာဒိတ် ၆း၈ တွင် သေခြင်းဟုအမည်ရှိသော မြင်းမွဲစီးသောသူနှင့် မရဏာနိုင်ငံသည် ထိုသူ၏နောက်သို့လိုက်သည်ဟု ဖော်ပြထားပါသည်။ ကမ္ဘာ့လူဦးရေ၏လေးပုံတစ်ပုံကိုသတ်နိုင်သောတန်ခိုးကို ထိုသေခြင်းနှင့်မရဏာနိုင်ငံတို့အား ပေးခဲ့သည့်အကြောင်း နောက်ဆက်တွဲကျမ်းပိုဒ်များက ရှင်းလင်းပြောပြထားပါသည်။ ဤနေရာတွင် သေခြင်းနှင့် မရဏာနိုင်ငံသည် သေခြင်းတည်းဟူသော ခန္ဓာနှင့်စိတ်ဝိညာဉ်ခွဲခွါခြင်းကိုပုံဆောင်သည်။

တခါတရံတွင်၊ မရဏာနိုင်ငံ (Hades) ဟူသော စကားလုံးကို အရှက်တကွဲဖြစ်ခြင်း၏နက်နဲမှုကို သရုပ်ဖော်ရာတွင်အသုံးပြုသည်။ ဥပမာ၊ ကပေရနောင်မြို့သည် မိုးကောင်းကင်တိုင်အောင်မြောက်စားခြင်းခံခဲ့သည်။ သို့သော် ဘုရားသခင်၏သားတော်ကို ငြင်းပယ်သောကြောင့် မရဏာနိုင်ငံတိုင်အောင် နှိမ့်ချကာ၊ အရှက်ကွဲခြင်းနှင့်ဖျက်ဆီးခြင်းကိုခံရသည် (မဿဲ ၁၁း၂၃။ လု ၁၀း၁၅)။

မရဏာနိုင်ငံ "Hades" ကို မဿဲ ၁၆း၁၈ ၌ ခရစ်တော်ယေရှုက သူတည်ထောင်မည့်အသင်းတော်ကို မရဏာနိုင်ငံ၏တံခါးတို့က မနိုင်ရာ၊ ဟု အာမခံချက်ပေးခဲ့ပါသည်။ အသင်းတော်အားတိုက်ခံသည့် မည်သည့်အရာတခုမျှ အောင်မြင်မည်မဟုတ်ပါ။ သို့သော် မရဏာနိုင်ငံအပေါ်အသင်းတော်၏အောင်မြင်မှုမှာ အာမခံချက်ရှိပါသည်။

## ငရဲ (Hell)

ဓမ္မသစ်ကျမ်းထဲတွင် ငရဲ (Hell) ဟူသောစကားလုံးကို ဆယ့်နှစ်ကြိမ်ပါရှိရာ၊ ၄င်းတို့ထဲမှ ဆယ့်တစ်ခုသည် လူသားအားလုံးအပေါ်၌ ဂရုဏာထားသော သခင်ယေရှု၏နှုတ်ဖျားမှ ထွက်ခဲ့ပါသည်။ နောက်တစ်ခုမှာ သခင်ဘုရား၏ဝမ်းကွဲညီ ယာကုပ် (James) က ပြောခဲ့ခြင်းဖြစ်သည်။

ဤကြောက်မက်ဘွယ်ကောင်းသော နေရာအကြောင်းကို ကျမ်းစာက အဘယ်သို့သွန်သင်ပါသနည်း။ ဤနေရာသည် လူသားများအတွက်မဟုတ်ပဲ၊ စာတန်နှင့်သူ့နောက်လိုက်ကောင်းကင်တမန်များအတွက် ပြင်ဆင်ထားသောနေရာဖြစ်သည် (မဿဲ ၂၅း၄၁)။ ဘုရားသခင်သည် ဤတရားစီရင်ခြင်းခံရန် မည်သူမျှမရွေးကောက်ပါ။ ဘုရားသခင်၏ကျေးဇူးတော်ကို

ငြင်းပယ်ခြင်းအားဖြင့် သူတို့သည် ငရဲကိုရွေးချယ်ကြသည်။ ဤနေရာသည် ငိုကြွေးခြင်း၊ မြည်တမ်းခြင်းနှင့် အံသွားခဲကြိတ်ခြင်းရှိသောနေရာဖြစ်သည် (မဿဲ ၈း၁၂။ ၂၂း၁၃။ ၂၄း၅၁။ ၂၅း၃၀။ လုကာ ၁၃း၂၈)။ ငရဲသို့ရောက်သောသူတို့၏ပိုး (ညှဉ်းဆဲခြင်း) သည် မသေနိုင် (မကုန်ဆုံး) ပဲ၊ မီးလည်းမငြိမ်းနိုင်ပါ (မာကု ၉း၄၆)။ ထိုညှင်းဆဲခြင်း၏မီးခိုးသည် ကမ္ဘာအဆက်ဆက်တက်လျက်ရှိ၏ (ဗျာ ၄း၁၁)။

ယေရှုဘုရားက၊ တကိုယ်လုံးငရဲသို့ချခြင်းကိုခံရသည်ထက် အင်္ဂါတခုသာပျက်သော်သာ၍ကောင်း၏ဟု အကြိမ်ကြိမ်အလေးထားပြောဆိုခဲ့သည် (မဿဲ ၅း၂၉-၃၀။ ၁၈း၉။ မာကု ၉း၄၃၊ ၄၇)။ ဤကျမ်းပိုဒ်များသည် ကောင်းကင်နိုင်ငံတွင် ကိုယ်လက်အင်္ဂါဖြတ်ထားဖြင်းခံသူများရှိမည်ဟုမဆိုလိုပဲ၊ ကိုယ်ခန္ဓာ၏တပ်မက်မှုနောက်သို့လိုက်ပြီး ထာဝရအပြစ်စီရင်ခြင်းခံရသည်ထက် ယခုဘဝတွင် ကိုယ်ခန္ဓာ၏အလိုဆန္ဒပေါ်တွင် တင်းကြပ်သောစည်းကမ်းကို လက်တွေ့ကျင့်သုံးခြင်းသည် သာ၍ကောင်းသည်ဟု ဆိုလိုသည်။

ယုံကြည်သူများသည် ခန္ဓာကိုယ်ကိုဖျက်ဆီး **၄** နိုင်သောသူတို့ကို မကြောက်ရွံ့သင့်ပဲ၊ ခန္ဓာနှင့်ဝိညာဉ်နှစ်ခုစလုံးကို ဖျက်ဆီးနိုင်သော ဘုရားသခင်ကို ကြောက်ရွံ့သင့်သည် (မဿဲ ၁၀း၂၈။ လု၊ ၁၂း၅)။

## အပယ်ငရဲ (Tartaros)

ဂရိစကားလုံး တားတရိုစ် (Tartaros) **၅** ကို "ငရဲ" (Hell) ဟု ၂ပေ၊ ၂း၄ တွင်ဘာသာပြန်ထားကာ၊ အပြစ်လုပ်သည့် ပြိုလဲသောကောင်းကင်တမန်များအတွက် ထူးခြားသောအဓိပ္ပါယ်ရှိပါသည်။ Tartaros ထဲ၌ တရားစီရင်ခြင်းနေ့ကိုစောင့်ရန် သူတို့ကိုမှောင်မိုက်သံကြိုးနှင့်ချည်နှောင်တော်မူ၏။

## ငရဲကလေး (Purgatory)

ရိုမင်ကက်သိုလစ်အသင်းတော် (Roman Catholic Church) ၏ယုံကြည်ခံယူချက်တွင် ငရဲကလေး (purgatory) သည် သေပြီးသောအခါ အပြစ်စီရင်ခြင်းခံသောနေရာဖြစ်သည်။ ဘုရားသခင်၏ကျေးဇူးတော်အောက်၌ သေသောသူသည် လောက၌အသက်ရှင်စဉ်က သူကျူးလွန်ခဲ့သော အပြစ်များအတွက် "ယာယီပြစ်ဒဏ်စီရင်ခြင်း"ကိုသာခံရန် ကျေအေးစေခြင်းအမှုကိုပြုနိုင်ကာ၊ ထိုနေရာမှတဆင့် ကောင်းကင်သို့ဝင်စားနိုင်သည်။ ငရဲကလေး (purgatory) ၌ရှိသောမီးသည် သေသောသူ၏ဝိညာဉ်ကိုဆေးကြောသည်ဟု ယုံကြည်ကြသည်။ အသက်ရှင်သောသူများ၏ဆုတောင်းပေးခြင်းဖြင့်သော်လည်းကောင်း၊ သေသောသူတို့ကိုယ်စား ပွဲတော်များ (masses)ဆက်လက်ကျင်းပပေးခြင်းအားဖြင့် ငရဲကလေး၌ အပြစ်ဒဏ်ခံရသောအချိန်ကာလသည် ပို၍တိုတောင်းနိုင်သည်ဟူ၍လည်း ပြောဆိုကြသည်။ သမ္မာကျမ်းစာထဲ၌ ငရဲကလေး (purgatory) ကဲ့သို့သော နေရာမျိုးမရှိပါ။ "Purgatory" အကြောင်းကို သမ္မာကျမ်းစာက တခါမျှမဖေါ်ပြပါ။ ဤသွန်သင်ချက်သည် သခင်ယေရှုခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရသည်ဟု သမ္မာတရားသွန်သင်ချက်နှင့် လုံးဝဆန့်ကျင့်ဘက်ဖြစ်သည်။

## မှတ်ချက်။

၁။ ကျမ်းစာဘာသာပြန်ရာ၌ တချို့က မရဏာနိုင်ငံ (Hades) နှင့် ငရဲ (Hell) ကိုမခွဲခြားကြပါ။ ဥပမာ၊ King James Version တွင် မရဏာနိုင်ငံ (Hades) ကို ၁ကော ၁၅း၅၅ ( ဤကျမ်းချက်တွင် သ်ချိုင်းဟုဘာသာပြန်ဆိုသည်) မှအပ၊ အားလုံးကိုတညီတည်း ဘာသာပြန်ဆိုကြသည်။ မရဏာနိုင်ငံ (Hades) စကားလုံးသည် ဂရိဘာသာဖြစ်ပြီး၊ "မမြင်နိုင်သော" (ကမ္ဘာ) ဟုအဓိပ္ပါယ်ရှိသည်။ ငရဲ (Hell) သည် Anglo-Saxon စကားလုံးဖြစ်ပြီး၊ ဟေဗြဲနာမည် ဂေဟေနာ (Gehena) ကို ဘာသာပြန်ဆိုခြင်းဖြစ်သည်။ သခင်ဘုရားက သူ၏တရားနာပရိသတ်တို့အား ထိတ်လန့်ဘွယ်ကောင်းသော ထာဝရညှဉ်းဆဲသည့်နေရာကို ထင်ရှားစွာသိမြင်စေချင်သော

ကြောင့် အဆက်မပြတ်လောင်နေသော အမှိုက်စွန့်သည့်နေရာဟူသော ဝေါဟာရကို အသုံးပြုသည်။

၂။ လုကာ ၂၃း၄၃။

၃။ ၂ကော ၁၂း၂။ အငယ်- ၄ နှင့် နှိုင်းယှဉ်ပါ။

၄။ "ဖျက်ဆီးခြင်း" ဟူသော စကားလုံးသည် ပျောက်ပျက်ခြင်း (သို့) အသက်ရှင်မှုဆုံးရှုံးခြင်းမဟုတ်ပါ။ သို့ရာတွင်၊ လူဖန်ဆင်းခြင်း၏ရည်ရွယ်ချက်မပြည့်စုံတော့ပဲ၊ ကောင်းစားခြင်းကိုဆုံးရှုံးသည်။ ဥပမာ၊ မဿဲ ၉း၁၇ တွင် ပါရှိသည့် ပျက်စီးသွားသောသားရေဘူးသည် ပျောက်ပျက်မသွားပါ။ သို့ရာတွင် ထိုသားရေဘူးပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ပျက်စီးသွားသည်။

၅။ လက်တင်ဘာသာဖြင့် "Tartarus" ဟု လည်းစာလုံးပေါင်းသည်။



# ၂၅

# သမ္မာကျမ်းစာ၏နက်နဲသောအရာများ

Mysteries of Scripture

ဓမ္မသစ်ကျမ်းစာထဲ၌ နက်နဲသောအရာများကို တစ်ခုပြီးတစ်ခု တွေ့ရသည်။ တစ်ခုစီ၏ဆိုလိုချက်ကိုနားမလည်ဘဲ ရှုပ်ထွေးပါကအန္တရာယ်ရှိနိုင်ပါသည်။ ထို့ကြောင့် အမျိုးမျိုးသောနက်နဲသောအရာတစ်ခုစီ၏အဓိပ္ပါယ်ကို အတိုချုံးဖြင့် ရှင်းလင်းဖော်ပြသွားပါမည်။

## အနက်ဖွင့်ဆိုချက်

နက်နဲသောအရာဆိုသည်မှာ ဘယ်သောအခါမှ မဖွင့်ပြခဲ့ဘူးသောအရာ၊ လူ၏အသိဉာဏ်နှင့်မမှီ၊ နားမလည်နိုင်သောအရာဖြစ်သည်။ သို့သော်၊ ယခုတွင်ဘုရားသခင်သည် ထိုနက်နဲသောအရာကို လူတို့အားဖွင့်ပြခဲ့ပြီ။ နက်နဲသောအရာ "mystery" စကားလုံးကို ဂရိစကားလုံး "mysterion" မှဆင်းသက်သည်။

## ကောင်းကင်နိုင်ငံတော်၏နက်နဲသောအရာများ (မဿဲ ၁၃း၃-၅၀)

ကောင်းကင်နိုင်ငံတော်၏နက်နဲသောအရာများအကြောင်းကို မဿဲ ၁၃း၁၁ ၌ တွေ့နိုင်ပါသည်။ ဤအခန်းကြီးထဲတွင် ထိုနက်နဲသောအရာများကို ပုံဥပမာ (၇) မျိုးဖြင့်တင်ဆက်ပါသည်။

ရှင်မဿဲခရစ်ဝင်ကျမ်း၏အစပိုင်းအခန်းကြီးများတွင် သခင်ယေရှု

က မေရှိယရှင်ဘုရင်အဖြစ် ဣသရေလလူမျိုးတို့အားတင်ဆက်ခဲ့သည်။ သို့ရာတွင် ရှင်မဿဲအခန်းကြီး (၁၂) ၌ဘာသာရေးခေါင်းဆောင်တို့သည် နတ်ဆိုး၏တန်ခိုးဖြင့် နိမိတ်လက္ခဏာများပြသည်ဟု ခရစ်တော်ကိုပြစ်တင်ကာ၊ သူတို့၏ရှင်ဘုရင်ကိုငြင်းပယ်ကြသည်။ ထို့ကြောင့် နိုင်ငံတော်သည် ခြားနားသောပုံစံဖြစ်သွားသည်ကို မဿဲ (၁၃) ၌တွေ့နိုင်သည်။ ထိုဥပမာ (၇) မျိုးတို့သည် နိုင်ငံတော်၏ကြားကာလပုံစံ- ရှင်ဘုရင်ကိုငြင်းပယ်သောအချိန်နှင့် လောကကိုအုပ်စိုးရန်ဒုတိယအကြိမ်ကြွလာသောအချိန်၏ ကြားကာလကိုဖေါ်ပြသည်။ ရှင်ဘုရင်ဤလောက၌မရှိနေခိုက်တွင် သူ၏အုပ်စိုးမှုကိုဝန်ခံသောသူတိုင်း၌ နိုင်ငံတော်ကိုတွေ့ရသည်။ ပြောခဲ့ပြီးအတိုင်း၊ နိုင်ငံတော်တွင်အပြင်ဘက်သွင်ပြင်လက္ခဏာနှင့် အတွင်းဘက်မှန်ကန်မှုဟူ၍ နှစ်မျိုးရှိသည်။ ထိုကြားကာလအချိန်ကုန်ဆုံးသောအခါ၊ စစ်မှန်သောယုံကြည်သူအားလုံးကို မယုံကြည်သူအပေါင်းတို့အထဲမှခွဲခြားပြီး၊ အနှစ်တစ်ထောင်ကာလအုပ်စိုးခြင်း၏ကောင်းကြီးမင်္ဂလာများခံစားကြမည်။ မယုံကြည်သူအားလုံးတို့သည် ဖျက်ဆီးခြင်းခံမည်။

## ဣသရေလလူတို့၏အမှောင်ဖုံးလွှမ်းခြင်းနက်နဲမှုများ (ရောမ ၁၁း၂၅)

ရှင်ဘုရင်ကိုငြင်းပယ်ကြသောကြောင့် ဘုရားသခင်သည် ဣသရေလလူမျိုးအပေါ်၌ တရားစီရင်ခြင်းနှင့်အမှောင်ဖုံးလွှမ်းမှုကျရောက်စေခဲ့သည်။ ဤအချက်သည် ဣသရေလလူတို့အတွက် သခင်ယေရှုကို မေရှိယအဖြစ်လက်ခံရန် ခက်ခဲရသည့်အကြောင်းဖေါ်ပြပါသည်။ အနည်းငယ်သောဂျူးလူမျိုးတို့က ကယ်တင်ခြင်းရကြပါသည်။ သို့ရာတွင် ထိုအမှောင်ဖုံးလွှမ်းခြင်းသည် ထာဝရ မဟုတ်ပါ။ ခရစ်တော်ယေရှုကို ပရောဖက်များပြောခဲ့သောမေရှိယဖြစ်သည်ဟု ယုံကြည်လက်ခံလာသော ဂျူးလူမျိုးများလာပါသည်။ သူတို့၏အမှောင်ဖုံးလွှမ်းခြင်းသည် "တပါးအမျိုးသားတို့၏အချိန်ကာလပြည့်စုံသည့်အထိ" ဖြစ်မည်။ ထိုအချိန်သည် ခရစ်တော်က တပါးအမျိုးသားယုံကြည်သူအားလုံးသိမ်းဆည်းသည့်အချိန်တိုင်အောင်ဖြစ်မည်။ နောက်မှ ဣသရေလလူမျိုးထဲမှ ကျန်ကြွင်းသောယုံကြည်သူများ



ခရစ်တော်ထံသို့ ပြန်လှည့်လာကြမည်။

## ချီဆောင်ခြင်း၏နက်နဲသောအရာ (၁ကော ၁၅း၅၁-၅၂)

ချီဆောင်ခြင်း (Rapture) အချိန်အထိ လောကသားအားလုံးတို့သည် တနေ့မဟုတ်တနေ့ သေရမည်ဟု ယုံကြည်ကြသည်။ သို့ရာတွင် ရှင်ပေါလုက အံ့အားသင့်စရာကောင်းသော ကြေညာချက်တခုပြုပါသည်။ ၎င်းမှာ ယုံကြည်သူအားလုံးသေကြမည်မဟုတ်ပါ။ ချီဆောင်ခြင်းရောက်သည့်အချိန်တွင် အသက်ရှင်လျက်ရှိသောယုံကြည်သူအားလုံးတို့သည် ခန္ဓာကိုယ်မသေဘဲ ကောင်းကင်သို့တက်ကြွမည်။ သူတို့သည် မျက်စိတမှိတ်၌ ဘုန်းအသရေနှင့်ပြည့်စုံသည့် ဝိညာဉ်ခန္ဓာကိုယ်သို့ပြောင်းလဲကြမည်။ ခရစ်တော်၌သေလွန်ပြီးသောယုံကြည်သူတို့သည်လည်းထမြောက်၍အသက်ရှင်သောသန့်ရှင်းသူများနှင့်အတူ ကောင်းကင်သို့ချီဆောင်ခြင်းခံကြမည်။ ဤအကြောင်းကို ၁သက် ၄း၁၃-၁၈ တွင် ရှင်းလင်းစွာဖေါ်ပြထားပါသည်။

## အသင်းတော်၏နက်နဲသောအရာ (ရောမ ၁၆း၂၅။ ဧဖက် ၃း၄-၅)

ဘုရားသခင်သည် ကမ္ဘာကြီးစတင်တည်ရှိသည့်အချိန်မှစ၍၊ အသင်းတော်ကိုလျှို့ဝှက်ထားပြီး၊ သို့ရာတွင် ဓမ္မသစ်ခေတ်ကာလ၏တမန်တော်များနှင့်ပရောဖက်တို့အားဖွင့်ပြခဲ့သည် (ဧဖက် ၃း၅)။ အသင်းတော်၏နက်နဲသောအရာထဲတွင် ပါဝင်သောအရာများမှာ-

၁။ ခရစ်တော်သည် အသင်းတော်၏ဦးခေါင်းဖြစ်ခြင်း (ကော ၁း၁၈)

၂။ ယုံကြည်သူအားလုံးတို့သည် ထိုအသင်းတော်၏အင်္ဂါများဖြစ်ခြင်း (၁ကော ၁၂း၁၃)

၃။ ယုံကြည်သူတပါးအမျိုးသားတို့သည် ယုံကြည်သူဂျူးလူမျိုးတို့နှင့်အတူ ခရစ်တော်ကို သူတို့၏မျှော်လင့်ခြင်းဘုန်းအသရေဖြစ်ကာ၊ ဂျူးလူမျိုးနှင့်တပါးအမျိုးသားတို့၏စပ်ကြား၌ရှိသော ရန်ငြိုးဖွဲ့ခြင်းကို ခရစ်တော်၏ကိုယ်ခန္ဓာတော်တွင် ပယ်ရှင်းတော်မူခဲ့သည် (ဧဖက် ၃း၆။ ကော ၁း၂၆၊၂၇။ ဧဖက် ၂း၁၄၊၁၅)။

၄။ အသင်းတော်သည် ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်ခြင်း (၁ကော ၁၂း၁၂၊ ၁၃)။
၅။ အသင်းတော်သည် ခရစ်တော်၏သတိုးသမီးဖြစ်ခြင်း (ဧဖက် ၅း၂၅-၂၇၊၃၁၊၃၂)။
၆။ အသင်းတော်သည် ဘုရားသခင်၏အမျိုးမျိုးသောပညာတော်ကို ကောင်းကင်အရပ်တို့၌အထွဋ်အမြတ်အာဏာစက်တို့အားပြသခြင်း (ဧဖက် ၃း၁၀)။
၇။ ဘုရားသခင်၏ရည်ရွယ်ချက်မှာ၊ ခရစ်တော်ကို ရွေးနှုတ်ကယ်တင်ခြင်းခံသောသူအားလုံးအတွက် ဦးခေါင်းဖြစ်စေခြင်း (ဧဖက် ၁း၉၊၁၀)၊ အသင်းတော်သည် သူ၏သတိုးသမီးအနေဖြင့် ဘုန်းအသရေကိုမျှဝေခံစားကာ ထာဝရအုပ်စိုးခြင်း။

ကောလောသဲ ၁း၂၇ ၌ရှိသော "တပါးအမျိုးသားတို့တွင်ဤနက်နဲသောအရာ" ကို "ဘုန်းအသရေကိုမျှော်လင့်ခြင်းအကြောင်းတည်းဟူသော သင်တို့အထဲ၌တည်တော်မူသော ခရစ်တော်ပေတည်း" ဟုအဓိပ္ပါယ်သတ်မှတ်ဖေါ်ပြကာ၊ အသင်းတော်၏နက်နဲသောအရာနှင့်တူပါသည်။ ဤကျမ်းပိုဒ်က ခရစ်တော်သည် ယုံကြည်သူတပါးအမျိုးသားနှင့် ယုံကြည်သူဂျူးလူမျိုးတို့၏ဘုန်းအသရေကို မျှော်လင့်ခြင်းအကြောင်းဖြစ်သည်ဟု အလေးထားပြောဆိုသည်။ ယခုတွင် သူတို့အားလုံးသည် ခရစ်တော်၏အထဲ၌ ခြားနားမှုမရှိ တူညီကြသည်။

ကောလောသဲ ၂း၂ ၌ ဘုရားသခင်၏နက်နဲသောအရာမှာ ခရစ်တော်၏နက်နဲသောအရာနှင့် ထပ်တူဖြစ်ကြောင်းတွေ့ရသည်။ ဤအရာသည် နားလည်ရန်ခက်ခဲသော ခရစ်တော်၏ကိုယ်ခန္ဓာတည်းဟူသောအသင်းတော်ဖြစ်သည်။ ခရစ်တော်သည် ထိုကိုယ်ခန္ဓာ၏ဦးခေါင်းဖြစ်၍၊ ယုံကြည်သူအားလုံးတို့သည် ထိုကိုယ်ခန္ဓာထဲ၌ပါဝင်ကြသည်။

အသင်းတော်၏နက်နဲသောအရာကို ဖေါ်ပြသောအခြားကျမ်းပိုဒ်တို့မှာ၊ ဧဖက် ၆း၁၉ နှင့် ကောလောသဲ ၄း၃ ဖြစ်သည်။ အသင်းတော်၏နက်နဲသောအရာသည် သမ္မာကျမ်းစာ၏ဗျာဒိတ်ဖွင့်ဆိုချက်ထဲတွင် အရေးကြီးဆုံးဖြစ်ပါသည်။ ရှင်ပေါလုသည် ထိုသမ္မာတရားကိုတဆင့်ဟောပြောသွန်သင်ခြင်းအားဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုပြည့်စုံစေခဲ့သည် (ကော ၁း၂၅)။ သမ္မာကျမ်းစာထဲ၌ ကာလအစဉ်အတိုင်း နောက်ဆုံးအပိုင်း၌မရေးသားသော်လည်း အသင်းတော်၏နက်နဲသောအရာသည် အရေးကြီးဆုံးသောသွန်သင်ချက်တစ်ခုဖြစ်သည်။

## အဓမ္မအရာ၏နက်နဲသောအရာ (၂သက် ၂း၇၊၈)

"အဓမ္မအရာ" အကြောင်းကို ဖေါ်ပြသည့်တစ်ခုတည်းသော ကျမ်းပိုဒ်မှာ ၂သက် ၂း၇၊၈ ဖြစ်သည်။ ရှင်ပေါလုက ". . . ဝှက်ထားလျက်ရှိသော ထိုအဓမ္မအရာသည် ယခုပင်ပြုပြင်ဆဲရှိ၏။ သို့သော်လည်း ဆီးတားသောသူသည်ပယ်ရှင်းခြင်းသို့မရောက်မီတိုင်အောင်ဆီးတားလိမ့်မည်။ ပယ်ရှင်းခြင်းသို့ရောက်သောအခါ၊ ထိုအဓမ္မလူသည်ထင်ရှားလိမ့်မည် . . .။" ကနဦးအသင်းတော်ကာလ၌ပင်လျှင် ထိုအဓမ္မအရာသည်ပြုပြင်ဆဲရှိပြီးဖြစ်သည်။ အန္တိခရစ်အများအပြားရှိခဲ့သည်။ သို့သော်၊ ထိုအဓမ္မလူက အစွမ်းကုန်လုပ်ဆောင်ခွင့်မရအောင် နာမည်မဖေါ်ပြသောပုဂ္ဂိုလ် (သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်ဟု ယုံကြည်ရသည်) တစ်ဦးက တားဆီးနေဆဲဖြစ်သည်။ ထိုတားဆီးသောသူသည် ပယ်ရှင်းခြင်းသို့ရောက်သောအခါ (ချီဆောင်ခြင်းအအချိန်တွင်သန့်ရှင်းသောဝိညာဉ်တော်ကိုယုံကြည်သူထဲ၌ အမြဲကျိန်းဝပ်ခြင်းမှရုပ်သိမ်းမည်) အဓမ္မလူဖြစ်သောအန္တိခရစ်သည် တကမ္ဘာလုံးတွင်လျှင်မြန်စွာလှုပ်ရှားလာမည်။ သူသည်အပြစ်နှင့်မရားသောအမှုအလုံးစုံတို့၏စုဝေးရာဖြစ်လာကာ၊ လောကသားအပေါင်းတို့သည် မတွေ့မြင်ခဲ့ဘူးသော ရွံရှာဘွယ်ကောင်းသည့်ဆိုးညစ်ခြင်းအမှုများ တွေ့မြင်ကြမည်။

## ယုံကြည်ခြင်း၏နက်နဲသောအရာ (၁ တိ၊ ၃း၉)

"ယုံကြည်ခြင်း၏နက်နဲသောအရာ" သည် ခရစ်ယာန်အခြေခံဩဝါဒကိုဖေါ်ညွှန်းသည် (သို့) ခရစ်ယာန်ယုံကြည်ခြင်းဟူ၍လည်းခေါ်သည်။ ဤအရာကို နက်နဲသောအရာဟုခေါ်ဆိုရခြင်းမှာ၊ ၄င်း၏များပြားလှသောသမ္မာ

တရားကို ခမ္မဟောင်းကာလ၌ စုံလင်စွာမသိနားမလည်ကြသောကြောင့် ဖြစ်သည်။

## ကိုးကွယ်ခြင်း၏နက်နဲသောအရာ (၁ တိ၊ ၃း၁၆)

"ကိုးကွယ်ခြင်း၏နက်နဲသောအရာသည် ကြီးစွာသောအရာဖြစ်သည်" ဟု ငြင်းခုံရန်မရှိ။ ဘုရားသခင်သည် ကိုယ်ခန္ဓာ၌ပေါ်ထွန်းတော်မူပြီ။ ဟုတ်မှန်တော်မူခြင်းအကြောင်းသည် ဝိညာဉ်တော်အားဖြင့်ထင်ရှားပြီ။ ကောင်းကင်တမန်တို့သည် ကိုယ်တော်ကိုရှုမြင်ရကြပြီ။ တပါးအမျိုးသားတို့သည် သတင်းတော်ကိုကြားရကြပြီ။ လောကီသားတို့သည် ယုံကြည်ရကြပြီ။ ဘုန်းအသရေနှင့်တကွ အထက်သို့ဆောင်ယူခြင်းကိုခံတော်မူပြီ။"

ကိုယ်ခန္ဓာ၌ပေါ်ထွန်းတော်မူသောသူသည် သခင်ယေရှုခရစ်တော်သာလျှင်ဖြစ်ကြောင်း သိနိုင်ပါသည်။ ခရစ်တော် ဤလောကသို့မကြွလာခဲ့စဉ်က လောကသားတို့သည် လူ့သမိုင်းတွင်စုံလင်သောကိုးကွယ်ခြင်းကို တကြိမ်တခါမျှမတွေ့ခဲ့ဘူးပါ။ သို့သော် သခင်ယေရှုလောကသို့ကြွရောက်လာပြီး၊ မှန်ကန်သောကိုးကွယ်ခြင်းအသက်တာပြခဲ့သည်။

ရှင်ပေါလုက ကိုးကွယ်ခြင်း၏နက်နဲသောအရာသည် ကြီးစွာသောအရာဖြစ်သည်ဟု ပြောသောအခါ၊ အလွန်နက်နဲသောအရာဖြစ်သည်ဟု မဆိုလိုဘဲ မှန်ကန်သောခရစ်တော်၏ခန္ဓာကိုယ်သည် အလွန်အံ့ဩဘွယ်ကောင်းသည်ဟု ဆိုလိုသည်။

ကိုးကွယ်ခြင်း၏နက်နဲသောအရာသည် အဓမ္မအရာ၏နက်နဲသောအရာနှင့်ပြိုင်ဆိုင်သည်။ ပထမသည် မှန်ကန်သောကိုးကွယ်ခြင်းကို ပြည့်စုံစေသည့် ခရစ်တော်ကိုတင်ဆက်ကာ၊ ဒုတိယသည် အပြစ်နှင့်မတရားသောအမှုအလုံးစုံကိုပြည့်စုံစေသည့် အန္တိခရစ်ကိုတင်ဆက်ပါသည်။

## ကြယ်ခုနှစ်လုံး၏နက်နဲသောအရာ (ဗျာဒိတ် ၁း၂၀)

ဤနက်နဲသောအရာကို ရှင်းလင်းစွာအနက်ဖွင့်ဆိုထားပါသည်။ ရှင်ယောဟန်၏ဗျာဒိတ်ရူပါရုံထဲ၌ပါသော ကြယ်ခုနှစ်လုံးမှာ အာရှတိုက်ရှိအသင်းတော်ခုနှစ်ပါး၏ကောင်းကင်တမန်များ (သို့) စေတမန်များဖြစ်ပါသည်။ ရွှေမီးခွက်ခုနှစ်လုံးမှာ ထိုအသင်းတော်ခုနှစ်ပါးဖြစ်သည်။ ဗျာဒိတ်အခန်းကြီးနှစ်နှင့်သုံးတွင် သခင်ဘုရားက ထိုအသင်းတော်ခုနှစ်ပါး၏ကောင်းကင်တမန်တို့အား စာရေးခဲ့သည်။ ထိုစာများကိုအဓိပ္ပါယ်သုံးမျိုးဖြင့်နားလည်နိုင်သည်။

၁။ ထိုစာခုနှစ်စောင်သည် ရှင်ယောဟန်အသက်ရှင်စဉ်ကာလ၌ အသင်းတော်ခုနှစ်ပါးသို့အမှန်တကယ်ရေးခဲ့သောစာဖြစ်သည်။ အများစုက မှန်သည်ဟု လက်ခံကြသည်။

၂။ ထိုစာများသည် တလောကလုံးအသင်းတော်၏ ဘယ်အချိန်ကာလမျိုးတွင်မဆို ကြုံတွေ့နေသည့်အခြေအနေကိုဖေါ်ပြသည်။

၃။ ထိုစာများသည် တမန်တော်များခေတ်မှ အသင်းတော်ကာလကုန်ဆုံးသည်အထိ အသင်းတော်၏အခြေအနေမှန်ကို နေ့ရက်သက္ကရာဇ်စဉ်အတိုင်းကြိုတင်ကြည့်ရှုခြင်းကိုဖေါ်ပြသည်။

## ဘုရားသခင်၏နက်နဲသောအရာ (ဗျာဒိတ် ၁၀း၇)

ဗျာဒိတ်အခန်းကြီး(၁၀)တွင်ပါရှိသော ခုနှစ်ခုမြောက်သောတံပိုးမှုတ်သောအခါ၊ ဘုရားသခင်၏နက်နဲသောအရာသည် ပြည့်စုံခြင်းသို့ရောက်မည်။ ထိုတံပိုးမှုတ်သံနှင့်အတူ ကောင်းကင်မှကြီးသောအသံနှင့် "လောကီနိုင်ငံဖြစ်လေပြီ။ ထိုအရှင်၏ခရစ်တော်နိုင်ငံဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာအဆက်ဆက်စိုးစံတော်မူမည်" ဟုပြောဆိုကြ၏ (ဗျာဒိတ်၊ ၁၁း၁၅)။ ကြီးလေးသောဘေးဒဏ်ကြီးကာလအဆုံး၊ ခရစ်တော်လောကကိုအုပ်စိုးရန်ပြန်လာသည့်အချိန်၌ ထိုသတ္တမတံပိုးမှုတ်သည်ကိုသိရသည် (ဗျာ၊ ၁၁း၁၇)။ ထိုအချိန်တွင်ဘေးဒဏ်ကြီးကာလအတွင်း သခင်ဘုရား၏သစ္စာရှိသောသန့်ရှင်းသူတို့အား လုပ်ခပေးကာ၊ သူ၏ရန်သူအားလုံးကိုဖျက်ဆီးမည် (ငယ် ၁၈)။

ထိုအခါ၊ ဘုရားသခင်၏နက်နဲသောအရာပြည့်စုံလာကာ၊ မကောင်းသောအရာပေါ်၌အောင်ပွဲခံလိမ့်မည်။ ဘုရားသခင်က လူသားများ

၏ဆိုးညစ်ခြင်းအပေါ် ချက်ချင်းပြစ်ဒဏ်မပေးသည့် ခေတ်ကာလလည်းကုန်ဆုံးလိမ့်မည်။ "ဘုရားသခင်၏နက်နဲသောအရာသည် ထာဝရပြီးဆုံးပြီး၊ ဘုရားသခင်၏ဘုန်းတော်သည် နေကဲ့သို့ထွန်းတောက်မည်။ ယုံကြည်ခြင်းကို ပြည့်စုံစွာဖြောင့်မတ်ကြောင်းထင်ရှားစေပြီး၊ ယုံမှားသံသယဖြစ်ခြင်း၏ညည်းညူသံသည်လည်း ထာဝရတိတ်ဆိတ်သွားမည်" (F.W.Grant)။

## ဗာဗုလုန်၏နက်နဲသောအရာ (ဗျာဒိတ် ၁၇း၅-၇)

ဗျာဒိတ်အခန်းကြီး(၁၇)ထဲ၌ ဗာဗုလုန်မြို့ကြီးကို ခေါင်းခုနှစ်လုံးနှင့် ချိုဆယ်ချောင်းရှိသောသားရဲအပေါ်၌ထိုင်သော ပြည်တန်ဆာမအဖြစ် သရုပ်ဖေါ်သည်။ ထိုမိန်းမကို "*ဗာဗုလုန်မြို့ကြီး၊ ပြည်တန်ဆာတို့၏အမိ၊ မြေ၌စက်ဆုပ်ရွံရှာဘွယ်သောအရာတို့၏အမိ* "ဟုနာမည်ပေးထားသည်။ ထိုနက်နဲသောအရာ၏ရှင်းလင်းချက်ကို အငယ် ၈-၁၈ တွင်ရှိသည်။ ထိုသားရဲသည်ရှိခဲ့ဘူးပြီး ပျက်စီးပျောက်ကွယ်သွားသော ကမ္ဘာ့အင်ပါယာတခုဖြစ်သည်။ ထိုအင်ပါယာပြန်လည်ရှင်သန်လာကာ၊ သို့ရာတွင်ဖျက်ဆီးခြင်းခံမည် (ငယ် ၈)။ ခေါင်းခုနှစ်လုံးသည် ထိုအင်ပါယာနိုင်ငံ၏ရှင်ဘုရင်ခုနှစ်ပါးဖြစ်သည် (ငယ် ၉)။ ချိုဆယ်ချောင်းသည် ထိုအင်ပါယာနှင့်ပူးပေါင်း၍ ဖွဲ့စည်းမည့် ဘုရင်ဆယ်ပါးဖြစ်သည် (ငယ်၊ ၁၂)။ ထိုပြည်တန်ဆာသည် သားရဲအပေါ်၌ခေတ္တခဏထိုင်၍၊ သို့ရာတွင်သားရဲကသူ့ကိုဖျက်ဆီးလိုက်၏ (ငယ် ၁၆)။ အဆုံးတွင်သခင်ယေရှုဘုရားသည် ထိုအင်ပါယာနိုင်ငံကိုဖျက်ဆီးပစ်မည် (ငယ်၊ ၁၄)။

ထိုနက်နဲသောအရာကို ဤသို့အနက်ဖွင့်ဆိုပါသည်။ မိန်းမသည် ကျယ်ပြန့်သောဘာသာရေးနှင့်စီးပွားရေးစနစ်ကိုဖေါ်ပြ၍၊ ထိုစနစ်၏ဌါနချုပ်ကို ရောမမြို့၌ထားရှိမည်။ ဌါနချုပ်သည် တကမ္ဘာလုံးဆိုင်ရာအသင်းတော်ဖြစ်သည့်အပြင်အလွန်ကြီးမားသောငွေကြေးဆိုင်ရာအင်အားစုဖြစ်မည်။ သားရဲသည် ဆယ်နိုင်ငံဖြင့်ဖွဲ့စည်းမည့် ပြန်လည်ရှင်သန်လာသော ရောမအင်ပါယာဖြစ်၍၊ ဥပရောပအဖွဲ့အစည်းလည်းပါဝင်မည်။

ပြန်လည်ရှင်သန်လာသောရောမအင်ပါယာရှင်ဘုရင်နှင့် သူ၏မဟာမိတ်ဆယ်နိုင်ငံတို့သည် တမ္ဘာလုံးဆိုင်ရာအသင်းတော်ကို ခေတ္တခဏမျှကူညီထောက်ပံ့ပြီး ထိုဘာသာရေးနှင့်စီးပွားရေးစနစ်ကိုဆန့်ကျင်တိုက်ခိုက်၍ဖျက်ဆီးမည်။ ဗာဗုလုန်နှင့်၎င်း၏ပျက်စီးခြင်းအကြောင်းကို ဗျာဒိတ်အခန်းကြီး (၁၈) ၌ ပို၍ပြည့်စုံစွာဖေါ်ပြထားပါသည်။

## နိဂုံး

နက်နဲသောအရာကိုဖေါ်ပြသော အခြားကျမ်းပိုဒ် (၄) ပိုဒ်ကိုလည်း ဓမ္မသစ်ကျမ်းတွင်တွေ့နိုင်ပါသည်။

၁ကော၊ ၂း၇ တွင် ရှင်ပေါလုက၊ သူနှင့်အခြားတမန်တော်များက နက်နဲသောအရာ၌ဝှက်ထားသော ဘုရားသခင်၏ပညာကိုပြောကြသည်ဟုဆိုထားပါသည်။ ဆိုလိုသည်မှာ၊ ဓမ္မဟောင်းခေတ်ကာလ၌ရှိသောလူတို့အားမဖွင့်ပြဘဲ ဝှက်ထားသောသမ္မာတရားကို ယခုဝိညာဉ်တော်အားဖြင့်ဖွင့်ပြပြီ။

ရှင်ပေါလုနှင့်အခြားတမန်တော်တို့သည် "ဘုရားသခင်၏နက်နဲသောအရာတို့ကို စောင့်သောဘဏ္ဍာစိုးများ" ဖြစ်ကြသည် (၁ကော ၄း၁)။ ဤကျမ်းပိုဒ်တွင် ခရစ်ယာန်တို့၏ခေတ်ကာလ (ကျေးဇူးတော်ကာလ) ကို ဖေါ်ညွှန်းသောစကားလုံးကို သုံးသည်။ သို့ရာတွင် နက်နဲသောအရာရှိသမျှတို့နှင့် သိပ္ပံအတတ်အမျိုးမျိုးကိုသိသော်လည်း မေတ္တာမရှိလျှင်အချည်းနှီးဖြစ်သည်ဟု ၁ကော၊ ၁၃း၂ တွင်ကျွန်ုပ်တို့ကိုသတိပေးထားပါသည်။

နောက်ဆုံးအနေဖြင့်၊ ရှင်ပေါလုက ၁ကော၊ ၁၄း၁၂တွင် လူတစ်ယောက်သည်အခြားသောဘာသာစကားဖြင့်နက်နဲသောအရာတို့ကိုပြောသောငြားလည်း၊ စကားပြန်မရှိပါကအကျိုးမရှိ၊ အချည်းနှီးဖြစ်သည်ဟုရှင်းလင်းစွာပြောပါသည်။

# ၂၆

# ခရစ်တော်၏ဘုန်းအသရေ သွင်ပြင်လက္ခဏာများ

## Aspects of Glories of Christ

ခရစ်တော်၏ဘုန်းအသရေအကြောင်းပြောဆိုရာတွင် သူ၏ပုဂ္ဂိုလ်၊ နေရာ (သို့) လုပ်ဆောင်ချက်များ၌ သူ၏အမြင့်မြတ်ဆုံးသော ကောင်းမြတ်ခြင်းများကို ရည်ညွှန်းသည်။ နှုတ်ကပတ်တော်အားဖြင့် ယုံကြည်ခြင်းမျက်စိနှင့်တွေ့မြင်သော သူ၏ကျင့်ဝတ္တရားနှင့် ဝိညာဉ်ရေးရာ၌ပြည့်စုံခြင်းကို ဆိုလိုခြင်းဖြစ်နိုင်သည်။ သို့မဟုတ်၊ ယခုအချိန်တွင်ကောင်းကင်ဘုံ၌သူ၏ရုပ်ပိုင်းဆိုင်ရာကြီးမြတ်ခြင်းနှင့် ခမ်းနားကြီးကျယ်ခြင်း (သို့)ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်အနေဖြင့် လောကသို့ပြန်ကြွလာခြင်းကို ဆိုလိုခြင်းလည်းဖြစ်နိုင်ပါသည်။

သခင်ယေရှု၏ဘုန်းအသရေကိုရေတွက်၍မရနိုင်ပါ။ လူ၏ဘာသာစကားနှင့်လည်း ပြည့်စုံစွာပြောနိုင်မည်မဟုတ်ပါ။ ဤအခန်းတွင် သမ္မာကျမ်းစာ၌တွေ့ရသော ဘုန်းအသေရေ၏သွင်ပြင်လက္ခဏာခုနှစ်မျိုးအကြောင်းကို တင်ဆက်ပါမည်။

### သားတော်ဘုရားအနေဖြင့်သူ၏မူလနှင့်ကိုယ်နှင့်စပ်ဆိုင်သောဘုန်းအသေရေ

ဤအချက်သည် ခရစ်တော်၏ဘုရားဇာတိကောင်းမြတ်ခြင်းများနှင့် ပြည့်စုံခြင်းကိုရည်ညွှန်းသည်။ ထိုဘုန်းအသရေသည် စွဲမြဲပြီး၊ ထာဝရတည်မြဲသည်။ သူသည် ဘုရားသခင်ဘုန်းအသရေ၏တောက်ပမှုထက် မ



လျှော့ပါ (ဟေဗြဲ ၁း၃)။ သခင်ယေရှုသည် သူ၏ဘုန်းအသရေကိုစွန့်၍မရသလို၊ ဘေးဖယ်ထား၍လည်းမရပါ။ ဤအရာသည် သူ၏အသက်ရှင်ခြင်း၏ပကတိရှိရင်းအပိုင်းဖြစ်၍၊ သူ၏အံ့ဩဘွယ်ရာ ဂုဏ်အင်္ဂါနှင့်ပါရမီများပါဝင်သည်။ လောကသို့ကြွလာစဉ်က သူ၏ဘုန်းအသရေကို လူ့ခန္ဓာကိုယ်ထဲ၌ ဖုံးအုပ်ထားကာ သူ၏ဘုရားဇာတိကို ထင်ရှားစွာပြသခဲ့သည် (မဿဲ ၁၇း၁-၈။ မာကု ၉း၁-၈။ လု ၉း၂၈-၃၆)။

### ကောင်းကင်ဘုံ၌ သူ၏ဘုန်းအသရေ

ယေရှုဘုရားသည် ထာဝရကာလမှစ၍ မဖော်ပြနိုင်သော ဂုဏ်အသရေနှင့် အလွန်ခမ်းနားတောက်ပခြင်းရှိသည်။ သူသည် ခမည်းတော်ဘုရား၏နေ့တိုင်းအားရနှစ်သက်သောသူနှင့် ကောင်းကင်တမန်တို့၏ဝတ်ပြုကိုးကွယ်ခြင်းကိုခံသော အဓိကပုဂ္ဂိုလ်ဖြစ်သည်။ သို့သော်လည်း၊ လူသားတို့အားရွေးနှုတ်ကယ်တင်ရန် ထိုသို့သော ဘုန်းအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဍာန်ကိုယူဆောင်လျက် လူကဲ့သို့ ဘွားမြင်ခြင်းကိုခံတော်မူ၏ (ဖိ၊ ၂း၇)။ ကောင်းကင်ဘုံ၌ ခရစ်တော်၏ဘုန်းအသရေနှင့်ပတ်သက်၍ Charles Wesley က "သူ၏ဘုန်းအသရေကိုဖြေညှင်းစွာချထား၍၊ လူသားများ သေခြင်းနှင့်ကင်းလွတ်ရန် လူ့ဇာတိခံယူဖွားမြင်လာ" ဟုရေးသားခဲ့ပါသည်။ **၁**

ကယ်တင်ရှင်ယေရှုဘုရားက ဘုန်းအသရေကိုစွန့်သည်ဟုဆိုရာ၌၊ ကောင်းကင်ဘုံ၌သူရရှိခံစားသည့် ဘုန်းအသရေကိုရည်ညွှန်းပြီး၊ သူ၏ကိုယ်နှင့်စပ်ဆိုင်သော ဘုန်းအသရေစွန့်လွှတ်ခြင်းမဟုတ်ကြောင်း နားလည်ရန် အလွန်အရေးကြီးလှပါသည်။ မင်းညီမင်းသားတဦးသည် နန်းတော်ကိုစွန့်ကာ၊ တောထဲ၌နေ၍ရသော်လည်း၊ သူ၏မင်းသားဖြစ်ခြင်းကို လက်လွှတ်၍မရပါ။

ရှင်ယောဟန် ၁၇း၅ ၌ ကယ်တင်ရှင်က "အိုအဘ၊ ဤကမ္ဘာမတည်မရှိမှီ အထံတော်၌ အကျွန်ုပ်ခံစားသောဘုန်းအသရေနှင့် ယခုတွင်လည်း အကျွန်ုပ်ကိုအထံတော်သို့ချီးမြှောက်တော်မူပါ" ဟု ဆုတောင်းခဲ့ပါ

သည်။ တနည်းအားဖြင့်ပြောလျှင်၊ လောကသို့ကြွလာစဉ်က သူစွန့်ခဲ့သော ကောင်းကင်ဘုံ၌သူ၏ခမည်းတော်ဘုရားနှင့်အတူ ရရှိခံစားခဲ့သော ဘုန်းအသရေကိုပြန်၍တည်မြဲစေရန် တောင်းလျှောက်ခြင်းဖြစ်သည်။

## လောက၌လူသားအနေဖြင့် သူ၏ဘုန်းအသရေ

လောက၌လူသားအနေဖြင့် ယေရှုဘုရားသည် သူပြုခဲ့သော နိမိတ်လက္ခဏာများကြောင့် ဘုန်းတော်ထင်ရှားခဲ့သည်။ "ထိုသို့ယေရှုသည် ရှေ့ဦးစွာသော ဤနိမိတ်လက္ခဏာကို ဂါလိလဲပြည်၊ ကာနမြို့၌ပြသည်" (ယော ၂း၁၁ က)။ သူ၏အကျင့်စာရိတ္တကောင်းမြတ်ပြည့်စုံခြင်း၌ ဘုန်းတော်ထင်ရှားသည်။ သူသည်အပြစ်ကိုမသိ၊ မကျူးလွန်သည်သာမက၊ သူ၌ အပြစ်လုံးဝမရှိပါ (၂ကော ၅း၂၁။ ၁ပေ ၂း၂၂။ ၁ယော ၃း၅)။ သူသည် အကျင့်စာရိတ္တပိုင်း၌ ပြည့်စုံသောကြောင့် ကိုယ့်စိတ်အလိုအတိုင်း ဘာတခုမျှမလုပ်ပဲ၊ ခမည်းတော်ဘုရားက လုပ်ခိုင်းသောအရာများကိုသာလုပ f í 2 (ယော ၅း၁၉)၊ ပြောခိုင်းသောအရာများကိုသာပြောခဲ့သည် (ယော ၁၃း ၅၀။ ၁၇း၈)။ ခရစ်တော်၌ အပြစ်တစုံတခုမျှမရှိကြောင်း ပိလတ်မင်းကြီးက ဝန်ခံခဲ့သည် (လု ၂၃း၁၄၊၂၂။ ယော ၁၈း၃၈။ ၁၉း၄၊၆)။ ဟေရုဒ်မင်းကြီး၏ဆုံးဖြတ်ချက်တွင်လည်း ခရစ်တော်သည် သေဒဏ်ခံသင့်သည့်အပြစ်မရှိကြောင်း ဖေါ်ပြသည် (လု ၂၃း၁၅)။ သေဒဏ်ချခံသောသူခိုးကလည်း ခရစ်တော်ကအပြစ်တခုမျှမကျူးလွန်ခဲ့ကြောင်း သက်သေခံခဲ့သည် (လု ၂၃း၄၁)။ ယုဒရှုကာရှုတ်ကလည်း အပြစ်မရှိသောသူ၏အသွေးကို အပ်မိပါပြီဟု ပြောဆိုခဲ့သည် (မဿဲ ၂၇း၄)။

ကယ်တင်ရှင်ယေရှုဘုရားသည် သူ၏အပြစ်ကင်းမဲ့ခြင်း၌ ဘုန်းတော်ထင်ရှားသည်သာမက၊ သူ၏နှုတ်တော်ထွက်စကားများအားဖြင့်လည်း ဘုန်းတော်ထင်ရှားသည်။ "နာဇရက်မြို့သူ/သားအပေါင်းတို့ကလည်း ကိုယ်တော်ကိုဝန်ခံ၍၊ သင့်တယ်လျောက်ပတ်သောနှုတ်ထွက်စကားကို အံ့သြချီးမွမ်းကြ၏"(လု ၄း၂၂)။ ခရစ်တော်အားဖမ်းရန်စေလွှတ်သောအရာရှိများကလည်း "ထိုသူဟောပြောသကဲ့သို့ အဘယ်သူမျှမဟောစဖူးပါ" ဟု ဝန်ခံကြ၏ (ယော ၇း၄၆)။ သူ၏ပြည့်စုံသောလူဖြစ်ခြင်း၌လည်း ဘုန်းတော်ထင်ရှားသည်။ ဤအရာကို သခင်ယေရှုခရစ်တော်၏အကျင့်စာရိတ္တနှင့်ဆိုင်သောဘုန်းအသရေအဖြစ်သိရသည်။



## သူ၏ရယူသောဘုန်းအသရေများ

သခင်ယေရှုသည် ကောင်းကင်ဘုံ၌သာနေခဲ့ပါက၊ မည်သည့်အခါမှ ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်လာနိုင်မည်မဟုတ်ပါ။ သို့ရာတွင်၊ လက်ဝါးကပ်တိုင်ပေါ်၌အသေခံခြင်းနှင့် သေခြင်းမှရှင်ပြန်ထမြောက်ခြင်းကြောင့် ပြည့်စုံသောကယ်တင်ရှင်ဖြစ်လာသည်။ ကျမ်းစာထဲတွင် ဤသို့ဖေါ်ပြပါသည်။

"အကြောင်းမူကား၊ များစွာသောသားတို့ကိုကယ်တင်၍၊ ဘုန်းစည်းစိမ်စံစားရာသို့ ပို့ဆောင်သောအရှင်သည်၊ ဒုက္ခဝေဒနာအားဖြင့် စုံလင်ခြင်းသို့ရောက်ရမည်အကြောင်း၊ ခပ်သိမ်းသောအရာတို့ကိုဖန်ဆင်း၍ အုပ်စိုးတော်မူသောဘုရားသည် စီရင်တော်မူအပ်၏" (ဟေဗြဲ ၂း၁၀)။

"ထိုသို့စုံလင်ခြင်းသို့ရောက်ပြီးမှ၊ ယုံကြည်နားထောင်သောသူအပေါင်းတို့အား ထာဝရကယ်တင်ခြင်းကျေးဇူးကိုပြုသောသူဖြစ်တော်မူ၍" (ဟေဗြဲ ၅း၉)။

သခင်ယေရှုသည် ထာဝရပြည့်စုံသောသူဖြစ်၍၊ ပြည့်စုံသောကယ်တင်ရှင်ဖြစ်လာပါသည်။

ကာရာနီကုန်းပေါ်၌ အပြစ်သားများအတွက်အသေခံသောအခါ၊ သူရရှိမည့်ဘုန်းအသရေကို ရည်ညွှန်း၍ ဤသို့ပြောဆိုပါသည်။

". . . လူသားသည် ဘုန်းပွင့်ရသောအချိန်ရောက်လာပြီ" (ယော ၁၂း၂၃ခ)။ ပြည့်စုံသောကယ်တင်ရှင်အနေဖြင့် သူရရှိသော ဘုန်းအသရေအပြင် အခြားဘုန်းအသရေများကိုလည်း လူ့ဇာတိခံယူခြင်းနှင့်အပြစ်သားများအတွက် အသေခံခြင်းအားဖြင့်ရရှိသည်။ လူ့ဇာတိမခံယူပါက၊ သခင်ယေရှုသည် ဘယ်သောအခါမှ မေရှိယဖြစ်မလာနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်သည် ဒါဝိဒ်၏မျိုးနွယ်စဉ်ဆက်ဖြစ်ရမည်။ ကရာနီကုန်း

ပေါ်၌အသေမခံခဲ့ပါက၊ ဘယ်သောအခါမှ ယဇ်ပုရောဟိတ်မင်း၊ ရှေ့နေ၊ ကြားဖြန်ပေးသူ၊ ရွေးနှုတ်ကယ်တင်သူ၊ ကောင်းသောသိုးထိန်း၊ ခပ်သိမ်းသောအရာ၏အမွေခံသူ၊ တရားသူကြီးမင်း (သို့) အသင်းတော်၏ဦးခေါင်း ဖြစ်လာမည်မဟုတ်ပါ။ ထို့အပြင်၊ နာမတကာတို့ထက် ကြီးမြတ်သောနာမ (သို့) သေလွန်သောသူအားလုံးတို့မှ သားဦးလည်းဖြစ်လာမည်မဟုတ်ပါ။ သူ၏လူ့ဇာတိခံယူခြင်း၊ သေခြင်း၊ သင်္ဂြိုဟ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဖြစ်ပေါ်လာသော ဘွဲ့နာမအားလုံးတို့သည် သူ၏ရယူသောဘုန်းအသရေများဖြစ်ကြသည်။ သူ၏ရယူသောဘုန်းအသရေကို ယော ၁၇း၁၀ ၌လည်း ဖော်ပြထားပါသည်။ "အကျွန်ုပ်နှင့်စပ်ဆိုင်သောအရာရှိသမျှတို့သည် ကိုယ်တော်နှင့်စပ်ဆိုင်ကြပါ၏။ ကိုယ်တော်နှင့်စပ်ဆိုင်သမျှတို့သည်လည်း အကျွန်ုပ်နှင့်စပ်ဆိုင်၍၊ ထိုအရာတို့အားဖြင့် အကျွန်ုပ်သည် ဘုန်းထင်ရှားပါ၏။"

ယုံကြည်သောသူအပေါင်းတို့အားဖြင့် ဂုဏ်အသရေတော်ထင်ရှားခြင်းသည်လည်း ကာရာနီကုန်းပေါ်၌ သူ့လုပ်ဆောင်မှု၏အကျိုးရလဒ်ဖြစ်သည်။ ၂သက်၊ ၁း၉ တွင် ဤအချက်ကို ရှင်ပေါလုက သခင်ဘုရား၏ဒုတိယအကြိမ်ကြွလာခြင်းနှင့် ဆက်နွယ်၍ဖော်ပြပါသည်။

"ထိုသခင်သည် မိမိသန့်ရှင်းသူတို့အားဖြင့် ဂုဏ်အသရေတော်ထင်ရှားခြင်းကိုငှါး . . . ယုံကြည်သောသူအပေါင်းတို့အားဖြင့် အံ့ဩချီးမွမ်းခြင်းကိုငှါး ခံအံ့သောငှါ ကြွလာတော်မူသောနေ့ရက်၌ . . . "

## သူ၏ရှင်ပြန်ထမြောက်ခြင်းနှင့် ချီဆောင်ခြင်း၏ဘုန်းအသရေ

ယော ၁၇း၁ ၌ သခင်ဘုရားသည် ကာရာနီကုန်းပေါ်၌သူခံရမည့်အချိန်ကျရောက်ပြီဟု ပြောပါသည်။ ခမည်းတော်ဘုရားက သူ့အား သေခြင်းမှပြန်လည်ရှင်ပြန်ထမြောက်စေခြင်းအားဖြင့် ဘုန်းတော်ထင်ရှားစေရန်နှင့် ထိုသို့ပြုခြင်းဖြင့် သားတော်က ခမည်းတော်၏ဘုန်းတော်ကိုပြန်လည်ထင်ရှားစေရန် ဆုတောင်းခဲ့ပါသည်။ ဤကျမ်းပိုဒ်နှင့်တူညီသောဖော်ပြမှုကို ယော၁၃း၃၁-၃၂ ၌တွေ့ရသည်။



ယော ၁၃း၃၁-၃၂။ "ထိုသူသွားသည်နောက်၊ ယေရှုက၊ ယခုတွင် လူသားသည် ဘုန်းထင်ရှားခြင်းရှိသည်ဖြစ်၍၊ ဘုရားသခင်သည်လည်း လူသားအားဖြင့် ဘုန်းတော်ထင်ရှားခြင်းရှိ၏။ ဘုရားသခင်သည် လူသားအားဖြင့် ဘုန်းတော်ထင်ရှားခြင်းရှိလျှင်၊ ဘုရားသခင်သည် ကိုယ်တော်တိုင်အားဖြင့် သူ၏ဘုန်းကိုထင်ရှားစေတော်မူလိမ့်မည်။ ကာလမကြာမမြင့်မှီ သူ၏ဘုန်းကို ထင်ရှားစေတော်မူလိမ့်မည်။"

အသေခံခြင်းအားဖြင့် သူ၏ဘုန်းအသရေထင်ရှားကာ ခမည်းတော်ဘုရား၏ဘုန်းတော်ထင်ရှားစေမည့်အကြောင်းပြောပါသည်။ ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်၌အသေခံခြင်းအားဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားခဲ့သည်ဖြစ်၍၊ ဘုရားသခင်ကလည်း သေခြင်းမှရှင်ပြန်ထမြောက်စေခြင်းအားဖြင့် သားတော်အားဘုန်းတော်ထင်ရှားစေမည်။ သုံးရက်မြောက်သောနေ့၌ ခရစ်တော်ကိုသေခြင်းမှရှင်ပြန်ထမြောက်စေခဲ့သည်။

သူ၏ရှင်ပြန်ထမြောက်ခြင်းနှင့် ချီဆောင်ခြင်း၏ဘုန်းအသရေကို ဖော်ညွှန်းသော အခြားကျမ်းပိုဒ်များလည်းရှိပါသည်။

"ခရစ်တော်သည် ဤသို့ပင်အသေခံ၍ မိမိဘုန်းစည်းစိမ်တော်ကို ဝင်စားရမည်မဟုတ်လော" (လု၊ ၂၄း၂၆)။

"ထိုသို့မိန့်တော်မူသော်၊ ယုံကြည်သောသူတို့သည် ခံရလတံ့သောဝိညာဉ်တော်ကိုရည်မှတ်၍ မိန့်တော်မူ၏။ ယေရှုသည် ဘုန်းပွင့်တော်မမူသေးသောကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကို ပေးတော်မမူသေး" (ယော ၇း၃၉)။

"ထိုအကြောင်းအရာကို တပည့်တော်တို့သည် အစအဦး၌နားမလည်သော်လည်း၊ ကိုယ်တော်ကိုရည်မှတ်၍ထိုသို့ရေးထားသည်ကိုငှါး၊ ကိုယ်တော်အား ထိုသို့ပြုကြသည်ကိုငှါး၊ ဘုန်းပွင့်တော်မူသည်နောက် သတိရ၍မှတ်မိကြ၏" (ယော ၁၂း၁၆)။

"အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့၏ဘုရားသခင်၊ ငါတို့ဘိုးဘေးများ၏ဘုရားသခင်သည် မိမိသားတော်၏ဘုန်းကိုထင်ရှားစေတော်မူပြီ။

ထိုသခင်ကို သင်တို့သည် ပိလတ်မင်းလက်သို့အပ်နှံ၍၊ ထိုမင်းသည် လွှတ်မည်အကြံရှိသော်လည်း သင်တို့သည် ထိုသခင်ကိုငြင်းပယ်ကြ၏" (တမန် ၃း၁၃)။

". . . (ခရစ်တော်) သည် ဘုန်းအသရေနှင့်တကွ အထက်သို့ ဆောင်ယူခြင်းကိုခံတော်မူပြီ' (၁တိ၊ ၃း၁၆)။

"သင်တို့သည် ဘုရားသခင်ကိုထောက်လျက်ယုံကြည်ခြင်း၊ မြော်လင့်ခြင်းရှိစေခြင်းငှါ၊ ထိုသခင်ကို ဘုရားသခင်သည်သေခြင်းမှထမြောက်စေ၍ ဘုန်းအသရေကိုပေးသနားတော်မူပြီ" (၁ပေ၊ ၁း၂၁)။

ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့် ချီဆောင်ခြင်း၏အသရေသည် ကောင်းကင်ဘုံ၌သူ၏ထာဝရဘုန်းအသရေနှင့်ရောနှောပေါင်းစပ်ကာ ခွဲခြား၍မရပါ။

## သူ၏ဒုတိယအကြိမ်ကြွလာခြင်းနှင့် နိုင်ငံတော်၏ဘုန်းအသရေ

ဤအကြောင်းနှင့်ပတ်သက်သော ကျမ်းပိုဒ်များကို ဓမ္မသစ်ကျမ်းထဲ၌ အများဆုံးတွေ့ရသည်။ လူသားသည် ကြီးစွာသောဘုန်းတန်ခိုးအာနုဘော်ကိုဆောင်လျက်၊ မိုးတိမ်ကိုစီး၍ကြွလာတော်မူသည်ကိုမြင်ရကြလိမ့်မည် (မဿဲ ၂၄း၃၀)။ ထိုသခင်သည် မိမိသန့်ရှင်းသူတို့အားဖြင့် ဂုဏ်အသရေတော်ထင်ရှားခြင်းကိုငှင်း . . . ယုံကြည်သောသူအပေါင်းတို့အားဖြင့် အံ့ဩချီးမွမ်းခြင်းကိုငှင်း၊ ခံအံ့သောငှါ ကြွလာတော်မူမည် (၂သက်၊ ၁း၉၊ ၁၀)။ လူသားသည် ဘုန်းရှိသောပလ္လင်တော်ပေါ်မှာထိုင်တော်မူသောအခါ တမန်တော်များနှင့် သူ၏နောက်တော်သို့လိုက်သောသူအပေါင်းတို့အား ဆုချတော်မူ၍ (မဿဲ ၁၉း၂၈)၊ လူမျိုးအပေါင်းကို တရားစီရင်မည် (မဿဲ ၂၅း ၃၁-၃၃)။ ဘုန်းကိုဆောင်၍ကြွလာသောအခါ သူ့ကိုငှင်း၊ သူ့၏စကားကိုငှင်း ရှက်သောသူအပေါင်းတို့ကို ရှက်တော်မူလတံ့ (လု၊ ၉း၂၆)။ ယာကုပ်နှင့်ယောဟန်တို့သည် ခရစ်တော်အား နိုင်ငံတော်တည်သောအခါ သူ၏လက်ယာ၊ လက်ဝဲ၌ထိုင်ခွင့်ပေးရန် မလိမ္မာစွာဖြင့်တောင်းလျှောက်ကြသည် (မာကု၊ ၁၀း၃၇)။ ယခုအချိန်၌ ခရစ်တော်၏ဒုက္ခဆင်းရဲကို မျှဝေခံစားသောသူသည် အနှစ်တစ်ထောင်ကာလ၌ ခရစ်တော်နှင့်အတူပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ဘုန်းတော်ခံစားမည် (၁ပေ၊ ၄း၁၃)။

ခရစ်တော်၏ရုပ်သဏ္ဍာန်ပြောင်းလဲခြင်းက မေရှိယသည် ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်ဖြစ်ကြောင်းကိုကြိုတင်ပြသသည်။ ပေတရု၊ ယာကုပ်နှင့်ယောဟန်တို့သည် သန့်ရှင်းသောတောင်ကုန်းပေါ်၌ သခင်ဘုရား၏ဘုန်းအသရေကိုတွေ့မြင်ကြသည်။

"ကျေးဇူးတော်နှင့်ငှင်း၊ သစ္စာတော်နှင့်ပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌တပါးတည်းသောသားတော်၏ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည်မြင်ရကြပြီ" (ယော ၁း၁၄ခ)။

"ပေတရုနှင့်သူ၏အဖော်တို့သည် . . . နိုးသောအခါ၊ ဘုန်းအသရေတော်ကိုငှင်း၊ ကိုယ်တော်နှင့်ရပ်နေသော လူနှစ်ယောက်ကိုငှင်း မြင်ကြ၏" (လု၊ ၉း၃၂)။

နောက်ပိုင်းတွင် ပေတရုက သဏ္ဍာန်ပြောင်းလဲခြင်းသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ ဘုန်းအသရေနှင့်ကြွလာမည့်ဖြစ်ရပ်ကို ကြိုတင်ဖော်ပြခြင်းဖြစ်သည်ဟု ကိုးကား၍ရှင်းလင်းခဲ့ပါသည် (၂ပေ၊ ၁း၁၆)။

မိမိ၏နိုင်ငံတော်၌ ခရစ်တော်၏ဘုန်းအသရေကို ယော ၁၇း၂၂ ၌ဖော်ပြထားပါသည်။ ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းက ဤသို့ဆိုပါသည်- "ငါတို့သည် တလုံးတဝတည်းဖြစ်သကဲ့သို့ သူတို့သည် တလုံးတဝတည်းဖြစ်ရန် ကိုယ်တော်သည် အကျွန်ုပ်အားပေးတော်မူသောဘုန်းအသရေကို အကျွန်ုပ်သည်သူတို့အားပေးပါပြီ။" အဓိပ္ပါယ်မှာ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးအနေဖြင့်ငှင်း၊ သူ၏ညီအစ်ကိုမောင်နှမများအနေဖြင့်ငှင်း၊ ကိုယ်အင်္ဂါချင်းအနေဖြင့်ငှင်း၊ အမွေကိုအတူတကွဆက်ဆံသူအနေဖြင့်ငှင်း၊ သူ၏ဘုန်းအသရေကို မျှဝေခံစားရကြသည်။

သို့သော်လည်း ဤကျမ်းချက်တွင် လောက၌သူ၏အုပ်စိုးခြင်းအာဏာသက်ရောက်ခဲ့ပြီးသကဲ့သို့ပြောဆိုသည်။ အနှစ်တစ်ထောင်ကာလကို သူနှင့်အတူတကွအုပ်စိုးသောအခါ၊ သူ၏ဘုန်းအသရေကို ကျွန်ုပ်တို့က

လည်း မျှဝေခံစားမည် (ဗျာ၊ ၂၀း၄)။ ဘုန်းအသရေဖြင့် ပေါ်ထွန်းသောအခါ၊ ကျွန်ုပ်သည်လည်း ဘုန်းအသရေနှင့်ပြည့်စုံမည်။ ယခုလက်ရှိအခြေအနေတွင် လောကသားတို့သည် ဘုရားသခင်၏လူများကို မသိမှတ်သည့်အပြင်၊ မနှစ်သက်ကြချေ။

". . . လောကီသားတို့သည် ဘုရားသခင်ကိုမသိသောကြောင့်၊ ငါတို့ကိုလည်းမသိကြ" (၁ယော၊ ၃း၁ခ)။

သို့ရာတွင်၊ ခရစ်တော်သည် ဘုန်းအသရေဖြင့် ပေါ်ထွန်းသောအခါ၊ ယုံကြည်သူအားလုံးတို့ကိုလည်း ဘုန်းအသရေဖြင့်မြင်ရကြမည်။"ငါတို့၏အသက်တည်းဟူသော ခရစ်တော်သည် ထင်ရှားတော်မူသောအခါ၊ ငါတို့သည်လည်း ထိုသခင်နှင့်အတူဘုန်းကြီး၍ ထင်ရှားကြလတံ့" (ကော ၃း ၄)။

"ချစ်သူတို့၊ ယခုတွင်ငါတို့သည် ဘုရားသခင်၏သားဖြစ်ကြ၏။ နောက်မှအဘယ်သို့သောသူဖြစ်မည်ဟုမထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည်ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည်ကိုယ်တော်နှင့်တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည်မြင်ရကြလတံ့"(၁ယော ၃း၂)။ ထို့နောက် လောကီသားတို့သည် သခင်ယေရှုနှင့်သူ၏နောက်လိုက်များ၏ တလုံးတဝတည်းဖြစ်ခြင်းကိုတွေ့မြင်ကြကာ၊ ခမည်းတော်သည်သားတော်ကိုစေလွှတ်၍၊ သူ၏သားတော်ကိုချစ်သကဲ့သို့ သန့်ရှင်းသူတို့ကိုလည်း ချစ်တော်မူကြောင်း သိကြလိမ့်မည်။

## ပစ္စုပ္ပန်ကောင်းကင်ဘုံ၌ သူ၏ဘုန်းအသရေ

ရှင်ယောဟန် ၁၇း၂၄ ၌ သခင်ယေရှု၏တောင့်တမှုကိုဖေါ်ပြရာ၌ သူ့ကိုချစ်သောသူတို့သည် သူနှင့်အတူကောင်းကင်ဘုံ၌ စံမြန်းကာ၊ သူ၏ဘုန်းအသရေကိုတွေ့မြင်ရန်ဖြစ်သည်။ ခရစ်တော်သည် ကောင်းကင်ဘုံ၌စံမြန်း၍၊ ဘုန်းအသရေ၊ ဂုဏ်အသရေအပေါင်းနှင့်ပြည့်စုံသောသရဖူဆောင်းလျက်နေသည်ကို ကျွန်ုပ်တို့သည် ယုံကြည်ခြင်းဖြင့်တွေ့မြင်နိုင်ပါ



သည်။ "ယေရှုသည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် လူအပေါင်းတို့အတွက်ကြောင့် အသေခံရသောအခွင့်ရှိစေခြင်းငှါ၊ ကောင်းကင်တမန်တို့အောက်၌ အနည်းငယ်နှိမ့်ပြီးမှ၊ အသေခံရသောကြောင့် ခေါင်းတော်၌ ဘုန်းအသရေပတ်ရစ်လျက်ရှိသည်ကို ငါတို့မြင်ကြ၏" (ဟေဗြဲ ၂း၉)။

ကောင်းကင်ဘုံ၌ သူ၏ဘုန်းအသရေသည် ပေတရုက ထာဝရဘုန်းအသရေဟုခေါ်သောအရာနှင့်တူပါသည် - "ခရစ်တော်ယေရှုအားဖြင့် ငါတို့ကို ထာဝရဘုန်းအသရေတော်ကိုပြုတော်မူသော၊ ခပ်သိမ်းသောကျေးဇူးကိုပြုတော်မူသောဘုရားသခင်သည် ခဏဆင်းရဲခံပြီးသော သင်တို့ကို စုံလင်တည်ကြည်ခိုင်ခံ့မြဲမြံစေတော်မူလိမ့်မည်" (၁ပေ၊ ၅း၁၀)။

သို့သော်လည်း၊ ခရစ်တော်လောကသို့မကြွလာမီ သူ၏ဘုန်းအသရေနှင့်ခြားနားမှုရှိသည်။ ယခုအချိန်တွင် ကောင်းကင်ဘုံ၌ သူ၏ဘုရားဇာတိနှင့်ဆိုင်သော ဘုန်းအသရေအပြင် ဘုန်းအသရေနှင့်ပြည့်စုံသော လူသားအနေဖြင့်လည်း တည်ရှိသည်။

ယခုပစ္စုပ္ပန်ကာလ၌ သူ၏ဘုန်းအသရေသည် ပင်ကိုယ်ဘုန်းအသရေနှင့်ရယူသောဘုန်းအသရေများ တွဲထားခြင်းဖြစ်သည်။ ဤဘုန်းအသရေများသည် သူ၏ဘုရားဇာတိ၊ လူသားဖြစ်ခြင်း၊ ဂုဏ်အင်္ဂါ၊ အကျင့်စာရိတ္တနှင့် ရာထူးတို့၏ဘုန်းအသရေများဖြစ်သည်။ ထိုဘုန်းအသရေများကို ခရစ်တော်နှင့် မျှဝေခံစားရန် ကျွန်ုပ်တို့အားမခေါ်ဘဲ၊ ထိုဘုန်းအသရေများ၌ ဝမ်းမြောက်ကြည်နူးကာ၊ ထိုဘုန်းအသရေများကြောင့် ခရစ်တော်ကို ထာဝရချီးမွမ်းရန် ခေါ်ပါသည်။

## မှတ်ချက်။

၁။ ခရစ္စမတ်သီချင်း "နားထောင်ကောင်းကင်သားကြွေးကြော်"

၂။ "သခင်ယေရှုအပြစ်လုပ်တတ်ပါသလား" ဟူသော မေးခွန်း၏အဖြေမှာ- ခမည်းတော်ဘုရား လုပ်ခိုင်းသောအရာများကိုသာလုပ်သည်။ ဤအရာက အပြစ်လုပ်ခြင်းကို ဖယ်ရှားသည်။ သူသည် ခမည်းတော်နှစ်သက်တော်

မှုသောအမှုကိုသာပြုသည် (ယော ၈း၂၉)။ ဤအရာကလည်း အပြစ်ကို ဖယ်ရှားသည်။

၃။ ဤကျမ်းပိုဒ်က  လောက၌ ခရစ်တော်၏ (လူသားအနေဖြင့်) အကျင့်စာရိတ္တနှင့်ပတ်သက်သော ဘုန်းအသရေကိုရည်ညွှန်းခြင်းဖြစ်နိုင်သည်။ သို့သော် အဓိကအားဖြင့် သူ၏ရုပ်သဏ္ဍာန်ပြောင်းလဲခြင်းကို ရည်ညွှန်းသည်။



# ၂၇
# ခရစ်ဝင်ကျမ်း၌ရှိသော  ခြားနားချက်များ
## Differences in the Gospels

ခရစ်ဝင်ကျမ်းကိုလေ့လာသောသူတိုင်းသည် အထူးသဖြင့် ရှင်မဿဲ၊ ရှင်မာကုနှင့် ရှင်လုကာကျမ်းများတွင်ပါရှိသောအကြောင်းများသည် တခုနှင့်တခုထပ်နေကြောင်း သတိပြုမိလိမ့်မည်။ တူညီသော နိမိတ်လက္ခဏာများအကြောင်း၊ ပုံဥပမာများနှင့် တရားဒေသနာများပါရှိသည်။ သို့ရာတွင်၊ ၎င်းတို့ကို မလိုအပ်ဘဲနှင့် သမ္မာကျမ်းစာထဲ၌ ထပ်၍ရေးသားမည်မဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်သည် အကြောင်းရင်းမရှိဘဲ ထပ်၍ရေးသားခိုင်းမည်မဟုတ်ပါ။

ခရစ်ဝင်ကျမ်းကိုစေ့စေ့မြေ့မြေ့လေ့လာသောအခါ၊ တူညီသောအချက်များသည် အရေးမကြီးဘဲ၊ တခုနှင့်တခုခြားနားသောအချက်များက အရေးကြီးပါသည်။ အကြောင်းတူကို ထပ်၍ရေးသည်ဟုထင်ရသော ကျမ်းပိုဒ်များတွင် အနည်းငယ်သောပြောင်းလဲမှုများရှိကာ ထူးခြားသောအဓိပ္ပါယ်ရှိပါသည်။

ခရစ်ဝင်ကျမ်း၌ရှိသော တူညီသည့်အချက်များကို ရေးသားထုတ်ဝေသည့်စာအုပ်မြောက်များစွာရှိပါသည်။ သို့သော်လည်း သူတို့သည် အဓိကအချက်များကို မေ့လျော့တတ်ကြသည်။ တခုနှင့်တခု တူညီချက်များသည် အဓိကကျသောအရာမဟုတ်ဘဲ၊ တူညီသောကျမ်းပိုဒ်များမှ ခြားနားသော သမ္မာတရားသွန်သင်ချက်များကို နှိုက်ထုတ်ရန်ဖြစ်သည်။ တူညီသောကျမ်း

ပိုဒ်များ နှိုင်းယှဉ်ခြင်းဖြင့် သက်သေသာဓကများပြကြပါစို့။

ခရစ်ဝင်ကျမ်း (၄) ကျမ်းစလုံးတွင်၊ နှစ်ခြင်းဆရာယောဟန်က သူ၏တရားနာပရိသတ်အား သခင်ဘုရားက နှစ်ခြင်း (ဗတ္တိဇံ) ပေးမည်ဟု ပြောခဲ့ပါသည်။ သို့သော်၊ ယုံကြည်သူအားပြောသောအခါ၊ "ထိုသူ (သခင်ယေရှု)သည် သန့်ရှင်းသောဝိညာဉ်တော်၌သင်တို့ကို ဗတ္တိဇံပေးမည်" ဟုပြော၏ (မာကု ၁း၈။ ယော ၁း၃၃)။ သို့ရာတွင် သူ၏ပရိသတ်ထဲ၌မယုံကြည်သူများပါသောအခါ "ထိုသူသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်၄င်း၊ မီးနှင့်၄င်းသင်တို့ကိုဗတ္တိဇံပေးမည်" ဟုပြောဆို၏ (မဿဲ ၃း၁၁။ လု၊ ၃း၁၆)။ သူသည် ခြားနားသော ဗတ္တိဇံနှစ်မျိုးကိုပြောခြင်းဖြစ်သည်။ ပထမမှာ မင်္ဂလာရှိသောဗတ္တိဇံဖြစ်၍၊ ဒုတိယမှာတရားစီရင်ခြင်းကို ဖော်ညွှန်းသော ဗတ္တိဇံဖြစ်သည်။

## ဒေသနာနှစ်ခု (တစ်ခု မဟုတ်)

တောင်ပေါ်ဒေသနာကို မဿဲအခန်းကြီး ၅-၇ ၌တွေ့ရသည်။ ဤတောင်ပေါ်ဒေသနာ၏အချို့တဝက်တို့သည် လုကာ ၆း၁၇ အောက်ပိုင်း၌ ထပ်၍ပြန်ပါလာသကဲ့သို့ ဖြစ်ပါသည်။ သို့သော် တရားဒေသနာနှစ်မျိုးဖြစ်၍၊ ခြားနားသောအဖြစ်အပျက်နှစ်ခု၌ ဟောကြားခြင်းဖြစ်သည်။ ရှင်မဿဲခရစ်ဝင်ကျမ်းထဲ၌ ဤဒေသနာကိုတောင်ပေါ်၌ဟောကြားခြင်းဖြစ်သည်။ ရှင်လုကာထဲတွင် ဒေသနာကိုမြေညီရာအရပ်၌ ဟောကြားခြင်းဖြစ်သည်။ သခင်ယေရှုသည် သူ၏တပည့်တော်များနှင့်အတူ ကြွရောက်လာကာ၊ မြေညီရာအရပ်၌ မတ်တပ်ရပ်သည် (လု၊ ၆း၁၇)။ ရှင်မဿဲက ပြည့်စုံသောနိုင်ငံတော်သားအကြောင်းဖော်ပြကာ၊ ရှင်လုကာက ဧဝံဂေလိတရားကိုဟောပြောမည့် တပည့်တော်များ၏အသက်ရှင်မှုကို ဖော်ပြသည်။ ရှင်မဿဲခရစ်ဝင်ကျမ်း၌ စိတ်နှလုံးနိမ့်ချသောသူတို့အတွက် ကောင်းကြီးမင်္ဂလာဖော်ပြကာ (မဿဲ ၅း၃)၊ ရှင်လုကာခရစ်ဝင်ကျမ်း၌ ဆင်းရဲသောသူတို့အား ကောင်းကြီးပေး၏ (၆း၂၀)။ ရှင်မဿဲခရစ်ဝင်ကျမ်းတွင် အမင်္ဂလာမပါရှိဘဲ၊ ရှင်လုကာထဲတွင် အမင်္ဂလာ (၄) မျိုးပါရှိသည် (၆း၄-၂၆)။ ဤခြားနားချက်များကို ကောင်းမွန်စွာမဆင်ခြင်ဘဲ ကျော်မသွားသင့်ပါ။



မဿဲ နှင့် လုကာ နှစ်ဦးစလုံးက "မျက်စိကား ကိုယ်၏ဆီမီးဖြစ်၏" ဟုဖော်ပြချက်ကို ကိုးကားရေးသားကြသည်။ ရှင်မဿဲခရစ်ဝင်ကျမ်း၏ ရှေ့နောက်စကားအဆက်အစပ်များက ငွေကိုတပ်မက်ခြင်းသည် ဝိညာဉ်ရေးရာအမြင်ကြည်လင်မှုကို တားဆီးကြောင်းပြောပါသည် (၆း၂၂)။ ရှင်လုကာသည် ထိုကျမ်းပိုဒ်တွင် ငွေနှင့်ပတ်သက်၍မဖော်ပြပါ (၁၁း၃၃-၃၆)။ သခင်ယေရှု၏သွန်သင်ချက်ကို ကြိုဆိုလက်ခံခြင်းနှင့် ၄င်းတို့ကိုသူတပါးအားပြန်လည်ဝေငှခြင်းအားဖြင့် ကောင်းကြီးမင်္ဂလာရရှိကြောင်း အလေးထားဖော်ပြသည်။

ခရစ်ဝင်ကျမ်းတွင် ". . . သူတပါးအားပေးသော ပမာဏအတိုင်းကိုယ်ခံရကြမည်" ဟူသော သွန်သင်ချက်သုံးကြိမ်ပါရှိသည်။ ရှင်မဿဲ ၇း၂ တွင် သူတပါးကို တရားစီရင်လေ့ရှိသောသူတို့အား သတိပေးခြင်းအနေဖြင့် ပါရှိသည်။ ရှင်မာကုက ဘုရားသခင်၏နှုတ်ကပတ်တော်ကို မိမိအတွက်ကျင့်သုံးရန် အားပေးသည့်အနေဖြင့် ကိုးကားသည် (၄း၂၄)။ ရှင်လုကာက ဘုရားသခင်၏လူစုထဲ၌ လွတ်လပ်မှုကိုအားပေးသည့်အနေဖြင့် သုံးသည်။

မဿဲ ၁၀း၂၄ တွင် သခင်ယေရှုက "တပည့်သည်ဆရာထက်မသာ။ ကျွန်သည်သခင်ထက်မသာ" ဟုပြောသည်။ ထို့နောက်၊ လုကာ ၆း၄၀တွင် "တပည့်သည် ဆရာထက်မသာ၊ အပြီးသင်ပြီးသော တပည့်တိုင်းမိမိဆရာကဲ့သို့ဖြစ်လိမ့်မည်" ဟုပြောခဲ့သည်။ ဤကျမ်းပိုဒ်များ၏ ဆိုလိုချက်သည် တူညီသကဲ့သို့ဖြစ်သော်လည်း၊ ခြားနားသောအဓိပ္ပါယ်ရှိပါသည်။ ရှင်မဿဲခရစ်ဝင်ကျမ်းတွင်၊ တပည့်သည် သူ၏ဆရာထက် ညှဉ်းပန်းနှိပ်စက်ခြင်းကိုလျှော့၍ခံသင့်သည်ဟု မျှော်လင့်၍မရပါဟု ကယ်တင်ရှင်က သွန်သင်ခြင်းဖြစ်သည်။ ရှင်လုကာထဲတွင် ယုံကြည်သူတဦးက သူ၏ဝိညာဉ်ရေးအခြေအနေထက်ကျော်လွန်၍ တပည့်အားဦးဆောင်၍ မရနိုင်ကြောင်းကို သွန်သင်ခြင်းဖြစ်သည်။

## ကိုးဆယ့်ကိုး

သိုးကိုးဆယ့်ကိုးကောင်၏ပုံပြင်ကို ခရစ်ယာန်တိုင်းသိကြပါသည်။ မဿဲ ၁၈း၁၂-၁၃ တွင် သခင်ဘုရား၏ကလေးသူငယ်များအားချစ်မြတ်နိုးကြောင်းကို ပုံဖေါ်ထားပါသည်။ လုကာ ၁၅း၄-၇ သည် နောင်တရရန်လိုအပ်ကြောင်းကို မဝန်ခံချင်သော ဖါရိရှဲတို့အားရည်ညွှန်းသည် (၎င်း ၂ နှင့် ၇)။

တာလင်ပုံဥပမာ (မဿဲ ၂၅း၁၄-၃၀) နှင့် ငွေပိဿာပုံဥပမာကို မရှုပ်ထွေးသင့်ပါ (လု၊ ၁၉း၁၂-၂၇)။ တာလင်ပုံဥပမာတွင်၊ လူသုံးယောက်အား သူတို့အသီးသီး၏အစွမ်းသတ္တိအတိုင်း ငွေကိုခွက်ဖြင့်ချိန်၍ပေး၏။ ပထမနှစ်ယောက်သည် တဦးနှင့်တဦးအစွမ်းသတ္တိကွာခြားသော်လည်း သူတို့၏သစ္စာရှိမှုအပေါ်၌မူတည်၍ တူညီသောချီးမွမ်းခြင်းကိုရရှိကြ၏။ တတိယလူမူကား၊ သူ၌ရှိသောအရာနှင့်လုပ်သင့်သောအလုပ်ကို မလုပ်သောကြောင့် ပြစ်တင်ခြင်းခံရပါသည်။

ငွေပိဿာ ပုံဥပမာတွင် လူသုံးယောက်သည် တူညီသောငွေပမာဏအသီးသီးရရှိကြကာ၊ သူတို့အားလုံးသည် တူညီသောအခွင့်အရေးလည်း ရရှိကြသည်။ တယောက်က တဆယ်ဆ၊ တယောက်က ငါးဆ၊ နောက်ဆုံးလူက မည်သည့်အမြတ်မျှမရပါ။ ပထမလူနှစ်ယောက်အား သူတို့၏သစ္စာရှိမှုအပေါ်၌အခြေပြု၍ အကျိုးခံစားစေပါသည်။ တတိယလူမှာ သူ့အားပေးခဲ့သော ငွေတစ်ပိဿပင်လျှင်ဆုံးရှုံးရ၏။

## ငြင်းပယ်ခြင်းအကြိမ်ပေါင်းမည်မျှရှိပါသနည်း။

ရှင်ပေတရုက သခင်ယေရှုအား အနည်းဆုံး (၆) ကြိမ်ငြင်းပယ်သည်ဟု ဆိုနိုင်သည်။ ခရစ်ဝင်ကျမ်းကိုအသေးစိတ်လေ့လာပါက၊ သူက ခရစ်တော်ကို အောက်တွင်ဖေါ်ပြသောလူများ၏ရှေ့မှောက်၌ ငြင်းပယ်ကြောင်းတွေ့ရသည် - (၁) အမျိုးသမီးတယောက် (မဿဲ ၂၆း၆၉-၇၀။ မာကု ၁၄း၆၆-၆၈)။ (၂) အခြားအမျိုးသမီးတယောက် (မဿဲ ၂၆း ၇၁-၇၂။ မာကု ၁၄း၆၉-၇၀)၊ (၃) ရပ်နေသောလူထု (မဿဲ ၂၆း၇၃-၇၄။ မာကု ၁၄း၇၀-၇၁)၊ (၄) ယောကျ်ား တယေက် (လု၊ ၂၂း၅၈)၊ (၅) အခြားယောကျ်ားတယေက် (လု၊ ၂၂း၅၉-၆၀)၊ (၆) ယဇ်ပုရောဟိတ်မင်း၏ကျွန် (ယော ၁၈း၂၆-၂၇)။ ဤနောက်ဆုံးလူသည် အခြားသူများနှင့်မတူဘဲ ထူးခြားသည်။ အဘယ့်ကြောင့်ဆိုသော် သူက ပေတရုအား "ဥယျာဉ်၌ ယေရှုနှင့်အတူ သင်ရှိသည်ကို ငါမြင်ခဲ့ပြီမဟုတ်လော" ဟု ပြောခဲ့သည်။ အခြားသူများက ထိုကဲ့သို့မပြောကြပါ။

ခရစ်ဝင်ကျမ်းတခုစီ၏အဆုံးပိုင်းတွင် ယေရှုဘုရားကသူ၏တပည့်တော်များအားစေခိုင်းရာတွင် အလေးထားပြောဆိုမှုများ ခြားနားကြောင်း သိမှတ်ပါ။

မဿဲ - တပည့်တော်ဖြစ်စေပါ၊ တရားဟောပါ။ သွန်သင်ပါ (၂၈း၁၉)

မာကု - ဧဝံဂေလိတရားဟောပါ (၁၆း၁၅)

လုကာ - သက်သေခံပါ (၂၄း၄၈)

ယောဟန် - ငါ့နောက်သို့လိုက်လော့ (၂၁း၁၉-၂၂) ၁

ခရစ်ဝင်ကျမ်းတွင် တူညီသည်ဟုထင်ရသော ကျမ်းပိုဒ်တချို့သည် ထပ်ကာထပ်ကာပါရှိခြင်းမဟုတ်ပါ။ ၎င်းတို့၏တူညီမှုကိုဖတ်ရှုလေ့လာခြင်းထက် ခြားနားမှုများကိုဂရုတစိုက်ဖတ်ရှုလေ့လာပါက နက်နဲသော သမ္မာတရားတွေ့ရှိကာ၊ ရှုပ်ထွေးမှုများလည်း ရှင်းသွားလိမ့်မည်။ ထို့အပြင်၊ အံ့သြဘွယ်ရာအသက်ရှင်သော နှုတ်ကပတ်တော်ကိုလည်း ပို၍နှစ်သက်မြတ်နိုးပါလိမ့်မည်။

## မှတ်ချက်။

၁။ ပေတရုအားပြောသောစကားဖြစ်သော်လည်း ယုံကြည်သူအားလုံးအတွက်ဖြစ်သည်။

# မာတိကာ


**အပိုင်း တစ် - ကယ်တင်ခြင်း၌ကွဲပြားခြားနားခြင်းများ**

၁။ ကယ်တင်ခြင်းသုံးမျိုး ၁
၂။ ဖြောင့်မတ်စေခြင်း၏သွင်ပြင်လက္ခဏာများ ၇
၃။ ထာဝရအသက်၏သွင်ပြင်လက္ခဏာများ ၁၃
၄။ ကျေအေးစေခြင်း ၂၀

**အပိုင်း နှစ် - ခရစ်ယာန်အသက်တာ၌ကွဲပြားခြားနားခြင်းများ**

၅။ နေရာနှင့် လက်တွေ့ပြုမူဆောင်ရွက်ခြင်း ၂၇
၆။ တော်စပ်မှုနှင့် မိတ်သဟာယ ၃၆
၇။ တရားဥပဒေအရနှင့် မိဘ၏အပြစ်လွှတ်ခြင်း ၄၁
၈။ သဘာဝနှစ်မျိုး ၄၇
၉။ သန့်ရှင်းစေခြင်းအမျိုးမျိုး ၅၄
၁၀။ ကျိန်းဝပ်ခြင်း၊ နှစ်ခြင်းနှင့်ပြည့်ဝခြင်း ၆၂
၁၁။ ကယ်တင်ခြင်းနှင့်အစေခံခြင်း ၆၉
၁၂။ ပုဂ္ဂိုလ်ရေးရာကြီးမြတ်ခြင်းက နေရာနှင့်ဆိုင်သော
ကြီးမြတ်ခြင်းကိုဆန့်ကျင်သည် ၇၆
၁၃။ အခြေခံယုံကြည်ချက်၊ အရေးကြီးသောသွန်သင်ချက်
သို့မဟုတ် သာမညများ ၈၁

**အပိုင်း သုံး - ဘုရားသခင်၏နည်းစံနစ်၌ကွဲပြားခြားနားခြင်းများ**

၁၄။ ခြားနားသော ခေတ်ကာလများ ၈၉
၁၅။ သမ္မာကျမ်းစာ၏အဓိကပဋိညာဉ်များ ၉၉
၁၆။ ဣသရေလ၊ တပါးအမျိုးသားများနှင့် အသင်းတော် ၁၀၇
၁၇။ ပညတ်တရားနှင့်ကျေးဇူးတရား ၁၁၅
၁၈။ အသင်းတော်နှင့်နိုင်ငံတော် ၁၂၀

**အပိုင်း လေး - အနာဂတ်ဖြစ်ရပ်များ၌ ကွဲပြားခြားနားခြင်းများ**

၁၉။ ခရစ်တော်၏ကြွလာခြင်းနှစ်မျိုး ၁၂၇
၂၀။ ခရစ်တော်ပြန်ကြွလာခြင်း၏သွင်ပြင်လက္ခဏာများ ၁၃၅
၂၁။ ထာဝရဘုရား၏နေ့ရက်၊ ခရစ်တော်၏နေ့ရက်၊
ဘုရားသခင်၏နေ့ရက် ၁၄၅
၂၂။ နှစ်ကြိမ်ပြည့်စုံသောအနာဂတ္တိကျမ်းများ ၁၅၀

**အပိုင်း ငါး - သမ္မာကျမ်းစာ၌ အခြားကွဲပြားခြားနားခြင်းများ**

၂၃။ တရားစီရင်ခြင်း (၇) မျိုး ၁၅၆
၂၄။ မရဏာနိုင်ငံနှင့် ငရဲ ၁၆၇
၂၅။ သမ္မာကျမ်းစာ၏နက်နဲသောအရာများ ၁၇၄
၂၆။ ခရစ်တော်၏ဘုန်းအသရေသွင်ပြင်လက္ခဏာများ ၁၈၃
၂၇။ ခရစ်ဝင်ကျမ်း၌ရှိသောခြားနားချက်များ ၁၉၄

# အမှာစာ

ဤစာအုပ်ပုံနှိပ်ထုတ်ဝေရခြင်း၏ရည်ရွယ်ချက်မှာ သမ္မာကျမ်းစာ (အထူးသဖြင့် ဓမ္မသစ်ကျမ်း) လေ့လာရာတွင် အကျိုးပြုမည့်အဘိုးတန်သောသော့ချက်များကို ပြဋ္ဌါန်းရေးသားခြင်းဖြစ်သည်။ ယုံကြည်သူအယောက်တိုင်းသည် ကျမ်းစာကျောင်းသားဖြစ်သင့်သလိုဖြစ်လည်းဖြစ်နိုင်ပါသည်။ သို့သော် ကျနော်တို့ အများစုကထိုသို့လုပ်တတ်ရန်အကူအညီလိုအပ်သည်။ ဤစာအုပ်တွင်ပါရှိသော အခန်းတိုင်းတွင်အချို့သောအကူအညီများကို ရေးသားဖေါ်ပြပါသည်။

စာဖတ်သူသည် အနက်ဖွင့်ဆိုချက်များ၏အရေးကြီးပုံကို သင်ယူသိမှတ်ပါလိမ့်မည်။ ပုံမှန်အဘိဓါန် (Dictionary) တွင် မတွေ့ရသောသမ္မာကျမ်းစာဝေါဟာရများသည် အဓိပ္ပါယ်ရှိပါသည်။ဘုရားသခင်၏နှုတ်ကပတ်တော်၌ရှိသော နက်နဲသောရာ ဓာပျအနမပဓ ၏အဓိပ္ပါယ်သည် အများသုံးဝေါဟာရနှင့် မတူပါ။

ဩဝါဒဆိုင်ရာမှန်ကန်မှု အရေးကြီးပါသည်။ အကြောင်းတရားတခု၏မှန်ကန်သောအဓိပ္ပါယ်ကိုသိရှိနားလည်ရန် ၄င်းနှင့်ဆက်စပ်သောကျမ်းပိုဒ်အားလုံးကို ဆင်ခြင်လေ့လာရပါမည်။

ဆိုလိုရင်းမတူဘဲ ခြားနားသောအရာများကို ခွဲခြားတတ်ရန်အရေးကြီးပါသည်။ ခရစ်ဝင်ကျမ်းတစ်ခု၌ရှိသော ကျမ်းပိုဒ်တချို့သည်အခြားခရစ်ဝင်ကျမ်း၌ပါရှိသောကျမ်းပိုဒ်များနှင့်တူညီသကဲ့သို့တွေ့ရသည်။ သို့သော်လည်း ထိုကျမ်းပိုဒ်များ၏အဆက်အစပ်များကို လေ့လာသောအခါ၊ ၄င်းတို့သည် လုံးဝခြားနားသောသင်ခန်းစာများကို သွန်သင်ကြောင်း ထင်ရှားသည်။

များစွာသောအကြောင်းအရာများ - ဥပမာ-ဖြောင့်မတ်စေခြင်းနှင့် သန့်ရှင်းစေခြင်း၌ ခြားနားသောသွင်ပြင်လက္ခဏာများရှိသည်။ တချို့အဖြစ်အပျက်များကိုသိရှိပါက ရှုပ်ထွေးမှုများကိုရှောင်နိုင်မည်။

ထုတ်ဝေသူ

ိ
Translator:  K.C.Thang (SEABC)

(အသင်းတော် တွင်းကန့်သတ်)